# ခင်ခင်မြတ်နိုး

## နှလုံးသားကိုယ်စားဒိုင်ယာရီ



cover; mg kyaw oo

# ခင်ခင်မြတ်နိုး

## နှလုံးသားကိုယ်စား ဒိုင်ယာရီ



## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
- 095163764

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၂၁၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၂၀၉၀၈
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊
ဇူလိုင်လ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764



အချစ်ဆိုတဲ့အဓိပ္ပာယ်ကို
အမျိုးမျိုးသောအဓိပ္ပာယ်များ ဖွင့်ဆိုခဲ့ကြတယ်
အချစ်ဟာ...
အချိန်လိုပဲရွေ့လျားပြောင်းလဲနေလား
ဒါဆိုရင် မြန်ဆန်တဲ့ပြောင်းလဲခြင်းလို့ သတ်မှတ်မယ်
ဒါမှမဟုတ်
အချစ်ဟာ
နွေမိုးဆောင်း
ရာသီသုံးခုလို
တစ်နှစ်ပတ်လုံး
ပြောင်းလဲနေရင်
ဒီအချစ်တွေဟာ
ကျိန်းသေမှုမရှိတဲ့အချစ်လို့
သတ်မှတ်မယ်...



ဖိုးလပြည့်စာပေ



## ချစ်ခြင်းမေတ္တာ

*အချစ်ဆိုတဲ့စကား နှလုံးသားက ပြောင်းလဲနိုင်သော်လည်း*
*အချစ်နှင့်မေတ္တာ ပေါင်းထားရင် ပြောင်းလဲဖို့မလွယ်*
*အကျင့်သိက္ခာ စည်းစိမ်ဥစ္စာတွေ*
*ပြည့်စုံနေရင်တော့ မပြောင်းလဲနိုင်တော့ပါ*
*ကျိန်းသေတယ်*
*ဒါဟာ အားလုံးသောသူတွေအတွက်*
*ပြီးပြည့်စုံတဲ့ ချစ်ခြင်းမေတ္တာပဲ*

*ထည်ဝါရဲ့ ခံယူချက်*



ချစ်သူပစ်သော အချစ်မြားတစ်စင်း
အဆိပ်လူးထားရင်လည်းပစ်ခွင်း
အချစ်လူးထားရင်လည်းပစ်ပါ
ကိုယ်ကမရှောင်ဘဲ
ရဲရဲဝံ့ဝံ့
ရှေ့မှာရပ်တည်ပေးလိုက်မှာ...





## အခန်း(၁)

'နှစ်သစ်ကူး' ဆိုတဲ့သူမသည် နက္ခတ်ဗေဒင်များကို
ဝင်စားသူမဟုတ်သော်လည်း နာမည်ကြီးဆရာ၏ မွေးနေ့ဇာ
ဆန်းစစ်ချက်များပါဝင်တဲ့ ၁၂ ရာသီဟောကိန်းလေးကိုတော့
ဖြစ်ခဲ့သည်။

မကာရရာသီဖွားများအတွက် (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၁၉
မွေးလသည် သင်၏ချစ်ရေးချစ်ရာများကို လင်းလက် တောက်ပစေလိမ့်မည်။
လပြည့်မှ နောက်လ လပြည့်အထိ တစ်လတာကာလအတွင်း သင့်ကံကြမ္မာ
မြင့်နေသည်။ သင့်ဘဝတွင် ဖြစ်ပေါ်လာမည့် စိတ်လှုပ်ရှားစရာဖြစ်ရပ်တစ်ခု
စိတ်ဝင်စားပါ။ မကာရရာသီဖွားနှင့် လိုက်ဖက်သော ရာသီဖွားများမှာ ယခုနှစ်အ
သိဟ်ရာသီဖွား ဖြစ်သည်။





ယနေ့သည် သင်ကအတွက် ပျော်ရွှင်စရာနေ့တစ်နေ့ဖြစ်လိမ့်မည်။
ပျော်ရွှင်စွာခံစားနိုင်ဖို့ ကြိုတင် ပြင်ဆင်ထားပါ။

နှစ်သစ်ကူးသည် သည်စာပုဒ်လေးကိုဖတ်၍ သူမမျက်နှာကို ရှုံ့မဲ့ကာဖြင့်...

'ဘာကိုခံစားဖို့ ကြိုတင်ပြင်ဆင်ထားရမှာလဲ'

'ပျော်ရွှင်စွာ, ဘာကိုခံစားနိုင်ရမှာလဲ'

'ဒီကနေ့ ဘာတွေထူးခြားလာမှာလဲ၊ အမြဲတမ်းဖြတ်သန်းနေရတဲ့ နေ့တွေထဲက တစ်နေ့ပါပဲ'

ဗေဒင်ဆိုတာ အလကားပါ၊ ဘာမှအဓိပ္ပာယ်မရှိဘူးဟုလည်း စိတ်ထဲမှာတစ်ယောက်တည်းပြောမိ၏။

နှစ်သစ်ကူးသည် အခုမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးကာစ ပထမနှစ်တက်နေသော ကျောင်းသူတစ်ယောက်ဖြစ်၏။

သူမရဲ့ ခန္ဓာကိုယ်လေး သွယ်လျလျလေးက တစ်ဖက်သားအား ဆွဲဆောင်မှုအားကောင်းသည့် ကိုယ်လုံးကိုယ်ပေါက်ပိုင်ရှင်လေးဖြစ်လို့ နှစ်သစ်ကူးဆိုတဲ့ကောင်မလေးကို မြင်ရုံမျှ စိတ်လှုပ်ရှားစရာကောင်းသည်။ သူမရဲ့ဆံနွယ်လေးများက ရှည်လျားပြီး နူးညံ့ပုံရ၍ ရွှေရောင်ဆိုးဆေးဆိုးထားသဖြင့် မြင်သူတိုင်း နှစ်ခါပြန်လှည့်မကြည့်ရရင် မနေနိုင်ပေ။

တောက်ပသောမျက်ဝန်းနက်အစုံက ဝင်းလဲ့နေသည်။ နှစ်သစ်ကူးသူငယ်ချင်းများထဲမှ အချစ်ဆုံးသန့်လျှင်သူတစ်ယောက်က နှစ်သစ်ကူးကို အရမ်းချစ်သည်၊ ခင်သည်။ သူမက

'နှစ်နှစ် နင်က သိပ်လှတယ်ဟာ'

'နင်ဝါသနာပါမယ်ဆိုရင် အကောင်းဆုံးဆွဲဆောင်မှုအရှိဆုံး မင်းသမီးဖြစ်မှာ ကျိန်းသေတယ်၊ နင် အနုပညာဝါသနာမပါဘူးလား'

ဟု သူမမျက်နှာကို စေ့စေ့ကြည့်ပြီး အမြဲပြော၏။

နှစ်နှစ်သည် မိန်းမလှတစ်ဦးဖြစ်၍ အိုင်ကျူအရမ်းမြင့်သူတစ်ယောက်ဖြစ်ခဲ့၏။ အမှတ်မြင့်သော်လည်း သူမဝါသနာပါသည့် IR ဘာသာ နိုင်ငံတကာဆက်ဆံရေးမေဂျာကို ရွေးလျှောက်ခဲ့သည်။

ဝင်းဖန့်ကြည်စင်နေသော အသားအရေ၊ အစက်အပြောက်ကင်းသော ပါးပြင်မို့မို့ပေါ်မှ သွေးကြောမျှင်မျှင်လေးများ။

သဘာဝအတိုင်း နှုတ်ခမ်းနီစွေးစွေးတို့က ပံ့ပိုး၍ သူမရဲ့ရုပ်ရည်ကို ကံတရားကမျက်နှာသာပေးခဲ့၏။

ပျော်စရာနေ့နှင့် ကြုံရလိမ့်မည်ဟူသော ဗေဒင်ဆရာ၏ စကားသည် မနက်ပိုင်းအတန်းချိန်လွတ်ချိန် ၁၂ နာရီတွင် စသည်။





ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အဆောက်အဦမြင့်ကွင်းသည် များပြားလှသော ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ဖက်နှစ်သက်ဖွယ်ရာကောင်းလှသည်။ သူမရဲ့ဘဝထဲသို့ စိမ်းလန်းဆိုတဲ့ သက်ရှိအရာလေးဝင်ရောက်လာသောအခါမှာတော့ ကျောင်း၏ နှစ်စမြင်ကွင်းတို့သည် ပိုလို့စွဲမက်နှစ်သက်ဖွယ်ရာအတိပင်ဖြစ်ခဲ့၏။

နှစ်သစ်ကူးသည်ဲ ထိုနေ့က ကျောင်းကို ဖယ်ရီစီး၍ စောစောရောက်နေသည်မို့ နောက်ကျမှလာကြမည့် သူငယ်ချင်းများကို အတန်းရှေ့မှာ တစ်ယောက်တည်း စောင့်နေသည့်အချိန်ဖြစ်သည်။

အခင်ဆုံးဖြစ်သူ သန့်လျှင်သူလည်းမရောက်သေးပေ။ ကိုယ့်မြို့မှကျောင်းကို တက်နေရသော သန့်လျှင်သူစပွါယ်ဆိုသော ထိုသူငယ်ချင်းမလေးက အမြဲနောက်ကျမှရောက်လာတတ်သည်မို့ သူမအတန်းထဲမဝင်သေးဘဲ စောင့်နေမိ၏။

အခန်းရှေ့မှာ ဥဒဟိုလျှောက်နေကြသည့် ကျောင်းသားကျောင်းသူများရှိသလို ပရက်တီကယ် စောစောဝင်နေရသော အခန်းများမှာလည်း ကျောင်းသားကျောင်းသူများ အခန်းပြည့်နီးပါးပင် ဖြစ်နေသည်။

သူမတို့ယူသော နိုင်ငံတကာဆက်ဆံရေးIRဘာသာလူဦး ရေနည်းပါးသလိုရှိနေ၏။

ထိုအချိန်မှာပဲ သူမရှေ့သို့ အရိပ်တစ်ခုရောက်လာ၏။

'မင်းက ဒီအခန်းကလား မသိဘူး'

အခန်းရှေ့မှာရပ်၍ ငေးမိငေးရာ ငေးမောနေရာမှ အသံ နှင့်အတူ အရိပ်သဏ္ဍာန်ကြောင့် မော့ကြည့်လိုက်မိသည်။

'အင်း…'

ကောင်လေးရဲ့မေးစကားကို ပြန်ဖြေရင်း တိုက်ဆိုင်စွာ ဖြစ်စ်သင့်တာထက်ကြာကြာ သူ့မျက်နှာပေါ်မှာ အကြည့်တို့ စူးရှ သွားရသည်။ သူငယ်ချင်းများနှင့်အတူ ကျောင်းတွင်းမှ ကောင် လေးချောချောလေးများကို ရှာဖွေတွေးမိရင်း အပြိုင်အဆိုင်ပြော စရာစကားများနှင့် ကြည့်နေကျဖြစ်သော်လည်း…

ထိုကောင်လေးကို မြင်လိုက်ရတဲ့ ခံစားချက်ကတော့ ထူးခြားလေသည်။

သူ့မျက်နှာကို မြင်မြင်ချင်းမှာ ကိုယ်နှင့် ရင်းနှီးကျွမ်းဝင် ပြီးသားလူတစ်ယောက်လို သို့မဟုတ် မျိုးမကြာမီမှာ ထို့ထက်ပေ ရင်းနှီးရမည့်လူတစ်ယောက်လို ခံစားရသည်။

စိတ်ဝင်စားဖွယ် အမျိုးသားချောလေးတစ်ယောက်ဖြ





ပေမယ့် သူ့ပုံစံက ယောကျ်ားပီသချောမောခန့်ညား၍ ဆွဲဆောင်မှု အပြည့်စုံဆုံးသော လူချောတစ်ယောက်ဖြစ်တာကို ကြည့်တာနှင့် ပင်သိ၏။

ကောင်လေးချောချောတစ်ယောက်ကို ခုလိုမျိုးကြုံဆုံရရုံ နှင့် သည်လူဟာ နှစ်သစ်ကူးရဲ့ အာရုံတွေကို ဖမ်းယူ၍ တစ်စုံ တစ်ရာပတ်သက်ရမည့်သူတစ်ယောက်ဟု မသိစိတ်က ရိပ်မိသ လိုလိုရှိရကာ ဘာဖြစ်လို့လဲ…

ကိုယ့်အာရုံနှင့်ကိုယ် နှစ်သစ်ကူးတုန်လှုပ်မိတော့သည်။

ထိုပုဂ္ဂိုလ်လေးက သူမကြည့်နေတာကို မသိချင်ယောင် ဆောင်၍ လှောင်ရိပ်ပြုံးလေးဖြင့်…

'ဒါဆို… ဆုမြတ်မွန်ဆိုတာကို သိလားမသိဘူး'

'သိတယ်… သိတယ်'

သူမပုံစံ ပျာတာတာနိုင်သွားသဖြင့် အိန္ဒြေဆည်၍…

'ဒီအခန်းမှာ ဆုမြတ်မွန်တစ်ယောက်တည်းရှိတယ်၊ အဲ ဒါ တို့သူငယ်ချင်းပဲ၊ ဆံပင်ရှည်ရှည်၊ အရပ်မြင့်မြင့်နဲ့ လေ၊ စမ်းချောင်းမှာနေတယ်'

နှစ်နှစ်တစ်ယောက် ဝမ်းသာအားရသွက်သွက်လက် လက်ပြောချလိုက်သည်။ လူချောလေးက မရေမရာပုံစံမျိုးဖြင့်

သွားတက်ကလေးတွေပေါ်အောင် ခန့်ညားစွာပြုံးလိုက်ပြီးမှ…

'ဟို… မသိပါဘူးဗျာ၊ တို့တော့ တစ်ခါမှမမြင်ဖူးဘူး သူငယ်ချင်းတစ်ယောက်က လက်ဆောင်ပါးလိုက်တာ တို့ မန္တလေးသွားတုန်းက'

'အင်း… ဒါဆိုရင် တို့သူငယ်ချင်းကလည်း မန္တလေးက ပဲ၊ ရန်ကုန်ကို ဒီနှစ်မှပြောင်းလာတယ်လို့ပြောတယ်၊ တို့နှင့်က ကျောင်းစတက်တဲ့နေ့မှာ ခင်တာဆိုတော့ သူ့ အကြောင်းကို သေချာမသိဘူး'

'အင်း… အင်း… ဟုတ်မယ်ထင်တယ်'

နှစ်သစ်ကူးက…

'ထိုင်စောင့်ရင် စောင့်ပါလား'

သူမရပ်နေသော နေရာမှ ခုံတန်းလေးကို မျက်လုံးစွေပြ ရင်းပြောမိ၏။ သူကလည်း နှစ်နှစ်ရဲ့မျက်နှာကိုကြည့်၍ အမိန့် နာခံသူတစ်ယောက်ပမာ ဝင်ထိုင်လိုက်သည်။

စကားမပြောဖြစ်ကြသေးဘဲ သူက လက်ဆောင်ထုတ်က လေးကို ကိုင်တွယ်နေရင်းမှ သူ့ရဲ့ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ရာ ကို နှိုက်ထုတ်နေ၏။

သူ အာရုံတစ်နေရာကိုရောက်နေစဉ်မှ နှစ်သစ်ကူး သူ့





မျက်နှာကို အသေးစိတ်အကဲခတ်နေမိ၏။

ဒီအသက်ဒီအရွယ်အထိ တွေ့ဖူးသမျှယောကျ်ားတွေထဲ မှာတော့ သူအချောဆုံးပါပဲ။ သူ့လောက်ဆွဲဆောင်မှုရှိတာ၊ နှစ်လို ဖွယ်ကောင်းသောယောကျ်ားမျိုး နှစ်သစ်ကူး တစ်ခါမျှမတွေ့ဖူး သေးပါ။

ထိုသူ့အသားအရေက သူမထက်တောင် စိုဝင်းဖြူနေဦး ညီ။ စိတ်သဘောရဲ့ သိမ်မွေ့မှုနှင့် မျက်နှာရဲ့နူးညံ့မှုကိုပါ ဖော်ပြ တဲ့မျက်ခုံးမည်းမည်းနှစ်ဖက်က သွယ်တန်းနေသည်ကို နှစ်သစ်ကူး သဘောကျသည်။

ကလေးငယ်တစ်ယောက်၏အပြစ်ကင်းစင်မှုကို သူ့မျက် လုံးတွေထဲမှာ ထူးခြားစွာတွေ့ရ၏။

သေချာတာတစ်ခုကတော့ နာကျင်မှုတွေမပေးမယ့် အကြင်နာမျက်ဝန်းတွေလို့ ခံယူမိတယ်။

နှစ်သစ်ကူးရဲ့အကြိုက်ဆုံး နှာတံစင်းစင်းလေး၊ ကြင်နာ ဘတ်သော နှုတ်ခမ်းပြည့်ပြည့်၊ မျက်နှာကျက ကြွံခိုင်စွာ တည် ဘန့်ခိုင်မာလျက်။

နူးညံ့သော ဆံပင်ပျော့ပျော့တွေကို သေချာသပ်ရပ်စွာ ဖွယ်လ်လိမ်းထားတာကအစ…

သူမအတွက် ဖန်ဆင်းပေးထားသလား ထင်ရအောင် နှစ်သစ်ကူးရဲ့အကြိုက် ဖြစ်လို့နေသည်။

မြင့်မားသော အရပ်နှင့်လိုက်ဖက်သည့် ခန္ဓာကိုယ်။ သူ ဝတ်ထားတဲ့ အင်္ကျီအဖြူ၊ နက်ပြာရောင်ဆိပ်ခွန်ပုဆိုးလေးတို့က သူ့ရဲ့သန့်ရှင်းသပ်ရပ်မှုကို ဖော်ပြသလို GTC ကျောင်းသားများ ဝတ်သော ယူနီဖောင်းလို့လည်း ခံစားမိသဖြင့် သူဟာ GTC ကျောင်းသားတစ်ယောက်ဖြစ်မှာ ကျိန်းသေသလောက်ရှိ၏။

တစ်စုံတစ်ရာနှိုက်ယူပြီး…

'စာလည်းပေးခိုင်းလိုက်လို့၊ အထဲမှာ လက်ဆောင်လည်း ပါတယ်ထင်တယ်'

နှစ်သစ်ကူးကို စာအိတ်လှမ်းပေးရင်းမှ ဆိုသည်။ နှစ်သစ်ကူးက လှမ်းမယူဖြစ်သေးဘဲ…

'ဆုမြတ်တို့လာတော့မှာ၊ သူ စောင့်နိုင်ရင် စောင့်လိုက်ပါလား၊ သေချာသွားအောင်၊ မယူထားပေးချင်လို့မဟုတ်ဘူးနော်'

သူကလည်း နှစ်နှစ်စကားကို ထောက်ခံသည်။

'ကောင်းပါတယ်၊ ကျွန်တော်လည်း အချိန်တွေအားနေတယ်'





သူမ သိချင်တာကို မထိန်းချုပ်နိုင်စွာဖြင့်…

'ဒီကျောင်းကပဲလား'

'မဟုတ်ဘူး၊ ကျွန်တော် GTC B.Tet ကပါ'

ဒါ့ကြောင့်သူ့ကို ဒီကျောင်းမှာ မမြင်ဖူးတာကိုး။ GTC ကျောင်းသားဆိုတာ သိလိုက်ရသည့်အတွက် နှစ်နှစ် မသိမသာ ခေါင်းလေးရှု့၊ ပခုံးလေးတွန့်သွားသည်အထိအံ့ဩသွားရသည်။

သူ့ပုံစံက နုနုဖတ်ဖတ်လေးမို့ နှစ်နှစ်တို့နှင့် အတန်းတူ ရွယ်တူလောက်ပင် ထင်ထားလိုက်မိခဲ့၏။

'မင်းကရော … ရန်ကုန်ကပဲလား'

'ဟုတ်ကဲ့… ရန်ကုန်ကပဲ'

'မင်းနာမည်က…'

သူမလည်း ပြောချင်လှစွာဖြင့် သွက်သွက်လက်လက်…

'နှစ်သစ်ကူး'

'နှစ်သစ်ကူးဆိုတော့ New Year မှာမွေးတာလား၊ ဧပြီလမှာ မွေးတာလား'

'အင်း… New Year မှာမွေးတာ'

ပြီးသနာ… သူမေးသမျှကို နှစ်နှစ် သွက်သွက်လက်လက် ဖြေနေမိတာ ဘာကြောင့်လဲ။

'ဒီကနာမည်ရော'

'စိမ်းလန်း'

နာမည်ကြားတာနှင့် စိုပြည်စိမ်းလန်းသွားသလို ခံစား
တယ်… ဟု ထင်မိ၏။

'ဒါနဲ့ နာမည်က အမှန်ရောဟုတ်ရဲ့လား၊ စိတ်မရှိနဲ့နော်'

နှစ်သစ်ကူးဆိုတဲ့ သူမကလည်း သိချင်တာကို မေးလိုက်
မိ၏။ သူမက နာမည်ပြောင်များနှင့် ဖုန်းနှောင့်ယှက်တဲ့သူ
စာပေးတဲ့သူတွေ များစွာကို ငယ်ငယ်ကတည်းက ကြုံခဲ့ဖူးသ
မယုံသလိုမေးလိုက်တာကို စိမ်းလန်းက…

'ဟာ… ဒါ တို့မေမေကိုယ်တိုင်ပေးထားတဲ့ နိုင်ငံသာ
ကဒ်ထဲကနာမည်'

နှစ်နှစ်က သူ့အပြောကို သဘောကျစွာပြုံးလိုက်မိသည်
စိမ်းလန်းကပါ သူမကိုကြည့်၍ ရယ်မိကြသည်။ တစ်ခဏအတွင်း
နှစ်သစ်ကူးနှင့် စိမ်းလန်း သူငယ်ချင်းအရင်းကြီးတွေပမာဖြစ်သွား
မိကြသည်။

ယောကျ်ားလေးသူစိမ်းတစ်ယောက်နှင့် နှစ်ယောက်ထိုင်
စကားပြောလက်ဆုံကျဖို့ကို စိတ်ကူးမရှိခဲ့တဲ့သူမဟာ သူ့ကိုက
တော့ မြင်မြင်ချင်းမှာပင် ရင်းနှီးကျွမ်းဝင်လျက် ဖော်ရွေကြည်နူး





ပျော်ရွှင်နေမိတာ ဘာကြောင့်မှန်းမသိ။

စက္ကန့်လေးများစွာကို ငြိမ်သက်စွာခဏတာကျော်ဖြတ်
မှာပဲ အတန်းရှေ့သို့ ဆုမြတ်နှင့် စပွါယ်တို့ရောက်လာကြလေ
သည်။

'ဟိုမှာ ဆုမြတ်တို့လာနေပြီ'

သူမကို ယောကျ်ားလေးတစ်ယောက်နှင့် တရင်းတနှီး
ထက်ခံစကားပြောနေတာကိုတွေ့ရ၍ အံ့ဩမှုမျက်လုံးများဖြင့်
သူမနားသို့ ရောက်လာကြသည်။

'ဆုမြတ်မွန်ဆိုတာ သူပဲကိုစိမ်းလန်း ဟုတ်လားမသိဘူး'

'ဆုမြတ်… မန္တလေးက လူကြုံပေးခိုင်းလိုက်လို့တဲ့၊
ဒီကအစ်ကိုက နင့်ကိုလာပေးတာ'

'မန္တလေးကဆိုတော့ စံချိန်ပေးခိုင်းလိုက်တာထင်တယ်'

သူက ဆုမြတ်ကိုပြုံးပြ၍ စာအိတ်နှင့်လက်ဆောင်ထုပ်
လေးကို လှမ်းပေးသည်။

'ကျေးဇူးပါပဲနော်'

ဆုမြတ်မျက်လုံးလေးများ ပျော်ရွှင်မှုကြောင့် တလက်
လက် သူလည်း ပျော်နေတယ်နှင့်တူတယ်။

'မနေ့က… သူဖုန်းဆက်ထားတယ်၊ ဒီနေ့ရောက်လာ
မယ် မထင်ထားဘူး၊ အိမ်ကိုလာပေးမယ်ထင်နေတာ'

'အင်း…ဟုတ်တယ်၊ ကျောင်းမှာကပိုလွယ်မယ်ထင်

'အစ်ကိုနဲ့သူက ဘယ်လိုသိတာလဲ'

ဆုမြတ်က သူမသိချင်တာကို မေး၏။

သူ ဆိုတာ ဆုမြတ်ရဲ့ငယ်ကျွမ်းဆွေဖြစ်ဖို့များသည်။

'ကျွန်တော်က စံချိန်နဲ့သိတာတော့မဟုတ်ဘူး၊ သူ့အစ် စံညွှန်းနဲ့ ၁၀ တန်းတုန်းက ပြင်ဦးလွင်မှာ ဘော်ဒါဆောင် တက်ရင်း သိကြတာ၊ မနွလေးအလည်သွားတော့ လူ ပေးခိုင်းတာ ဆုမြတ်လက်ထဲ သေချာထည့်ပေးဆို စောင့်နေတာ'

'အားနာလိုက်တာ အစ်ကိုရယ်၊ ကျေးဇူးအထူးတင် တယ်၊ တကူးတကကြီးလာပေးရတာဆိုတော့ သူ့ ပြောပါတယ်၊ ဆုမြတ်က အမြန်ချောနဲ့ပဲ ပို့စေချင်တာ အစ်ကိုက ဒီကျောင်းကပဲလား၊ ဘယ်မေဂျာကလဲ'

'GTC က ဆုမြတ်ရဲ့'

နှစ်သစ်ကူးက သူ့အစား ဝင်ဖြေပေးလိုက်၏။

'တကူးတကကြီးလာရတာပေါ့၊ တစ်ခုခုတော့ လိုက် ကျွေးပါရစေ'

'ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

သူက လက်မှာပတ်ထားသောနာရီကို တစ်ချက်ကြည့်၍





'အတန်းတက်စရာလေးရှိလို့'

'သြော်… ဟုတ်ကဲ့'

'နှစ်သစ်ကူး သွားမယ်နော်'

'ဟုတ်ကဲ့'

ဟုတ်ကဲ့ရဲ့နောက်မှာ သူနှင့်မျက်လုံးချင်းဆုံမိတော့ သူမ ျက်ဝန်းထဲမှာ နောက်တစ်ခေါက်လာလည်ဖို့ နှုတ်မှဖွင့်မပြော ိုက်သော်လည်း မျက်လုံးများဖြင့် ဖော်ပြလိုက်တာကို သူလည်း ိရှိခံစားမိမှာပါ။

သူထွက်သွားရာသို့ အပေါ်ထပ်မှနေ၍ မျက်စိတဆုံး ေးကြည့်မိရင်းမှ ဆုမြတ်နှင့်စပွါယ်တို့ကို သူနှင့်စတွေ့ပုံကို ပြောပြမိ၏။

နှစ်သစ်ကူး၏ရင်ထဲမှာ တစ်ခါဖူးမှမခံစားရဖူးတဲ့ အပျော် တွေ ရေလှိုင်းများပမာ တဝုန်းဝုန်းရိုက်ခတ်၍…

မျှော်လင့်ချက်မျက်နှာလေးက ရွှေရောင်တောက်ပလျက်။ ာကြောင့်ဆို အဖြေက ရှင်းရှင်းလေးနှင့် အရိုးသားသဆုံး သူ့ ုတ်ဆက်မျက်ဝန်းလေးများမှ သူနှင့်နှစ်နှစ်ရဲ့မျှော်လင့်ချက် တစ် ိုင်းတစ်စကို တွေ့လိုက်မိရသည်မဟုတ်ပါလား။

* * *



## အခန်း(၂)

ကျောင်းမှအိမ်သို့ ပြန်ရောက်သည့်အချိန်မှာတော့ သူမ ဒိုင်ယာရီစာအုပ်ကို ထုတ်မိပြီး···

နှစ်သစ်ကူး၏ ဒိုင်ယာရီ(နေ့စဉ်မှတ်တမ်း)တွင် ပထမ ဆုံး ရေးသွင်းလိုက်သည့်စာမှာ···

**"အသည်းနှလုံးကိုယ်စား ဒိုင်ယာရီ··· ဒီနေ့မနက်မှာ ကျွန်မသိ တဲ့ အမျိုးသားလေးကို တွေ့ခဲ့ရတယ်၊ သူနှင့်နောက်တစ်ကြိမ် ပြန်လည်ဆုံ ရစေ·····"**

စာပိုဒ်လေးက ရိုးရှင်းသောစာသားကလေးဖြစ်သည် စစ်မှန်သော ချစ်ခြင်းများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသော စာဖြစ်၏။





စိမ်းလန်းပေါ်မှာ နှစ်မျှောလျှက်ရှိခဲ့သဖြင့် သူမသည် နက်ပိုင်းကဖတ်ခဲ့ရသော ဗေဒင်ဟောစာတမ်းလေးကို ပြန်လည် သတိရနေမိသည်။

**"မွေးလသည် သင်၏ချစ်ရေးချစ်ရာကို လင်းလက်တောက်ပစေလိမ့်မည်။ နေ့သည် သင့်အတွက် ပျော်ရွှင်စရာ အမှတ်တရနေ့တစ်နေ့ဖြစ်လိမ့်မည်။ ပျော်ရွှင်စွာ းနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားပါ"**

သူနှင့် ရင်းနှီးသွားတဲ့အခါမှာ သူဟာ သိပ်ရာသီဖွား စ်ယောက်ပါ ဖြစ်နေတာကို တိုက်ဆိုင်စွာသိခဲ့ရသည်။

နှစ်သစ်ကူးမှာ အဖေရောအမေပါ မရှိကြတော့ပါ။

အဒေါ်ဖြစ်သူ အပျိုကြီး ဒေါ်မြတ်နိုးနှင့်သာ နေသူ။ ဝကို အပူအပင်မရှိဖြတ်သန်းခဲ့သည်။ မိဘတွေထားခဲ့သော မွေအနှစ်များနှင့် တစ်ဦးတည်းသော စည်းကမ်းရှိအဒေါ်အပျို ကြီး၏ စည်းစိမ်တို့ဖြင့် သောကမရှိ သူမဘဝကို ဖြတ်သန်းခဲ့ သည်။

သူမမှာ ဖေဖေကတော့ ရှိသေးသည်။ ဒါပေမဲ့ သူမ ပါးမှာမရှိခဲ့ချေ။

ဖေဖေနှင့်ပတ်သက်သော နာကြည်းချက်ရှိသဖြင့် ဘက်ျွားလေးများနှင့် ကင်းရှင်းစွာနေခဲ့၏။

သူမ၏စိတ်အစဉ်သည် လွန်ခဲ့သော နှစ်များဆီသို့ လွ
လျက်···

နှစ်သစ်ကူး၏ ကလေးဘဝသည် ရိုးရိုးစင်းစင်းကလေ
ဖြစ်၍ နှစ်သက်ဖွယ်ရာအတိဖြစ်သည်။

နှစ်သစ်ကူး၏အဖေသည် နှလုံးအထူးကုသမားတော်တ
ယောက်ဖြစ်၍ မေမေကတော့ အိမ်သူတစ်ယောက်အဖြစ် ဖေဖေ
အပေါ်မှာ လိမ္မာယဉ်ကျေးသော ဇနီးအလိမ္မာအဖြစ် ရပ်တည်ခဲ့

အဖေသည် လူချောတစ်ဦးလည်းဖြစ်၍ လူကုံထံအသို
အဝိုင်းမှလာခဲ့သဖြင့် ထင်ပေါ်ကျော်ကြားအောင်မြင်သူတ
ယောက်လည်းဖြစ်သည်။

ဖေဖေက မိသားစုကို ဂရုတစိုက်နှင့်ချစ်တတ်သော
အဖေမျိုးဖြစ်သည်။ ပျော်ပွဲစားထွက်လျှင်လည်း မိသားစုနှင့်အ
တူထွက်ရမှ။ ပြီးတော့ နှစ်သစ်ကူးကို အရမ်းချစ်ခင်အလိုလိုက်
သည်။

အဖေ့မျက်စိထဲမှာ နှစ်သစ်ကူးသည် သမီးလိမ္မာတ
ယောက်အဖြစ်နှင့် နေပြခဲ့သည်။

ဖေဖေက သူမကို အလုပ်ကပြန်လာတိုင်း သမီး···
သမီးလေး··· နှစ်နှစ်လေး··· ဖေဖေ့ရဲ့နှစ်သစ်ကူးလေးဟု တ





ရေရွတ်၍ နှစ်နှစ်ရဲ့ပါးဖောင်းဖောင်းလေးနှစ်ဖက်ကို အားရပါးရ
သူ့နှာခေါင်းချွန်ချွန်များဖြင့် မွှေးကြူလေ့ရှိသည်။

ဖေဖေက နှစ်နှစ်လှကြောင်း၊ ချောကြောင်းကို သူ့အ
ပေါင်းအသင်းများအား အခါအခွင့်သင့်တိုင်း ပြောသည်။ သမီး
ဖြစ်သူ၏ ပညာအရည်အချင်းကိုလည်း ထုတ်ဖော်ချီးမွမ်းနေရမှ
ကျေနပ်သည်။

သူ့သမီး၏အပြောအဆို၊ အပြုအမူနှင့် သမီးဖြစ်သူ၏
သူငယ်ချင်းများကိုပါ သဘောကျနေတတ်သလို လက်ဆောင်
ပစ္စည်းများပါဝယ်ပေးတတ်သည်။ ဖခင်ဖြစ်သူ၏နွေးထွေးသော
ထွေးပိုက်မှုများဟာ သူမလေးအတွက် အိပ်မက်များဖြစ်ခဲ့၏။

မှတ်မိနေပါသေးသည်။

ထိုနေ့လေးကို သူမ ဘယ်တော့မှ မမေ့ပါ။

နှစ်သစ်ကူး၏မွေးနေ့။

သူမအသက် ၁၀ နှစ်ပြည့်၊ ပဥ္စမတန်းကျောင်းသူဘဝ
မှာ အဝတ်အစားကိစ္စများကို မေမေက အမြဲဝယ်ပေးနေသော်
လည်း ထူးဆန်းစွာဖြင့် ဖေဖေက သူမကို မွေးနေ့လက်ဆောင်အ
ဖြစ် အလွန်ကိုလှပသည်ဟု ကလေးဘဝကထင်ထားခဲ့သော
ဂါဝန်ပိုးသားအဖြူလေးတစ်ထည် ဝယ်ပေးခဲ့သည်။

အင်္ကျီလေးနှင့်ဆင်တူအရောင် ဦးထုပ်၊ ပိုက်ဆံအိတ်၊ ဒေါက်မြင့်ဖိနပ်၊ ခြေအိတ်၊ လက်အိတ်နှင့် ဘီးကုပ်အဖြူရောင်လေးတို့ကို ဆင်တူဝယ်ပေးပြီး မွေးနေ့ညစာစားပွဲကို ရောက်လာကြသည့် မိတ်ဆွေအပေါင်းအသင်းများအား ကျွန်တော့်သမီးလေး မလှဘူးလားဟု မေးသည်။

ဖေဖေကိုယ်တိုင် နှစ်သစ်ကူးကိုပွေ့ချီကာ ပါးချင်းအပ်၍ မိတ်ဆွေများကြားမှာ နှစ်သစ်ကူးချောကြောင်းလှကြောင်းတွေကို…

နှစ်သစ်ကူးအဖို့တော့ ကလေးဘဝမှာ အဖေအား အလွန်ချစ်၊ အလွန်မြတ်နိုးခဲ့သည်။ သူ့အတွက် ကိုးကွယ်ရာသည် အဖေ၊ မြတ်နိုးရာသည်အမေ။

သူမ အပျိုဖော်ဝင်စ နောက်တစ်နှစ်ခန့်အကြာ တစ်နေ့သော မနက်ပိုင်းမှာ နှစ်သစ်ကူး၏ ကျေနပ်စရာဘဝသည် အံ့ဩဖွယ် ရုတ်ခြည်းပျောက်ကွယ်သွားခဲ့သည်။

အမေက မျက်ရည်စက်လက်ဖြင့် နွမ်းလျသောမျက်နှာ၊ မသေမသပ်ဖြစ်နေသော ဆံနွယ်များနှင့် သူမကို ရင်ခွင်ထဲထည့်ကာ ဒူးထောက်ထိုင်ချ၍…

‘သမီးလေးရယ်၊ သမီးအဖေ… လေ မေမေတို့ကို





ထား… ခဲ့… ပြီ’

ပထမတော့ သူမအမေစကားကို နားမလည်။

‘ဖေဖေဘယ်သွားတာလဲ၊ ဖေဖေ ဘယ်တော့ပြန်လာမှာလဲ’

‘အဟင့်… ဟင့်’

မေမေက သူမစကားကို ငိုရှိုက်နေရင်းမှ

‘သူ… ရက်စက်တယ် သမီးရယ်၊ သူ… သူ ပြန်လာတော့မှာ မဟုတ်ဘူး’

စကားတစ်လုံးစီသည် အလွန်ထက်သော ဓားသွားတစ်လက်ဖြစ်နေသည်ဆိုပါက သူမရဲ့နှလုံးသားမှာ စူးနစ်ဝင်ခဲ့ပြီဟု ထင်၏။

အဖေနှင့်အမေ စကားများခိုက်ရန်ဖြစ်သံကို ယနေ့အထိ မကြားဖူးခဲ့ပါ။ ဘာအကြောင်းကြောင့်လည်း အမှန်တရားတစ်ခုကို သိမှဖြစ်မယ်။

အမေက အဖေ့ကို အိမ်ပေါ်မှနှင်ထုတ်လိုက်ပြီလားဟု ကလေးတွေး တွေးမိသော်လည်း အမေ့ပုံစံကိုကြည့်၍ စိတ်ထိခိုက်မိသည်။

နှစ်သစ်ကူး ကျောင်းတက်လိုက်၊ အိမ်ကိုပြန်လာလိုက်နှင့်

တစ်ပတ်ပြီးတစ်ပတ် ကုန်သွားခဲ့ပြီ။

အဖေက ပေါ်မလာတော့ပါ။ မျှော်နေသော နှစ်သစ်ကူး ရဲ့စိတ်ကူးလေးတွေ တစ်စစီ ပြိုပျက်ခဲ့ရပြီ။ စိတ်ကူးထဲက အိမ် လေး ပြိုပျက်ခဲ့ရပြီ။ အဖေ နှစ်သစ်ကူးဆိုတဲ့ ကောင်မလေးဆီကို မလာတော့ပါ။

သူမ တဖြည်းဖြည်းနားမလည်သလိုနှင့် အန်တီလေးရဲ့ ပြောပြချက်များအရ အဖေသည် အရမ်းတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းရှင်အမျိုးသမီးတစ်ယောက်နှင့်တွေ့ဆုံပြီး အသစ်ရှာမိခဲ့ သည်။ ထိုအမျိုးသမီးက အမေ့ထက်ဆွဲဆောင်မှုအားကောင်းနေ သောကြောင့် ထိုမိန်းမရှိရာသို့ အပြီးပြောင်းရွှေ့သွားခဲ့သည်။

အမေ့အတွက် ကွာရှင်းစာတစ်စောင်နှင့် သူမအတွက် အဖေ့ဘက်မှ ပေးထားခဲ့သော ဘဏ်မှသူမအမည်နှင့် ငွေစာရင်း စာအုပ်လေးကို ထားခဲ့၏။

အဖေ့ကို ရက်စက်တယ်လို့မပြောရက်ပါဘူးအဖေ။ ဒါပေမဲ့ အဖေဟာ သူမတို့သားအမိအပေါ်မှာ ရက်စက်တဲ့စကားလုံး ထက် ပိုခဲ့ပါသည်ဟု ထင်မိခဲ့၏။

သမီး... အဖေ့ကို အရမ်းသနားသွားမိပါတယ်။

တစ်နေ့မှာ သားအမိနှစ်ယောက် ကားဖြင့်ထွက်၍





အင်လျားမှာ စိတ်အပန်းဖြေဖို့ အမေက နှစ်သစ်ကူးကိုပြောလာ သဖြင့် အမေမောင်းသော ကားကို စီး၍လိုက်လာမိသည်။

အမေ ဘယ်တွေကိုမောင်းနေသည်မသိ။ သူမတို့နေ သောနေရာနှင့် ဝေးကွာလှတဲ့နေရာရောက်တော့ ကောင်းမွေဆိုတဲ့ အိမ်ကြီးတစ်အိမ်ရှေ့ ကားကိုရပ်၍ နှစ်သစ်ကူးကို လက်ညှိုးထိုးပြ သည်။

'သမီးနှစ်နှစ်'

'ရှင်... မေမေ'

'သူတို့နေတာ ဒီအိမ်ပဲ'

ဟု နာကြည်းသော လေသံဖြင့်ပြောသည်။ အမေ့ကို နားမလည်သလိုကြည့်မိတော့ ညှို့မှောင်နေသော မျက်နှာပြင် ကြောင့် သူတို့ဆိုတာ ဖေဖေ့ကိုပြောတာဖြစ်မည်။ နှစ်နှစ်သည် အဖေ့ထံသွားတွေ့မည်ဟု ဆုံးဖြတ်ပြီး...

'မေမေ... သမီး ဖေဖေနဲ့ တွေ့ချင်တယ်'

'သမီးရယ် မတွေ့ပါနဲ့တော့၊ အားလုံး ဒီအတိုင်းပဲရှိပါစေ တော့၊ သူတောင် သမီးကို မချစ်လို့ ထားသွားခဲ့တာပဲ'

'ဟင့်အင်း... မေမေ သမီးမယုံဘူး၊ ဖေဖေသမီးကို တွေ့ရင် အိမ်ကိုလာရင်လာလိမ့်မယ်'

စိတ်အားထက်သန်နေသည့် သူမလေးကို မေမေတွဲ
ဖက်၍…

'သမီးကို မေမေ တစ်ခုသတိပေးလိုက်မယ်၊ သမီးကို
သူတို့ ဘာပဲလုပ်လုပ် မေမေ့ကို ပြန်ပြောနော်၊ သမီး
အနားမှာ မေမေရှိတယ်'

မေမေကားထဲမှာစောင့်နေပြီး မေမေညွှန်ပြသောအိမ်ဆီ
သို့သွား၍ အိမ်ရှေ့မှ လူခေါ်ဘဲလ်ကို နှိပ်မိသည်။ သူမရဲ့လက်
ကလေးများမှာ ရဲရဲဝံ့ဝံ့၊ မျက်နှာလေးကို ပင့်မော့၍ ဟော…
တံခါးပွင့်သွားပြီ။ တံခါးပေါက်မှာ ရပ်နေသူမှာ နှစ်သစ်ကူးနှင့်
ရွယ်တူလောက်ရှိမည့် ကောင်မလေးငယ်ငယ်တစ်ယောက်၊
အဖြူရောင်ဆင်တူဝတ်စုံ ပိုးဂါဝန်လေးကို ဝတ်ထားသည့်မိန်းက
လေးကို နှစ်သစ်ကူးအလန့်တကြားဖြစ်ကာ စိုက်ကြည့်နေမိသည်။

ထိုကောင်လေးနှင့် နှစ်နှစ်ဝတ်ထားသည့် ဝတ်စုံမှာ ဆင်
တူဖြစ်နေခဲ့၏။ ဒီနေ့မှ ဒီအင်္ကျီလေးကို ထုတ်ဝတ်မိသည်။

သေချာစွာပြောနိုင်တာကတော့ ဆင်တူဝတ်ထားသော
ကောင်မလေးက နှစ်နှစ်လောက်မချောဘူး၊ မလှဘူးဆိုတာကိုပဲ။

'နင်က ဘယ်သူလဲ'ဟု အမေးစကားကို မဖြေမိဘဲ…
နှစ်နှစ် ခံစားချက်တို့ပြင်းထန်စွာ နောက်လှည့်မကြည့်





တမ်း ကစုန်ပေါက်ပြေးထွက်လာခဲ့သည်။

ကားပေါ်ပြေးတက်လာသည့် နှစ်နှစ်ကိုကြည့်၍ မေမေ
က…

'သမီးနှစ်နှစ်… ဘာတွေဖြစ်လာတာလဲကွယ်၊ မေမေ
ရင်ထိတ်လိုက်တာ၊ သူတို့…သူတို့ သမီးကို ဘာလုပ်…'
မေမေ့စကားသံမဆုံးခင်မှာပဲ သူမထိတ်လန့်စွာပြောမိတာ
က…

'ဟင့်အင်းမေမေ၊ သူတို့ သမီးကို ဘာမှမလုပ်ပါဘူး၊
ဖေဖေနဲ့လည်း မတွေ့ချင်တော့ဘူး၊ အဲဒီအိမ်မှာ သမီးနဲ့
ရွယ်တူ ကောင်မလေးတစ်ယောက်ရှိနေတယ်'

'ဟုတ်တယ်သမီး၊ အဲဒါ ဟိုဘက်ကမိန်းမရဲ့သမီး'

နှစ်နှစ်ဘာမှမပြောတော့။ သူမရဲ့နှုတ်ခမ်းသားလေးများ
က စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ်တုန်လျက်။

'သမီးရယ်…'

ငိုကြွေးမှုမျက်လုံးများနှင့် မေမေက နှစ်နှစ်ကို ရင်ခွင်
ထဲ ဆွဲသွင်းခဲ့သည်။ နှစ်နှစ်က မေမေ့ကျောပြင်ကို ဖက်တွယ်၍
သူမရဲ့ရင်ထဲက အသံတိတ်ပြောလိုက်တဲ့စကားလေးတစ်ခွန်းက
တော့ …

'ဖေဖေ့ကို သမီး သိပ်မုန်းတယ်'

ဖေဖေဟာ နှစ်သစ်ကူးဆိုတဲ့ ကျွန်မဘဝမှာ အရမ်း ရက်စက်တဲ့ယောကျ်ားတစ်ယောက်ဆိုတာ ကလေးဘဝကတည် က ခံစားမိခဲ့တယ်။

ငွေကြေးခနကြောင့် မျက်နှာမငယ်ခဲ့ရတဲ့သူမဟာ ဖခ ရဲ့ ရက်စက်မှု၊ စွန့်ပစ်ထားမှုကြောင့် မျက်နှာငယ်ခဲ့ရပါသည် ပတ်သက်ခဲ့တဲ့ ပတ်ဝန်းကျင်မှာ တွေ့သမျှမြင်သမျှက သနားသ ကြည့်တာကို မခံစားနိုင်သဖြင့် လူတွေနှင့် အရောတဝင်နေခြင်း စွန့်လွှတ်ခဲ့ပြီး မေမေက တစ်ယောက်တည်းကျိတ်ပြီး ဖေဖေ သတိရသလို နှစ်သစ်ကူးလေးကလည်း နေတတ်သလို နေ ပြောချင်တဲ့သူကိုမှ စကားပြန်ပြောတော့၏။

နောက်တစ်နှစ်တွင် နှစ်သစ်ကူးသည် အမေကို သ ထားမိပြီး ပိုမိုဂရုစိုက်လာခဲ့သည်။ အမေ့ရဲ့အဝေးရောက်ညီမ သူ ဒေါ်မြတ်နိုးကို လှမ်းခေါ်လိုက်ရပါတော့သည်။

အမေဒေါ်သူဇာခင်ဟာ သူမရဲ့ဘဝခရီးရှည်တို့ တဖြည် ဖြည်း ပျက်သုဉ်းသွားခဲ့လေပြီ။

နှစ်သစ်ကူးက အမေ့ကိုကြည့်၍ ယူကျုံးမရခြင်းများ ဖြစ်မိသည်။ အမေသည် တဖြည်းဖြည်းဖြင့် စိတ်ကျရောဂါဖြ





ာ မူမမှန်တော့ပေ။ မျက်လုံးများက ကြောင်စီစီဖြစ်၍ အမေ့ လုံးသားတွေ ကွဲအက်သွားပြီး မျောလွင့်ကုန်ကြပြီဟု တွေးမိ သည်။

နှစ်သစ်ကူးသည်လည်း ဘာမှမတတ်နိုင်တော့။ တစ်နေ့ ခြား ဆုတ်ယုတ်လာသည့်အမေ့အဖြစ်ကို အဒေါ်ဖြစ်သူနှင့် င်၍သာကြည့်နေရသဖြင့် သူမ များစွာဝမ်းနည်းကြေကွဲမိ၏။ လိုနှင့် များမကြာမီ တစ်နေ့သောနံနက်ခင်းမှာ အမေ လဲလျောင်း ငြိမ်သက်စွာ နှစ်နှစ်ကို စွန့်ခွာသွားခဲ့၏။

အချစ်ကြီးတဲ့ အမေ့အဖြစ်ကြောင့် ရင်နာမိသည်။

အမေဒေါ်သူဇာခင် ဆုံးသွားသည့်အခါ လူတွေက သူမ ကို မေးကြသည်။ နားမလည်လို့လား၊ မသိကြတာလား၊ တမင် မေးတာလား။

'သမီးအမေ ဘာဖြစ်လို့သေတာလဲ'

သူတို့ကရော ဘာဖြစ်လို့မေးနေကြတာလဲ။ အဖေနှင့် အမေ့အကြောင်းကို အားလုံးသိပြီးသား။ ဟန်ဆောင်မေးနေကြ ပေမယ့် သူမကတော့ မှန်ကန်စွာပြန်ဖြေခဲ့တဲ့စကားလုံးလေးတွေ ကို လူတွေသနားမဆုံးဖြစ်ကြသည်။

'နှလုံးသားကွဲလို့ သွေးစိမ်းရှင်ရှင်ထွက်ပြီး သေတာ'

ဟုတ်တယ်မဟုတ်လား သူမပြောတာ။

ထိုအချိန်၊ ထိုကာလ သူမ အငွေမတန်း၊ ၁၂ နှစ်ကျော် ကျော်အရွယ်မှစတင်၍ ဆုံးဖြတ်ခဲ့တာကတော့…

နှစ်သစ်ကူးဆိုတဲ့ငါ့ကို ဘယ်သူမှ အခုလိုမလုပ်စေရဟု အခိုင်အမာ ဆုံးဖြတ်ခဲ့သည်။

အမေဆုံးပါးသွားပြီး အဒေါ်နှင့်နေသည်။ အထက်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ်ဆက်တက်ခဲ့သည်။ သူမရဲ့ ချော မောလှပဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်ကြောင့် First Year မှာ Quee (အလှဘုရင်မ)အဖြစ် အရွေးခံရသည်။

သူမသည် ယောကျ်ားများကို အထင်မသေးသော်လည် အထင်မကြီးခဲ့သောစိတ်ဖြင့် ချဉ်းကပ်လာသော ယောကျ်ားလေ များကို အလိမ္မာနည်းဖြင့် ဖြေရှင်းခဲ့သည်။

ဒါဟာ သူမမှာ သိပ်ချစ်ရမယ့်ချစ်သူမပေါ်လာသေးဘူ ဟု ထင်မှတ်ထားခဲ့သဖြင့် သူငယ်ချင်းများဖြင့် ပျော်ပျော်နေတတ် သော ကျောင်းသူဘဝနှင့်ပင် ကျေနပ်ခဲ့သည်။ အခုတော့ သူမရဲ့ ခံယူချက်တွေ ပြောင်းလဲပစ်ရတော့မည်။

တစ်ကြိမ်တစ်ခါသာ မြင်ရတဲ့မျက်နှာကို စွဲလန်းခဲ့သော အဖြစ်ကြောင့် စိတ်ရဲ့ခံစားချက်ကို အံ့သြမိ၏။





သူနှင့်တွေ့ဆုံတဲ့နေ့ဟာ ကံကောင်းခြင်းတွေပါလာတဲ့ နေ့လေး ဖြစ်နေလို့ ဘာကြောင့်လဲဆို…

အချစ်ဟာ အံ့သြမှုများကြောင့် ဆန်းကြယ်…

* * *



## အခန်း(၃)

သူနှင့်စတွေ့ရသောနေ့လေးက သူမရဲ့ Lucky da
တွေထဲမှာ တစ်ရက်အပါအဝင် သောကြာနေ့ဖြစ်ခဲ့သည်။

ဒီနေ့တနင်္လာနေ့မှာ သူမတို့ ကျောင်းပြန်တက်ရသဖြ
အိပ်ရာမှစောစောထကာ ကျန်းမာရေးလေ့ကျင့်ခန်းများကို တစ်နာ
လောက်လုပ်၍ ရေမိုးချိုးပြီး အလှပြင်တဲ့အလုပ်ကို ဒီနေ့မှာ အချိ
ပိုယူမိသည်။

သည်နေ့… ကျွန်ဆီကို သူရောက်လာလိမ့်မည်ဟု သေ
ချာပေါက်နီးပါး သူမက ကိုယ့်ကိုယ်ကို အထင်ကြီးစွာ ယုံကြ
မျှော်လင့်ထားမိတယ် မဟုတ်ပါလား။





ကျောင်းသို့ရောက်တော့ ထုံးစံအတိုင်း ဆုမြတ်နှင့်
စပွါယ်တို့ မလာသေးသဖြင့် စောင့်နေမိသည်။

သိပ်မကြာ သူမတို့နှစ်ယောက် သိပ်မကွာတဲ့အချိန်လေး
တွေမှာ တစ်ယောက်စီရောက်လာကြပြီ။ အတန်းချိန်မရှိသေးသ
ဖြင့် ကင်တင်းသွားဖို့ ပြောသည်ကို သူမ၏ သူငယ်ချင်းတွေ
အံ့သြသွားအောင် ငြင်းမိ၏။

'မသွားပါနဲ့ဦးဟာ၊ ငါ့အိမ်က မုန့်စားလာလို့၊ အတန်းတစ်
ချိန်တက်ပြီးမှ ထမင်းစားရင်း သွားလိုက်ကြတာပေါ့'

ဆုမြတ်မွန်က ထူးဆန်းသတ္တဝါတစ်ကောင်ကို ကြည့်ရ
သလိုမျိုးကြည့်၍ စကားပြောရင် လက်ပါတတ်သော မစပွါယ်
က ထုံးစံအတိုင်း နှစ်နှစ်ပခုံးစွန်းတစ်ဖက်ကို ဖျတ်ခနဲရိုက်ရင်း

'ကောင်မလေး…'

မစပွါယ်က သူသိပါတယ်ဆိုတဲ့ ပုံစံမျိုးဖြင့်…

'မျှော်နေရင် မျှော်နေတယ်ပေါ့ကွာ'

'ဘာလဲ လွဲသွားမှာစိုးလို့လား'

'ကျုပ်တို့နှစ်ယောက်မကြားအောင် ရှင့်ကို ဒီနေ့လာမယ်
ပြောသွားလို့လား'

နှစ်သစ်ကူး မစပွါယ်ရဲ့မရှန်းနိုင်အောင်မေးတဲ့စကားကို
အလိုလိုဝန်ခံမိသွားရင်းက လှုမိသွားသော အပြုံးလေးဖြင့်…

"ပြောတော့ပြောမသွားဘူး၊ ဟဲဟဲ… ဒါပေမဲ့ သိနေသလိုပဲ"

ဆုမြတ်က မကျေနပ်စွာ မျက်စောင်းဝင့်ကာဖြင့်။ မစပွါယ်ကတော့ သူ့မျက်နှာမှတစ်ဆင့် နှစ်သစ်ကူးနှလုံးသား အသစ်ကလေးကို အဖြေရှာနေပုံရသည်။

သူငယ်ချင်းများကလည်း သူမကို နားလည်စွာဖြင့် အခန်းရှေ့မှာ စောင့်ပေးကြ၏။

မျက်လုံးချင်းနားလည်စွာပြောသွားတဲ့ သူ့မျက်လုံးထဲက အရိပ်အရောင်တွေကို ခံစားမိသလို ကိုယ့်မျက်လုံးထဲက အရိပ်အရောင်တွေကိုလည်း သူနားလည်ရင်တော့ သေချာပေါက်ရောက်လာမှာပါ။

နှစ်သစ်ကူးအဖို့ မျှော်လင့်စောင့်စားခြင်း၏ ဝေဒနာဆိုးကို ဒုတိယအကြိမ်ခံစားရသလို ခံစားလိုက်ရသည်။ မသိစိတ်အစဉ်မှာ ဖေဖေ့တုန်းကလို သူမ စောင့်မျှော်ရမှာ ကြောက်နေမိသည်။ စိတ်ပင်ပန်းမောလှပါ၏။ နောက်ဆုံးတော့ အချိန်တွေသာ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်။

စိမ်းလန်းရောက်မလာခဲ့ပါ။ ဘာကြောင့်လဲ။

တစ်ခါသာတွေ့သည့် ယောကျ်ားသားကို မျှော်နေမိတဲ့ ကိုယ့်ဘာသာကိုယ်လည်း အပြစ်တင်မိသလို သူငယ်ချင်းများရှေ့





မှာ ကျဆုံးခဲ့ရသည်။ နားလည်စွာဖြင့် ဆုမြတ်တို့ သူမအတွက် နှင့်အအေးဘူးများ ဝယ်လာပေး၍ သောက်လိုက်ရသော်လည်း နှလုံးသားက တစ်စုံတစ်ရာကို မျှော်လင့်နေပါရစေ…

*

ဒီလဟာ သူမရဲ့ January Lucky Month လဖြစ်သည်။ နက်ဖြန်အင်္ဂါနေ့ဟာလည်း Lucky days တွေထဲက တစ်ရက်ဖြစ်ခဲ့သည်။

သူမ ကျောင်းလွှတ်ချိန်မှာ ဆုမြတ်တို့နှင့်လမ်းခွဲ၍ ဖယ်ရီပေါ်မှာ စိတ်မပါတပါထိုင်နေမိသည်။ ကားမောင်းဖို့ လုံးဝစိတ်ကူးမရှိတဲ့သူမဟာ 'ကားကိုမောင်းတတ်သော်လည်း ဘယ်တော့မှ မမောင်းခဲ့။ အိမ်မှာ ကားကို အန်တီလေးက ဆီထုတ်ဖို့သာသုံးပြီး ကျန်တဲ့အချိန်များမှာ ကားကို ဂိုဒေါင်ထဲမှာ ဒီအတိုင်းပဲထားသည်။

ငှငှင်ုင်ငိုင်နှင့် ကောင်မလေးကို မေဂျာစုံမှကျောင်းသားများ တစ်ယောက်ပြီးတစ်ယောက် သူမကို ကြည့်နေတာကို သူမလေး ဂရုမစိုက်မိပါ။

နောက်နေ့အင်္ဂါနေ့လေးမှာတော့ သူမ မျှော်လင့်မိသလို Lucky days လေးဖြစ်ခဲ့ပါသည်။

သူမရဲ့စိတ်ချင်းဆက်သွယ်မှုကြောင့် စိမ်းလန်းရောက်လာ ခဲ့သည်။

စိမ်းလန်းဆိုတဲ့ကောင်လေးကို တွေ့လိုက်တာနှင့် နှစ်သစ် ကူး အိတ်ကိုကောက်လွယ်လျက် မတ်တတ်ထရပ်လိုက်မိသည်။ သူက နှစ်သစ်ကူးကိုမြင်တော့ အားရပါးရပြုံးပြလျက်။

'နှစ်သစ်ကူး' ဟုခေါ်၍ စတင်နှုတ်ဆက်နေသည်။

နှစ်သစ်ကူး၏နှုတ်ခမ်းမှ အပြုံးတို့ ဖုံးမရစွာ သူမထက် အသက်ကြီးသော်လည်း ကို… တပ်ခေါ်ဖို့ စိတ်မကူး။

'စိမ်းလန်း… ဘယ်ကိုလာတာလဲဟင်'

မိမိဆီလာတာကိုသိသော်လည်း မသိချင်ယောင်ဆောင်၍ မေးမိတဲ့သူမကို စိမ်းလန်းကလည်း…

'နှစ်သစ်ကူးဆီကိုလာတာ'

သူ့အဖြေကို သဘောကျသွားသည့်သူမဟာ မျက်နှာပေါ် ပုရွက်ဆိတ်တက်မှာတောင်ကြောက်လောက်အောင် ချိုအီနေ၏။

'ဟုတ်လား… ဘာကိစ္စများ ရှိလို့လဲဟင်၊ ဒီနေ့ရော ဘယ်သူ့ကို လူကြုံပေးဦးမလို့လဲ၊ နှစ်နှစ်တို့ရှာပေးရဦး မလား'

'ဟာဗျာ'

သူက ရှက်ရယ်ရယ်၏။





နှစ်သစ်ကူး စနောက်လိုက်တာ ဖြစ်သည်။ ဒါကို သူက လည်း သဘောပေါက်စွာဖြင့်…

'ဒါနဲ့ နှစ်သစ်ကူးတို့ ကန်တင်းသွားမလို့လား'

'အင်း… ဟုတ်တယ်'

'ဒါဆို ကိုလည်းလိုက်ပါရစေနော်၊ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်ပဲ တကာခံပါ့မယ်'

သူ့ရဲ့ပညာသားပါပါ ပတ်သက်မှုကြောင့် ခေါင်းကိုသာ အသာညိတ်ပြလိုက်ရသည်။

ဆုမြတ်နှင့် မစပွါယ်တို့ကတော့ ပွဲကြည့်ပရိသတ်များ ပီသစွာ နှုတ်ပိတ်နေကြပေသည်။

ကန်တင်းသို့ရောက်လျှင် စားစရာအချို့ကို မှာကြားပြီး နောက် စိမ်းလန်းက နှစ်သစ်ကူးမျက်နှာကိုကြည့်၍…

'ကျွန်တော် ရောက်လာလို့ စိတ်အနှောင့်အယှက်များ ဖြစ်သွားကြသလားဟင်'

မစပွါယ်နှင့် ဆုမြတ်တို့၏ တည်နေသောမျက်နှာများကို ကြည့်၍ စိမ်းလန်းကမေးတော့…

'မဟုတ်ပါဘူး၊ ကိုစိမ်းလန်းရောက်လာလို့ ကျွန်မတို့မှာ ဘာမှစိတ်အနှောင့်အယှက်ဖြစ်စရာအကြောင်းမရှိပါဘူး'

သူမေးပုံက ဘယ်လိုပုံမှန်းကို မသိပေ။

ဆုမြတ်နှင့် မစပွါယ်တို့နှင့်လည်း စကားများပြောပြီး နှစ်သစ်ကူး၏မျက်နှာကို တိတ်တဆိတ်ကြည့်နေတတ်သည်။ သူ့ပုံစံကြောင့် ရင်ထဲမှာ လျှော်အသေးစားလေးများ ဖြစ်ပေါ်နေ၏။

'ကျွန်တော်လာလို့ နှစ်သစ်ကူးကို အထင်လွဲမယ့်သူတော့ မရှိပါဘူးနော်'

'ရှင်'

သူ့စကားက နှစ်သစ်ကူး၏ရင်ကို ပိုခုန်စေ၏။

'စကားတွေ လာအစ်မနေနဲ့နော် ကိုစိမ်းလန်း၊ အမွေးမြင်အပင်သိ၊ ကျွန်မသူငယ်ချင်းက အရိုးခံလေးရှင့် သိရဲ့လား၊ ရှင် ဘာအပင်စိုက်မယ်ဆိုတာ ကျွန်မတို့သိပြီးသား'

မစပွါယ်၏ပွင့်ပွင့်လင်းလင်းအပြောကို သဘောကျသလိုနှင့် တိုးတိုးရယ်နေတဲ့ သူ့ပုံစံကြောင့် နှစ်သစ်ကူး သူ့မျက်နှာနုနုလေးကို ငေးကြည့်နေမိ၏။

ပထမနေ့တွေမှာတော့ သူငယ်ချင်းတွေနှင့် အတန်းထဲမှာ ထိုင်နေကြသလို အတန်းပြင်မှာလည်း လျှောက်ထိုင်ဖြစ်ကြ၍ ကန်တင်းမှာလည်း ထိုင်ဖြစ်ကြသည်။ စိမ်းလန်းကတော့ သူ့ကျောင်း GTC မှာမရှိဘဲ အရှေ့ပိုင်းတက္ကသိုလ်မှာသာ အချိန်ကုန်နေခဲ့သည်။

နောက်တော့ သူငယ်ချင်းများက အလိုက်တသိ ဖယ်ခွာမှု





လေးတွေကြောင့် နှစ်ဦးသားတွေ့ဆုံချိန် ပိုများခဲ့သည်။

အတွဲတွေအထိုင်များကြသော မြောင်းဘောင်လေးများတွင် ထိုင်ဖြစ်ကြသည်။ အဲဒီနောက်မှာတော့ စိမ်းလန်းနှင့် နှစ်သစ်ကူးတို့သည် သူငယ်ချင်းများမပါသော နေ့များမှာတော့ အရိပ်ရသည့် ကျောင်းပတ်ဝန်းကျင်ရှိ အပင်ကြီးများအောက်မှာ ထိုင်မိကြသည်။

သူမက စိမ်းလန်းအကြောင်းကို စိတ်ပါလက်ပါမေးသော်လည်း စိမ်းလန်းက ကိုယ့်ဘဝမှာ ဘာမှသိပ်ပြောစရာမရှိခဲ့ဘူး။ သူ့မှာ မိဘနှစ်ပါးနှင့် အစ်ကိုတစ်ယောက်နှင့် ညီအစ်ကိုနှစ်ယောက်ရှိတယ်၊ အစ်ကိုက နိုင်ငံခြားရောက်နေသဖြင့် သူတစ်ယောက်သာရှိကြောင်း၊

နှစ်သစ်ကူးဆိုတဲ့ ကောင်မလေးကိုမြင်တော့ အရမ်းခင်သွားတယ်။

နှစ်သစ်ကူးကလည်း သူ့အပြောများမှာ ကျေနပ်မိ…

'နှစ်သစ်ကူးက တစ်ယောက်တည်းနေတာဆိုတော့ နှစ်သစ်ကူးမိသားစုရော… ဪ… ဆောရီး ကိုယ်သိပ်ပြီး စပ်စုရာများ ရောက်သွားလား'

'ရပါတယ်၊ တို့အကြောင်းတွေ စိမ်းလန်းသိထားသင့်ပါ တယ်'

စိမ်းလန်း မသိသေးတဲ့ သူမရဲ့အကြောင်းအရာများကို စိတ်လိုလက်ရ ပြောပြမိသည်။

စိမ်းလန်းကတော့ နှစ်သစ်ကူးရဲ့ဆွဲဆောင်မှုရှိတဲ့ မျက်နှာလေးကို တရှိုက်မက်မက် ငေးကြည့်မိသည်။

သူမကလည်း စိမ်းလန်းရဲ့အကြည့်တွေကို ကျေနပ်စွာခံယူမိသည်။ သူမရဲ့ပြောစကားများထဲမှာတော့ ဖခင်ဖြစ်သူကို စိတ်ထဲမှာ အရမ်းမုန်းမိပြီး မေမေ့ကို အရမ်းသနားမိတယ်။ ယောကျ်ားလေးသူငယ်ချင်းမိတ်ဆွေတစ်ယောက်မှမရှိခဲ့။ စိမ်းလန်းနှင့် ပထမဦးဆုံးယောကျ်ားလေးမိတ်ဆွေသူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်း နှစ်သစ်ကူးရဲ့အရုပ်မျက်နှာကိုကြည့်၍ နားထောင်နေပြီး…

'ဒါဆို ကိုယ်က ကံထူးသူပေါ့နော်'

'အင်း… ဟုတ်တယ်'

'စိတ်ချပါကွာ၊ မင်းကို ကိုယ် စိတ်မညစ်စေရပါဘူး၊ မင်းပျော်ရွှင်အောင် ကိုယ်အတတ်နိုင်ဆုံး ဖေးမသွားမှာပါ'

'နှစ်နှစ် ယုံကြည်နေပါ့မယ်'





လိုအပ်ပါသည်။ သူမရဲ့နံဘေးမှ အမြဲရှိနေဖို့ စိမ်းလန်းကို စိတ်ထဲမှာ တောင့်တမိသည်။ ဟန်ဆောင်မှုမရှိတဲ့ ဒီမျက်လုံးတွေရဲ့နောက်ကွယ်မှာ သူမအတွက် ကံကောင်းခြင်းတွေ ရှိနေမယ်လို့ သူမ ယုံကြည်ထားသည်။

ရှင်နဲ့ချစ်ခွင့်ရရင် ကျွန်မ ကံအကောင်းဆုံးအဖြစ် သတ်မှတ်မိမယ်။

သူငယ်ချင်းများနှင့်လည်း ကျောက်တန်းရေလယ်ဘုရားသို့ အတူလျှောက်လည်ခဲ့ကြသလို ကျိုက်ခေါက်ဘုရားလှေကားထစ်ကလေးများမှာ ထိုင်ဖြစ်ကြသည်။

ပခုံးချင်းထိစပ်အောင် တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာ ထိုင်ရင်း နှစ်ဦးသားရင်ထဲမှာ အချစ်ဆိုတာကို ဖွင့်ဟစရာမလိုဘဲ ရင်ဖို့လှိုက်မောစွာ ခံစားသိရှိနားလည်နေမိကြပြန်သည်။

သူတို့နှစ်ယောက် စိတ်လှုပ်ရှားစရာအကောင်းဆုံးတစ်ခုရှိ၏။ တစ်ရက်သောတနင်္ဂနွေအားရက်တစ်ခုမှာ ဘယ်သူမှမသိအောင် သူတို့နှစ်ယောက် ရှုခင်းသာပန်းခြံသွားကြသည်။ ဆုမြတ်တို့ကိုတောင် သူမ မပြောဖြစ်ခဲ့ပါ။ လျှို့ဝှက်တာမဟုတ်ပါ။ နှစ်ဦးတည်းသွားချင်တဲ့စိတ်ကြောင့် ဖြစ်ခဲ့တာပါ။

သူမရဲ့အန်တီလေး အိမ်မှာမရှိ။ အမျိုးတွေရှိတဲ့စက်ဘပူကို ခဏသွားနေချိန်မှာပေါ့။ ဘဝမှာ ပထမဦးဆုံး ယောကျ်ားတစ်

ယောက်နှင့် နှစ်ယောက်တည်း လျှောက်လည်ရဲခဲ့တယ်။

နှစ်သစ်ကူးအဖို့တော့ စိမ်းလန်းနှင့်သူမ ဘယ်ကိုသွား၍ ဘယ်နေရာရောက်နေသည်ကို လုံးဝသတိမထားမိ။ သူမအနေနှင့်ကတော့ သူနှင့်အတူတူရှိနေဖို့သာ အဓိက။

စိတ်လှုပ်ရှားဖို့ အရမ်းကိုကောင်းခဲ့သလို တစ်ခါဖူးမှ မခံစားဘူးရသော ခံစားမှုမျိုးကြောင့် ဘိုးလိမ်းကစားခြင်း၊ မီချောင်းစီးခြင်းကစားနည်းမျိုးစုံနှင့် သူမရဲ့ဘေးမှာ မခွဲမခွာ အနားမှာရှိနေတဲ့ စိမ်းလန်းကြောင့် ပျော်ရွှင်မိသည်။

နှစ်ဦးသားလျှောက်လည်ရင်း တစ်ယောက်ကိုတစ်ယောက် တွဲမိထားသော လက်များကို မလွှတ်··· မြဲမြဲလို့။

စိတ်ကိုအလိုလိုက်မိသည့် သည်အဖြစ်အပျက်တစ်ခုဟာ တစ်ခုသောကာလမှာ သူမအတွက် ကြီးမားသော မှားယွင်းမှုကြီးတစ်ခုဖြစ်မှာကို ကြိုမသိခဲ့ပါ။

ပျော်ရွှင်စွာဖြင့် စိမ်းလန်းနှင့်သူမတို့နှစ်ယောက် ဓာတ်ပုံများ ရိုက်ခဲ့ကြ၏။

စိမ်းလန်းနှင့်လျှောက်လည်နေရသည့်အချိန်တွေမှာ နှစ်သစ်ကူးသည် ရင်ထဲက သူမရဲ့နှလုံးသားလေးကို မိခင်ဖြစ်သူလို မဖြစ်စေရဟုလည်း တိတ်တဆိတ်ကြွေးကြော်နေဆဲပါ။





အရွယ်ရောက်စမှစ၍ ဝတ္ထုမျိုးစုံကို ဖတ်ခဲ့ဖူးသည်။ အချစ်သီချင်းတွေလည်း အများကြီးနားထောင်ခဲ့ဖူးသည်။ သူမဘဝမှာ မေမေဆုံးပါးပြီးကတည်းက ဝတ္ထုတွေ၊ သီချင်းတွေကိုသာ အဖော်ပြုခဲ့၏။

အချစ်၏စစ်မှန်သော လက်တွေ့ဘဝအတွက်ကားကြိုတင်ပြင်ဆင်မှုမရှိခဲ့ချေ။

အချစ်သီချင်းတွေ နားထောင်ခဲ့သော်လည်း အယုံအကြည်မရှိခဲ့။ တကယ့်ဘဝမှာ အဓိပ္ပာယ်မရှိသောအရာဟု သတ်မှတ်ခဲ့၏။

ခုတော့ အချစ်အကြောင်းကို သူ ကောင်းကောင်းသိလာရသည်။

ရုတ်တရက် ကမ္ဘာကြီးသာယာလာသည်။ ဟိုးအရင်က ထက်ပို၍ လှလာသည်။

အရာရာဟာ မှော်အတတ်ဖြင့် ဖမ်းစားခံထားရသလို ဖြစ်နေသည်။ သူမကို မှော်အတတ်ဖြင့် ထိပေးနေသူက သူမရဲ့ စိမ်းလန်းဆိုတဲ့ ချစ်သူရည်းစားလေးသာ ဖြစ်ခဲ့၏။

* * *



## အခန်း(၇)

နှစ်တစ်နှစ်၏ ပထမဦးဆုံးနေ့တစ်ရက်မှာ စိမ်းလန်းက သူမကို လက်ဆောင်တစ်ခုပေးခဲ့သည်။ နှစ်ဦးသား အတန်းရှေ့မှာ ဆုံမိကြတော့ စိမ်းလန်းတို့ကျောင်းဘက်ကို လမ်းလျှောက်ဖို့ စိတ်ကူးမိ၏။

နှင်းဖွေးဖွေးကြားမှာ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်၍ လူရှင်းသော လမ်းတစ်လျှောက် လျှောက်ခဲ့ကြသည်။

ရည်းစားမထားဖူးသော သူမက အခုအချိန်မှာ အသိမိတ်ဆွေတစ်ယောက်ယောက်မြင်မှာ မကြောက်၊ အချစ်စိတ်တက်နေမိ၏။





ဘေးလူတွေ အထင်သေးမှာကို ရှက်ရမှန်းမသိခဲ့။ ဆုပ်ကိုင်ထားသောလက် လွှတ်ထွက်သွားမှာ အစိုးရိမ်ကြီးနေမိသည်။

လူမရှိသော ကားဂိတ်ဟောင်းလေးမှာ ထိုင်မိတော့ စိမ်းလန်းက…

'နှစ်နှစ်အတွက် ကိုယ့်ရဲ့နယူးရီးယားပရဲဆင့်'

သူမလောက်ကံကောင်းသည့်လူသည် ကမ္ဘာမှာရှိပါဦးမလားဟု အော်ဟစ်မေးလိုက်ချင်၏။

'ကိုယ်… နှစ်နှစ်ကို ပြောစရာရှိတယ်၊ နှစ်နှစ်ကို ကိုယ်ချစ်တယ်၊ နှစ်နှစ်ကရော… ကိုယ့်အပေါ်မှာ ဘယ်လိုသဘောရလဲ'

သူက ခံစားချက်တနင့်တပိုးသံဖြင့် ရဲရဲဝံ့ဝံ့ပြောနေသဖြင့် နှစ်သစ်ကူးရဲ့ စိတ်ထဲတွင် ဝမ်းသာကြည်နူးခြင်းတွေ တစိမ့်စိမ့်ဖြစ်ပေါ်လာတာကို အလိုလိုခံစားမိသည်။

'ပျော်လိုက်တာ'

ပျော်ရွှင်မှုများမှတစ်ဆင့် သူမရင်ခုန်ရှက်ရွံ့နေမိပြန်သည်။ သူမနှင့်စိမ်းလန်းက ဖွင့်မပြောဖြစ်ကြဘဲ နားလည်နေကြကာ သမီးရည်းစားစုံတွဲများလို သွားလာနေကြပြီဆိုပေမယ့် တရားဝင်

ရည်းစားတော့မဖြစ်သေး။ သူ့ထံမှ ဖွင့်ပြောဖို့စကားကြားရဖို့
သေးသည် မဟုတ်လား။

နှစ်သစ်ကူးဆိုတဲ့ ကောင်မလေးက အရာရာမှာ ပွင့်လ
ဖော်ရွေသလောက် ချစ်တယ်ဆိုတဲ့ စကားနှစ်လုံးထွက်ဖို့အ
နှုတ်လေးနေမိပြန်သည်။

နှစ်နှစ်က အချစ်ဦး… စိမ်းလန်းကို ရင်ထဲက ရှူးရှူး
ရွဲလန်းစွာ ချစ်နေတတ်တဲ့ နှစ်နှစ်ပါ။

'ပြောလေ… နှစ်သစ်ကူးလေး'

သူမရဲ့မျက်နှာလေးကို စိမ်းလန်းက သူ့လက်ဝါးဖြင့်
တင်၍ သူ့ကိုကြည့်စေ၏။

သူမ ရှက်ရွံ့စွာ ဦးခေါင်းကိုငုံ့၍ တိုးသက်သောလေ
ဖြင့်…

'နှစ်နှစ်ကလည်း စိမ်းလန်းကို ချစ်တယ်'

'တကယ်နော်'

'နှစ်နှစ်ကမေးရမှာပါ၊ စိမ်းလန်းဖွင့်ပြောလာမယ့်ရက်
နှစ်နှစ် မျှော်နေတာပါ'

မကျေနပ်သလို စိမ်းလန်းမျက်နှာကိုကြည့်မိတော့
အပြုံးတွေဟာ အလင်းရောင်အောက်မှာ လင်းခနဲတောက်ပနေ





ထိုအပြုံးအတွက် စိမ်းလန်းကို အဖြေပေးလိုက်ရတာကိုပဲ ကျေနပ်
ဝုစ်ယူနေမိခဲ့သည်။

စိမ်းလန်းမှာ ချစ်ဦးသူရှိခဲ့တာကို သူမ ပထမဦးဆုံး
တစ်ဦးအကြောင်းတစ်ဦး ပြောကြသောနေ့ရက်တွေမှာ သိခဲ့ရသော်
လည်း ချစ်ဖို့ကိုသာ စိတ်စောနေမိတဲ့ နှစ်သစ်ကူး။ အချစ်ဦး
မဖြစ်ရလေခြင်း…ဟုလည်း မတွေးမိပါ။

ပွင့်လင်းစွာ ချစ်သူများ ဖြစ်သွားကြတော့လည်း တစ်
ယောက်အကြိုက်တစ်ယောက်သိကာ ပိုမိုနားလည်လာခဲ့ကြ၏။

စိမ်းလန်းက ကျောင်းတွင် အရေးကြီးတဲ့အချိန်တွေ မလာ
နိုင်ပါ။ ကျောင်းအချိန်များနှင့် အားတဲ့အချိန်များကိုညှိရင်း ကျောင်း
ဖွင့်ကာစ အစောပိုင်းအချိန်များလောက် အချိန်ပြည့်မလာနိုင်တော့
ပေ။

စိမ်းလန်းက သူမလာနိုင်တဲ့ရက်တွေမှာ နှစ်နှစ်ကို ည
ဘက်တွေမှာ ဖုန်းဆက်ခဲ့၍ နေ့ခင်းဘက်တွေမှာတော့ ကျောင်းမှာ
စိမ်းလန်းရဲ့အရိပ်ကို တွေ့များတွေ့ရနိုးနှင့် မျက်စိကို အစွမ်းကုန်
ဖွင့်ထား၍ စိမ်းလန်းကို ရှာဖွေရသည့်အလုပ်ကို လုပ်ရ၏။

စိမ်းလန်းနှင့်တွေ့ရဖို့အရေး ဆောင်းမနက်ခင်းမှာ ဖယ်ရီ
ရှိတဲ့နေရာကို ကားအချိန်မီအောင် စောစောသွား၍ ရန်ကုန်အရှေ့

ပိုင်းတက္ကသိုလ်၏ရှေ့မှာရှိသော စိမ်းလန်းနှင့်သူမထိုင်ခဲ့သော လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်ရတာ တာဝန်တစ်ခုဖြစ်လာခဲ့သည်။ ညပိုင်း စိမ်းလန်းဖုန်းကို ဖွဲကြီးစွာစောင့်မျှော်နေဆဲ။

တဖြည်းဖြည်း စိမ်းလန်းရောက်ရှိလာသည့် နေ့ရက်တွေ ကျဲပါးလာသလို ပျောက်ဆုံးသလိုဖြစ်နေသည်။ တစ်စုံတစ်ယောက်က သူ့ကိုပြုလုပ်ခဲ့ခြင်းဆိုတာကို သူမ ခံစားရလျက် ထိုသို့ပြုလုပ်သူဟာလည်း တစ်စုံတစ်ယောက်မှလွဲ၍ ဘယ်သူဖြစ် မလဲ။ စိမ်းလန်းဆီကို သူမ အိန္ဒြေဆည်၍ သူ့ဖုန်းအခေါ်ကို မိ လင်းမိုးချုပ်ထိုင်စောင့်သော်လည်း တစ်နေ့ပြီးတစ်နေ့သာ ကုန် သွားသော်လည်း အဆက်အသွယ်မရခဲ့။

နှစ်နှစ်ကစတင်၍ ဖုန်းခေါ်ခဲ့သော်လည်း အမြင်သွားတာ နှင့်ပဲ ကြုံကြိုက်နေလေသည်။

နှစ်နှစ် လက်မြှောက်အရှုံးပေးရတော့မည်။ တစ်ညလုံး အိပ်ရာထက်မှာ လူးလွန့်၍ အချိန်တွေကို ကုန်လွန်စေခဲ့သည်။

ရင်ထဲမှာ တင်းကြပ်ဆို့နင့်ခဲ့သော ဝေဒနာကို နှစ်နှစ် မမေ့နိုင်သေးပါ။

စိမ်းလန်း… နှစ်နှစ်ဆီကို ရောက်မလာတာဟာ သွေး သားရိုး မဖြစ်နိုင်ပါ။





တစ်ခုခုကို နှစ်နှစ် ကြိုတင်သိနေခဲ့ပါပြီ။

သူမ မေမေ့လိုပဲ ထားရစ်ခြင်းခံခဲ့ရပြီလား။

အိုး… သွားစမ်းပါ။

စိမ်းလန်းဆီက ဒီလိုမျိုး သူမကို ထားရစ်ခဲ့မှာမဟုတ်ပါဘူး။ စိမ်းလန်းနှင့် မျက်နှာချင်းဆိုင်မတွေ့ရတဲ့ ရက်သတ္တပတ်ကို ကျော်ဖြတ်ရတာ မောပန်းလွန်းတယ်။

မနက်စောစော နှစ်နှစ်ကျောင်းကိုရောက်တော့ ဝမ်းနည်းအားငယ်စိတ်များနှင့်အတူ နေရာတိုင်းမှာ စိမ်းလန်းနှင့် နှစ်နှစ်တို့ ပုံရိပ်များ နေရာအနှံ့။

ပတ်ဝန်းကျင်မှာ စိမ်းလန်းမပါဘဲ ဘယ်လိုနေရမတဲ့လဲ။ သူ နည်းနည်းလေးမှ စာနာမစဉ်းစားနိုင်ရှော့သလား။

သူမတို့နှစ်ယောက်ကို သိနေကြသော ကောင်လေးတချို့က 'ဟော့ တစ်ယောက်တည်းလား' ဟု စနောက်တိုင်း ရင်ထဲမှာ ကျင်ခန်နေအောင် ခံစားရသည်။

ကျောင်းခန်းထဲရောက်တော့ ဆုမြတ်နှင့် မစပ္ပါယ်တို့က သူ့ကို ဆီးကြို၍ နှစ်နှစ်မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် လုပ်နေကြသဖြင့် သူတို့လည်း ဒီအကြောင်းတွေ သိထားပြီးသား။

မစပွါယ်နှင့် ဆုမြတ်တို့နှစ်ယောက်သား နှစ်သစ်ကူးမျက်နှာကို ကြည့်မိ၏။

'နှစ်နှစ် ဒီနေ့ မတွေ့တွေ့အောင်ရှာမယ်'

'သူရှိမယ့်နေရာကို နှစ်နှစ်သိလို့လား'

'သူ ကျောင်းတော့လာတက်မှာပေါ့၊ ကျောင်းသားဆို တော့ ကျောင်းမှာပဲ ရှိမှာပဲ'

ဆုမြတ်က သက်ပြင်းငွေ့ငွေ့ချ၍…

'ဖြစ်ပါ့မလား နှစ်နှစ်ရယ်၊ နင့်ကို ကိုယ်ချင်းမစာလို့ ငါပြောတာမဟုတ်ဘူးနော်၊ သူတောင်နေနိုင်သေးတာ၊ နင်လည်း သူဆက်သွယ်လာမယ့်အချိန်ကိုစောင့်နေလိုက်ပါလား'

'ဟင့်အင်း… ငါ ပြတ်ပြတ်သားသား သိမှဖြစ်မယ်၊ ငါ စိတ်တွေလေးနေတယ်'

ဒီဝေဒနာဆိုးကြီးကို ပွေ့ပိုက်မခံစားနိုင်ဘူး။ အဖြူအမည်း ရှိသလို အမှားအမှန်ကိုလည်း သိမှဖြစ်မယ်။

* * *



## အခန်း (၅)

နှစ်နှစ် ဒီနေ့မနက် အိပ်ရာမှထပြီး မနက်စာစားပြီး ကျောင်းကိုလာတဲ့အချိန် ကျောင်းကားပေါ်မှာ ၁၂ ရာသီဟောစာ တန်းစာအုပ်လေးကို ဖတ်ကြည့်လိုက်တဲ့အချိန်မှာ နှစ်နှစ်စိတ်တွေ ၍လေးလံထိုင်းမှိုင်းလာခဲ့၏။

(၂၁-၂-၀၈ မှ ၁၉-၃-၀၈) ကြား

ကြားကာလများတွင်ႈ ကိုယ်က မည်မျှလိုက်လျောအလျှော့ပေး မကြာခဏ ကားများရမည်။ အသေးစား၈်ႆ ချဲ့ကား၍ပြောဆိုချင်မျိုး ကြုံမည်။

ချစ်သူနှင့် ကွေကွင်းဖြင်း၊ လမ်းခွဲခြင်း ကြုံမည်။ မိမိချစ်သူအား တစ်ပါးသူက သိမ်းသွင်းရယူသွားမည်။ ဖြေရှင်း၊ ခုန်ခက်ခဲသော လွဲမှားမှုများ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်း ရမည်။

နှစ်နှစ် ကားပေါ်မှဆင်းတော့ မစပွါယ်နှင့်ဆုမြတ်တို့နှစ် ယောက် သူမကို စောင့်နေကြတာကို တွေ့လိုက်ရသည်။

နှစ်နှစ်၊ ဆုမြတ်နှင့် မစပွါယ်တို့ သုံးယောက်သား GTC ကျောင်းဝင်းထဲသို့ လျှောက်ဝင်လာခဲ့ကြ၏။

နယ်မြေစိမ်းမို့ သုံးယောက်သား စိတ်ထဲမှာတော့ မဝံ့မရဲ ဖြစ်နေကြတာကို ဆုမြတ်က နှစ်နှစ်စိတ်ပေါ့စေရန်…

'တို့တွေ ကျောင်းတက်တာ နှစ်ဝက်တောင်ရောက်ပြီ နော်

နှစ်နှစ်ရော စာကျက်ရဲ့လား'

ဆုမြတ် စကားအဆုံးမှာ မစပွါယ်က နှစ်နှစ်မျက်နှာကို အဓိပ္ပာယ်ပါပါကြည့်၍ သတိပေးစကားဆိုသဖြင့် သူမက မသိ ချင်ယောင်ဆောင်နေခဲ့သည်။

နှစ်နှစ် နွမ်းလျစွာပြုံး၍နေလိုက်၏။ မိမိကိုယ်ကိုလည်း အားမရနိုင်စွာ အင်အားမရှိသူတစ်ယောက်ပမာ လမ်းဆက် လျှောက်နေရသလိုဖြစ်နေ၏။

သူမ စာကို ဂရုစိုက်၍သင်ကြားရမည့်နှစ်မှာ စိမ်းလန်း နှင့် တွေ့ခဲ့ပြီး အချစ်ဆိုတာကို ကိုယ်တွေ့ကြုံဆုံခဲ့ရပြီ။

ခု ရက်ပိုင်းတွေမှာ စာသင်နေရင်း သူမစိတ်တွေ လေထဲ မှာ ဝဲလွင့်နေခဲ့ပြီ။ စာထဲမှာလည်း စိတ်ပါဝင်စားမှုမရှိ။





မချစ်ဖူး အချစ်ဦးမှာခံစားရသဖြင့် သူမရင်ထဲ သဲကန္တာရ ထဲမှာ စိမ်းလန်းဆိုတဲ့ ရေအိုင်လေးကို ရှာဖွေနေမိ၏။ စားစား သွားသွား ဒီစိတ်…

'နေနိုင်လိုက်တာ စိမ်းလန်းရယ်'

စိမ်းလန်း နှစ်နှစ်အပေါ်မှာ မပြောင်းလဲပါစေနှင့်ဟု ဆု တောင်းမိ၏။ မေမေ့လိုလည်း ထားရစ်မခံရပါစေနှင့်ဟု ရင်ထဲမှာ တိတ်တခိုးဆုတောင်းမိရင်း အင်အားကုန်ခမ်းသူတစ်ယောက်ပမာ။ ဘေးမှ မစပွါယ်နှင့် ဆုမြတ်တို့နှစ်ဦးက တိတ်ဆိတ်စွာလိုက်ပါ လာပြီး လှေကားထစ်များကို ကျော်ဖြတ်ခဲ့ပြီး ကော်ရစ်ဒါထောင့် ချိုးတစ်ခုမှ မထင်မှတ်သော အရိပ်တစ်ခုကြောင့် သူမကြည့်မိ လိုက်တော့ သူ…မိမိနှင့် ပထမဦးဆုံး အရင်းနှီးဆုံးယောကျ်ားသား

နှစ်နှစ်ကို ချစ်ပါတယ်ဟုပြောတဲ့ စိမ်းလန်းက ကောင် မလေးတစ်ယောက်ရဲ့လက်ဝါးကို ဆုပ်ကိုင်၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးပျော်ရွှင်မြူးနေကြချိန်တွင် ဖျတ်ခနဲ အရိပ်ကြောင့် သူလည်းပဲ နှစ်နှစ်ကိုတွေ့လိုက်ရ၍…

သူ့ရဲ့ပျက်ယွင်းသွားသော မျက်နှာကိုလည်း တွေ့လိုက်ရ ပြီး နှုတ်ဖျားမှ တီးတိုးရေရွတ်သံကို ကြားလိုက်ရသည်။

'နှစ်နှစ်…'

နှစ်နှစ်ရဲ့ အံ့ဩသွားသော မျက်လုံးနှင့် နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်၍ ကြောင်ငေးရပ်နေမိတဲ့အခါ ဆုမြတ်နှင့် မစပ္ပါယ်တို့က နှစ်နှစ်လက်မောင်းလေးကို ပြိုင်တူကိုင်လှုပ်၍…

ဆုမြတ်နှင့် မစပ္ပါယ်တို့ရှေ့မှာ ပြောမပြလောက်သော်လည်း တစ်စုံတစ်ယောက်ရဲ့ရှေ့ အထူးသဖြင့် စိမ်းလန်းရဲ့ရှေ့မှာ သူမ ကျဆုံးသွားခဲ့ပြီ။

နှစ်နှစ်မည်သူ့ကိုမျှ ဘာမှမပြောတော့ဘဲ မောပန်းစွာ တက်ခဲ့ရသော လှေကားထစ်တွေကို အခုတော့ မောရကောင်းမှန်း မသိတော့ဘဲ တရှိန်ထိုးပြေးဆင်းခဲ့တော့၏။

နောက်မှ ဆုမြတ်နှင့် မစပ္ပါယ်တို့က သူမကို မီအောင် ပြေးလိုက်လာပြီး…

'နှစ်နှစ်… နှစ်နှစ်'

'ကိုယ့်ကိုယ်ကို ထိန်းပါဦး'

'ဟိုမှာ ကျောင်းသားတွေ ဝိုင်းကြည့်နေကြတယ်'

နှစ်နှစ် နေရာတွင် ခြေစုံရပ်၍ထိုင်ချလိုက်ပြီး ချုံးပွဲချ ငိုကြွေးမိတော့၏။

'နှစ်နှစ်ရယ်…'

'တောက်…'





ဆုမြတ် ခံပြင်းစွာတက်ခေါက်မိသောအခါ ဘေးမှ ဖြတ်သွားဖြတ်လာများက သူမတို့သုံးယောက်ကို သတိထားမိကြကုန်၏။

ဒါမဖြစ်သင့်တဲ့ကိစ္စလို့ ထင်ထားခဲ့သော်လည်း ဖြစ်ခဲ့ပြီ။ မျှော်လင့်မိသော်လည်း တွေ့ဆုံလိုက်ရတဲ့မြင်ကွင်းကြောင့် ကိုယ့်မျက်စိကိုယ် မယုံချင်။ သူငယ်ချင်းအတွက်လည်း စိတ်မကောင်း။ ဒါပေမဲ့ မိမိတို့ကျောင်းမဟုတ်၊ နယ်မြေစိမ်းဖြစ်နေသဖြင့် ဝေဒနာကို မခံစားနိုင်သလို နှစ်နှစ်ထိုင်ချသလိုက်သဖြင့် သူငယ်ချင်းနှစ်ယောက် အချိန်မီ နှစ်နှစ်ကိုယ်လေးကို ထိန်းလိုက်ကြသည်။

မစပ္ပါယ်က…

'နှစ်နှစ်ရယ်… ထပါဟယ်သူငယ်ချင်း၊ လူတွေတော်တော်များများ ငါတို့ကို ကြည့်ကုန်ကြပြီ၊ သွားစမ်းပါစေဟာ၊ ချင်းစိမ်းနဲ့မိဿလင်ပေါ့၊ သူကြင်မှကိုယ်ကြင်အပေးအယူမျှနေမှ ကောင်းတာ၊ နင့်ဘက်က တစ်ဖက်သတ်သမားဖြစ်နေတာကို ဟိုနှစ်ယောက်က အပေါ်ကကြည့်ပြီး ဟားတိုက်နေမယ်'

ကျောင်းလွှတ်ချိန်ဖြစ်နေတဲ့အတွက် များပြားတဲ့အကြည့်တွေကြားထဲမှာ နှစ်နှစ်တစ်ယောက် မစပ္ပါယ်နှင့် ဆုမြတ်တို့

ဆွဲခေါ်ရာသို့ အသိမဲ့သူတစ်ယောက်ပမာ လျှောက်လှမ်းနေမိတော့သည်။

ကျောင်းထဲသို့ သူမပြန်မသွားချင်တော့ဘူးဟု ဆိုသဖြင့် ဆုမြတ်နှင့် မစပွါယ်တို့နှစ်ယောက် တက္ကစီငှား၍ နှစ်ယောက်သား နှစ်နှစ်ကို လိုက်ပို့သည်။ နှစ်နှစ်ကတော့ တစ်စုံတစ်ရာကို တွေးနေ၏။ နှစ်နှစ်ရဲ့ မျက်လုံးများထဲမှာ စိမ်းလန်းနှင့်လျှောက်လည်ဖြစ်ခဲ့တာတွေကို ဘယ်အရာနှင့်မှ မလဲနိုင်ဟု ထင်ထားခဲ့သော်လည်း အခုမြင်တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် စိတ်ထဲတွင် ပထမဦးဆုံး ကြေကွဲမိသည်။

ဒုတိယကြေကွဲမိတာကတော့ နှစ်နှစ်ရဲ့ ရင်ထဲနှလုံးသားရဲ့တစ်နေရာမှာ ဖေဖေနဲ့မေမေ့ရဲ့ပုံရိပ်တွေကို သော့ခတ်ထား၍ ကြိုးစားမေ့ပျောက်ခဲ့သော်လည်း ဆုံတွေ့ကြုံတွေ့တိုက်ဆိုင်လာသောအခါ ရုပ်ရှင်အနေးပြကွက်တစ်ခုလို မြင်ယောင်မိသည်။ နှစ်နှစ်… မေမေ့လိုပဲ ထားရစ်ခြင်းခံခဲ့ရပြီ။

နှစ်နှစ်ရဲ့မေမေက နှလုံးသားကွဲပြီး တဖြည်းဖြည်း တရိရိနှင့် အသက်ဆုံးရှုံးခဲ့ရတာ သူမမျက်မြင်ကိုယ်တွေ့ဖြစ်သဖြင့် ထိုအကြောင်းများကို ဘယ်တော့မှ မေ့မှာမဟုတ်ပေ။ မေ့နိုင်စရာကိစ္စလည်းမဟုတ်။ ဒါကြောင့် သူမ အတတ်နိုင်ဆုံး ငယ်ငယ်





ကတည်းကစတင်၍ လှသွေးကြွယ်သည့်အချိန်အထိယောက်ျားလေးသူငယ်ချင်းမရှိသလို ရည်းစားလည်းမထားခဲ့။ အတတ်နိုင်ဆုံး ဖြူစင်စွာနေခဲ့သည်။ စိမ်းလန်းဆိုသောသူ၊ သူမနှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့သဖြင့် ယုံကြည်စွာ ချစ်မြတ်နိုးခဲ့သည်။ အချစ်ဦးဖြစ်သဖြင့် ဘယ်တော့မှလည်း မုန်းလိုက်ရမယ်ဟု ထင်မထားခဲ့ပေ။ သူကလည်း ကိုယ့်အပေါ်မှာ သစ္စာဖောက်လိမ့်မယ်ဟု မသိစိတ်က ထင်နေမိတာ။ ယခုတော့ လက်တွေ့ဖြစ်လာခဲ့ပြီ။ သူမအတွက် အဖြေရှာမရတဲ့ပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ရပြီ။

အသံတိတ်၍ ဘာမှမပြောဘဲနေသည့်သူမကို ဆုမြတ်နှင့် မစပွါယ်က ပခုံးကိုကိုင်လှုပ်၍…

'နှစ်နှစ်… နင်ကလဲ ငိုချင်ရင်လည်း ငိုချလိုက်ပါ၊ တင်းမထားနဲ့'

နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားသည့် နှစ်နှစ်ကို မစပွါယ်က ခံပြင်း၍…

'အို… ဒီလိုလူအတွက် မျက်ရည်ကျစရာမလိုဘူးဟာ' ဆုမြတ်က…

'ငါက သူခံစားနေရတာကို မကြည့်ရက်လို့ပါ'

သူမ ကြိုးစား၍ ပြုံးပြလိုက်သည်။ ထိုအပြုံးက မဲ့ပြုံး

လေးတစ်ခုသာ ဖြစ်နေလိမ့်မည်။

ငိုမဲ့မဲ့လေး ပြုံးပြနေသည့် နှစ်သစ်ကူးကို သူငယ်ချင်း နှစ်ယောက်ကကြည့်၍ စိတ်ထဲတွင် ပြိုင်တူသက်ပြင်းမောမျာ ကို ဟူးခနဲမှုတ်ထုတ်လိုက်တာကို နှစ်သစ်ကူးမျက်လုံးထောင့်စွန်း မှ ရိပ်ခနဲမြင်လိုက်ရသည်။

အိမ်သို့ရောက်တော့ ဆုမြတ်က နှစ်နှစ်ဆီမှ သော့ လှမ်းတောင်းသဖြင့် နှစ်နှစ်က အိတ်ထဲမှ လှမ်းနှိုက်ပေးလိုက်၍ ဆုမြတ်က သော့လှမ်းဖွင့်ပြီး နှစ်နှစ်စိတ်ပြေလိုပြေကြောင်း…

'ဟား… နှစ်နှစ်အိမ်ထဲကိုဝင်လိုက်ရတာ လန်းဆန်းသွား တာပဲ၊ အိမ်တောင်မပြန်ချင်တော့ဘူး၊ မစပွါယ် ငါတို့ ဒီမှာ တစ်နေ့လုံးနေရအောင်ကွာ၊ နော်… နှစ်နှစ် မေ မယ်နော်'

'ရပါတယ်ဟာ၊ နင်တို့ပြီးရင်ပြန်ကြပါ၊ ငါတစ်ယော တည်း အေးအေးဆေးဆေး နေပါရစေကွာ'

'အေးပါဟာ ဒါပေမဲ့ နင့်အနားမှာ ငါတို့ခဏနေဦးမယ် please ကွာ၊ နင့်ခံစားချက်ကို နားလည်ပါတယ်၊ နင် ပြန်ဆိုရင်လည်း ပြန်ပါ့မယ်၊ နင်စားဖို့ တစ်ခုခုလုပ်ပေး ထားခဲ့ဦးမယ်နှစ်နှစ်'





နှစ်နှစ်က ခေါင်းမညိတ်၊ ခေါင်းမခါဘဲ အိပ်ခန်းထဲသို့ တန်းဝင်၍ ခုတင်ပေါ်သို့ ပြေးမှောက်ကာ ထိန်းထားရသမျှတို့ကို သွန်းချငိုကြွေးမိတော့၏။

အသည်းနှင့်အောင်ချစ်မိတော့ အလွမ်းတွေရင်းပြီး အဆုံး ထိကိုယ်ခံစားရတော့မှာပဲ စိမ်းလန်း။ ဘဝအဆုံးချစ်ခဲ့မိတော့ ခံစားချက်တို့ ပြင်းထန်သလို နုဖတ်သော ရုပ်ရည်နှင့် သစ္စာရှိ မည်ဟု ထင်ထားတဲ့ ချောမွေ့တဲ့သူ့ပုံစံက မိမိအပေါ် ဒီလိုလုပ် လိမ့်လို့ ထင်မထားခဲ့။ မျက်စိမှိတ်ချစ်ခဲ့မိတဲ့ နှစ်သစ်ကူးဆိုတဲ့ ကောင်မလေးကို အထင်သေးတာလား။ နှုတ်ခမ်းကို ပြတ်လုမ တတ် ကိုက်ထားလိုက်မိသည်။

မစပွါယ်က နှစ်နှစ်ကို အခန်းထဲချောင်းကြည့်တော့ ငို နေတာကြည့်၍ နှစ်နှစ်ခုတင်စွန်းမှာ ဝင်ထိုင်၍…

'နှစ်နှစ်ရယ် အရမ်းငိုနေလို့ နေမကောင်းဖြစ်နေပါဦး မယ်ကွယ်၊ တိတ်တော့၊ သူ့ထက်သာတဲ့သူနဲ့ တွေ့မယ် လို့ ငါတော့ယုံကြည်တယ်၊ တစ်ခုခုစားရအောင်၊ ဆုမြတ် ခေါက်ဆွဲပြုတ်ပြီးသွားပြီ… လာ'

နှစ်နှစ် သူငယ်ချင်းနှစ်ယောက်ကို အားနာလှပြီ။ နှစ်နှစ် က တက္ကသိုလ်ရိပ်သာလမ်းမှာနေတဲ့အတွက် သူတို့ပြန်ဖို့ရှိသေး

တာကိုသတိရပြီး နှစ်နှစ်မျက်ရည်များသုတ်၍ မစပွါယ်နှင့်အတူ အခန်းအပြင်ဘက်သို့ ထွက်လိုက်ရာ ဆုမြတ်ကပါ နှစ်နှစ်ကို စိုးရိမ်ပြီး လာအခေါ်နှင့် ဆုံ၍…

'နှစ်နှစ်… လာ၊ နှင်မနက်ကတည်းက ဘာမှမစားရ သေးဘူးမဟုတ်လား၊ ခေါက်ဆွဲပြုတ်လေး ပူတုန်း သောက်လိုက်ဦး'

သူငယ်ချင်းနှစ်ယောက်က နှစ်နှစ်အာရုံပြောင်းစေရန် စကားလမ်းကြောင်းပြောင်း၍ ရယ်မောစရာများပြောသော်လည်း နှစ်နှစ်၏ ရယ်မောမှုဟာ အသက်မပါ၊ နာကျင်ပြုံးများသာဖြစ် လိမ့်မယ်။ ချောတဲ့လူတွေများကျတော့လည်း ငိုလည်းလှ၊ ရယ်လည်း လှပါလားဟု မစပွါယ်တွေးနေမိ၏။ ညနေ လေးနာရီ လောက်ကျတော့ ဆုမြတ်က ရန်ကုန်မြို့ထဲတွင်နေသောကြောင့် နောက်ကျရင်ပြန်ဖို့နိုးသော်လည်း မစပွါယ်က သန်လျင်ကို ပြန်ရ မှာကြောင့် နှစ်နှစ်က…

'မစပွါယ် ပြန်ဖို့လုပ်တော့လေ အချိန်မနည်းတော့ဘူး လာ… နှစ်နှစ်တို့လိုက်ပို့မယ်'

ဟု သောကကိုမေ့၍ သံယောဇဉ်ကြောင့် အဝေးကြီးကို လိုက်ပို့သည့်မစပွါယ်ကို ပြန်ဖို့ပြောမိ၏။





'ရပါ့မလားနှစ်နှစ်ရယ်၊ မစပွါယ်တို့ စောင့်အိပ်ပေးမယ် လေ၊ နှစ်နှစ်တစ်ယောက်တည်းရယ်'

'မစပွါယ်ရယ်… တစ်ယောက်တည်းနေတာ အဆန်းမှ မဟုတ်တော့တာ၊ ရိုးနေပါပြီ'

အဖျားခတ်အသံတုန်သွားသည့် နှစ်သစ်ကူးကို သူမတို့ သနားမိကြသည်။ ရှေ့မှထွက်သွားသည့် နှစ်သစ်ကူးနောက်သို့ မစပွါယ်နှင့် ဆုမြတ်က စိတ်မချစွာဖြင့်…

'နှစ်နှစ် လိုက်မပို့နဲ့တော့၊ တို့နှစ်ယောက် ကိုယ့်ဘာသာ ကိုယ် ပြန်လိုက်ကြတော့မယ်'

'ဘာပဲဖြစ်ဖြစ်ပေါ့နှစ်နှစ်ရာ… စာမေးပွဲကြီးလည်း နီးနေပြီ၊ မနက်ဖြန်ကျောင်းတက်ဖြစ်အောင်တော့ တက်ဦး နော်၊ ငါတို့စောင့်နေမယ် OK'

'အေးပါ ဆုမြတ်၊ ငါလာနိုင်အောင် ကြိုးစားပါ့မယ်'

အိမ်အပေါက်မှနေ၍ သူတို့ကို လက်ပြန်ကျန်ရစ်ခဲ့သည့် နှစ်သစ်ကူးပုံစံလေးကိုကြည့်၍ စိမ်းလန်းဆိုတဲ့နောက်ကို စိတ်ထဲက မေတ္တာပို့မိသည်။ နှစ်သစ်ကူးဟာ ပြည့်စုံသော်လည်း နွေးထွေး သောမေတ္တာ အပြည့်အဝမရရှိလို့ သနားမိကြ၏။

ထွက်ခွာသွားသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်၍

သူမရဲ့မျက်ဝန်းအိမ်မှာ လှုပ်လီလှုပ်လဲ့ဖြစ်နေသည့် မျက်ရည်များ သူမပါးပြင်ပေါ်သို့ အဆက်မပြတ်စီးဆင်းနေ၏။

သူမ အထားရစ်ခံဖြစ်သွားခဲ့ပြီ။ စိမ်းလန်းနှင့် ဟိုတ ယောက်က ဘယ်လိုပဲကြည့်ကြည့် မှားစရာမရှိ။ စိမ်းလန်းဘက် က ဖြေရှင်းချက်ရှိခဲ့ရင်လည်း မှသားစကားပဲဖြစ်မယ်။ သူမနှလုံး သားတို့ သစ်စိမ်းချိုးချိုးခံရပြီး သူမ စိမ်းလန်းကိုချစ်တဲ့နှလုံးသာ တစ်စုံကို ဆွဲနှုတ်ယူသွားပြီ။ ဒါဟာ သူမရဲ့ ချစ်တတ်တဲ့ ယ လွယ်တတ်တဲ့စိတ်ကြောင့်လည်း စိမ်းလန်းအပေါ်မှာ ယုံစားမိခဲ့တ အတွက် သူမကို ရိုးသွားခဲ့တာလား။ ဘာမှမရှိတဲ့ချစ်သူသက်တမ် မှာတောင် ဒီလောက်ဖြစ်ခဲ့ရင် လက်ထပ်တဲ့အခါမှာ စိမ်းလန်း စိတ်ကို ဘယ်လိုယုံကြည်ရမှာလဲစိမ်းလန်းရယ်။ အရမ်းရက်စက် တယ်။

ဝ ဒီအပေါ်မှာ ဘာအပြစ်ရှိခဲ့လို့လဲ။

နှစ်ပေါင်းသက်သား အတူတူသွားလာခဲ့တဲ့နေရာများကို မြ ယောင်မိသည်။ သူ့အပြုံးများအောက်မှာ ကြွေကျခဲ့တယ်။

တို့ အရှုံးလက်ခံလိုက်ရတာကိုလည်း ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်။ တို့ရှုံးသွားတာပါ။ ဆင်ကန်းတောတိုးအချ မျိုးနဲ့ ချစ်မိခဲ့တဲ့အဖြစ်ကိုပဲ စိတ်မကောင်းမိ။ မိခင်ဖြစ်သူလိုလည်



အဖြစ်မခံနိုင်။ မိမိကိုယ်ကို နေမြင့်လေ အရှုံးရင့်လေအဖြစ်မျိုး လည်း အဖြစ်မခံနိုင်ပါ။ ဒါကြောင့် ခံစားနေရသော ဝေဒနာကို လည်း ကြာရှည်သိမ်းမထားတော့ပါ။

ဝေဒနာတွေ သက်သာစေလိုသဖြင့် ဒိုင်ယာရီစာအုပ် လေးကိုဖွင့်၍ ဖြူလွှနေသော စက္ကူဖြူဖြူလေးမှာ ချရေးလိုက်မိ တာကတော့...

လုံးသားကိုယ်စား ဒိုင်ယာရီ...

ကိုယ့်ချစ်သူက ကိုယ့်ကို ပစ်သွားခဲ့ပြီ။ တစ်နည်းအားဖြင့် ကိုယ် အစွန့်ပစ် ခံလိုက်ရတာ။

ဒါပေမဲ့ ကိုယ့်မေမေလို ကိုယ့်နှလုံးသားကျွမ်းပြီး လောကကြီးကို အရှုံး ပေးနိုင်ဘူး။

စူဋ္ဌသုဘဒ္ဒါလိုလည်း ကိုယ်အညှိုးမကြီးချင်ဘူး။
အေးချမ်းတဲ့ ဘဝလေးကိုပဲ တည်ဆောက်ချင်တယ်။
ကိုယ့်ကံကြမ္မာကို ကံကောင်းခြင်းတွေ ပေးပါဦး...

နှစ်သစ်ကူး

ကျွန်မဘဝမှာ...

ဖေဖေသည် နှစ်သစ်ကူးအပေါ်တွင် ထင်မှတ်မထားတဲ့ က်စက်ခါးသီးမှုတွေ ပေးခဲ့သူဖြစ်သည်။

အတိတ်ကိုပြန်တွေးကြည့်ရင်း ပုံရိပ်တို့က ချက်ချင်းပေ ခါးသီးသွားရသည်။ မေမေဆုံးပါးသွားတာသိသော်လည်း ဖေဖေ တစ်စက်ကလေးမှ လာကြည့်ဖော်မရ။ နှစ်သစ်ကူးရဲ့ ကလေးဘ လေးကို ဖေးမရကောင်းမှန်းမသိ။ နှစ်သစ်ကူး လိုချင်ခဲ့တာ ငွေကြေးဥစ္စာမဟုတ်။

မေတ္တာ...

ဘာနဲ့မှ နှိုင်းလို့မရတဲ့ မိဘမေတ္တာဆိုတာကို ဘာ နားမလည်ကြတာလဲ။ အရွယ်ငယ်ငယ်နှင့် မေတ္တာတော်မွတ်ခဲ့ရသ ဖြင့် ဖခင်ဖြစ်သူကို နာကြည်းမိသည်။

သူမရဲ့စိတ်တွေဟာ ဖခင်ဖြစ်သူကြောင့် ကြမ်းတမ်းခ ထန်လိုက်၊ မိခင်ဖြစ်သူကြောင့် ချောမွေ့လိုက်နှင့် ယောကျ်ားလေ များအပေါ် အမြင်မကြည်လင်ခဲ့ပေ။

နှစ်သစ်ကူးရဲ့အိပ်ခန်းထဲမှာ မေမေ့ပုံကို ပန်းကနုတ်မျာ ပါသော ဓာတ်ပုံဘောင်ဖြင့်ထည့်၍ မိမိအိပ်ရာခေါင်းရင်းမှာ ချိတ် ဆွဲထားခဲ့သည်။

ဓာတ်ပုံထဲမှ မေမေသည် နှစ်သစ်ကူးကို အပြုံးချိုချို နှစ်သိမ့်နေသည့်အတိုင်း ပြုံးပြလို့နေသည်။ ထိုအပြုံးလေးကိုမြ





တိုင်း နှစ်သစ်ကူးနှလုံးသားတို့ ပွန်းပဲ့၍ ကြွေကျသလို နာကျင်ရ လေသည်။

တစ်ခါတစ်ရံမှာတော့ မေမေ့ဓာတ်ပုံရှေ့မှာ ရင်ဖွင့်နေကျ အတိုင်း စကားတွေပြောမိသည်။

မေမေရယ်...

သမီးကို ဘာကြောင့် တစ်ယောက်တည်းထားခဲ့ရတာလဲ။

မေမေ... အေးချမ်းတဲ့ သုခဘုံလေးမှာ ပျော်ရွှင်ခံစားနိုင် ပါစေ။

သူမ ဆို့နင့်ကြေကွဲစွာဖြင့် စကားတို့ဆက်မပြောနိုင်တော့ ဘဲ နံရံကိုမှီ၍ ထိုင်ချလိုက်ပြီး ငြိမ်သက်နေမိသည်။ အတွေးများ စွာကလည်း ဝင်လိုက်ထွက်လိုက်။

အမျိုးတွေရှိတဲ့ စင်္ကာပူမှာ အန်တီလေးနှင့်အတူသွားနေ ဖို့ ဒေါ်မြတ်နိုးစီစဉ်သော်လည်း သူမဟာ အတန်တန်ငြင်းဆိုခဲ့၏။

ကလေးဘဝကတည်းက စိတ်တွေက မသိစိတ်မှာခက် ထန်ကြမ်းတမ်းသော လောကကြီးကို အကောင်းမမြင်နိုင်ခဲ့ခြင်း ဖြစ်သည်။ အန်တီလေးက မိတဆိုးသမီးလေးမို့ အစွမ်းကုန်အလို လိုက်ခဲ့သလို သွန်သင်ဆုံးမမှုများကို ချော့တစ်ခါချောက်တစ်လှည့် ဖြင့် ဆုံးမခဲ့သဖြင့် သူမဟာ ထူးခြားစွာ လိမ္မာခြင်းမရှိသလို

ထူးခြားစွာ ဆိုးသွမ်းမှုလည်း မရှိခဲ့။ လောကကြီးမှာ လူတ
ယောက်ဖြစ်လာရခြင်းအပေါ်မှာ ဘာခံစားချက်မှ ရှိမနေ။ ရည
ရွယ်ချက်လည်း ကြီးမားစွာ ရှိမနေခဲ့ပါ။ ယောကျ်ားများနှင့် ပတ
သက်ထားတဲ့၊ ပိုင်ဆိုင်ထားတဲ့အသိတွေလည်း စိမ်းလန်းကြော
ဆေးရောင်ပြယ်လွင့်ခဲ့ပြီ။ အဖြူရောင်လွင်ပြင်ခရီးကြမ်းကို ဆက
ခွင့်ရှိသရွေ့ ဆက်လျှောက်ရတော့မှာ သူမရဲ့တာဝန်တစ်ရပ်ဖြစ်ခဲ
သည်။

* * *





## အခန်း(၆)

နှစ်သစ်ကူး ညက အိပ်မပျော်တဲ့အချိန်တော်တော်များသွားသဖြင့် မနက်မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားသည်။

အိမ်ရှေ့ဝင်းတံခါးမှ ဆူညံလွန်းသည့် ဘဲလ်တီးသံကြောင့်လည်း ဖြစ်မည်။ နောက်မို့ဆို ဘယ်အချိန်အထိ အိပ်ပျော်မည်မသိ။ နာရီကို လှမ်းကြည့်လိုက်တော့ ၉ နာရီ။ ဘဲလ်တီးသံဟာဆုမြတ်များလား။ သူမ ညကဘာမှမစားထားတဲ့အရှိန်နှင့် နွမ်းဖျော့စွာ အိပ်ရာထက်မှထ၍ ပြတင်းပေါက်တံခါးကို၊ အရင်ဖွင့်၍ခြံဝင်းတံခါးသော့ကိုယူ၍ ပြေးဆင်းလာခဲ့၏။ အိမ်ရှေ့မှ ခရီးဆောင်အိတ်များနှင့် သူမရဲ့တစ်ဦးတည်းသော…

'အန်တီလေး…'

'အိတ်ပုပ်မလေး…'

'အန်တီလေးရယ် လာမယ်ဆို ကြိုအကြောင်းကြားထား ပါလား၊ ဖုန်းဆက်လည်းရရဲ့သားနဲ့ကွာ'

'တော်ပါအေ၊ အိမ်ရှေ့ရောက်နေတာတောင် တံခါးဖွင့် ဖို့ ဒီလောက်ကြာနေတယ်၊ နှစ်သစ်လေး ညည်းတော့ အမှတ်တွေ လျှော့ကုန်ပြီသိလား မိန်းကလေးရဲ့'

'ဘာရယ်… အန်တီလေး'

'ကဲ… နောက်မှပြောပြမယ်၊ အထုတ်တွေဝိုင်းပြီး အိမ် ထဲသယ်ပါဦး၊ အိမ်လည်း ဘယ်လောက်တောင် ရှုပ် နေပြီလည်းမသိဘူး၊ ဟူး… ပန်းအိုးထဲက ပန်းပင်တွေ ရော ရေမှန်မှန်မရဘူးနဲ့တူတယ်၊ ဟယ်… ငါ့ပန်းပင် တွေ ခြောက်သွေ့နေတာပဲ'

'သမီး မနက်အစောကြီးကျောင်းသွားနေရလို့ အန်တီ …'

ဖြေရှင်းချက်ပေးမိသော်လည်း… ဟိုရက်များမှာ သူမ စိမ်းလန်းအကြောင်းများစွာ ခေါင်းထဲရောက်၍ စိမ်းလန်းနှင့်အတူ လျှောက်လည်နေသဖြင့် ကျန်တဲ့ကိစ္စတွေကို သတိရမခဲ့ပေ။





ရေခဲသေတ္တာကိုဖွင့်၍ အန်တီလေးက…

'ဖရီဇာထဲမှာလည်း ဘာမှမရှိပါလားနှစ်နှစ်ရယ်၊ သမီး အိမ်မှာရော ချက်ပြုတ်စားရဲ့လား'

ဟုပြောပြီး ခြောက်သွေ့နေတဲ့ မီးဖိုဆောင်ကိုကြည့်တော့ အန်တီလေးရှိစဉ်ကအတိုင်း ဘာမှလက်ရာမယွင်း။

'နှစ်နှစ်…'

တူမဖြစ်သူကို ဆူမလို့ရှိတုန်း အသံတိတ်နေသဖြင့် အလို… ထူးဆန်းစွ။ မျက်ရည်ခိုင်တဲ့ကောင်မလေး နှစ်သစ်ကူး က မျက်ရည်များ ပါးပြင်ကို စီးကျနေပါလား။

'သမီး… နှစ်သစ်ကူး'

'သမီး … ဘာဖြစ်တာလဲ'

ဒေါ်မြတ်နိုးတစ်ယောက် တူမဖြစ်သူကိုကြည့်၍ စိတ် မကောင်းဖြစ်စွာ ပခုံးလေးကို လှမ်းပွေ့ဖက်၍…

'အန်တီလေး…'

'နှစ်သစ်ကူးလေး… တိတ်တော့နော်၊ အန်တီလေးမဆူ တော့ဘူးသမီး၊ မှန်းစမ်း… နေကောင်းရဲ့လား'

သူမနဖူးလေးကို ညင်သာစွာစမ်း၍မေးသည်။ အန်တီ လေး ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်မိသည်။

တသိမ့်သိမ့်ရှိုက်ငိုနေသည့် တူမဖြစ်သူကို ဒေါ်မြတ်နိုး သက်ပြင်းမကောင်းချင်တော့။

'သမီး… ဘာဖြစ်တာလဲ၊ အန်တီလေးကိုပြောစမ်း'

အတင်းမေးသော်လည်း သူမက ငိုလို့အားရသွားမှ…

'အန်တီလေး…ရယ်… မေမေ့ကို အရမ်းသတိရလို့ပါ၊ မေမေနဲ့ သမီးကို ဘယ်လိုအကြောင်းကြောင်း ထားရစ်ခြင်းခံခဲ့ကြရတာလဲ၊ သမီးတကယ်ဝမ်းနည်းတယ် အန်တီလေး'

'အန်တီလေးက သမီးကိုမထားခဲ့ပါဘူးကွယ်၊ အခု သမီးနဲ့အတူနေဖို့ပြန်လာတာ၊ ကဲ… တိတ်တော့၊ အန်တီလေး စိတ်မကောင်းဖြစ်အောင် ငိုမနေနဲ့တော့၊ သမီးအတွက် အင်္ကျီတွေ၊ ဂါဝန်တွေ၊ ဖိနပ်လှလှတွေ၊ ကျောင်းတက်ရင်လွယ်ဖို့ အိတ်တွေ အန်တီလေးဝယ်လာတာ ကြည့်ပါဦး၊ မလှဘူးလား၊ ဒီမှာကြည့်စမ်း'

ပစ္စည်းတွေ လက်ထဲထိုးပေးနေသည့် အန်တီလေးစိတ်ချမ်းသာအောင်သာ ယူ၍…

'လှပါတယ်အန်တီလေး'

'အေး… လှတယ်ဆိုရင် သိမ်းထားလိုက်တော့၊ အန်တီ





လေး ညစာပြင်ဆင်ရဦးမယ်'

'အန်တီလေးကလည်း နှစ်နှစ်တို့နှစ်ယောက် အပြင်မှာ ဝယ်စားကြမယ်'

'အပြင်မှာ ဝယ်စားလို့မရဘူးသမီး၊ ညနေကျရင် အိမ်ကို ဧည့်သည်လာလိမ့်မယ်'

လုပ်ပြန်ပြီ၊ အန်တီလေးတို့ ရောက်တာတစ်ရက်မပြည့်သေးဘူး၊ ဧည့်သည့်ကပါလာဦးမယ်၊ စိတ်ရှုပ်ပါတယ်ဆိုမှ ဘယ်သူလဲဟု သိချင်စွာဖြင့်…

'ဘယ်သူလဲ အန်တီလေး'

'စင်္ကာပူက အန်တီလေးသူငယ်ချင်းရဲ့သား သမီးရဲ့၊ အန်တီလေးနဲ့ အတူတူပြန်လာတာ၊ သူပဲ ဒီအိမ်ရှေ့ကို လိုက်ပို့တာ၊ သမီးက အိပ်နေတော့ အန်တီလေးကိုချပေးပြီး သူပြန်သွားတာ၊ သမီးနဲ့ညနေတွေ့ရမှာပဲ၊ အန်တီလေး မိတ်ဆက်ပေးမယ့်သူကတော့ သမီးကို သိနေပြီ၊ သမီးထက် ၅ နှစ်လောက်ကြီးမယ်ထင်တယ်၊ နာမည်က ထည်ဝါ… အရမ်းကြီးစားတဲ့ကလေး'

နာမည်က တင်စီးလိုက်တာ။ လူက ဘယ်လောက်တောင် ထည်ဝါနေမည်မသိပေ။

စိမ်းလန်းနှင့်ကိစ္စကို မေ့ထားလို့မရသော်လည်း အန်တီလေးပြန်ရောက်လာသည့်အတွက် ဝမ်းသာမိသည်။

'ထည်ဝါ့ကို ညစာထမင်းလာစားဖို့ အန်တီလေးပြောပြီးသွားပြီ'

'နာမည်ကလည်း ထည်ဝါတဲ့ အန်တီလေးရယ်၊ စီးပိုးလိုက်တာ'

'ဟုတ်တယ်သမီး၊ တကယ်ပဲ သူ့ပုံစံကိုက ကြည့်လိုက်ရင် ထည်ဝါနေသလိုပဲ၊ စီးပွားရေးအမြင်လည်းရှိတယ်၊ အရွယ်နဲ့မလိုက်အောင် စီးပွားရေးကျွမ်းကျင်တယ်၊ စိတ်ဓာတ်ခိုင်မာတယ်၊ ဟိုမှာတော့ သမီးရှင်မိန်းကလေးတွေနဲ့ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ အန်တီလေးက သမီးရှင်ဆိုတော့ သူ့အမေတွေဆီမှာ သားတောင်းခဲ့တယ်'

'ဘာရယ်… အန်တီလေး'

'ဪ… အန်တီလေးက ထည်ဝါ့ကို သဘောကျလို့ သမီးနဲ့တွေ့ပေးဖို့ ညနေကျရင် ထမင်းစားဖိတ်ထားတာ'

'ဟာ… အန်တီလေးကလည်း မဖြစ်နိုင်တာ'

သူမ ကြောက်လန့်တကြားအော်မိသည်။





'ဘာလို့မဖြစ်နိုင်ရမှာလဲသမီး၊ အန်တီလေးနဲ့ သူ့မိဘတွေနဲ့က သူငယ်ချင်း၊ ဒို့ပြင်လူတွေလို မဆီမဆိုင် ခုမြင်ခုတွေ့မှမဟုတ်ဘဲ၊ ဟိုတုန်းကလည်း ရင်းနှီးပွင့်လင်းခဲ့ကြတာ၊ ဒါကို သူတို့မိသားစု နားလည်ပါတယ်၊ ဒီမှာသမီး… ဘယ်အိမ်ထောင်မဆို ကိုယ်ချစ်ပဲဖြစ်ဖြစ် သူချစ်ပဲဖြစ်ဖြစ် အဆင်မပြေတာတွေ ရှိကြတာမမွတာပဲ၊ အန်တီလေးက သူ့ကိုယုံကြည်တယ်၊ သမီးလေး… အန်တီလေးတူမလေးကို သူ မြတ်နိုးသွားမှာပါ'

'ဟာ… အန်တီလေး၊ နှစ်နှစ် စိတ်မကူးချင်သေးဘူး'

'ဘာလဲ သမီးက ချစ်သူရှာဦးမလို့လား၊ ဒါမှမဟုတ်ရင် ဘာမှမသိတာကို ထိုင်စောင့်နေမှာလား၊ နှစ်ဦးသဘောတူချစ်တယ်လို့ သတ်မှတ်ထားတဲ့ သမီးအမေတောင်…'

ဒေါ်မြတ်နိုး စကားမဆုံးသေး…

'တော်ပါတော့ အန်တီလေးရယ်၊ နှစ်နှစ်ဘယ်ယောကျ်ားကိုမှ အထင်မကြီးချင်တော့ဘူး'

မျက်ရည်ခိုင်တဲ့ သူမဟာ စိမ်းလန်းနှင့်လွဲပြီးမှ ထစ်ခနဲရှိ ဝမ်းနည်းမျက်ရည်များ ကျနေတော့သည်။ ဒီပုံစံဆို ထည်ဝါဆိုတဲ့ လူကို အန်တီလေးသဘောကျနေပြီဆိုတော့ သိပ်တော့မလွယ်ပေ။

ဒေါ်မြတ်နိုးသည် စေ့စပ်သေချာမှုရှိသည်။ ဘယ်အရာမဆို ကြိုတင်စဉ်းစားပြီးမှ ဆုံးဖြတ်တတ်တာ သူမ ငယ်ငယ်ကတည်းက အသိ။

ဒေါ်မြတ်နိုးက ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြော၍

'ထည်ဝါတို့အဖေနှင့်အမေက အန်တီလေးနှင့် ကျောင်းတုန်းက အခင်ဆုံးသူငယ်ချင်းသုံးယောက်၊ သူတို့နှစ်ယောက် ချစ်သူဖြစ်ပြီး လက်ထပ်သွားတော့ အန်တီလေးကိုလည်း သူတို့က အပျိုကြီးမလုပ်ဖို့၊ အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့ကြတယ်၊ ဒါပေမဲ့ အန်တီလေးက မမသူဇာကိုကြည့်ပြီး ယောက်ျားတွေကို စိတ်ပျက်မိလို့ အိမ်ထောင်မပြုဘဲနေခဲ့တာ'

'သမီးလည်း အန်တီလေးလိုပဲ အပျိုကြီးလုပ်မယ်'

'မတူဘူးသမီး၊ အန်တီလေးနဲ့ သမီးလေးဘဝက မတူဘူး၊ ဘာကြောင့်လဲဆို အန်တီလေးမှာ နှစ်သစ်ကူးဆိုတဲ့ ချစ်စရာတူမလေး၊ တစ်ကောင်ကြွက်လေးကျန်ခဲ့လို့ ဒီလို ဆုံးဖြတ်ရတာ၊ သမီးမှာ အန်တီလေးမရှိရင် ခက်မယ်၊ ဒါကြောင့် သမီးအတွက် အန်တီးလေး စီစဉ်နေရတာ'

'အန်တီလေးရယ်…'





အန်တီလေးရဲ့ စေတနာနှင့် မေတ္တာကို လက်တွေ့ခံစားခဲ့ရသဖြင့် ဘာမှမပြောသာ။ ခရီးရောက်မဆိုက် အစီအစဉ်များကို ပြောပြနေ၏။

အန်တီလေးက ဆက်၍…

'ထည်ဝါက ငယ်ငယ်ကတည်းက သူ့အဖေအလုပ်နဲ့ သွားတော့ အမေဖြစ်သူနဲ့ သူလိုက်သွားပြီး ဟိုမှာပဲ ဘွဲ့ရခဲ့တာပေါ့၊ စီးပွားရေးအကြောင်းသိတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တော်တော်များများနဲ့ သိတယ်၊ ရှယ်ယာတွေ ထည့်တယ်၊ ဒီကိုလည်း ခဏခဏရောက်တယ်၊ ဒီပြင်နိုင်ငံတွေမှာလည်း စီးပွားရေးဒီပလိုမာဘွဲ့တွေ ယူထားသေးတယ်'

နှစ်သစ်ကူးက ငြိမ်၍နားထောင်နေသဖြင့် ဒေါ်မြတ်နိုးက တူမဖြစ်သူကို ကြည့်၍…

'သမီးလေးက ကျက်သရေရှိတယ်၊ လှတယ်၊ ပြီးတော့ နူးညံ့အေးဆေးတဲ့ပုံစံလေးကို ပိုင်ဆိုင်ထားတယ်၊ ဘာမှ မဖြစ်စရာအကြောင်းမရှိဘူး'

'သမီးထက်အသက်ကြီးပြီး သမီးကို ညွှာပေးပြီး အမြဲ အနိုင်ကျင့်ဗိုလ်ကျမှာကိုရော အန်တီလေးမတွေးဘူးလား'

သမီးလိုချင်တာ ချမ်းသာတာ၊ ဆင်းရဲတာထက် နူးညံ့ နွေးထွေးတဲ့ စိမ်းလန်းရဲ့ ရင်ခွင်တစ်စုံပါပဲ။ အန့်တီလေးစကားများကို ဘာမှ မချေပတော့ဘဲ အခန်းထဲသို့ ပစ္စည်းတွေဝင်ထားရင်းဖြင့် အခု လက်တွေ့ သူမလုပ်နိုင်တာတစ်ခုကတော့···

ချစ်သောနိုင်ယာရီ···

နှစ်သစ်ကူးရဲ့ အန့်တီလေးပြန်ရောက်လို့ ဝမ်းသာမိပါတယ်။
ဒါပေမဲ့ အန့်တီလေးပြောတဲ့ စကားများကြောင့် ရင်မောမိတယ်။
ချစ်သောနိုင်ယာရီလေးက သိမှာပါ။
ကိုယ့်မှာ သိပ်ချစ်ရတဲ့ ချစ်သူလေးရှိတာကို···
ကိုယ့်အတွေးတွေထဲမှာ စိုးမိုးထားတဲ့သူကို
ချက်ချင်း ဘယ်လိုမောင်းထုတ်နိုင်မှာလဲ··· ။

နှစ်သစ်ကူး

* * *





## အခန်း(၇)

ညနေဘက်ရောက်တော့ အန့်တီလေးက ချက်ပြုတ်ပြင်ဆင်ထား၍ နှစ်သစ်ကူးကို လှလှပပလေး ပြင်ဆင်ထားဖို့ပြော၏။

ဟူး··· အန့်တီလေးတော့ မသိဘူး၊ နှစ်နှစ်ရဲ့အသည်းက နေ့ကမှ လတ်လတ်ဆတ်ဆတ် ကွဲထားတဲ့ဒဏ်ရာနှင့်···။

ဘဲလ်တီးသံကြောင့် အန့်တီလေးက နှစ်နှစ်ကို···

'သမီး အိမ်ရှေ့မှာ ထည်ဝါလာပြီ၊ တံခါးသွားဖွင့်ပေးလိုက်ဦး၊ အန့်တီလေး လက်ဆေးပြီး လိုက်လာခဲ့မယ်'

ငြင်းလို့မရမယ့်အတူတူ လေးကန်သောခြေလှမ်းများဖြင့် တံခါးဝဆီသို့ တရွေ့ရွေ့သွားမိ၏။

ခြံတံခါးပြင်မှာတော့ သူမကို စူးစိုက်ကြည့်နေသ
ထည်ဝါဆိုသည့်ပုဂ္ဂိုလ်ကို တွေ့လိုက်ရ၏။

ကြည်ပြာရောင်ရှပ်နှင့် ဘောင်းဘီအနက်၊ ကုတ်အင်္
အနက်ကို ဝတ်ထားသောလူက ကားကိုနောက်ပြန်မှီ၍ ဘောင်းဘီ
အိတ်ထဲ လက်တစ်ဖက်ထည့်၍ နှစ်သစ်ကူးကို ခပ်ထေ့ထေ့အပြုံး
နှင့် ကြည့်နေတာကို မကြိုက်သဖြင့် မျက်နှာလွှဲမိ၏။

'ဟဲ့... နှစ်နှစ် သမီး၊ တံခါးအမြန်ဖွင့်လေ၊ ထည်ဝါ
အားနာလိုက်တာကွယ်၊ ဒီကောင်မလေး အလုပ်လုပ်တာ
နှေးကွေးလိုက်တာ'

စိတ်မရှည်စွာ သူမ လက်ထဲမှသော့ကို အန်တီလေးယူ၍
တံခါးဖွင့်ပေးလိုက်၏။

'အန်တီမြတ်နိုးရေ... ဒီမှာစောင့်နေရတာ ခြေကိုညောင်း
နေပြီ... ဟား ဟား'

သူက အရွှန်းဖောက်စကားဆိုပြီး နှစ်သစ်ကူးဘက်ကို
လှမ်း၍ကြည့်လိုက်ရာတွင် သူမက မစောင့်နိုင်လည်း လဲသေလိုက်
ဟု စိတ်ထဲတွင် ပြောမိပြီး လူငယ်ဟန်ပန်များနှင့်မဟုတ်ဘဲ
လူကြီးလူကောင်းပုံစံဖြင့် ထည်ဝါနေသည့် သူ့ပုံစံကို ကြည့်မရှုစွာ



မျက်စောင်းလေး မသိမသာ ဝင့်မိ၏။ ပြုံးထေ့ထေ့မျက်နှာမှာ
မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်တက်သွားကာ...

ဟွန်း...

'အသားလွတ်ကြီးပါလား' ဟု သူမဘေးနားမှ ဖြတ်၍
အန်တီလေးနောက်မှလိုက်ဝင်ရင်း တိုးသဲ့သဲ့ပြောသံကြားလိုက်၏။

နှစ်သစ်ကူးက နောက်မှလိုက်ဝင်ခဲ့၏။

'လာ... ထည်ဝါ... ထိုင်၊ ဒါ... အန်တီလေးပြော
ပြောနေတဲ့ အန်တီ့တူမ နှစ်သစ်ကူးတဲ့၊ သမီး... သမီး
လည်း မှတ်ထားနော်၊ ဒါ... အန်ကီလေးသူငယ်ချင်းရဲ့
သား ထည်ဝါ'

'ဟုတ်ကဲ့'

'တွေ့ရတာ ဝမ်းသာပါတယ် နှစ်သစ်ကူး'

သူမ ပြုံးရုံသာပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး စိတ်ထဲတွင်
...မ်းမသာပါဘူး၊ လူကိုများ ကလေးလေးမှတ်နေသလားမသိဘူး၊
...ထက်စီးလေသံနှင့်။

'ကဲ... သားနဲ့သမီး စကားပြောနှင့်ကြဦး၊ အန်တီ စားဖို့
ပြင်ဆင်လိုက်ဦးမယ်'

ဟွန်း... မသိရင်ခက်မယ် အန်တီလေးတို့က အခုနပဲ

အားလုံး စားပွဲပေါ်မှာ ပြင်ဆင်ပြီးသွားပြီဟာကို။ ဒါ တမင် ထည်ဝါနှင့် သူမကို နှစ်ယောက်တည်း ထားခဲ့တာ။

မနေ့ကမှစ၍ ယောကျ်ားတွေကို အထင်သေးပြီး ဆုံးဖြတ်ချက်ချလိုက်တာကတော့ သူမကို ဘယ်ယောကျ်ားမှ အရင်ဆုံး မချန်ရစ်စေရ၊ သူမနှင့် လာပတ်သက်သောသူတွေကို ပညာပြဖို့ ဆုံးဖြတ်ခဲ့သည်။

ပွဲဦးထွက်မှာတော့ ကျဆုံးခဲ့သည်။ စိမ်းလန်းဆိုတဲ့ ရည်းစားဦး၊ ဒုတိယပတ်သက်မိတဲ့ ယောကျ်ားကတော့ ထည်ဝါတဲ့ နှစ်သစ်ကူးရေ သတိနှင့်သာ နေပေတော့။ သူတို့ရဲ့ မာယာများတဲ့ မျက်လုံး၊ အပြောကြွယ်တဲ့ နှုတ်ခမ်းတွေနှင့် မိန်းမတစ်ယောက်ကို သိမ်းသွင်းနိုင်တာမို့ မိမိကိုယ်မိမိ သတိအနေအထားမှ ထားမိ၏။

'နှစ်သစ်ကူး'

'ရှင်…'

တွေးနေရာမှ လန့်သွားမိ၍ ယောင်ပြီးထူးမိ၏။

'ကိုယ်ကြည့်နေတာ ကြာပြီ၊ မင်း ကိုယ့်ကိုရှေ့မှာထားပြီး ဘာတွေထိုင်တွေးနေတာလဲ၊ ညှော်သည်ကို ဒီအတိုင်းပဲ ထိုင်ခိုင်းထားတော့မှာလား'





'ရှင်က အန်တီလေး ဧည့်သည်ပဲ၊ နှစ်နှစ်ဧည့်သည်မှ မဟုတ်တာ'

'ဘယ်သူနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ကိုယ့်အိမ်လာရင် ကိုယ့်ဧည့်သည်ပေါ့'

ဆရာကြီးလေသံဖြင့် ပြောနေသည့်သူ့ကို စိတ်ထဲတွင် အချဉ်ပေါက်၍ အငေါ်တူးစကားဆိုမိ၏။

'ဟုတ်ကဲ့ရှင့်၊ မသိလို့ပါ၊ နောက်မှတ်ထားပါ့မယ်'

'ဟူး… မလွယ်ပါလား၊ မင်းလေးက ဆိုးတဲ့သူလား'

'ကျွန်မက ကိုယ့်အပေါ်မှာ ကောင်းတဲ့လူဆို ကောင်းမယ်၊ ဆိုးတဲ့လူဆို ဆိုးမှာပဲ'

'ကိုယ်က ဆိုးတဲ့ရုပ် ပေါက်နေလို့လား'

'မသိဘူးလေ၊ လူဆိုးက ဂျိုပေါက်နေတာမှ မဟုတ်တာ'

'ဟာကွာ'

စိတ်ရှုပ်ထွေးသွားသည့် သူ့ကို စံကိုကြည့်၍ ရယ်ချင်သွားမိ၏။

'ထည်ဝါရေ… သား မင်းကို နှစ်နှစ်က ဧည့်ခံနေတာနားကိုငြီးရောပေါ့'

'ဟုတ်တယ် အန်တီ၊ ကျွန်တော့်နားတွေတောင် အူနေပြီ
ဟား ဟား ဟား'

အန်တီလေးနှင့်သူ ရယ်မောပြီး သူမကို စနောက်နေကြ
၏။

'အန်တီလေးတို့ကိုလည်း ကျွန်တော် တစ်ရက်လောက်
ထမင်းကျွေးပါရစေ'

'မဟုတ်တာကွယ်၊ ထည်ဝါက ဧည့်သည်တွေကို
ထမင်းဖိတ်ကျွေးလောက်အောင် အားနေတဲ့သူမဟုတ်
တာ အန်တီလေး နားလည်ပါတယ်၊ ဘာမှလည်း အား
နာမနေနဲ့၊ ထည်ဝါ့မှာ ကိစ္စတွေအများကြီးပါလာတာ
မင်းနဲ့တွေ့ဖို့ ဒိတ်လုပ်ထားတဲ့သူတွေ အများကြီးပဲဆိုတာ
အန်တီသိတယ်'

တော်တော်အရေးပါတဲ့လူလား ထည်ဝါဆိုတဲ့ ပုဂ္ဂိုလ်ကြီး
က… ဟု နှစ်နှစ်စိတ်ထဲတွင် ပြောနေမိသည်။

နှစ်သစ်ကူး သူမရှေ့မှာ ထမင်းစားနေတဲ့သူကို ငေးမိ၏
ဟိုမှာနေတာများလို့နဲ့ တူပါတယ်။ ဖြူတယ်ဆိုတာထက် အသား
အရေလှသူတစ်ယောက် ဖြစ်သည်။

ဝိရိကျနသည့် နှုတ်ခမ်းပါးမှာ သိသာအောင် စိုရဲနေ၏





းသယ်စပ်မှ မေးရိုးစပ်ထိ ကျလာသည့် စိမ်းမြမြ ပါးသိုင်း
မွေးရာဝတို့နှင့် ကြည့်ကောင်းလှ၏။

ကိုပုဂ္ဂိုလ်သည် ချောတယ်ဆိုတာထက် ခန့်ညားထည်ဝါ
တွေ အပြည့်နှင့်ဖြစ်နေသည်။

ဒါပေမဲ့ နှစ်သစ်ကူးရင်ခုန်သံတွေ ငြိမ်သက်နေတုန်းပါပဲ။
သူကိုတွေ့လိုက်ရ၍ စိမ်းလန်းလို ဆန်းပြားစွာ ရင်မခုန်ခဲ့ပါ။

ထည်ဝါဆိုသော နာမည်နှင့်လိုက်အောင် မျက်နှာဟာ
မြဲထည်ဝါနေလျက်။ စိမ်းလန်းဆိုသော နာမည်နှင့်ညီစွာ အမြဲ
သွဲ့တဲ့အပြုံးတွေနှင့်။ သူတို့နှစ်ယောက်ကို ယှဉ်တွေးနေမိတာက
တော့ ကျိန်းသေ….

စားသောက်ပြီး အချိုပွဲခင်းထားတဲ့စားပွဲမှာ ဝင်ထိုင်လိုက်
။ အန်တီက သူ့ရှေ့နဲ့နီးအောင် အချိုပွဲများ တွန်းရွှေ့ပေး၏။
သစ်ကူးကလည်း စပျစ်သီးအပွကြီးများ စားချင်စိတ်ဖြင့် လက်
မ်းမိစဉ် သူ့လက်နှင့် ထိမိမတတ်ဖြစ်သွားသဖြင့် နှစ်နှစ် မိမိ
က်ကို အရှိန်ဖြင့် အမြန်ပြန်ရုတ်လိုက်၏။

'ဟင်'

'ဆောရီး'

နှစ်နှစ်နှင့်သူ အကြည့်ချင်း ပြိုင်မိသွားသည်။

မျက်ခုံးများကမည်းနက်မနေဘဲ စိမ်းညို့ညို့နှင့်ယောက်
တန်မဲ့ ထူကော့နေသော မျက်တောင်တို့က ရှည်လျားလှ၏။ အန်
က ထည်ဝါ့ရှေ့သို့ စပျစ်သီးပန်းကန်ကို တိုးပေးလိုက်၍…

'စပျစ်သီးက ရင်ချောင်တယ်၊ နှစ်နှစ်က စပျစ်သီးပွ
အရမ်းကြိုက်တာ'

'ဩော်… ဟုတ်လား၊ ကျွန်တော်ကတော့ သိပ်မကြို
ဘူး၊ စားကောင်းတဲ့အသီးမို့ စားဖြစ်တာပါ'

နှစ်နှစ်က သူ့အပြောနှင့် ပြုံးထေ့ထေ့ သူ့အမူအရာများ
မကြိုက်လှစွာ စိတ်ထဲတွင်… လဲသေလိုက်… လဲသေလိုက်
ပင်ဖြစ်၏။ စကားစမြည်များပြောပြီးတော့ သူမကတော့ သူမ
တော့ နားထောင်သူသက်သက်။ အန်တီလေးနှင့်သူနှင့်သာ ပြေ
၍ ရယ်နေကြ၏။ နှစ်နှစ်ကတော့ ကိုယ်နှင့်မဆိုင်သလို နေမိ
အန်တီလေး အိမ်နောက်ဘက်ဝင်သွားတော့ မျက်မှောင်ကုတ်ထာ
တဲ့ သူမပုံစံကြောင့်…

'နှစ်သစ်ကူး… ကိုယ့်အပေါ် ဘယ်လိုမြင်သလဲ'

'ရှင်… ဘာကိုဆိုလိုတာလဲ'

'ဩော်… နှစ်သစ်ကူးက ကိုယ့်ကို စကားမပြော
ရှောင်နေသလားလို့ပါ'





'ဘာမှမဆိုင်တာ၊ အဲဒါ ရှင်ကြီးကိုမှမဟုတ်ဘူး၊ ဒီ
အတိုင်းပဲ နေတတ်တာ'

'ဟုတ်လား… ကောင်းပါတယ်၊ ဒီအကျင့်ရှိတာ ဝမ်း
သာစရာပေါ့'

လူကို အမိန့်ပေးသလိုလိုနှင့် ပြောနေသည့်သူ့ကို ခပ်စိမ်း
စိမ်းကြည့်၍ ထထွက်မိတော့ သူက ခံရခက်သည့်ပုံစံဖြင့်…

'ကိုယ့်ကို ဒီလောက်ထိကြောက်စရာမလိုပါဘူး၊ ကိုယ်
လည်း အခုပြန်တော့မှာ၊ အန်တီ့ကိုပြောလိုက် ကိုယ်ပြန်
သွားပြီလို့'

ဒေါသသံမပါသော်လည်း တင်း၍ပြန်သွားတာကိုသိ၍
နှစ်သစ်ကူးက အန်တီလေးဆီမှာထောက်၍…

'အန်တီလေးရေ… ဒီမှာ ဟိုလူကြီးပြန်တော့မယ်တဲ့'

'ဟဲ့… ဩော်… ပြန်တော့မလို့လား၊ လာပြီး ဒီမှာ
မနက်ဖြန်မနက်ကျရင် breakfast လာစားဦးနော်'

'ကျွန်တော် လာဖြစ်မယ်မထင်ဘူး၊ ဟိုဘက်မှာ လုပ်ငန်း
ကိစ္စတွေပြောဖို့ Appoiment ယူပြီးသွားပြီ အန်တီ'

'ဒါဆိုလည်း ထည်ဝါအားတဲ့ရက်တွေ လာခဲ့ဦး၊ မင်းက

ဒီမှာတည်းဆိုတော့လည်း မတည်းဘူး'

နှစ်သစ်ကူး ချောင်းသံပေးမိသည်။ ဒါတော့ အန်တီလေး လွန်ပြီနှင့်တူတယ်။ ကိုယ့်အိမ်မှာ မိန်းမသားနှစ်ယောက်တည်းရှိတာကို လောကွတ်ချော်နေပြန်ပြီ။

သူက နှစ်သစ်ကူးချောင်းဟန့်သံကို ရိပ်မိစွာဖြင့်...

'ကျွန်တော် စဉ်းစားပါ့မယ်အန်တီ'

ပြောပြီးပြီးချင်း နှစ်သစ်ကူးကို စိုက်ကြည့်နေတာကို မှန်းလှုပါသည်။

'အေး... အေး... ဒီလိုပဲဖြစ်ရမယ်'

ဟိုလူ့ကားထွက်သံလည်း ကြားရော...

'နှစ်သစ်ကူး... သမီး'

'ရှင်... အန်တီလေး'

'ထည်ဝါ့ကို လေးလေးစားစား ဆက်ဆံပါကွယ်၊ သူက သာမန်ညှောင်ညက်ကလေးမဟုတ်ဘူးနော်၊ ဂုဏ်နဲ့ဒြပ်နဲ့ စက်ဘုပူမှာဆိုရင် သူ့ရှေ့မှာ ပြင်ဆင်ခြယ်သပြီး ရွေးချယ်ခံမယ့် မိန်းကလေးတွေ အများကြီး'

'အို... အန်တီလေးကလဲ နှစ်နှစ်မှ သူ့ကို စိတ်မဝင်စား





တာ၊ ဒီလောက် ဘဝင်ခေါင်ခိုက်နေတဲ့ပုံနဲ့ သူ့အကြောင်းလည်း ဘာမှသိရတာမဟုတ်သေးဘဲနဲ့ နှစ်နှစ်သဘောမတူဘဲနဲ့ အန်တီလေး ဘာမှမလုပ်နဲ့နော်'

'နှစ်သစ်ကူး... အန်တီလေးက သမီးထက်အသက်ကြီးတယ်၊ အပွေးမြင်အပင်သိတယ်၊ ဒီအပင်ကလည်း အန်တီလေးတို့နဲ့ အတူတူရှင်သန်လာကြတာ၊ ဒီအပင်ရဲ့ ဒီအပွေးကလည်း ကောင်းပြီးသားပဲ၊ တစ်ခုတော့ သတိပေးလိုက်မယ်နော်၊ ငါက ထည်ဝါနဲ့သမီးကို လက်ထပ်ဖို့ ဟိုမှာပြောဆိုခဲ့ပြီးသွားပြီ'

'စိတ်ရှုပ်လိုက်တာ အန်တီလေးရာ၊ အန်တီလေး ဇွတ်လုပ်ရင်တော့ သမီး ဒီမှာမနေတော့ဘူး'

'ဟဲ့... ကောင်မလေး'

ခြေဆောင့်ထွက်သွားတဲ့ တူမကိုကြည့်၍ ဒေါ်မြတ်နိုးပင့်သက်ရှိုက်မိသည်။ အစ်မဖြစ်သူ ဒေါ်သူဇာ ဆုံးသွားကတည်းက သူမပဲ ဒီကလေးကို စောင့်ရှောက်ခဲ့ရသည်။ ချောမောလှပတဲ့ ရုပ်ရည်၊ ပြေပြစ်အချိုးကျတဲ့ ခန္ဓာကိုယ်အလှတွေနှင့် ပြည့်စုံသည့် မိန်းကလေးမို့ မတော်တရော်တွေနှင့် တွေ့သွားမှာ ကြောက်မိ၏။

ဒီတူမလေးကို စိတ်ချမ်းသာစေချင်သည်။

ကလေးဘဝထဲမှ (broken family) ကြုံးပြတ်ခဲ့သော မိသားစုကြားမှ မြေဇာပင်လေးဖြစ်ခဲ့သဖြင့် သူမ အသနားပိုခဲ့၏။

ဒါကြောင့် တူမလေးရဲ့ အိမ်ထောင်ရေးကို အတိမ်းအစောင်းမခံချင်ခဲ့သဖြင့် အစစအရာရာ စိတ်ချရတဲ့သူငယ်ချင်းတွေရဲ့သားနှင့် စီစဉ်ခဲ့တာဖြစ်၏။

* * *





## အခန်း(၈)

နှစ်သစ်ကူး နောက်နေ့ကျောင်းကိုရောက်တော့ စိုးရိမ်မှုစောင့်မျှော်နေကြတဲ့ မစပ္ပါယ်နှင့်ဆုမြတ်က…

'နှစ်နှစ်ရယ်… ငါတို့မှာ စိတ်ပူလိုက်ရတာကွာ၊ ဒီနေ့မှ နင်ကျောင်းမတက်ရင် ငါတို့နှစ်ယောက်လိုက်လာတော့မလို့'

'စိတ်မပူပါနဲ့ဟာ၊ ငါခံနိုင်ရည်ရှိပါတယ်၊ အန်တီလေး ပြန်ရောက်နေလို့ မလာဖြစ်တာ'

'ဟယ်… ဟုတ်လား၊ ဝမ်းသာစရာပဲ၊ ကောင်းတယ် ဒါမှ ငါတို့ စိတ်အေးရမှာ'

'ဒါပေမဲ့ အန့်တီလေးပြန်မလာသေးရင် နှင် ကျောင်းမတက်သေးဘူး မဟုတ်လား ဟွန်း... မိန်းမ'

'အေး... ဟုတ်တယ်၊ ငါ စိတ်တွေလေလွင့်ပေါက်ကွဲပြီး ဘာလုပ်မိမလဲမသိဘူး၊ ငါတို့ မနက်ပိုင်းအချိန်အားနေတယ်၊ ကင်တင်းသွားရအောင်'

'အင်း... ကောင်းသားပဲ'

ဆုမြတ်နှင့် မစပ္ပါယ်က နှစ်သစ်ကူးကိုကြည့်၍ အံ့သြနေတာတော့ အမှန်ပဲ။ လေ့ကားထစ်များကို ကျော်ဖြတ်၍ သူတို့သုံးဦးစလုံး ရှေ့မှလာနေသူကြောင့် ခြေလှမ်းများ တန့်သွားမိကြသော်လည်း နှစ်နှစ်က ဆက်လျှောက်သွားသဖြင့် ဆုမြတ်နှင့် မစပ္ပါယ်တို့လည်း နှစ်နှစ်ဘေးမှ ဆက်လျှောက်လာခဲ့သည်။

စိမ်းလန်းက နှစ်သစ်ကူးရှေ့မှာ ပိတ်ရပ်၍ ဆုမြတ်နှင့် မစပ္ပါယ်လည်း ရုတ်တရက်ကြောင်ငေးသွားသည်။ နှစ်သစ်ကူးဝတ်လာသည့် ဝတ်စုံအစိမ်းရောင်လေးဟာ သူမရဲ့မျက်နှာလေးနှင့် ပဏ္ဏာတင့်၍နေ၏။ ကျော့ရှင်းသော ခန္ဓာကိုယ်လေးနှင့် ဆံနွယ်လေးများ တလွင့်လွင့်နှင့် ကြည့်ကောင်းလှစွာ...။

ရှေ့မှပိတ်ရပ်၍ သူမရဲ့လက်ကို လှမ်းကိုင်လိုက်သဖြင့်

'နှစ်နှစ်...'





'ဖယ်... နှစ်နှစ်ကို မထိနဲ့'

နှစ်သစ်ကူး အလန့်တကြားဖယ်ထုတ်မိသည်။ စိမ်းလန်းကိုမကြည့်မိ၊ ဆက်လက်ရွှေ့လျားမသွားနိုင်ဘဲ တစ်ကိုယ်လုံးအင်အားကင်းမဲ့စွာ တဆတ်ဆတ်တုန်ယင်နေမိ၏။ ဆုမြတ်နှင့် မစပ္ပါယ် အလိုက်သိစွာဖြင့်...

'နှစ်နှစ်... ငါတို့ရှေ့မှာစောင့်နေမယ်၊ ပြောစရာရှိတာ၊ ရှင်းစရာရှိတာ ရှင်းလိုက်ပေါ့ဟာ၊ ဒါမှရှင်းသွားမှာ'

ဆုမြတ်က မကျေမနပ်မျက်နှာဖြင့် သူ့မျက်လုံးများကိုကြည့်၍ ပြော၏။

'နှစ်နှစ်... ကိုယ့်ကျောင်းကိုလာပြီး နောက်ရက်တွေမှာ ကိုယ် နှစ်နှစ်ဆီရောက်တယ်၊ နှစ်နှစ်ကျောင်းမတက်လို့ ကိုယ်ဘာမှ မရှင်းပြရသေးဘူး'

'ဟုတ်တယ်... စိမ်းလန်းမလာတဲ့ရက်တွေမှာ အမှန်တရားကိုသိဖို့ လိုက်လာတာ၊ နှစ်နှစ်ကို အမှန်အတိုင်းပြောပြပါ'

စိမ်းလန်းထံမှ သက်ပြင်းချသံကို ကြားရသည်။ နှစ်ဦးသား တိတ်ဆိတ်နေပြီးမှ...

'နှစ်နှစ်ကို ပြောပြချင်ပေမယ့် ပြောမပြရသေးတဲ့ ကိုယ့်

အရင်ကတစ်ယောက်မ…

'စိမ်းလန်းရဲ့အချစ်ဟောင်း… ငယ်ကျွမ်းဆွေပေါ့နော်'

မတွေ့ရတဲ့ တစ်ပတ်အတွင်းမှာ ပြောင်းလဲသွားတဲ့ ပြောင်းလဲမှုဟာ အံ့ဩဖွယ်…

စိမ်းလန်းအချစ်တွေ ပြောင်းလဲပြီ။ ဟားတိုက်၍ ရယ်မောချင်သည်။ ပြီးလျှင် အော်ဟစ်၍ ငိုကြွေးလိုက်ချင်မိသည်။

အချစ်ဟာ ဖြေရှင်းမရတဲ့ ပြဿနာတစ်ခု။

လောကကြီးမှာ အချစ်ဟာ သည်လိုမြန်ဆန်သော၊ မမျှော်လင့်သော၊ တစ်ဖက်စောင်းလိုက်သော ပြောင်းလဲခြင်းတွေရှိနေတတ်လား သူမ မသိခဲ့ပါ။

နှစ်နှစ် နာကြည်းခါးသီးနေသော မျက်လုံးအစုံရှေ့မှာ စိမ်းလန်းတစ်ယောက် အပြစ်ရှိသူပမာ သူမမျက်နှာကို ငေးကြည့်နေ၏။

အရင်က ထင်ထားခဲ့တဲ့ စိမ်းလန်းရဲ့ အပြစ်ကင်းစင်တဲ့ မျက်နှာ၊ နာကျင်မှုတွေ ဘယ်တောမှ မပေးမယ့် အကြင်နာမျက်ဝန်း၊ နူးညံ့တဲ့စကားတွေသာပြောတတ်တဲ့ နှုတ်ခမ်းတွေလို့ ထင်ထားခဲ့တာဟာ အခုလက်တွေ့မှာ တခြားစီ…။

မျက်ဝန်းထဲတွင် မဆီမဆိုင် တည်တံ့၍ ကိုယ့်ကိုယ်ကို





အထင်ကြီးတဲ့မျက်လုံးတွေနှင့် ကြည့်တတ်တဲ့ မျက်ဝန်းအစုံကို မျက်ခနဲ မြင်ယောင်မိ၏။

သူမ ခေါင်းကို သွက်သွက်ခါအောင် ယမ်းမိ၏။

အို…

သွားစမ်းပါ…

ယောကျ်ားတွေဟာ ဒီပုတ်ထဲက ဒီပဲပဲနေမှာ။

သူမ စိမ်းလန်းရှေ့မှာ ခေါင်းကို ရမ်းမိသဖြင့်…

'နှစ်နှစ် ကိုယ့်ကို စိတ်အနာကြီးနာမယ်ဆိုတာ သိတယ်'

ထိုကိစ္စတွေနှင့်ပတ်သက်၍ ငယ်ဘဝထဲက ဒဏ်ရာရရှိခဲ့တဲ့ အမာရွတ်ဟောင်းတစ်ခု ပြန်ထလာသလိုမျိုး ခံစားရ၏။

နှစ်နှစ် စိတ်နောက်ကိုယ်ပါလိုက်၍ သူနှင့်အတူ လျှောက်သွားခဲ့တာတွေကို ရင်နာမိသည်။

မြင့်လှပါတယ်ဆိုတဲ့ သူမရဲ့အိုင်ကျူသည် မှေးမှိန်သွားသည်။

ဒါဟာ အချစ်ကို ယုံစားမိတဲ့ မိမိအမှား…။

'တို့ကို ခွင့်လွှတ်ပါလို့ တို့မပြောချင်ဘူးနှစ်နှစ်၊ ကိုယ့်ကို စကားပြန်မပြောတော့ဘူးလား နှစ်နှစ်'

'စိမ်းလန်းကို တို့ ဘာမှပြောစရာမရှိဘူး၊ သေချာတာ

တစ်ခုကတော့ တို့နဲ့စိမ်းလန်း ဘာမှမဆိုင်တော့ဘူး

တာပဲ'

'မဟုတ်သေးဘူးနှစ်နှစ်၊ ကိုယ်ပြော…'

'တော်ပြီ… ဘာမှမပြောနဲ့တော့၊ စိမ်းလန်းလည်း ကိုယ့် လမ်းကိုယ်လျှောက်ပါ၊ ဘယ်တော့မှ ဘယ်အချိန်မှာမှ မပတ်သက်ပါနဲ့တော့'

ဟုပြောပြီး သူ့ရှေ့မှ ဆံနွယ်များဝဲခါ၍ ကျောခိုင်းသွား သည့် နှစ်သစ်ကူးကိုကြည့်၍ စိမ်းလန်းရင်ထဲမှာ ကြေကွဲမိခဲ့ပါ သည်။ သူမရဲ့ ချစ်စဖွယ်လှပ၍ ဆွဲဆောင်မှုရှိသော မျက်နှာလေး ကို ပထမတော့ စိတ်ဝင်တစား ချဉ်းကပ်မိပြီးမှ နောက်ပိုင်း သူမရဲ့ သူ့အပေါ်မှာ ချစ်တတ်လွန်းတဲ့စိတ်ကြောင့် သာယာမိခဲ့ သည်။ တဖြည်းဖြည်းနှင့် ချစ်စိတ်များဝင်လာ၍ ချစ်သူများဖြစ် ခဲ့ကြပြီးမှ ယခင်က ရည်းစားဖြစ်ခဲ့ဖူးသူကလည်း ရိုပ်မိစွာဖြင့် သူ့အနားမှာ တောက်တဲ့ကပ်သလိုမျိုး ကပ်နေခဲ့၏။ နှစ်သစ်ကူး ရောက်လာချိန်နှင့် ကွက်တိဖြစ်သွားခဲ့သည်။ မျက်နှာများတတ်တဲ့ သူ မဟုတ်သော်လည်း မျက်နှာများသူဖြစ်ခဲ့ရတဲ့ ကိုယ့်အဖြစ်ကို လည်း ရှက်မိ၏။

အခုတော့ နှစ်သစ်ကူးပေးတဲ့ အပြစ်ဒဏ်ကို ကျေကျေ





ယ်နပ်ကြီး ခံယူပါတော့မည်။ ကိုယ့်လုပ်ရပ်အတွက် ကိုယ်ခံစား ရမှာပေါ့။

နှစ်သစ်ကူး သူငယ်ချင်းများနှင့်အတူ ကင်န်တင်းမှာ ထိုင်နေရသော်လည်း စိတ်နှင့်ကိုယ်မကပ်ပါ။

မစပွါယ်က…

'နှစ်နှစ် ဘာစားမလဲ'

'ကော်ဖီမစ်တစ်ခွက်ပေးပါ'

'ဟွဲ… အရည်ချည်းပဲမသောက်နဲ့၊ အဖတ်ပါတစ်ခုခု စားလေ၊ တန်ဖိုးမရှိတာအတွက် ခံစားမနေစမ်းပါနဲ့ကွာ၊ ကိုယ့်ရောဂါကိုယ်ရှာမနေနဲ့၊ သူ့ရုပ်လေးနဲ့တောင် မလိုက် ဘူး… ဟွန်း'

ဆုမြတ်က…

'သူက ဘာပြောလဲ၊ လိမ်ပြောတာတွေ ယုံမနေနဲ့'

'သူ မလိမ်ဘူး၊ အမှန်ပြောတာ၊ ငါ့ထက်အရင်ရည်းစား တဲ့'

နှစ်သစ်ကူး စကားဆက်မပြောနိုင်ပါ။

'မိုက်ရိုင်းလိုက်တာဟာ၊ ဟိုကတစ်ယောက် မပြတ်သေး ဘဲနဲ့ နောက်တစ်ယောက်ကို ချိတ်ထားသေးတယ်'

'ငါက မှားတာပါဟာ၊ သူ့မျက်နှာလေးကို မြင်မြင်ချင်
ရင်ခုန်မိသွားတာ'

သူငယ်ချင်းနှစ်ယောက်က သူမစကားက မှန်နေသဖြင့်
ဘာမှမပြောတော့ပေ။

စိတ်ပျော့ယိုင်နဲ့လှသူဟု နှစ်နှစ်ကို အပြစ်မတင်ရက်ကြ
သော်လည်း…

စိမ်းလန်းကိုတော့ ရက်စက်ယုတ်မာသူတစ်ဦးအဖြ
ခါးခါးသီးသီး နာကြည်းမုန်းတီးနေကြ၏။ ကျောင်းတက်ရက်တွေ
မှာ စာသင်ရတာ စိတ်မပါနိုင်တော့။ နုနယ်လှသော နှလုံးသား
ပထမဆုံးရရှိသည့် ပြင်းထန်သော ဒဏ်ရာဒဏ်ချက်က နှစ်နှ
စိတ်တွေ ဆောက်တည်ရာမရအောင် လွင့်မျောချင်တိုင်း လွင့်မျော
နေ၏။

စိမ်းလန်းကို နာကြည်းလှသော်လည်း နှစ်သစ်ကူးဆိုတ
ကျွန်မ မမုန်းနိုင်၊ မမေ့နိုင်ခဲ့။ အဆိုးရွားဆုံးကတော့ အစွဲလန်းကြ
စိတ်ပျော့ယိုင်နဲ့လွန်းလှသော နှစ်သစ်ကူးသည် စိမ်းလန်းမရှိသော
အခါမှာတော့ အထီးကျန်အဖော်မဲ့ခြောက်သွေ့အက်ကွဲ တ
ယောက်တည်း ဘယ်လိုရပ်တည်ရမှန်းမသိခြင်းပင် ဖြစ်သည်

နောက်ဆုံးရလဒ်ကတော့ ကျောင်းမတက်ချင်တော့သ ဖြ





ကျောင်းပျက်ရက်တွေ များလာခြင်းပင်ဖြစ်ခဲ့တော့၏။

တစ်နေ့တော့ သူမရဲ့ အသည်းနှလုံးကိုယ်စား ဒိုင်ယာရီ
စာအုပ်လေးကိုထုတ်၍…

အသည်းနှလုံးကိုယ်စား ဒိုင်ယာရီ…

ဟု ခေါင်းစဉ်တပ်နေကျအတိုင်း တပ်လိုက်မိ၏။

ကိုယ့်ဘဝရဲ့ လက်တွဲဖော်လို့ ထင်မှတ်ထားခဲ့ရတဲ့လူတစ်ယောက်ကို
စွန့်လွှတ်ခဲ့ရပြီ…

ကိုယ်ကတော့ မမှားဘူး…
သူ့အမှားကိုလည်း လက်သင့်မခံနိုင်ဘူး…
ကိုယ့်မေမေလို အစွန့်ပစ်မခံနိုင်လို့ …
ကိုယ်ကအရင်စွန့်ပစ်လိုက်ပြီ
ကိုယ်မမှားပါဘူးလို့ ထင်တယ်
အချစ်ဆုံးကို စွန့်လွှတ်လိုက်ရပြီ
ကိုယ်က နောက်လူအဖြစ်မခံနိုင်ဘူး
မေမေ့လို နှလုံးသားကွဲအက်ဖို့ ခံနိုင်ရည်မရှိဘူး …

နှစ်သစ်ကူးရဲ့ ရင်ဖွင့်စာ …

သူမ ငယ်ငယ်ကတည်းက ဆုံတွေ့ခဲ့ရတဲ့ အရင်းနှီးဆုံး ဖေဖေဟာ သစ္စာမရှိသလို နောက်တစ်ယောက်ဖြစ်တဲ့ စိမ်းလန်း ဆိုတဲ့သူလည်း သစ္စာမရှိပါလား။ သူများချစ်ခြင်းကိုလည်း မခွဲ ချင်ပါ။ ဒီဘဝမှာ သူမတို့သားအမိ အသည်းကွဲခဲ့ကြရသဖြင့် မိမိထံကိုလာမယ့် ဖြားယောင်းမှုတွေကင်းတဲ့ ရိုးသားတဲ့ချစ်ခြင်း နှင့်သာ တွေ့ဆုံပါရစေ…။

ဤမှန်သောသစ္စာကြောင့် သူမ…ကို စွန့်ခွာမယ့် ယောကျ်ားမျိုးနှင့် မတွေ့ပါရစေနှင့်…။

* * *





## အခန်း(၉)

ဒီနေ့ စနေနေ့ဖြစ်သဖြင့် ကျောင်းကတက်စရာမလိုသော်လည်း ကျူရှင်က ညနေ ၅ နာရီမှ တက်ရမှာဖြစ်သည်။ ဒီနေ့ကစပြီး စိတ်သစ်၊ လူသစ်ဖြင့် အသစ်တစ်ဖန်ပြန်စမယ်။ မိခင်ဖြစ်သူဒေါ်ဓာလို အသည်းကွဲ၍ ဘဝမဆုံးနိုင်ဟု တွေးမိပြီး ကိုယ့်ကိုယ်ကိုပြန်ပြင်ဖို့ စိတ်ကူးမိသည်။ အိပ်ရာထက်မှ သွက်လက်စွာထ၍ စာကြည့်စားပွဲတွင် ညကရေးထားသော ဒိုင်ယာရီစာအုပ်လေးကို မသိမ်းမိသဖြင့် ဒီအတိုင်းတင်ထားမိ၏။ စာအုပ်ကို အံဆွဲထဲထည့်ရင်းမှာပဲ မဖတ်ဖြစ်တာကြာပြီဖြစ်တဲ့ ၁၂ ရာသီဟောစာတန်းစာအုပ်လေးကို ဖတ်မိ၏။

ဒီနေ့ ဖေဖော်ဝါရီလ ၅ ရက်နေ့တောင် ရောက်ပြီပဲ။ ချစ်သူသက်တမ်း သိပ်မကြာဘဲ လမ်းခွဲလိုက်ရသည့်စိမ်းလန်းကို သတိရမိ၏။

ဖေဖော်ဝါရီအတွက် ဟောစာတန်းကို နှစ်သစ်ကူး စိတ်ဝင်တစားလေးဖတ်မိ၏။ ဖတ်ခါစမှ သိပ်မယုံကြည်ခဲ့သော်လည်း မိမိအဖြစ်အပျက်များနှင့် တိုက်ဆိုင်လာသည့်အခါ ယုံကြည်မိ၏။

**"အည့်အဆိုးများ အလုံးစုံကင်းစင်သွားပြီး တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ မိမိကိုယ်ကို အချိန်ပြုန်းနေသလို ဖြစ်နေသဖြင့် စိတ်ဓာတ်ကို ခိုင်မာအောင် လေ့ကျင့်ပါ။ မိမိချစ်သူက သူတစ်ပါးအပေါ် စိတ်ညွှတ်နေမည်။ မိတ်ဆွေသစ်များရမည်။ ပတ်ဝန်းကျင်အသစ်နှင့် ဆက်ဆံရမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အလှူမင်္ဂလာကိစ္စရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ခရီးသွားရခြင်းကြုံမည်။**

**ဤကာလတွင် တွေ့ရသောမိတ်ဆွေသည် သင့်ဘဝအတွက် အရေးပါဆုံးလူဖြစ်လိမ့်မည်… ။**

အင်း… မှန်သလောက်ပါပဲ။

ဒါပေမဲ့ ဤကာလတွင် တွေ့ရသော မိတ်ဆွေသည် သင့်ဘဝအတွက် အရေးပါဆုံးလူဖြစ်လိမ့်မည်ဆိုတာ ဘယ်သူများပါလိမ့်။





စဉ်းစားနေရင်းမှ မိမိခေါင်းမှာ ဖျတ်ခနဲသတိရသွားတာက ထည်ဝါဆိုတဲ့လူ…။ ဒီလူများဖြစ်နိုင်မလား။ မဖြစ်နိုင်ပါဟု တွေးမိကာ ခေါင်းယမ်းမိသည်။

ဟိုတစ်ခါ ညစာလာစားပြီးကတည်းက ဦးထည်ဝါနှင့် သူမ ထပ်မတွေ့တော့ပေ။ နှစ်ပတ်လောက်တော့ရှိမည်။ အန်တီလေးက ဖုန်းတွေဆက်သလို ညစာစားဖို့ဖိတ်သော်လည်း ကြီးကျယ်မြင့်မြတ်ပုံတွေနှင့် ဂုဏ်ရှိန်မောက်နေပုံရသည့် ထိုသူက အပွိုင့်မန်(ချိန်းထားသည့်အလုပ်ကိစ္စ)တွေနှင့်သာ လုံးလည်ချာလည်လိုက်နေပုံရသည်။

ဒါလည်း ကောင်းပါတယ် မလာဖြစ်တာ။ စိတ်တွေလေနေချိန်မှာ စကားတောင်ပြောဖြစ်မည်မဟုတ်ပေ။

သူမ အခန်းထဲကထွက်လာတော့ အန်တီလေး ဖုန်းပြောနေတာတွေ့ရသည်။ ဘာတွေကို သဘောကျနေသည်မသိ။ မျက်နှာက ပြုံးချိုစွာဖြင့် ရယ်မောနေ၏။

…ပ်ဝါ… ဆိုတဲ့နာမည်ကြားသဖြင့် ထိုပုဂ္ဂိုလ်နှင့် စကားပြေ… …ာ်မည်။ မျက်လုံးထဲမှာလည်း တည်တင်းစူးရှ ထက်မြက်နေ… …ကို ဖျတ်ခနဲမြင်ယောင်မိ၏။

'နှစ်သမ…' 'နှကျရင် မေ…' 'သမီ… …စ်ကူး' …ပ်၊ သမီး ကောင်းမ…

ဟော… အန်တီလေးမျက်နှာ ဒီလောက်ချိုပြီး အသံသာယာနေပုံရရင်တော့ တစ်ခုခုပဲ။ ဝမ်းသာစရာစကားများလား။

'ရှင်… အန်တီလေး'

'ထည်ဝါနဲ့ အခုပဲစကားပြောဖြစ်တယ်သမီး၊ ထည်ဝါ့ဖေဖေနဲ့မေမေ ဒီနေ့ညနေပိုင်းရောက်မယ်တဲ့သမီး၊ ညစာဒီမှာ လာစားဖို့ အန်တီလေး ဖိတ်ထားတယ်၊ သမီးလည်း ဒီနေ့ ဘယ်မှမသွားနဲ့'

'ဟာ… သမီး ဒီနေ့ ၅ နာရီ ကျူရှင်ရှိတယ်၊ မေဂျာဘာသာဆင်မှာ၊ ဖျက်လို့မရဘူး'

'နှစ်သစ်ကူး၊ အခုမှ ဘာအရေးကြီးနေတာလဲ၊ တစ်ပတ်လုံးလည်း ကျောင်းမတက်ဘဲနဲ့ ငါမသိဘူးများထင်နေလို့လား၊ လေပြီး အသည်းကွဲနေတာ'

'ဟင်'

'ဘာလဲ… အံ့ဩသွားလား၊ မနက်က သမီးကိုနှိုးဖို့ အခန်းထဲကိုဝင်တော့ ဒိုင်ယာရီစာအုပ်… ားရင်းနဲ့ အမှတ်မထင်ဖတ်မိသွားတယ်၊ အ…ရသော …ရှိတဲ့အချိန်မှာများ ဖြစ်ရတယ်လို့သမီးရှ…လိမ့်မည်ဆို…ထားတာကို အန်တီလေး မပြော… ရွေးတဲ့လူဟာ





သစ္စာရှိဖို့ အရေးကြီးတယ် သမီး'

နှစ်သစ်ကူးရဲ့ မျက်ဝန်းမှာ မျက်ရည်ကြည်လေးများ တလဲ့လဲ့ မဆူရက်ပါ။ မိတဆိုးသမီးလေး… ဖခင်ဖြစ်သူက သစ္စာမဲ့သွားခဲ့သည်။ မိခင်ဖြစ်သူက အသည်းကွဲပြီး သေတယ်။ သူမလေးရဲ့ နုနယ်သောစိတ်မှာ ဒဏ်ရာဒဏ်ချက်တွေနှင့် အရွယ်ရောက် ချစ်မိတော့လည်း ချစ်သူက ရည်းစားနှစ်ယောက်ထားတဲ့သူနှင့် ကြုံသဖြင့် ဒေါ်မြတ်နိုးစိတ်မကောင်းဖြစ်မိ၏။ ကျောင်းမတက်ဘဲ အိမ်ထဲယောင်ချာချာဖြစ်ပြီး ရုပ်ရှင်ခွေတွေပဲ ထိုင်ကြည့်နေသည့် တူမကိုကြည့်ပြီး မသင်္ကာစွာ ဆုမြတ်ကိုလှမ်း၍ မေးမိသဖြင့်လည်း အကြောင်းစုံသိခဲ့ရသဖြင့် မိမိတူမလေးကို စိတ်အေးချင်မိပါသည်။ မိမိမှာလည်း ကိုယ့်အကြံအစည်နှင့်ကိုယ် သူကောင်းဖို့စီစဉ်တာကို လိုက်နာရမည်ဟုလည်း တွေးတောနေမိ၏။ သူမ ကောင်းစေချင်လို့ စီစဉ်ထားတဲ့ အကြောင်းအရာများကို …

'နှစ်သစ်ကူး'

'ရှင်'

'ညနေကျရင် မောင်ထည်ဝါတို့အဖေနဲ့အမေ လာကြလိမ့်မယ်၊ သမီး ကောင်းကောင်းမွန်မွန်ဆက်ဆံပါ၊ လိမ္မာ

ယဉ်ကျေးပါ၊ အမျိုးကောင်းသမီးပီသပါစေ၊ လူကြီးသူမ ဆိုဆုံးမမှုအောက်မှာ ကျိုးနွံတဲ့သမီးလေးလို့ အန်တီလေး က သူတို့ကို ကြွားထားတယ်၊ အန်တီလေးမျက်နှာ မပျက်ရစေနဲ့နော်’

အန်တီလေးသဘောကျနေတဲ့၊ အထင်ကြီးနေတဲ့သူဖြစ် သဖြင့် သူ့ပုံစံကို မြင်ယောင်မိရင်း စိတ်တိုမိသည်။ စိမ်းလန်းရေ တို့တော့ ရှုံးတော့မယ်။ စိမ်းလန်းကို မေ့ပျောက်ဖို့ တော်တော် ကြိုးစားယူရဦးမယ်။ အခု အန်တီလေးက စိမ်းလန်းနေရာမှာ အစားထိုးဖို့ လူတစ်ယောက်ကို ဖွတ်အတွင်း နှစ်နှစ်ရှေ့မှာ လာ ချပြနေပြီ။ အန်တီလေးရဲ့ မျက်လုံးများဟာ အထင်ကြီးနေပုံရတဲ့ သူ့ကို နှစ်နှစ်ကတော့ အထင်မကြီးပါ။

ဇေဒင်္ဂါအုပ်ထဲကလိုများ ယခုလမှာတွေ့သောသူသည် သင့်ဘဝအတွက် အရေးပါဆုံးလူဖြစ်လိမ့်မည်ဆိုတာ…

ဘာတွေလဲကွာ…

ဒီလူတော့ မဖြစ်ပါစေနဲ့။

အခြားတစ်ယောက်ပဲ ဖြစ်ပါစေ…။

အန်တီလေးသာ ထည်ဝါ… ထည်ဝါဖြစ်နေတာ။

သူကတော့ ဘဝင်လေဟပ်တဲ့ရုပ်နဲ့ ဘယ်လိုရေစက်





ကြောင့်မသိ။ စိတ်ထဲမှာ သူ့အကြောင်းတွေးတာနှင့် အချဉ်ပေါက် မိသည်။

သူမ အခန်းထဲဝင်၍ ဒိုင်ယာရီထုတ်မိပြီး နှစ်သစ်ကူးရဲ့ ကိုယ်စားဖြစ်တဲ့ စာရွက်လေးတွေပေါ်သို့ ညီညာလှပတဲ့ လက်ရေး လေးများဖြင့်…

နှလုံးသားကိုယ်စားပြုဒိုင်ယာရီ…

ဒီနေ့မှာတော့ စိမ်းလန်းဆိုတဲ့ ကျွန်မချစ်တဲ့ ကောင်လေးနေရာမှာ အစား ထိုးဖို့ ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရမယ်တဲ့။ သူ ဘယ်လိုလူစားလဲဆိုတာ မသိရပေမယ့် အန်တီလေးစကားကို မပယ်ဖျက်ချင်ဘူး။

ညစာစားပွဲမှာ သူ့ကို အားလုံးက စောင့်နေကြရသည်။ ဒါ သက်သက် လူစိတ်ဝင်စားအောင်လုပ်တာ။

ဦးဘုန်းထက်နှင့် ဒေါ်မိုးတိမ်တို့ အရင်ရောက်လာကြ၏။ ထည်ဝါက အရေးကြီးသည့်လူနှင့် ဒီနေ့တွေ့စရာရှိသဖြင့် နောက် ကျမှ ရောက်မည်ဟု သိရ၏။

ဦးဘုန်းထက်က စကားပြောလိုက်၊ နာရီကိုကြည့်လိုက် ဒေါ်မိုးတိမ်ကတော့ ဘာမှမပြောသော်လည်း မျက်နှာမှာ အားနာမှု များအပြည့်။

ထိုစဉ် နှစ်သစ်ကူးတို့အိမ်မှ ဖုန်းသံမြည်လာသည်။ နှစ်သစ်ကူး အရင်ကိုင်လိုက်သည်။

'ဟဲလို'

'ကိုယ် ထည်ဝါပါ'

အန်တီလေးက ကြည့်နေ၍ အန်တီလေးကို ဖုန်းခွက်ကို လှမ်းပြရင်း 'ဦးထည်ဝါဖုန်း အန်တီလေး' ဟုပြောပြီး ဖုန်းခွက်ကို ဘေးမှာ ချထားလိုက်၏။ ရိုင်းတယ်လို့ ထင်ချင်လည်းထင်ကြပါစေ… သူတောင် လုပ်နေသေးတာပဲ။

ဒေါ်မိုးတိမ်က သားအတွက် အားနာသလို…

ဒေါ်မြတ်နိုးကလည်း တူမဖြစ်သူလုပ်ပုံအတွက် မျက်နှာပူနေ၏။

'ထည်ဝါလား…'

'….'

'အေး… အေး… သွားပါ၊ အဲဒီကပြီးမှပဲ လာခဲ့တော့၊ အန်တီတို့ စောင့်နေမယ်' ဟု ပြော၍ ဖုန်းချလိုက်ပြီး…

'မိုးရေ… မင်းသားကတော့ အလုပ်လုပ်တဲ့နေရာမှာ ပြိုင်စံရှားပဲ၊ အရမ်းတက်ကြွတာပဲ'

'ဘာတဲ့လဲ မြတ်နိုး'





'မိတ်ဆုံစားပွဲတစ်ခုကို မဖြစ်မနေမို့ တက်လိုက်ရတယ်တဲ့၊ ဟိုမှာပြီးတာနဲ့ ဒီကိုတန်းလာမယ်လို့ပြောတယ်'

'သားကတော့ကွာ၊ လုပ်ချလိုက်ပြန်ပြီ၊ အလုပ်ကိုဦးစားပေးခဲ့တာ ဟိုမှာကတည်းက အကျင့်ဆိုတော့လည်း ခက်သားလား၊ ဒါပေမဲ့ အခုဟာက…'

ဦးဘုန်းထက်က စကားကိုဖြတ်၍…

'မြတ်နိုးရေ… ဒါဆိုရင်တော့ ကိုယ်တို့လေးယောက်ပဲ စားလိုက်ကြတာပေါ့၊ အလုပ်ကိစ္စဆိုတော့လည်း နားလည်ပေးရမှာပေါ့ကွာ'

အားလုံးဆာနေကြပြီဆိုတာ နှစ်သစ်ကူးသိသည်။ နှစ်သစ်ကူးဗိုက်ထဲမှာလည်း သံစုံအော်နေသဖြင့် ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်ကို မေတ္တာပို့မိ၏။

ဒေါ်မြတ်နိုး တူမဖြစ်သူကို လှမ်းကြည့်လိုက်တော့ နှစ်သစ်ကူးမျက်နှာက သိသာစွာတင်းမာလျက်…

လူကြီးသုံးယောက် စကားပြောနေကြပေမယ့် နှစ်သစ်ကူးကတော့ မသိမသာတိတ်ဆိတ်နေ၏။

ဒေါ်မြတ်နိုးလည်း တူမဖြစ်သူအတွက် စိတ်မကောင်း။ ထည်ဝါက အရင်ဒါမျိုးမဟုတ်ပါ။ အခုမှ ဘယ်လိုဖြစ်

သည်မသိ။ မိန်းကလေးရှင်မို့ မျက်နှာငယ်သလိုမျိုး ခံစားမိလာသလိုဖြစ်သော်လည်း အချစ်ဆုံးသူငယ်ချင်းများရဲ့သားနှင့်မို့ ဖြေသာသလိုဖြစ်နေမိ၏။

သူတို့လေးယောက် ထမင်းစားပြီးမှ ထည်ဝါရောက်လာ၏။ ဒေါ်မြတ်နိုးမျက်နှာ ပြုံးသွားတာကိုကြည့်၍ နှစ်သစ်ကူးမျက်နှာ မဲ့မိ၏။

မီးခိုးရောင်အနောက်တိုင်းဝတ်စုံနှင့် ဆံပင်တွေကိုမြင်ခဲ့ဖူးတဲ့ပုံစံအတိုင်း နဖူးမှ သိမ်းလှန်ဖြီးထားသည့် မျက်နှာက ဖျူကာနှုတ်ခမ်းများက စိုရဲနေ၏။

'အားလုံးကို တောင်းပန်ပါတယ်၊ ဘယ်လိုမှမသွားလို့ မကောင်းတဲ့ပွဲမို့ တက်လိုက်ရတာပါ'

ဦးဘုန်းနွေက…

'ဖေဖေတို့က အကြောင်းမဟုတ်ဘူးလေ သား၊ မြတ်နိုးနဲ့ သမီးလေးကို အားနာစရာ'

သူက အခုမှ နှစ်သစ်ကူးကို ကြည့်မိ၏။ နှစ်သစ်ကူးက မကျေမနပ်အကြည့်နှင့် မျက်လွှာပင့်အကြည့် သူ၏ စူးစူးရှရှ အကြည့်နှင့်ဆုံ၏။

အန်တီလေးက ချောင်းတစ်ချက်ဟန့်၍…





'ထည်ဝါ… သား ဒီမှာ အချိုပွဲစားပါဦးလား'

'တော်ပြီ… အန်တီလေး၊ ကျွန်တော် ဗိုက်ပြည့်နေလို့၊ နောက်နေ့တွေမှ အန်တီလေးလက်ရာ အမြဲလာစားမှ အန်တီလေး မောင်းမထုတ်နဲ့နော်'

'မထုတ်ပါဘူးတော်၊ မင်းပဲ လာဖြစ်အောင်လာပါဦး'

အားလုံးသဘောကျပြီး ဝိုင်းရယ်နေကြသော်လည်း ဟိုချာတိတ်မမျက်နှာကတော့ ခပ်တင်းတင်း။ သူပခုံးတွန့်မိ၏။ ချာတိတ်မပုံစံလေးကိုက ခေါင်းမာမယ့်ပုံစံ။ သူမလေးကို လူကို မမြင်မတွေ့ရသေးခင် ဒေါ်မြတ်နိုးက သူမရဲ့ဓာတ်ပုံများကို ပြထားသဖြင့် ရင်းနှီးနေတာလည်း ကြာပြီ၊ စိတ်လည်းဝင်စားပါသည်။ လူကိုယ်တိုင်မြင်ရတော့ အပြင်မှာပို၍လှပ၍ ဆွဲဆောင်မှုရှိတာကို သိရ၏။ ဂျစ်တစ်တစ်မာကျောကျောပုံစံလေးကို သဘောကျမိ၏။ သူမလေးနှင့် ထည်ဝါတို့ တော်တော်လေးညှိယူရဦးမှာပါပဲ။ အန်တီလေးက သူမကို ဘာမှကြိုပြောမထားဘူးဆိုတာ သူသိ၏။

ဦးဘုန်းနွေက…

'မြတ်နိုးရေ… ဒီနေ့မိသားစုလည်းဆုံတုန်း တို့တွေကတိစကားတွေ ထားခဲ့ကြတာတွေကို ဆွေးနွေးမှဖြစ်မယ်'

ဦးဘုန်းနွေက ဩဇာသံပါတဲ့ သူ့အသံကို မြှင့်ပြော
စကားစလိုက်၏။

ဒေါ်မြတ်နိုးက…

'ရတယ်ကိုဘုန်း… ပြောစရာရှိတာပြောပါ'

တကယ်တော့ ဒေါ်မြတ်နိုးနှင့် ဦးဘုန်းနွေတို့မိသားစုက
ဟိုမှာ ဆုံတွေ့ကတည်းက တိုင်ပင်ထားပြီးသားပါ။ တူမဖြစ်သူ
တဖွတ်ထိုးဆန်တတ်သဖြင့် ကြိုတင်ပြောမပြထားခြင်းဖြစ်သည်။

'ထည့်ဝါ… သား'

'ဗျာ'

ဖခင်ဖြစ်သူကို သူ အရမ်းလေးစားသည်။ ဖခင်ဖြစ်သူ
က စီးပွားရေးလောကမှာ နာမည်ကြီးပြီး အောင်မြင်ထင်ရှားလာ
ပြီး သူက ဖခင်ဖြစ်သူ၏လုပ်ငန်းများမှာ ဝင်ရောက်လုပ်ကိုင်ပေး
သာဖြစ်သည်။ ဦးဘုန်းနွေသည် နိုင်ငံခြားတိုင်းပြည်ကိုရောက်
သော်လည်း သောက်စားပျော်ပါးမှုမရှိ။ မိမိအိမ်သူဇနီးမယားကို
သာ သေတစ်ပန်သက်တစ်ဆုံး ရိုးမြေကျပေါင်းဖက်သည့် လူစား
မျိုးဖြစ်သဖြင့် ဖေဖေဦးဘုန်းနွေ၏စကားသည် သူ့အတွက် လိုက်
နာရမည်ဆိုတာ ယုံကြည်ထား၏။ ယခု သူ့စီးပွားရေးလုပ်ငန်းများ
မှာတောင် ဦးဘုန်းနွေရဲ့ အကြံဉာဏ်အများကြီးပါဝင်ရသေး၏။





'သားကို ဖေဖေ စကားဦးသန်းထားပြီးပြီ၊ မြန်မာပြည်ကို
ပြန်ရမယ်၊ မြန်မာမိန်းကလေးနှင့်ပဲ လက်ထပ်ရမယ်၊
မြန်မာပြည်မှာ ခေါင်းချမယ်ဆိုတာ'

ထည့်ဝါက ဦးဘုန်းနွေစကားများကို စိတ်ဝင်စားစွာ နား
င်နေမိရင်း နှစ်သစ်ကူးကို စူးစိုက်ကြည့်မိ၏။

သူမကတော့ ဘယ်သူ့ကိုမှမကြည့်။ ဂရုမစိုက်စွာ နီရဲနေ
ည့် ပန်းသီးတစ်လုံးကို လှမ်းယူပြီး ငြိမ်သက်နေ၏။

'ဒီကို ဖေဖေတို့အားလုံးမလာခင်ကတည်းက မြန်မ
ပြည်မှာ သားအတွက် ရည်စူးထားပြီးသားမိန်းကလေးရှိ
တယ်ဆိုတာ သားကို အသိပေးထားပြီးသားဆိုတော့ မင်္ဂ
လာကိစ္စမှာ သားဘက်က ကန့်ကွက်ဖို့မရှိဘူးလို့ ဖေဖေ
ထင်တယ်၊ ဟုတ်ရဲ့လား'

အခုထက်ထိ နှစ်သစ်ကူးက မိမိနှင့်မဆိုင်သလိုမျိုး ငြိမ်
တ်နေဆဲ။

'သမီးနှစ်သစ်ကူးဘက်ကရော…'

'ရှင်… အန်ကယ်…'

'သမီးနားမလည်ဘူးထင်တယ်၊ မြတ်နိုးကလည်း ဘာမှ
ပြောမထားရသေးဘူးနဲ့ တူတယ်'

'ဟုတ်တယ်ကိုဘုန်း၊ အပြစ်တင်ရင်လည်း ခံ

ကျွန်မ ပြောပြမထားရသေးဘူး'

အရိပ်ပြရင် သူ့တူမ အကောင်ပေါ်သင့်ပြီပေါ့။ ထ

ဆိုတဲ့လူကို ယူချင်တဲ့သူ၊ သမက်တော်ချင်တဲ့သူတွေ ဒုနှင့်

ဒေါ်မြတ်နိုးလည်းပါဝင်၏။

နှစ်သစ်ကူး… သူမကို ဦးဘုန်းနွေလှမ်းမေးမှ

မျက်နှာ မော့လာ၏။ ယင်းနောက် အဒေါ်ဖြစ်သူကိုလည်း ထိတ်

စွာ လှမ်းကြည့်လိုက်ပြီးမှ တစ်လုံးချင်းစီ သူမနှုတ်ဖျားမှ

'အန်တီလေးက စီစဉ်ထားပြီးမှ သမီးကိုအသိပေး

လား၊ ဒါမှမဟုတ် သမီးကို ရွေးချယ်ခွင့်ပေးတာ

အန်တီလေး'

ထင်မှတ်မထားသည့်မေးခွန်းမို့ အားလုံးက သူမမျက်

ကိုကြည့်ကုန်ကြ၏။

ထည်ဝါဆိုတဲ့လူကလည်း စူးစိုက်ကြည့်၏။

မှတ်ထား… ရှင်ကြီးက ကိုယ့်ကိုယ်ကို အထင်ကြီး

လား။ လူကြီးတွေ အကူအညီနှင့်များ သူမကို လွယ်လွယ်ရ

ထင်ရင် မှားသွားမှာပေါ့ကွယ်။

သူမကိုကြည့်နေသည့်သူ့ကို စူးစိုက်ကြည့်၍ မျက်





ကျွန်မက အခုမှမြင်ဖူးတဲ့ယောကျ်ားတစ်ယောက်ကို ချက်

လက်ခံလိုက်မယ်လို့ ထင်နေသလား။

သူကလည်း ရိပ်မိစွာဖြင့်…

'ဒီကိစ္စကို ကျွန်တော်တို့ အချိန်နည်းနည်းယူသင့်တယ်

ဖေဖေ'

'ဟင်'

ဒေါ်မိုးတိမ်က…

'သား… မင်း နှစ်သစ်ကူးကို…'

'မေမေ… ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နှစ်ယောက် ညှိဖို့

အချိန်ပေးပါလို့ ကျွန်တော်ပြောချင်တယ်မေမေ၊ နှစ်သစ်

ကူးဘက်က ဘာမှမသိသေးလို့ သူ့ကိုလည်း အချိန်ပေး

သင့်တယ်မေမေ'

သူမခတ်ပုံမြင်ကလည်း သဘောကျတာကို အမေဖြစ်သူ

၍ ဒေါ်မြတ်နိုးက တူမဖြစ်သူရဲ့ တင်းမာနေတဲ့မျက်နှာကို

ျနပ်။

'နှစ်သစ်ကူး'

'ရှင်… အန်တီလေး'

'အန်တီလေးဟာ သမီးမေမေမရှိတော့ကတည်းက သမီး

ကို ပြုစုစောင့်ရှောက်ခဲ့တာ သမီးအသိနော်'

ဒေါ်မြတ်နိုး စကားပြောနေရင်းမှာ အသံများတိုးဝင်

သဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ရင်း…

'သမီးဟာ အန်တီ့စကားကို အမြဲနားထောင်ခဲ့တယ်

တာ အန်တီသိတယ်၊ အန်တီ အားလုံးရှေ့မှာ ပြော

တာကတော့ သမီးကို အန်တီ မောင်ထည်ဝါနဲ့ပဲ လ

ထပ်ပေးချင်တယ်ကွယ်၊ အန်တီ့စကားကို သမီး

ထောင်ပါ၊ နားထောင်မယ်လို့လည်း ထင်တယ်'

'မဖြစ်နိုင်ဘူး အန်တီလေး'

နှစ်သစ်ကူး မကျေမနပ်ဖြစ်၍ ထိုင်ရာမှထမိသည်

'သမီး… ပြန်ထိုင်စမ်း'

ဒေါ်မြတ်နိုးက အသံမာမာဖြင့်ပြောလိုက်၍ နှစ်သစ်

မကျေမနပ်ပြန်ထိုင်သည်။

နှစ်သစ်ကူး၏မျက်နှာလေးမှာ ရှက်စိတ်ကြောင့် နီ

သွားပြီး ရှေ့မှာထိုင်နေသည့် ထည်ဝါ့ကိုလည်း မျက်စောင်း

၏။

'အန်တီမြတ်နိုး… နှစ်သစ်ကူးနဲ့ကျွန်တော်ကို ဆွေး

ခွင့်ပြုပါ'





'အေး… အေးကွယ်၊ ဆွေးနွေးပါ၊ လူငယ်ချင်း ပွင့်ပွင့်

လင်းလင်းပေါ့'

နှစ်သစ်ကူးစိတ်ထဲတွင် ဒီကလည်းပြောချင်နေတာနှင့်

အတော်ပဲဟုမို့ ရှေ့မှနေ၍ ခြံထဲဆင်းမိ၏။ လူကြီးနှစ်ယောက်ကို

အားနာမိ၏။ အန်တီလေးရဲ့ နိုင်ငံခြားသစ်ခွပင်တွေရဲ့ အိမ်လေး

အားမှာ ခုံတန်းလေးရှိသဖြင့် ထိုနေရာမှာ ထိုင်လိုက်ရင်း…

'ဒီမှာ ရှင်ကြီးကို လုံးဝလက်မထပ်ဘူးနော်'

'ကိုယ်ကတော့ အခုမှ ဆုံးဖြတ်ချက်ပိုခိုင်မာသွားတယ်၊

မင်းကို ဒီလထဲမှာ လက်ထပ်ဖြစ်အောင် လက်ထပ်မယ်'

'ရှင်… ရှင်'

သူမဒေါသဖြစ်လွန်းသဖြင့် အသားများတဆတ်ဆတ်တုန်

နေပြီး စကားသံထွက်မလာဘဲ မျက်ရည်များကျနေမိပြီး နှုတ်မှ

'ရှင့်ကိုမုန်းတယ်'

'ကိုယ်ကလည်း မင်းကိုမချစ်ပါဘူး'

'ဟင်'

'ဒါပေမဲ့ သေချာတာကတော့ ကိုယ် မင်းကိုပဲ လက်ထပ်

မှာ၊ အကြောင်းက ကိုယ်ကကိုယ့်အဖေရဲ့စကားကို တစ်

သဝေမတိမ်းနားထောင်တယ်'

'ဟွန်း'

သူပြောပုံက ဒီကပဲ လူကြီးစကား နားမထောင်တဲ့ပုံ။

'ဟုတ်တယ်၊ ဘာဖြစ်လဲ ကျွန်မကတော့ လူကြီးစကား နားထောင်ပြီး ကိုယ်မချစ်တဲ့လူနဲ့ လက်မထပ်နိုင်ဘူး'

သူ့ကိုရှေ့မှာထားပြီး မချစ်ဘူး၊ လက်မထပ်ဘူးပြောနေသည့် ကောင်မလေးကို ကြည့်မိသည်။ အိမ်မှာနေရင်းပင် ဘာမှ လိမ်းခြယ်မဖြီးလိမ်းဘဲ သဘာဝအတိုင်း ပြောင်ချောနေတဲ့မျက်နှာလေးနှင့် ရွှေရောင်ဆံနွယ်များကို ခပ်မြင့်မြင့်လေး ခေါင်းစည်းကြိုးလေးနှင့် စည်းထားသောကြောင့် ဖြူစင်သော ကုပ်သားဝင်းဝင်းလေးကို အထင်းသားမြင်နေရ၏။ ရှည်၍ သွယ်လျသော လည်ပင်းအရစ်ကလေးများပါသော လည်တံနှင့် ရွှေရင်မို့မို့၊ ခါးသေးသေးနှင့် ဖွဲ့စည်းထားသော ကိုယ်လုံးကိုယ်ထည်နှင့် ကလေးဆန်သလိုနှင့် တစ်ခါတစ်ရံ ရင့်ကျက်ပုံစံလေး ဖမ်းထားသော မျက်နှာလေးက ဆွဲဆောင်မှုရှိနေပြန်သည်။

သူမ ချောပါသည်၊ လှပါသည်။ ချောတယ်လှတယ်ဆိုတာတွေထက် ပို၍ဆွဲဆောင်မှုရှိပါသည်။

သူမကို ထည်ဝါ စမြင်ဖူးလိုက်ကတည်းက ရင်ထဲမှာ အမျိုးအမည်မသိတဲ့ အရာလေး လှုပ်ခါသွားမိသည်။





ဒါဟာ သူမကို ချစ်တဲ့အချစ်လား။

ရှေ့မှာကောင်မလေးက သူ့ကို မချစ်ပါတဲ့။ မုန်းတောင် မုန်းနေသေးတယ်။

သေချာတာကတော့ နှစ်သစ်ကူးဆိုတဲ့ ချစ်စရာကောင်မလေးကို သူ လက်လွှတ်အဆုံးအရှုံးမခံနိုင်။

နှစ်သစ်ကူး... တိုတ်ဆိတ်နေသည်။ သူ့ကိုကြည့်၍ ထပ်ပြောမိသည်။

'ပြော'

'ရှင်ကြီးကို လုံးဝလက်မထပ်နိုင်ဘူး၊ ကိုယ့်ကို မချစ်ပါဘူးလို့ပြောနေတဲ့သူကို လက်ထပ်ရင် ဘာဖြစ်သွားမယ်ဆိုတာ ရှင်လည်းကြားဖူးနားဝရှိမှာလို့ သတိပေးချင်တယ်'

'နှစ်သစ်ကူး... မင်းသိထားဖို့ကလည်း ကိုယ်က စီးပွားရေးသမားကွ၊ စိတ်ကူးတွေ သိပ်မယဉ်တတ်ဘူး၊ အရင်းအနှီးတိုင်မှာ အရှုံးအမြတ်ဆိုတဲ့ အရာနှစ်ခုပဲရှိတယ်ကွ၊ ကြားဖူးနားဝရှိထားသလို ကိုယ့်ကိုမချစ်တဲ့မိန်းမကို အရင်းအနှီးလုပ်သလိုမျိုးပဲပေါ့'

'ရှင်... ရှင်'

သူချစ်မိတဲ့စိတ်ကို သူမ မသိစေရဟု ဆုံးဖြတ်မိသည်။

'မင်းက ကိုယ့်ကို မချစ်သလို ကိုယ်ကလည်းချစ်နေ တာမှမဟုတ်တာ'

'ဟင်'

သူမက အံ့ဩဝိုင်းစက်သောမျက်လုံးများဖြင့် ကြည့်နေ၏။ ထည်ဝါ ဒီစကားတွေပြောဖို့ မရည်ရွယ်ပါ။ ကိုယ့်အပေါ်မှာ ခါးသီးမှုတွေ ပြည့်နေသည်။ သူမ ပုံစံကြောင့် ယောကျ်ားမာနဖြင့် စကားတွေ ထွက်ကျလာ၏။

'မင်းဘက်က တုံ့ပြန်မှုတွေကိုလည်း ကိုယ်မမျှော်လင့် ဘူး'

'ရှင်… ဘာပြောတယ်'

နှစ်သစ်ကူး သူ့စကားကြောင့် ဆတ်ဆတ်ခါသွားသည်။ ထည်ဝါက ဘောင်းဘီအိတ်ထဲမှာ လက်နှစ်ဖက်ထည့်ထားပြီး နှစ်သစ်ကူးကို ခပ်စူးစူးကြည့်ကာ…

'မင်းသိအောင် ကိုယ်ပြောပြမယ်'

နားမထောင်ချင်စွာဖြင့် မျက်နှာကို မှဲ့မိ၏။

'ကိုယ် ပထမဆုံး မိဘတွေရဲ့ဆန္ဒကို နားထောင်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ မိဘသဘောတူတဲ့ မိန်းမကို





ယူဖို့ဆုံးဖြတ်ခဲ့တာ၊ ချစ်တာတွေ၊ မုန်းတာတွေ သိပ်စိတ် မဝင်စားဘူးကွ၊ မင်းနဲ့ သဘောတူထားတာကို ဟိုမှာက တည်းက သိပြီးသား၊ ဖေဖေနဲ့မေမေတို့က မင်းကို လူကိုယ်တိုင်မမြင်ဖူးကတည်းက သမီးတစ်ယောက်လို ချစ်နေကြတာ'

သူမပုံစံကြောင့် ထည်ဝါက ပခုံးတစ်ဖက်ကို ဟန်ပါပါ လှုပ်၍…

'ကိုယ်က ဆုံးဖြတ်ပြီးရင်ဖြစ်အောင်လုပ်တတ်တယ်၊ ကိုယ့်မိဘနဲ့ အန်တီမြတ်နိုး စိတ်ချမ်းသာအောင် မင်းကို ကိုယ်ရမှဖြစ်မယ်'

'ဦးထည်ဝါ… ရှင်… သိပ်ဘဝင်မြင့်ပြီး အပိုင်တွက် ထားတဲ့လူပါလား၊ ရှင်ကပြောတော့ ကျွန်မကလည်း ပြောလိုက်ဦးမယ်၊ ရှင်သေသေချာချာမှတ်သွား၊ နှစ်နှစ် မှာ ချစ်သူရှိတယ်၊ လူကြီးမိဘစကား နားမထောင်လို့ ငရဲရောက်မယ်ဆိုရင်လည်း ရောက်ပါစေ၊ ခွတ်စီစဉ်ရင် တော့ ကျွန်မ တစ်ခုခုလုပ်မိမယ်'

ထည်ဝါက သဘောကျစွာ ရယ်မောမိသည်။

'မင်းဘက်ကကိစ္စက မင်းအကြောင်းပဲလေ၊ စဉ်းစားပေါ့၊

မိန်းမတစ်ယောက်အတွက် သိပ်အလုပ်ရှုပ်မခံနိုင်ဘူးကွာ၊

အဲဒါကို မင်း သဘောပေါက်ထား'

သူ ချာခနဲလှည့်ထွက်သွားသည်။

နှစ်သစ်ကူး နှုတ်ခမ်းနှစ်ဘက်ကို ပေါက်မတက်ကိုက်ထားမိ၏။

ထည်ဝါတစ်ယောက် နှစ်သစ်ကူးကိုပြောပြီး ကောင်မလေးကတော့ ဘယ်လိုကျန်ခဲ့မည်မသိ။ သူကတော့ တမင်တကာ မခံချင်အောင်ပြောပြီး လှည့်ထွက်လာမိ၏။

ကိုယ့်မှာလည်း ယောကျ်ားမာနနဲ့ဆိုတာ နားလည်ထားစမ်းပါ။ မချစ်တတ်ခဲ့တဲ့ ထည်ဝါတစ်ယောက် အချိန်လွန်ပြီးတော့ ရောက်လာတဲ့အချစ်ကို ဖမ်းဆုပ်မိတော့လည်း အချစ်အတွက် လမ်းဟောင်းအတိုင်း မသုံးတော့ လမ်းသစ်ဖောက်ဖို့ နည်းဗျူဟာ စတင်ဖို့ အချိန်ရောက်ပြီ။ မင်းအသည်းဟာ တစ်နေ့မှာ ငါ့ကို ချစ်တတ်လာမယ်လို့ ငါ အတိအကျ ယုံမိတယ်။

မင်းနှင့်ကိုယ် ပြိုင်ပွဲဝင်ဖို့ ပြင်ဆင်ကြတာပေါ့။

စွမ်းအားအပြည့်နှင့် အချစ်အလင်းတန်းတစ်ခု မင်းဆီမှာ ရှိနေတာ ကိုယ်သိတယ်။

* * *





## အခန်း (၁၁)

ကျောင်း၏ဝန်းကျင်တွင် ကျောင်းသားကျောင်းသူများ ဟိုနားမှာတစ်စု၊ ဒီနားတစ်စုကို တွေ့ရသည်။

ဝင်လာသော သူတွေနှင့် ထွက်သွားသောသူတွေဖြင့် ရှင်သန်နေသည့် ပျိုးဥယျာဉ်ကြီးပမာ စည်ကားသက်ဝင်နေ၏။

ဒီနေ့ သူမ ကျောင်းကို စောစောရောက်နေမိသည်။ စိမ်းလန်းကို သတိရနေမိသည်။ အခုအချိန်ဆို စိမ်းလန်းက အရင်တစ်ယောက်နှင့် အဆင်ပြေနေမှာ အမှန်ပင်ဖြစ်မယ်။

မရှေးမနှောင်း ဆုမြတ်နှင့် မစပ္ပါယ်တို့ ရောက်လာကြ

သည်။ သူမတို့နှစ်ယောက် ဖုန်းဆက်၍ ကျောင်းတက်ဖို့ပြောနေကြသောကြောင့် ဖုန်းအဆက်အသွယ် ရှိကြ၏။ ကျောင်းမတက်တဲ့နေ့တွေမှာ သင်တဲ့လက်ချာတွေကို သူမတို့နှစ်ယောက် ပိုင်းကူးပေးထားကြသည်။

'နှစ်နှစ်ရယ်၊ ကျောင်းပျက်ရက်တွေ များနေပြီနော်၊ စာမေးပွဲကြီး နီးနေတာဆိုတာသိ မိန်းမ'

'စိတ်ညစ်လို့ပါဟာ'

'စိတ်ညစ်တာလည်း ညစ်ပေါ့၊ ကျောင်းပျက်လို့ စိတ်ညစ်တာတွေ ပျောက်သွားမှာမှမဟုတ်တာ၊ အိမ်မှာနေလို့ရော စိတ်ညစ်တာတွေ ပျောက်သွားလို့လား'

'မပျောက်တဲ့အပြင် စိတ်ညစ်စရာတွေပါ ထပ်ရနေတယ်ကွာ'

'ဟဲ့… ဘာဖြစ်လို့လဲ အိမ်မှာ'

'အန်တီလေးလေးပေါ့'

'အေးလေ… အန်တီလေး ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ ဒီလိုမှန်းသိရင် ငါတို့လာပါတယ်'

'မဟုတ်ပါဘူးဟာ၊ ဒီလိုဟာ ငါစိတ်ညစ်ရတဲ့အကြောင်းရင်းက…'





သူမနှင့် ထည်ဝါဆိုတဲ့ လူကြီးနှင့်ပတ်သက်မှုများကို ပြောပြမိ၏။

'ဟင်း… ဟင်း'

ဆုမြတ်နှင့် မစပွါယ်တို့ သဘောကျရယ်မောနေကြ၏။ နှစ်သစ်ကူးပါ ရောချ၍ရယ်မိ၏။

'အဲဒီ… ဘယ်သူ…'

'ဦးထည်ဝါ'

'ဦးထည်ဝါဆိုတဲ့ လူကြီးက ချောလား'

'မသိဘူး'

မစပွါယ်က…

'သြော်… ချောတဲ့လှတဲ့ လူတွေများကျတော့လည်း ဝမ်းဂိုး-တူးကမ်း၊ တစ်ယောက်သွား-နှစ်ယောက်လာလို ဖြစ်နေပါလား'

'မစပွါယ်နော် ဘယ်လိုဖြစ်နေတာလဲ'

'နင်… စိမ်းလန်းကို မမေ့နိုင်သေးဘူးလား'

ဆုမြတ်က…

'ငါ့ကြောင့်ပါနှစ်နှစ်ရာ'

'ဘယ်လို… နင့်ကြောင့်ဟုတ်လား'

နှစ်သစ်ကူး နားမလည်သလို မေးလိုက်သဖြင့်...

'ဟုတ်တယ်လေ၊ မန္တလေးက ငါ့ငယ်ရည်းစားကသာ လူကြုံမပေးလိုက်ရင် သူနဲ့နင်နဲ့ တွေ့စရာမလိုဘူး၊ နင် စိတ်ညစ်ရမှာလည်း မဟုတ်ဘူး'

'ငါ... မန္တလေးကိုဖုန်းဆက်ပြီး ပြောပြီးသွားပြီ၊ သူတို့ သူငယ်ချင်း အကျင့်မကောင်းတဲ့အကြောင်းကို စိတ်တို ပြီး ပြောထည့်လိုက်မိတယ်'

'သူတို့က နင့်ကို ပြန်ပြောလိုက်တယ်မဟုတ်လား'

'ဟုတ်တယ်... ယောကျ်ားကောင်း မောင်းမတစ်ထောင် တဲ့လေ၊ ငါလည်း စိတ်တိုပြီး နင်လည်းယောကျ်ား ကောင်းတစ်ယောက် မန္တလေးမှာလုပ်နေရင်တော့ နင်နဲ့ ငါလည်း ပြတ်ပြီလို့'

'ဆုမြတ်ရယ်... မဆီမဆိုင် နင်က ငါ့အတွက်နဲ့ လျှော့ရမ်းနေပြန်ပြီ'

'ဟုတ်တယ်လေ၊ နင်ခံစားနေရတာကို မကြည့်နိုင်ဘူး ကျောင်းမတက်ဘာမတက်နဲ့ ခံစားနေရတာကို စိတ် မကောင်းဘူးပေါ့ဟာ'

'အေးပါ သူငယ်ချင်းရာ၊ ငါ နောက်ကို ကျောင်းတက်





ပါ့မယ်၊ အိမ်မှာလည်း မနေချင်ဘူးကွာ၊ ဟုတ်ပြီလား'

'ပြီးတော့ နင့်အန်တီလေးက ကောင်းမယ်ထင်လို့ စီစဉ် တာကို မငြင်းကောင်းပါဘူးဟာ'

'ဟော့... ဆုမြတ်နော်၊ ဒါတော့ ကျုပ်သဘောပါ'

မစပ္ပါယ်က...

'ငါတို့နဲ့ တစ်နေ့လောက် ဆုံပေးပါလား'

'ကျောင်းပိတ်ရက် အိမ်ကို လာခဲ့ကြလေ'

'ဒီနေ့လည်း အိမ်ကိုလာမယ်ဆိုပြီး ဖုန်းကြိုဆက်ထား တယ်၊ ငါ တမင်နောက်ကျမှ အိမ်ကိုပြန်မယ်'

'ဟယ်'

'နှစ်နှစ်ရယ်... အန်တီလေး ဆူနေပါ့မယ်'

တကယ် ကျောင်းဆင်းပြီး အိမ်ပြန်ချိန် နှစ်နာရီလောက် နောက်ကျအောင် သူမ ရှုခင်းသာပန်းခြံထဲဝင်၍ အချိန်ဖြုန်းနေမိ၏။ စိမ်းလန်းကို လွမ်းတာလည်းပါသည်။ သူနှင့်လျှောက်လည် တာကို သတိရမိတဲ့စိတ်ဖြင့်...။ ဆုမြတ်ရဲ့ အိမ်အပြန်နောက်ကျ စိုးလို့သာ နှစ်ယောက်သားပြန်လာခဲ့ရတယ်။ အိမ်ပြန်ဖို့ နှစ်နှစ် တွေဝေနေမိ၏။ ဆုမြတ်က...

'နှစ်နှစ် ငါတို့ ကလေးတွေမဟုတ်တော့ဘူးကွာ၊ ငါ

မလိုက်ရင် နင်တစ်ယောက်တည်း စိတ်မချလို့ ငါအ
လိုက်ပေးနေရတာ၊ အန်တီလေး စိတ်ပူနေမယ်၊
ပြန်ကြရအောင်နော်… သူငယ်ချင်း'

သူမက သူ့ထက်ရင့်ကျက်တဲ့ ဆုမြတ်ရဲ့စိတ်ကို လေး
မိသည်။ ပျော့ညံ့တဲ့မိမိစိတ်ကိုလည်း အားမရ။

အငှားကားပေါ်မှာ တိတ်ဆိတ်စွာ မျက်ရည်ဝဲ၍ ပါ
သည့် နှစ်သစ်ကူးရဲ့ ပခုံးလေးကို ဖက်တွယ်၍…

'ဘာပဲဖြစ်ဖြစ် စိမ်းလန်းကို မေ့ပစ်လိုက်ပါတော့ကွာ'

သူမ မျက်ရည်များကြားမှ ခေါင်းညိတ်ပြမိသည်။

ဆုမြတ်က အိမ်ရှေ့ထိ လိုက်ပို့သည်။ အန်တီလေး
ခြံဝမှ ထွက်စောင့်နေ၏။ ဆုမြတ်က အန်တီလေးကို လက်လှ
ပြ၍ နှုတ်ဆက်သည်။

'အန်တီ… သမီးနောက်နေ့မှ လာလည်မယ်'

'အေး… အေး' ဟုဆိုကာ အန်တီလေး လက်လှမ်း
သည်။ အန်တီလေး ဘာမှမပြောဘဲ အိမ်ထဲတန်းဝင်သွား၏
အန်တီလေးနောက်မှ နှစ်သစ်ကူးအပြစ်ရှိသူတစ်ယောက်ပ
လိုက်ခဲ့မိ၏။

'ဟင်'





ဧည့်ခန်းမှာ စာစောင်တစ်ခုကို သဲကြီးမဲကြီး စိတ်ဝင်စား
ဖတ်နေသည့်သူ… ထည်ဝါ။

'နှစ်နှစ်… အဝတ်အစားလဲပြီးရင်လာခဲ့၊ ထမင်းစားဖို့
စောင့်နေတယ်'

သူမ ငြင်းမည်ကြံပြီးမှ အန်တီလေးရဲ့ အေးစက်မာကျော
သောအကြည့်ကြောင့် အလျှော့ပေးမိ၏။ စိတ်ထဲတွင် ထည်ဝါ့ကို
ကြိမ်းနေမိ၏။

ရှင်ကြီးရဲ့ အကြည့်ကိုလည်း မကျေနပ်ပါဘူး။ ဘာဆိုင်
သေးလို့ ဒီလိုကြည့်တာလဲ၊ ဘယ်တွေ လျှောက်သွားနေတာလဲ
ဆိုတဲ့ အကြည့်နှင့် ဟွန်း… ဝေးသေး… အမိန့်ပေးလို့မရဘူးဆို
တာ သိစေရမည်။

နှစ်သစ်ကူးဆိုတဲ့ မိန်းကလေးကလည်း ခေါင်းမာတဲ့နေ
ရာမှာ နှစ်ယောက်မရှိဘူးဆိုတာ ရှင် သိစေရမယ်။

အပျက်အပျက်နှင့် သူမနှင့် ထည်ဝါကိစ္စကို အန်တီလေး
တို့ စီစဉ်နေကြသည်။ စိတ်မဝင်စားသော်လည်း အန်တီလေးကို
စိတ်မညစ်စေချင်ပါ။ ဒီနေ့ညနေ လူကြီးစုံရာနှင့် လာစေ့စပ်ကြ
မည်။ သူတို့ဘက်က ဂုဏ်သရေရှိလူကြီးမိဘများနှင့် ညနေ ၄
နာရီမှာ လာကြမယ်။ အန်တီလေးက ရေခဲမုန့်နှင့် မုန့် ၅ မျိုးကို

ဟိုတယ်မှ လှမ်းမှာ၍ ကျွေးမွေးဧည့်ခံဖို့ လုပ်နေသည်။

နှစ်သစ်ကူးရဲ့ အချစ်ဆုံးအခင်ဆုံးသူငယ်ချင်းနှစ်ယောက် ကတော့ မနက်ကတည်းက ရောက်နေကြ၏။

'နှစ်သစ်ကူးရယ်… နင့်အတွက် ငါတို့ ဝမ်းသာလိုက် တာ'

သူမတို့နှစ်ယောက်က သူ့အတွက် ရင်ခုန်နေကြသည်။

'နှစ်နှစ်… နင်ရော ဝမ်းမသာဘူးလား'

'ဟင့်အင်း… ငါ စိတ်ညစ်တာပဲသိတယ်၊ စိမ်းလန်း ကို…'

ဆုမြတ်နှင့် မစပွါယ်က သူမစကားမဆုံးခင် ထအော် ကြသည်။

'တော်တော့နှစ်နှစ်၊ အခုချိန်မှာ သူ့ကို နင့်အတွေးထဲမှာ ထုတ်ထားပါ'

'သူ ငါ့အပေါ်မှာ အထင်လွဲသွားမှာ ကြောက်တယ်'

'သူက အရင်မှားတာလေဟာ'

ဆုမြတ်က ပြောရင်းမှ…

'ငါ ကိုယ်ချင်းမစာလို့ ပြောတာလည်းမဟုတ်ဘူးနော် နှစ်နှစ်၊ နင့်ဘက်ကလည်း နင့်အခက်အခဲနဲ့နင့်လေ'





'ဘာပဲဖြစ်ဖြစ်ဟာ ဦးထည်ဝါက သူ့ထက် အများကြီး သာပါတယ်ဟာ၊ ပညာမှာရော၊ စီးပွားရေးအရပါ အဖက်ဖက်က ပြည့်စုံပါတယ်'

'ဒါပေမဲ့ ငါမချစ်ဘူး'

'နောက်တော့လည်း သံယောဇဉ်နဲ့ ချစ်သွားမှာပါဟာ'

နှစ်သစ်ကူးရဲ့ နှုတ်ခမ်းလေးတွေ မဲ့နေပြီ။

ဆုမြတ်နှင့် မစပွါယ်လည်း ဘာမှမပြောတော့ပေ။

ဒီလိုနှင့် စေ့စပ်ပွဲလေး အဆင်ပြေခဲ့ရပြီ။ အန်တီလေး မျက်နှာမှာ စိတ်ချမ်းသာမှုတွေဟာ မဖုံးနိုင်မဖိနိုင်။ အန်တီလေး ချမ်းပျော်နေရှာပါသည်။ ပျော်ပါစေလေ။ ငယ်ငယ်ရွယ်ရွယ်နှင့် မိထောင်ရေးကို မစဉ်းစားဘဲ တူမဖြစ်သူကို စောင့်ရှောက်ခဲ့ သည်။ ဒီကျေးဇူးတွေ သူမမှာ ဆပ်မကုန်။ အန်တီလေးသာ မအနားမှာမရှိခဲ့ရင် သူမဘဝဟာလည်း မစဉ်းစားရဲပေ။

ထည်ဝါရဲ့မျက်နှာမှာလည်း အပြုံးတို့တွဲခိုလို့ စေ့စပ်တဲ့ မှာ သူကလည်း ရှင်းသန့်ချောမွေ့နေသလို နှစ်သစ်ကူးကတော့ ပြစရာမလိုတော့ပေ။

ဆုမြတ်နှင့် မစပွါယ်တို့က သူမမျက်နှာကို ညက်ညက် လေး ပြင်ပေးထားသဖြင့် နဂိုချောပြီးသား မျက်နှာဟာ နှ၍

ညက်ညောပန်းနုရောင်မင်းသမီးလေး ဖြစ်နေခဲ့၏။

ဟိုနေ့က သူနှင့်စကားများတဲ့ကိစ္စကြောင့် နှစ်သစ်ကူး သူ့ကို မကြည့်မိအောင်နေ၏။

ထည်ဝါက လှလည်။ သူမရဲ့ ရှောင်ဖယ်နေသော မျက်လုံးများ တစ်ခါတစ်ရံ ရောက်သွားရင်ပဲ သူက ဘာတတ်နိုင် သေးလဲပုံစံဖြင့်...

ဟွန်း... မုန်းဖို့ကောင်းစွ။

* * *





## အခန်း(၁၂)

ဒီနေ့ ကျောင်းကို နောက်ကျမှရောက်လာပြီး နှစ်သစ်ကူး ာမတစ်ချိန်လွတ်သွားခဲ့၏။ နှစ်နှစ်ရောက်တော့ မစပွါယ်က

'နှစ်နှစ်'

'ဘာလဲမစပွါယ်'

'ဟို...'

သူတို့ ပြောသင့်မပြောသင့် ဆုံးဖြတ်ရခက်နေပုံရသည်။ မြတ်က...

'ငါကတော့ မပေးချင်ဘူး၊ ဒီအချိန်မှာ၊ ဒါပေမဲ့... ရော့'

ဟုဆိုကာ သူမလက်ထဲ စာတစ်စောင်ထည့်ပေး၏။

'ဘာစာလဲ'

'စိမ်းလန်းလာပေးသွားတာ'

သူမ စာဖွင့်ဖောက်မိတော့...

"နှစ်နှစ်...

နှစ်နှစ်နဲ့ နှစ်ယောက်တည်း ခဏလောက်တွေ့ပါရစေ။

ကိုယ် ကျောင်းရှေ့က နှစ်နှစ်နဲ့ ထိုင်နေကျဆိုင်လေးမှာ စောင့်နေမယ်

၁၁ နာရီလောက်...

စိမ်းလ

'ဘယ်လိုလဲ နင်သွားမှာလား'

'အင်း'

'နှစ်နှစ်... နင့်မှာစေ့စပ်ထားတဲ့သူရှိနေပြီနော်၊ ငါတော့

သွားမတွေ့သင့်ဘူးလို့ထင်တယ်'

နှစ်သစ်ကူးက...

'သူနဲ့ငါ သေသေချာချာစကားပြောပြီး ပြတ်ပြတ်သ

သား ဆုံးဖြတ်ထားတာကို ပြောမလို့ပါ'

'နင်စေ့စပ်တဲ့သတင်းကို သတင်းစာထဲမှာ သူလည်

ဖတ်မိနေပြီးလောက်ပြီ၊ အခုမှ ဘာဖြစ်လို့ လာပတ်သ





နေပြန်တာလဲ'

နှစ်နှစ် စာလေးကိုစိုက်ကြည့်ပြီး ရင်ဆိုင်ကြုံတွေ့လိုက်ရသော အဖြစ်အပျက်ကို ပြန်စဉ်းစားနေမိသည်။

'သွားတွေ့လိုက်မယ်ဟာ၊ စိတ်ချပါ၊ ငါ လူကြီးတွေနဲ့ သူငယ်ချင်းတွေရဲ့ ယုံကြည်မှုကို မဖျက်ဆီးပါဘူး'

'အေး... နင်သွားရင်လည်းသွား၊ နင်တို့နဲ့မလှမ်းမကမ်းမှာ ငါတို့နှစ်ယောက် ရှိနေမယ်သူငယ်ချင်း'

သူမအပေါ် သံယောဇဉ်ကြီးလှသော သူငယ်ချင်းနှစ်ယောက်ကြောင့် ပြုံးမိသည်။

နှစ်သစ်ကူး ကျောင်းရှေ့ကိုရောက်ပြီး သိပ်မကြာခင်မှာပင် စိမ်းလန်းနှင့် ချိန်းထားသောဆိုင်သို့ရောက်လျှင်...

'နှစ်နှစ်... လာလေ... ထိုင်'

သူမက မထိုင်ဘဲရပ်နေသဖြင့်...

'နှစ်နှစ်ကို ဘာပြောစရာရှိလို့လဲ'

'နှစ်နှစ်ကို ကိုယ်... နှုတ်ဆက်ချင်လို့'

'နှုတ်ဆက်ချင်လို့...'

'ဟုတ်တယ် ကိုယ် သန်ဘက်ခါ နိုင်ငံခြားသွားတော့မယ်'

'ဟင်…'

နှစ်နှစ်သည် အာမေဋ္ဌိတ်သံတိုးတိုးလေးသာ ထွက်ပေါ်နိုင်ပြီး ကိုယ်ရပ်တည်နေသောနေရာမှာပင် အလဲလဲပြိုလဲသွားသလို ခံစားလိုက်ရသည်။ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းများဖြင့် ရုတ်ခြည်းမျက်ရည်ရစ်ဝိုင်းလာမိသည်။

ကိုယ်နှင့်ဘာဆိုင်လို့လဲဟု အားတင်းတွေးယူသော်လည်း မရ။ နှစ်သစ်ကူးရဲ့ကမ္ဘာထဲမှာ အခုမှ တကယ်စိမ်းလန်းပျောက်ဆုံးသွားတော့မှာ။

'ဘာသွားလုပ်မှာလဲ'

နှစ်သစ်ကူးအသံမှာ ရင်တွင်းမှ တုန်လှုပ်ခြင်းတွေကမဖုံးဖိနိုင်…

'အလုပ်လုပ်ရင်းနှင့် ကျောင်းဆက်တက်မှာ'

'ဒီမှာ ကျောင်းမတက်တော့ဘူးလား'

'ဟင့်အင်း'

'အစ်ကိုက စက်ဘ်ပူက လှမ်းခေါ်နေပြီလေ၊ ကိုယ်မသွားလို့မရတော့ဘူး'

'အကြာကြီးနေမှာလား'

'ပြောလို့မရသေးဘူး'





'နှစ်နှစ် စေ့စပ်လိုက်ပြီနော်၊ နှစ်နှစ်က ကိုယ့်ထက်ပြတ်သားပါတယ်'

'အင်း… အန်တီလေးတို့ စီစဉ်ပေးတာ'

'ကိုယ်ပြန်လာတဲ့အချိန်လောက်ဆိုရင်နော်… နှစ်နှစ်ကိုယ်ကလေးတွေနဲ့တောင် တွေ့ရမလား'

ခပ်သွေ့သွေ့ ရယ်မောပြောလာသော စိမ်းလန်းစကားကိုနှစ်သစ်ကူး ခြောက်ကပ်စွာ ရယ်မောပစ်လိုက်ရင်းက…

'ပေါက်ကရတွေ'

'မဟုတ်လို့လား၊ စေ့စပ်ပြီးရင် လက်ထပ်တာဆိုတာဘာမှမကြာတော့ဘူး'

နှစ်သစ်ကူး နှုတ်ဆိတ်၍သာ နေလိုက်သည်။ ဒါပေမဲ့စိမ်းလန်းလောက် နှစ်သစ်ကူး သူ့ကို ချစ်လို့ရမှာမဟုတ်ပေ။ စိမ်းလန်းနေရာမှာ အစားထိုးလို့ရမှာမဟုတ်ဘူးဆိုတာ စိမ်းလန်းသိအောင် ပြောပြမှာမဟုတ်ပေ။

'နှစ်နှစ်… ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာ'

'ဟင့်အင်း…'

နှစ်သစ်ကူး ခေါင်းခါငြင်းဆန်ပစ်လိုက်မိသည်။

'မဟုတ်ပါဘူး၊ တကယ်တော့… နှစ်နှစ်ကိုယ်တိုင်က စိတ်ခတ်ပျော့ညံ့ပြီး အစွဲအလမ်းကြီးလို့ ဖြစ်ရတာပါ၊ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး'

စိမ်းလန်းနှင့်သူမအတွက် အချိန်ဟာ မနက်ဖြန်တစ်ရက်လေးပဲ ရှိတော့တယ်။

စိမ်းလန်းကို နှစ်နှစ် အရမ်းချစ်ခဲ့ပါသည်။ သစ်စိမ်းချိုးချိုးခံလိုက်ရသဖြင့် အလူးအလဲခံစားလိုက်ရ၏။ နာကြည်းသော်လည်း မုန်းမရမေ့မရခဲ့။ သူ့အချစ်ကို သူမ ပြန်လက်ခံသင့်သလား… ဆိုတော့ မမျှော်လင့်ခဲ့ပါ။

သူ… နှစ်သစ်ကူးဆီပြန်လာခဲ့ဦးတော့ လက်မခံဟု နှစ်သစ်ကူး ဆုံးဖြတ်ချက်ချခဲ့သည်။

သူမလိုချင်ခဲ့တာ ဆက်ထုံးမဲ့သောကြိုးတစ်ချောင်း။ စိမ်းလန်းနှင့် နှစ်သစ်ကူးတို့နှစ်ယောက်အတွက် ဆုံစည်းခြင်းဆိုတာ ဒီဘဝမှာ မရှိနိုင်တော့ပဲလေ။

အခုတစ်ခါ ဝေးပြီးသား ဘဝနှစ်ခုက ပို၍ပို၍ ဝေးကွာကြရဦးမတဲ့။

မနက်ဖြန်ဝေးရမယ့်အကြောင်းကို သည်နေ့မတွေးချင်တော့ပါ။





'ရော့… နှစ်နှစ် စားဦး၊ အအေးလည်းသောက်'

သူမစားနေတာကိုကြည့်ပြီး…

'ထပ်စားဦးလေ'

'တော်ပြီ'

'နှစ်နှစ်ပျော်နေသလားဟင်'

နှစ်နှစ်က စိမ်းလန်းမျက်နှာကို လှမ်းကြည့်လိုက်မိသည်။ မျက်လုံးညိုညိုတွေက ပိုလို့မှုန်မှိုင်းနေကြသည်။

'ဘာဖြစ်လို့လဲဟင်'

'နှစ်သစ်ကူးမျက်နှာလေးကိုကြည့်ရတာ ပျော်နေသလိုပဲ၊ အပြစ်ကင်းတဲ့ ကလေးတစ်ယောက်လိုပဲ'

'တကယ်လည်း နှစ်နှစ်က အပြစ်ကင်းခဲ့တာပဲလေ'

'ကိုယ်ကသာ…'

'အဲဒါတွေ မပြောပါနဲ့တော့၊ စိတ်ထဲမှာ ဘာမှအာဃာတ မရှိပါဘူး၊ ဒါတွေဟာ ဘယ်သူမပြုမိမိမှုပဲမဟုတ်ဘူးလား'

'မဟုတ်ဘူး'

စိမ်းလန်းက ခေါင်းကို ခါရမ်းလိုက်သည်။

'နှစ်နှစ် ကိုယ့်ကျောင်းကို လိုက်လာတဲ့နေ့ကို ကိုယ်မမေ့

ဘူး၊ နှစ်နှစ်ဆီက တန်ပြန်မှုတစ်ခု၊ ဒါပေမဲ့ နှစ်နှစ်ရဲ့ ခွင့်လွှတ်ခြင်းက ကိုယ့်အတွက် စိတ်ဒဏ်ရာပဲ'

'နှစ်နှစ်...စိမ်းလန်းကို စိတ်နာတာပဲ၊ ဒါပေမဲ့ မုန်းလို့မရဘူး၊ မေ့လို့လည်းမရဘူးလေ၊ အဲဒီတော့ ဒီအတိုင်းပဲ နေခဲ့တယ်၊ စိမ်းလန်းကို မမျှော်လင့်ပါဘူး၊ နှစ်သစ်ကူးဆိုတဲ့ မိန်းကလေးက ငယ်ငယ်ကတည်းက လိုချင်တာ ဆက်ထုံးမပါတဲ့ ကြိုးတစ်ချောင်းပဲ၊ ကိုယ့်အပေါ်မှာ ဘယ်တုန်းကမှ သစ္စာမပျက်ခဲ့တဲ့ ချစ်သူတစ်ယောက်လေ၊ စိမ်းလန်းနဲ့ကြုံတွေ့ရတဲ့အချိန်တွေမှာ အဖြစ်အပျက်တွေ အားလုံးအတွက် ကျေနပ်တယ်၊ နှစ်သစ်ကူးဆိုတဲ့ ကျွန်မက ဖြူစင်ခဲ့လို့၊ အပြစ်ကင်းခဲ့လို့၊ ချစ်သူကို တာဝန်ကျေခဲ့လို့ နောင်တကင်းကင်းနဲ့ စိမ်းလန်းနဲ့ ဖြတ်သန်းခဲ့တဲ့ ချစ်သူဘဝလေးကို နှစ်နှစ်သတိရလွမ်းဆွတ်နေမှာပါ၊ ဒါကြောင့် ကျေနပ်စရာကြီးပဲ'

စိမ်းလန်းနှင့် တို့ကို မမြင်နိုင်ခြင်းများက ဝေးကွာစေခဲ့တယ်။

စိမ်းလန်း နှစ်နှစ်စကားများကို အဝေးကိုကြည့်၍ နားထောင်နေသည်။





နှစ်သစ်ကူးရင်ထဲမှာ ပြောချင်တဲ့အကြောင်းအရာများ ပြောလိုက်ရ၍ ရင်ထဲမှာ ပေါ့သွားသည်။

ခဏကြာတော့ စိမ်းလန်းက နှစ်သစ်ကူးဘက်ကို မျက်နှာလှည့်လာသည်။ ပြီးတော့ နှစ်သစ်ကူးမျက်နှာကို ရွှန်းရွှန်းစားစား ငေးမောစိုက်ကြည့်၏။

'နှစ်နှစ်က သိပ်ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲနော်၊ နှစ်သစ်ကူးကို ကိုယ် ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ ဒီစကားလေးကိုတော့ အမြဲမှတ်ထားနော်'

နှစ်သစ်ကူး ညင်သာစွာခေါင်းညိတ်ပြလိုက်သည်။ ဒီစကားလေးက နှစ်သစ်ကူးရင်ထဲသို့ စမ်းချောင်းငယ်လေးလို စီးဝင်သည့်အလား အခုမှပိုလို့ ပြီးပြည့်စုသွားသလို ခံစားလိုက်ရ၏။ စိမ်းလန်းကို တို့အရှုံးမပေးဘူး။ တစ်ခုခုကို ရွေးချယ်လို့ရပေမယ့် တို့မမိုက်ပါဘူး။ စိမ်းလန်းကို နှစ်နှစ် ဘယ်တော့မှ မမေ့ပါဘူး။ တို့ စကားကို ရင်ထဲမှာသာ ပြောဖြစ်လေသည်။ ပြာလွင်သော ကောင်းကင်ပြာပြာကြီးကို နှစ်သစ်ကူးမော့ကြည့်နေတော့...

'အခုလို နှစ်နှစ်နဲ့ကိုယ်နဲ့တွေ့တာ နှစ်နှစ်ရဲ့တစ်ယောက် တွေ့သွားရင်ပြဿနာမတက်ပါဘူးနော်'

သူ့စကားကို နှစ်နှစ်ပေါ့ပါးစွာ ပြုံးရယ်ပစ်လိုက်ရင်း…

'သူနှင့် နှစ်နှစ်နှင့် စကားကြာကြာတောင် မပြောဖူးပါဘူး'

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် စူးနစ်စွာကြည့်နေတုန်းမှာပင် ဆုမြတ်နှင့်မစပ္ပါယ်ရောက်လာ၍

'နှစ်နှစ်… ကျောင်းလွှတ်နေပြီ၊ ပြန်ကြရအောင်'

စိမ်းလန်းက မစပ္ပါယ်တို့ကို…

'ဆုမြတ်နဲ့ မစပ္ပါယ်ကိုလည်း ကျွန်တော် နှုတ်ဆက်ပါတယ်၊ ကျွန်တော် သန်ဘက်ခါ နိုင်ငံခြားသွားတော့မှာမို့'

'ရှင်… ဟယ်'

'ဟုတ်လား'

သူမတို့မျက်နှာမှာ စိမ်းလန်းနှင့် နှစ်နှစ်ကိုကြည့်၍ စိတ်မကောင်းမိသော်လည်း ထည်ဝါဘက်ကနေ ဝမ်းသာသွားမိသည်။ တစ်ရန်တော့ အေးသွားပြီ။

ချစ်သူနှစ်ဦးကတော့ စိတ်မကောင်းခြင်းများစွာဖြင့် မျက်ဝန်းအိမ်များမှ မျက်ရည်များဝဲ၍…

နှစ်နှစ်သည် အိမ်သို့ရောက်တော့ တင်းထားရသမျှ





်းထဲဝင်၍ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျ၍ ငိုကြွေးပစ်တ်တော့သည်။ ပြီးတော့ စာအုပ်လေးဖွင့်၍…

သားကိုယ်စားဒိုင်ယာရီ…

ကိုယ်တကယ်ချစ်ရတဲ့ချစ်သူကို အပြီးစွန့်လွှတ်လိုက်ရပြီ။ သူနှင့် တစ်မိုးက်ထဲမှာ ရှိနေတယ်ဆိုတဲ့အသိနှင့် ဖြေသိမ့်နိုင်အောင်လည်း ဝေးလံတဲ့နေရာမှာ်တော့မယ့်သူအတွက် ကိုယ်ခံစားနေရပြီး ကိုယ်ကြေကွဲနေရပြီ။

သူသာ မာနမရှိခဲ့ရင်လည်းကောင်းသား။ ကိုယ်လည်း မာနတွေ မထားခဲ့ရင်င်းမှာ။ ဒါပေမဲ့ ကိုယ်လိုချင်တာ အကွေ့အကောက်တွေမပါတဲ့ ကြိုးဖြောင့်ဖြောင့်ချောင်း… ဒိုင်ယာရီ… ကိုယ့်နှလုံးသားကို နားလည်ပေးပါ။

စိမ်းလန်းနှင့် ပတ်သက်ပြီး နောက်ဆုံးကျရသော မျက်ရည်တွေပဲ်စေတော့။

နှစ်သစ်ကူးတို့ စာမေးပွဲကြီးကို အခက်အခဲမရှိ ဖြေဆိုနိုင်သည်။ ဆုမြတ်နှင့် မစပ္ပါယ်တို့က သူငယ်ချင်းကောင်းများပီသဖြင့် သူမရဲ့ လေနေသောစိတ်တွေကို ထိန်းမတ်၍ စာဝိုင်းကူတ်ပေးကြရင်းဖြင့် ပထမနှစ်စာမေးပွဲကို လွယ်လင့်တကူ ဖြေနိုင်ခဲ့၏။

ထိုအတောအတွင်းမှာ စိမ်းလန်းကိုလည်း ခေါင်းထဲမှာ းစားမေ့ပျောက်ထားခဲ့၏။

ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်အကြောင်းလည်း အန်တီလေး အ
မပြောခဲ့။

စာမေးပွဲကြီးပြီးတော့ အန်တီလေးက ထည်ဝါနှင့်သူ
ကိစ္စကို ပြောသောအခါ နှစ်သစ်ကူး ဝေ့တက်လာသည့် မျက်
တွေကို မျက်တောင်တွေဖြင့် ကာဖျတ်ဖျတ်ခတ်၍ သိမ်းဆည်း
ရသည်။

အံ့ဩမိခဲ့သော်လည်း ရှိစေတော့။ အန်တီလေး ကြ
သလိုသာလုပ်တော့ဟု သူမပြောမိသည်။

* * *





## အခန်း(၁၃)

နှစ်သစ်ကူး စိမ်းလန်းနှင့်လမ်းခွဲပြီးနောက်ပိုင်းများတွင်
မိစိတ်ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားခဲ့၏။ မိခင်ဖြစ်
သူ ဒေါ်သူဇာလိုအဖြစ်မခံနိုင်။ ဇနီးမယားနှင့် လူလားမမြောက်
သေးတဲ့ သမီးငယ်လေးကို စွန့်ခွာ၍ အသစ်ရှာသွားသော လူတစ်
ယောက်ကို လွမ်းဆွတ်သတိရပြီး တရိရိနှင့် စိတ်ထောင်းကိုယ်
ကြေဖြစ်ကာ သူမနှင့် လူ့လောကကြီးကို စွန့်ခွာသွား၏။ မိမိက
ထိုသို့အဖြစ်မခံနိုင်ပါ။ တကယ်လို့များ စိမ်းလန်းနှင့်သာဆို သူမ
အမေလိုများ ဖြစ်မလား။ အချစ်ကြီး၊ အစွဲလန်းကြီးတဲ့စိတ်ကို

ကြိုးစားဖျောက်လိုက်သည်။ ကျောင်းတက်စရာလည်းမရှိသေး။ ထို့ကြောင့် နုံးညံ့နေသောစိတ်ကို မာတင်းအောင် အက်ရှင်ရုပ်ရှင်ကားများကို ထိုင်ကြည့်နေ၏။ အပြင်သို့လည်း မထွက်မိ။

ဒေါ်မြတ်နိုးက ဖုန်းချလိုက်ပြီး ဗီဒီယိုကြည့်နေသည့် နှစ်သစ်ကူးကို လှမ်းခေါ်လိုက်သည်။

'ထည့်ဝါဖုန်းဆက်တယ်သမီး၊ မင်္ဂလာဝတ်စုံသွားရွေးဖို့ အန်တီလေးတို့ ကိုယ့်ဘာသာကိုယ် သွားမလား၊ သူပို့ပေးရမလားတဲ့၊ အန်တီလေးကတော့ လာခေါ်လိုက်ပါလို့ ပြောလိုက်တယ်၊ နောက်တစ်နာရီလောက်ဆို သူလာလိမ့်မယ်၊ အဝတ်အစားသွားလဲထား'

'ဟုတ်ကဲ့အန်တီလေး'

ဆေးစက်ကျရာ အရုပ်ထင်ရတော့မယ့်အဖြစ်။

ဟုတ်ကဲ့ဟု ပြောလိုက်သော်လည်း အဝတ်အစားမလဲသေးဘဲ ဗီဒီယိုခွေထိုင်ကြည့်နေပြီး ပေကပ်ကပ် ဂျစ်တစ်တစ် လုပ်နေလိုက်သည်။

အန်တီလေးက နှစ်သစ်ကူးကို စူးစိုက်ကြည့်ကာ ဘာမှမပြောဘဲ လှည့်ထွက်သွား၏။ တော်ရုံနှင့် မျက်ရည်မလွယ်တတ်ခဲ့





သော နှစ်သစ်ကူးမျက်ဝန်းမှာ မျက်ရည်ကြည်[illegible]လေးများ ဝေ့ကျန်ခဲ့၏။

မင်္ဂလာကိစ္စကတော့ အပျက်အပျက်နှင့် တကယ်ဖြစ်လာခဲ့ပြီ။ စိမ်းလန်းကို သတိရရင်းနှင့် နှစ်သစ်ကူး အိမ်ထဲမှာပဲ ပျင်းရိငြီးငွေ့စွာ နေခဲ့ရ၏။ မိမိက မချစ်တဲ့လူလက်ထဲမှာ ဘာတွေဆက်ဖြစ်ဦးမှာလဲ။

ပျင်းရိလေးတွဲ့စွာ ထိုင်ရာမှထပြီး ကြည့်ကောင်းရုံလေး ဆံပင်များကို ဖြီးသင်လိုက်ပြီး နဂိုဖြူနေပြီးသားမျက်နှာကို Revlon ပေါင်ဒါမှုန့်လေးကို pass လေးဖြင့် တို့ရုံဖြင့် ပြီးပြည့်စုံတဲ့ မျက်နှာလေး ဖြစ်သွားခဲ့ပြီ။ အမြဲ နှင်းဆီဖူးပုံစံ နှုတ်ခမ်းအိအိ ထွေးထွေးလေးကို Revlon က ထုတ်တဲ့ ဟောလိဝုဒ်မင်းသမီး ဟေလ်ဘာယ်ရီဆိုးတဲ့အရောင် ခရမ်းရောင်စိုရွှဲရွှဲလေးဆိုးလိုက်တော့ အရမ်းလှသွားပြီပေါ့။

အင်္ကျီဘာဝတ်ရရင်ကောင်းမလဲဟုတွေးပြီး ဘီရိုတံခါးကို ဖွင့်လိုက်တော့ ဖျတ်ခနဲ ဓာတ်ပုံလေးတစ်ပုံ အောက်ကို လွင့်ကျသွားတော့ သူမ လျှင်မြန်စွာကောက်ယူကြည့်လိုက်တော့ သူမနှင့် စိမ်းလန်းတို့နှစ်ယောက် လောကကြီးမှာ နှစ်ယောက်တည်းရှိသည့် ပုံစံမျိုးဖြင့် ရှုခင်းသာယန်းခြံမှာ တစ်ယောက်လက်တစ်ယောက်ဆုပ်

ကိုင်၍ တစ်ဦးနှင့်တစ်ဦး ပျော်ဝင်နေသည့်ပုံလေးဖြစ်သည်။

လွမ်းတယ် စိမ်းလန်းရယ်…

ရှင်ကတော့ ကျွန်မကို မေ့နေမှာပါ။

'သမီးရေ… မပြီးသေးဘူးလား'

သူမ ဘယ်လောက်ထိ အတွေးလွန်နေသည်မသိ။ အန်တီလေးအသံကြားမှ သံပတ်ပေးထားသည့် အရုပ်တစ်ရုပ်ပမာ။ တွေ့ရာဂါဝန်ရှည်တစ်ထည်ကို ယူဝတ်၍ ထွက်ခဲ့သည်။ ဆံနွယ်ခွေခွေများကိုတော့ ခေါင်းစည်းကြိုးတစ်ခုဖြင့် ခပ်မြင့်မြင့်လေးစီးလိုက်သည်။

အန်တီလေးက သူမဖြေသံမကြားသဖြင့် အခန်းထဲသို့ဝင်ကြည့်ပြီး သူမဘေးသို့ ရောက်လာကာ သူမစီးထားသောဆံပင်လေး စောင်းနေတာကို ပြန်တည့်ပေး၍…

'သမီးနှင့် ဒီဖေဒါရောင်ဖျော့ဖျော့လေးက အရမ်းလှတာပဲကွယ်၊ ဧည့်ခန်းထဲမှာ ထည်ဝါလေး ရောက်နေပြီ၊ သမီးပြီးရင်ထွက်ခဲ့တော့'

အန်တီလေးက ပိုက်ဆံတစ်ထပ်ထုတ်ပေး၍ သမီးဝယ်စရာရှိတာဝယ်ဟုဆိုကာ သူမရဲ့ပိုက်ဆံအိတ်ထဲသို့ ထည့်ပေးလိုက်၏။





ဝတ်စုံသွားရွေးတော့ ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်နှင့် ယှဉ်ျာက်မိတော့ သူမ ထည်ဝါ့ဘေးမှာ မှေးမှိန်နေသလိုခံစားရ၏။

ဒီထည်ဝါဆိုတဲ့သူဟာ ဘာကြည့်ကောင်းလို့ကြည့်ာင်းမှန်းမသိ။ သူ့မျက်နှာက အရောင်အဝါတစ်မျိုးမျိုး ဖြာက်နေသလိုလို။

နှစ်သစ်ကူးက သူ့အနားမှာ အလွန်သေးငယ်သော ဂျပုမး:သဖွယ် သိမ်ငယ်စွာခံစားလိုက်မိတာ အမှန်ပဲဖြစ်၏။

ထည်ဝါ့ပုံစံက ဘောင်းဘီရှည်အနက်၊ ဂျာကင်အနက်း အင်္ကျီလက်ရှည်နှင့် တစ်ကိုယ်လုံးမှောင်နေသော်လည်း ရှင်းန့်ဖြူနုနေ၏။

မင်္ဂလာဝတ်စုံလာရွေးတုန်းက စိတ်မပါခဲ့သော်လည်းယ့်ဝတ်စုံနှင့်အပြိုင် ကျန်တဲ့လူတွေရဲ့ဝတ်စုံတွေကပါ ငေးယူရာက်အောင် လှနေသဖြင့် စိတ်ဝင်စား၍ ကြည့်မိ၏။

တွေ့နေရမြင်နေရဆိုင်များတွင် ချိတ်ရောင်းနေကြသည့်တွေမဟုတ်တော့ဘဲ ရောင်စုံအသွေးစုံဆန်း၍ဖော်စပ်ထားသောင်းနှင့် အရောင်လေးတွေပေါ်မှာ ခံစားမိရသဖြင့် တဒင်္ဂအပူတွေလျော့သွား၏။

ဝတ်စုံရွေးပြီးကြတော့ ကားလေးက ရွှေတိဂုံဘုရား
တော်ရင်းမှ ပတ်မောင်းလာရင်း…

'နှစ်သစ်ကူး'

'ရှင်'

တိတ်ဆိတ်နေသော ကားထဲတွင် ထည်ဝါရဲ့ခေါ်သံ
နှစ်သစ်ကူးရဲ့ အလန့်တကြားထူးသံ ပေါ်လာသဖြင့် ထည်ဝါ
သဘောကျစွာ နှုတ်ခမ်းဖွင့်၍ပြုံးပြီး…

'ဘယ်လိုလဲကောင်မလေးရဲ့၊ ကိုယ်ခေါ်တာ တိုးတိုး
ပါ၊ ဘာတွေစဉ်းစားပြီး လန့်သွားတာလဲ'

သူ မထိတထိနောက်မိတော့ နှုတ်ခမ်းကိုစူ၍ မျက်နှာ
တင်းပြီး ကားကူရှင်ကိုမှီ၍ ကားပြတင်းမှတစ်ဆင့် အပြင်ဘက်
ကြည့်၍ နှုတ်ဆိတ်နေမိ၏။

ထည်ဝါ့စိတ်ထဲမှာ သူမရဲ့မတူမတန်ပုံစံကြောင့် မခံ
စိတ်တို့ ရုန်းကြွနေခဲ့သော်လည်း စိတ်ကို အတတ်နိုင်ဆုံး ထိ
သိမ်းလိုက်၏။

ဒီကောင်မလေးကို ဓာတ်ပုံလေးမြင်ကတည်းက စွဲလ
ခဲ့မိတဲ့ကိုယ့်အဖြစ်။ အချိန်တန်ရင် ကိုယ်နှင့်လက်ထပ်ရမှာ သူ
ဆိုတာသိထားတော့ ရင်းနှီးမှုရယူစရာမလိုဟု ထင်ခဲ့၏။





နှစ်သစ်ကူးကို အပြင်မှာတွေ့တော့ သူ စိတ်ဝင်စားမှု
ပိုခဲ့သည်။

ပိုင်ဆိုင်ခွင့်ရရှိခြင်းအတွက ကျေနပ်မိသော်လည်း အနာ
ဂတ်ကို တွေးကြည့်မိတော့ ရင်လေးသလို ဒါပေမဲ့ သူက ကိစ္စ
တစ်ခုကို မလုပ်ခင်မှာ ကြိုတင်စဉ်းစားတယ်။ စပြီးသွားရင်တော့
မဖြစ်မနေ ရအောင်လုပ်တတ်တဲ့ အကျင့်က ဟိုးကတည်းက
ထည်ဝါဆိုတဲ့ကောင်က ဘာမဆိုဖြစ်အောင်လုပ်ခဲ့လို့ အောင်မြင်
နေတာ။ သူ့ပုံစံ၊ သူ့ရုပ်ရည်၊ သူ့အလုပ်ကို မိန်းကလေးတော်တော်
များများက ကိုးကွယ်ချင်ကြတာ။ သူ့ဘေးက ကောင်မလေးက
တော့ သူ့ကို ရိုးရိုးပဲကြည့်တယ်၊ ဂရုမစိုက်ဘူး။

သူ ဒါကြောင့် ကောင်မလေးကို စိတ်ဝင်စားခဲ့တဲ့အချက်
ပဲ ဖြစ်တယ်။

ထည်ဝါက ကားကို ကန်တော်ကြီးစောင်းရှိ Royal
Hotel မှာ ရပ်၍…

'ကဲ… အမိ တစ်ခုခုစားမှဖြစ်မယ်'

'နှစ်နှစ်မစားချင်ဘူး'

ပေကပ်ကပ်ထိုင်၍ ဂျစ်ကျနေသည့် ကောင်မလေးကို
သူ့ဘက်က အလျှော့မပေးဖို့ ဆုံးဖြတ်၍…

'မင်းမဆာပေမယ့် ကိုယ်ဆာနေပြီ၊ မနက်ကတည်းက ဘာမှ မစားရသေးဘူး'

'မစားချင်ပါဘူးဆို'

'မင်းမဆင်းရင် ကိုယ်က ကားပေါ်ကနေ ဆင်းတဲ့နည်းတွေ ရှိတယ်နော်'

ဟုဆိုကာ နှစ်သစ်ကူးထိုင်တဲ့ဘက်ခြမ်းကို လျှင်မြန်သော ခြေလှမ်းများနှင့် ရောက်လာတဲ့သူ့ပုံစံနှင့် သူ့အပြုအမူကြောင့်…

'ဟာ… ဘာဖြစ်တာလဲ၊ ဖယ်ပေး၊ ကိုယ့်ဘာသာကိုယ် ဆင်းမယ်'

နှစ်သစ်ကူး မြန်မြန်မဆင်း၍မဖြစ်တော့။ သူ့ပုံစံကိုက ကားပေါ်မှ ပွေ့ချမည့်ပုံစံ။ အနိုင်လိုချင်သည့် သူ့ပုံစံကြောင့် ဒေါသထွက်ဝမ်းနည်းမိ၍ နှစ်နှစ် ဝေ့တက်လာသည့်မျက်ရည်တွေကို မျက်တောင်တွေ တဖျတ်ဖျတ်ခတ်၍ သိမ်းဆည်းပစ်ရသည်။ သူမမျက်ရည်ကို ဒီလူမြင်၍မဖြစ်။ ရှေ့မှ ဘောက်ဆတ်ဆတ်နှင့် သွားနေသည့် ကောင်မလေး ဂါဝန်လေး တလွှားလွှားနှင့် ဆံပင်ရှည်က နောက်ဘက်ခပ်မြင့်မြင့်မှ ပြောင်းနွဲ့စွာ ဝေ့ဝဲကျနေ၏။ ဆံပင်နှင့်အင်္ကျီစပ်ကြား ကုပ်သားဝင်းဝင်းလေးတွေကို အသည်းယားစဖွယ် တွေ့ရ၏။ သေချာတယ်၊ သူကတော့ ဒီကောင်မလေး





မှာ ကိုယ့်ရဲ့စိတ်တွေ နှစ်ဝင်နေပြီ။

စားပွဲထိုးဝိတ်တာကို မီနူးကြည့်၍ သူစားချင်တာမှာနေသဖြင့် နှစ်သစ်ကူးကိုရှေ့မှာ ရှိတယ်လို့တောင် မထင်ပါ။

ထည်ဝါ စကားမပြောဘဲ မှာထားတဲ့စားစရာများ ရောက်လာတော့ တစ်မနက်လုံး ဘာမှမစားထားသဖြင့် ဆာဆာနှင့် စားနေသည့်သူ့ကို နှစ်သစ်ကူး မျက်ဝန်းလေးတွေဖြင့် အံ့သြစွာရဲ့ စွာ ကြည့်နေတာကို သူသိ၏။

ထည်ဝါက သူ့ရှေ့မှ စားစရာများကို ချထား၍ မတုန်မလှုပ်ပုံစံနှင့် သူမပုံစံကိုကြည့်၍ မေးဆတ်ပြ၍ စားလေဟုပြောမှ သူမက စိတ်မပါစွာဖြင့် တို့ကနန်းဆိတ်ကနန်းစားနေသည်။

နှစ်သစ်ကူးက သူ့ကိုပြောချင်သည့်စကားလုံးများဟာ ရှေ့မှာထိုင်နေတဲ့ ထည်ဝါ့ပုံစံကြောင့် သူ့ကို အေးစက်စက်ကြည့်လိုက်ပြီး…

'စိတ်ကူးနဲ့လက်တွေ့ဟာ ဘယ်တော့မှ တစ်ထပ်တည်း မဖြစ်ဘူး၊ သူများကို မရရအောင်အနိုင်ယူချင်တဲ့ ရှင့်အတ္တတွေကို ကျွန်မ ဂရုမစိုက်ဘူး'

'မင်းဂရုမစိုက်သရွေ့ ကိုယ်ကပိုပြီးတော့ ဂရုမစိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ့်အပေါ်မခံစားတတ်

သလို ကိုယ်ကလည်း မခစားဘူး၊ မင်းထက် နောက်
ကောက်ဘယ်တော့မှ မကျစေရဘူးဆိုတာ မှတ်ထား'
'ရှင်ကြီးလည်း မှတ်ထား၊ ရှင့်အတ္တတွေထဲမှာ အလဲလဲ
အပြိုပြိုဖြစ်မယ့် မိန်းမလားဆိုတာ သိရအောင်'
သူတို့နှစ်ယောက် ဆွေးနွေးတိုင်ပင်တာလား၊ တိုက်ပွဲ
တစ်ခုကို စိန်ခေါ်မိကြတာလားမသိ။

တစ်ယောက်နှင့်တစ်ယောက် အေးစက်စွာ စူးစိုက်ကြည့်
မိကြ၏။

သူက စားပွဲပေါ်မှ စားလက်စများကို ချလိုက်၍
'ကျစ်' သွားကြားထဲမှ ထွက်သောအသံဖြင့်…
'စိတ်ဝင်စားဖို့ကောင်းတဲ့ ကစားပွဲတစ်ခုကို ကစားရတော့
မယ်လို့ ကိုယ်ထင်တယ်၊ ခက်ခဲတဲ့အလုပ်ကိုမှ ပိုကြိုက်
တယ်၊ စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်
ကို လက်ထပ်တယ်လို့မှတ်လိုက်၊ ဟွန်း… ကိုယ် မပျင်း
ရတော့ဘူးပေါ့၊ မင်းနဲ့လက်ထပ်လိုက်ရလို့'

အောင်မယ်… ပြောပုံကိုက တစ်စက်မှ အထင်ကြီးလေး
စားဖွယ်မရှိ။ သူ အပျင်းပြေဖို့ပဲ ကိုယ်က သူနှင့်ယူလိုက်ရမယ့်
အဖြစ်မျိုး။





နှစ်နှစ် သူ့ကို အေးစက်စက်ကြည့်နေတာကို သူ ထိ
မထင်ဂရုမစိုက်ဟန်ဖြင့်…

'မင်းငယ်ပါသေးတယ်ကွာ'

'ကိုယ့်ကို ရင်ဆိုင်ဖို့ ကြိုးစားလိုက်ဦး'

ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်က အရှုံးမပေးချင်တဲ့ယောကျ်ားပါ
သား။ နှစ်သစ်ကူး အံ့ဩမိသလို ပို၍လည်း ဒေါသဖြစ်သွားကာ
ားပွဲထိုးကို ကျသင့်ငွေရှင်းပေးနေသည့် သူ့ကို မစောင့်ဘဲ အမြင်
တော်စွာ သူ့ရှေ့မှ အရင်ထွက်သွားမိ၏။

ထည်ဝါသည် နှစ်သစ်ကူးပုံစံကိုကြည့်ကာ အတော်ပဲ
ယ်ချင်မိသဖြင့် နှုတ်ခမ်းကို ကိုက်ထားမိ၏။ စားပွဲထိုးလေးက
ားလည်စွာ ပြုံး၏။ သူများတွေက ကိုယ့်ပုံစံကို ရယ်မောကုန်ကြ
ပြီ။ သူကလည်း ကောင်မလေးနှင့်တွေ့ရင် ချောမော့နှစ်သိမ့်
ပွဲဆောင်မယ့် ကိုယ့်အပေါ် နစ်ဝင်ပျော်ကျလာမယ့် စကားများ
ပြောမိဘဲ စိတ်ဆိုးမယ့်စကားများကိုသာ ပြောမိ၏။ နှစ်သစ်ကူး
စိတ်ဆိုးပြီး မျက်လုံးများတလဲ့လဲ့၊ နှုတ်ခမ်းသားလေးများ တ
တော်ဆတ်တုန်တဲ့ပုံစံလေးကို သူ သဘောကျနေခဲ့သဖြင့် စိတ်ဆိုး
ယ့်စကားများသာ ပြောထွက်ခဲ့၏။

နှစ်နှစ်လေး မင်းအရမ်းဆိုးတယ်ကွာလို့လည်း တွေးမိ ၏။

စိတ်ဆိုးနေတဲ့မျက်နှာလေးဟာ ငေးချင်အောင်လှသည် သူမအလှနှင့် ညှို့နိုင်စွမ်းကိုလည်း ကျေနပ်ပီတိဖြစ်မိသည်။ ဘာမှ သေချာပြင်ဆင်ပြီး ထွက်လာတာမဟုတ်မှန်းလည်း ယောကျ်ား မျက်စိဖြင့်ကြည့်ရင် သိသာနေသော်လည်း မပြင်မဆင်ကပိုကရ လေး လှနေတာကပဲ ထူးခြားတဲ့ကောင်မလေးဖြစ်သည်။ ဒါ ကြောင့် သူမနှင့် ဆုံတွေ့လာခဲ့တဲ့ အားလုံးကို ကျေးဇူးတင်ပါ တယ်။ ကိုယ့်ကို ကြည်နူးစေတဲ့ မိန်းမဆိုးလေးပဲကွာ··· သေချာ တယ်။ ကိုယ့်ကို ကြည်နူးပျော်ရွှင်မှုစိတ်တွေ ပေးနေမှတော့ လက်လွှတ်ဖို့ မဖြစ်တော့။

သူ့ရဲ့ရင်ကို ချမ်းမြေ့ကြည်နူးစေတဲ့ နှစ်သစ်ကူးကို ပိုင် ဆိုင်ရမှာမို့ သူ့စိတ်ထဲမှာတော့ ဝမ်းသာနေတာ သူသာအသိ။

မနက်ဖြန် မင်္ဂလာညစ်ခံပွဲလုပ်တော့မည်။ မနက်ပိုင်း ဆီဒိုးနားဟိုတယ်မှာ ညစ်ခံပွဲလုပ်၍ ညပိုင်းကိုတော့ နှစ်နှစ်တို့ ခြံထဲမှာ ထပ်လုပ်ဦးမည်။ အန်တီလေးနှင့် သူ့မိဘတွေတိုင်ပင်ပြီး အကြီးအကျယ် စီစဉ်ထားတာဖြစ်၏။





ထည်ဝါ့ပုံစံ ခပ်ချောချောနှင့် မိမိကိုယ်ကို အထင်ကြီး နေတဲ့ပုံစံကြောင့် နှစ်သစ်ကူး ကိုယ့်ဘာသာကိုယ် လဲသေချင်စိတ် တွေ ပေါက်သွား၏။ စိမ်းလန်းရှိနေရင်တော့ မွဲပြီးသွားပြီပေါ့။ နှစ်သစ်ကူးချစ်တဲ့ ချစ်သူကိုပဲ လက်ထပ်မှာ။ ဒါပေမဲ့ ချစ်သူက ကိုယ့်အနားမှာမရှိ။ ဖြစ်ချင်ရာဖြစ် ဒီလိုရင်ဆိုင်ရမယ်မှန်း သိရင် စိမ်းလန်းကို မသွားခိုင်းခဲ့ပါဘူး။ တွေဝေသွားတဲ့စိတ်ကြောင့် မချစ်တဲ့သူရင်ခွင်ထဲ ရောက်ရတော့မယ်။

အခုတော့ ရှင်နိုင်ပါတယ်ထည်ဝါ။

ဒါပေမဲ့ ပွဲမပြီးသေးပါဘူး။ ဖြိုင်ပွဲက အခုမှစမှာ။ အစ ဖြိုင်ပွဲမှာ ရှင်နိုင်ပေမယ့် အဆုံးမှာ ဘယ်သူနိုင်မလဲဆိုတာ ရှင် စောင့်ကြည့်။ ရှင့်ကို အလဲထိုးပြီး ကျွန်မအနိုင်ယူပြမယ်။ ကိုယ့် အတွေးနှင့်ကိုယ် ဟုတ်နေ၏။

နှစ်သစ်ကူး ရင်မဆိုင်ချင်တဲ့မနက်ဖြန်ဆိုတာ ရောက်လာ ပြီ။ မိတ်ကပ်ပြင်မယ့်သူတွေ ရောက်နေပြီ။ သူမ ဘာမှမပြော သာဘဲ သူတို့ပြင်ဆင်ပေးသမျှကို လှုပ်ရှားတုန့်ရှိနေသော နှလုံး ခုန်သံတဒုန်းဒုန်းကြားမှ ခံနေရ၏။

လှုပ်ရှားနေတဲ့ နှလုံးခုန်သံဟာ တစ်သက်မှာတစ်ခါသာ

ကြုံတွေ့ရတဲ့ မင်္ဂလာပွဲကြောင့်လား၊ စိမ်းလန်းနှင့် ဝေးပြီဆိုတဲ့ အသိကြောင့်လား၊ အရှိန်အဝါတစ်မျိုးထွက်နေပုံရတဲ့ ဟိုပုဂ္ဂိုလ်ကြောင့်လား။

ရင်ခုန်သံတွေ မမှန်တာတော့ အတိအကျပဲ။

* * *





## အခန်း(၁၄)

'နှစ်သစ်ကူး'

'ဟင်'

သူမ ပြင်ဆင်နေတုန်းမှာ သူက ရောက်လာပြီး လက်ထဲမှာလည်း ဘူးတစ်ဘူးကိုင်ထား၏။

'နှစ်သစ်ကူး'

သူမက သူ့ကို မှန်ထဲမှပြန်ကြည့်မိပြီး မျက်လုံးဖြင့် ထူးဆိုက်မိတဲ့ပုံကို သူက နှုတ်ခမ်းကိုက်ကြည့်၍ ...

'ဒီမှာ မင်းဝတ်ဖို့'

ပစ္စည်းဘူးကို ဖွင့်ပြလိုက်တော့ နှစ်သစ်ကူးရဲ့မျက်ထ
တွေတောင် စူးရှသွားတယ်။ တလက်လက်တောက်ပနေတဲ့
လည်တုံနှင့် နားကပ်၊ ဆံထိုး၊ လက်စွပ်များ။

'အို… နေပါစေ၊ ဒီမှာရှိတဲ့ပစ္စည်းတွေပဲ ဝတ်မယ်'

သူက မပြောမဆိုနှင့် နှစ်သစ်ကူးနားကို ဖြုန်းဆိုဝင်ထို
၍ သူကိုယ်တိုင်ဝတ်ဆင်ပေးနေသဖြင့် ဒေါသထွက်မိတာကတ
မျိုး၊ နီးကပ်နေတဲ့ မျက်နှာနှစ်ခုရဲ့အနေအထားနှင့် တစ်ယော
ရဲ့အသက်ရှူသံတစ်ယောက် ကြားနေရသဖြင့် နှစ်သစ်ကူး ရှက်
၍ သူ့လက်များကို ပုတ်ထုတ်၍…

'ဖယ်ပေး… ကိုယ့်ဘာသာကိုယ်ပဲ ဝတ်တော့မယ်'

သူက နှစ်သစ်ကူးကို ဘာတတ်နိုင်သေးလဲပုံစံမျိုးဖြ
မထိတထိကြည့်နေသဖြင့် နှစ်သစ်ကူးမှာ ဒေါသများ ထွက်လွ
သဖြင့် မျက်နှာများ နီရဲ၍ နှုတ်ခမ်းသားများ တဆတ်ဆတ်တု
နေ၏။ သူမကို ကြည့်နေသည့်သူ့ကိုလည်း မျက်စောင်းအထ
ထပ် ထိုးနေမိ၏။

ထည်ဝါမှာလည်း ကလေးဆန်တဲ့ပုံစံကြောင့် ရယ်ချင်မိ
သော်လည်း အပြင်မှာတော့ မျက်နှာကိုတင်း၍ မသိချင်ယော
ဆောင်နေရ၏။





သူမသာ နဂါးမလေးဆိုရင် သူ ပြာကျနေလောက်ပြီ…
ှန်း။

နှစ်သစ်ကူးက ဖွတ်တရွတ်အတင်းအကျပ်ဆန်တဲ့ သူ့
ပြုအမူကြောင့် ရင်ထဲမှာ ခါးသက်မိသည်။ ကိုယ်လုပ်ချင်ရာ
ုပ်ပြီး သူတစ်ပါးမျက်နှာ မကြည့်တတ်တာ လူကြီးလူကောင်း
လုပ်လား။ ပြောတော့ဖြင့် လုပ်ငန်းကြီးကြီးကျယ်ကျယ်လုပ်နေ
တယ်ဆိုပြီး အချစ်နှင့်လက်ထပ်တာကို ဖွတ်တရွတ်လုပ်တတ်တဲ့
ူ့ပုံစံကြောင့် သူ့မျက်နှာကို ကြည့်ရတာ ရင်ထဲမှာ ခံစားချက်
ည့်လို့မရပါ။ သေချာတယ်၊ ဒီလူကို သူမ စိတ်မဝင်စားပါ။
ပေမဲ့ ထည်ဝါဆိုတဲ့ပုဂ္ဂိုလ်က သူမရဲ့ အမဲဦးနှုတ်အရှင်သခင်
ဖြစ်ခဲ့ရပြီ။ သူမတွေးရင်း ဘယ်လောက်ကြာတယ်မသိ။ အားလုံး
ပြီးစီးသွားပြီး လှပသောဆံထုံးကြောင့် မျက်နှာလေးဟာ ရှင်းလင်း
င်းပသွားသလို တစ်ခုချင်းစီ မျက်နှာအစိတ်အပိုင်းများကို အနု
တ်ခြယ်သထားသဖြင့် ရွှန်းလဲ့တောက်ပလို့နေသည့် မှန်ထဲမှာ
ေါ်နေသည့် ကိုယ့်ရုပ်သွင်တောင် ကိုယ်မမှတ်မိချင်။

'ကဲ… သတို့သား… သတို့သမီး အဝတ်အစားလဲမယ်၊
ခဏလောက်အပြင်ထွက်မယ်မဟုတ်လား'

အဲ… ဟုတ်ပါရဲ့။ သူလည်း သူမအလှမှာ ယစ်မူးပျော်

ဝင်နေ၍ သတိမေ့နေမိသဖြင့် အယောင်ယောင်အမှားမှားဖြ
အပြင်ထွက်တဲ့ပုံစံကြောင့် မိတ်ကပ်အဖွဲ့ ဝိုင်းရယ်ကြ၏။

'ကဲ… သမီး အရမ်းလှသွားပြီ၊ စိတ်တိုင်းကျရဲ့လား'

သူမ ခေါင်းညိတ်မိသော်လည်း စိတ်ထဲမှာ မင်္ဂလာ
မြန်မြန်ပြီးချင်နေပြီး စိတ်အိုက်စိတ်ရှုပ်လှသည်။

အဝတ်အစားလဲပြီးတော့ ထည်ဝါဝင်လာပြီး နှစ်သစ်ကူး
ရဲ့အလှကြောင့် ဂုဏ်ယူမိသလိုလည်း ဖြစ်မိ၏။

သူမအနားသို့လျှောက်သွားကာ သူက အနားသို့ကပ်က
နှစ်ကိုယ်ကြား… မင်းအရမ်းလှတယ်ကွာ…။

သူမက မျက်စောင်းထိုးမိသွားကာ နှုတ်ကတော့ သွား
လိုက်ပါလားဟု ပြောမိပြီး စိတ်ထဲမှာတော့ ကျွန်မရဲ့အလှက
မြင်တတ်တဲ့ရှင့်ကို ကျေးဇူးတင်ပါတယ်။

ထည်ဝါ့ပုံစံကလည်း အနီရဲရဲနှင်းဆီတစ်ပွင့်စိုက်လျက်
ဖြူလွသည့် အနောက်တိုင်းဝတ်စုံကို ဝတ်ထား၏။

ဖြူနုရှင်းသန့်နေသော မျက်နှာက ဆံပင်တွေကို နဖူးမှ
သိမ်း၍ လှန်ဖြီးထားပြီး ပိုမိုခန့်ညားနေ၏။

နှစ်သစ်ကူးကလည်း တစ်ကိုယ်လုံး ဖြူဆွတ်ပြီး ပလက်
တီနမ်နှင့်စိန် ရောထားသော နောက်ဆုံးပေါ်ဒီဇိုင်းဆန်းလက်ဝတ်





တနာများနှင့် အရမ်းကို လိုက်ဖက်ညီပါသည်။

နံ့သာရောင်ဝတ်စုံနှင့် အန်တီလေးကလည်း ဝင်လာ၍…

'သမီးလေးရယ်… အရမ်းလှတာပါပဲကွယ်၊ အန်တီ
လေး သမီးလှတာ၊ စိတ်ချမ်းသာတာကိုကြည့်ပြီး ပြော
မပြတတ်အောင် ဝမ်းသာလှပါပြီကွယ်'

'မှားနေပြီအန်တီလေး၊ သမီးစိတ်ချမ်းသာတယ်ထင်လို့
လား'

သူမ အန်တီလေးကို တိုးတိုးလေးပြောမိတော့…

'သမီး… ဒီအချိန်မှာ ကျန်တာတွေ ခေါင်းထဲကထုတ်
ထားလိုက်တော့နော်… ဟုတ်ပြီလား'

သူမ အန်တီလေးပြောတာကို ဘာမှပြန်မပြောဖြစ်ခဲ့ပေ။
ကြောင့်လဲဆိုတော့ ထည်ဝါက သူမအနားသို့ ကပ်လာလို့ပဲ။
င်ဆင်ပြီးသွားပြီဖြစ်နေတဲ့ နှစ်သစ်ကူးရဲ့လက်ဝါးကို ဆုပ်ကိုင်
ကိုသဖြင့် သူမ လျှင်မြန်စွာလက်ကို ရုန်းထွက်လိုက်သော်
ည်း မရတော့ပါ။ ထည်ဝါရဲ့ သန်မာလှတဲ့ လက်ဝါးကြားမှာ
မလက်လေး နစ်မြုပ်နေခဲ့၏။

ထည်ဝါဘေးမှ သူမကဒို ကြည့်လိုက်တော့ ဒေါသမျက်
န်းတစ်စုံကို နီးကပ်စွာတွေ့ရသည်။

သူမလက်ဖဝါးပြင်မှတစ်ဆင့် အမျိုးအမည်မသိ ခံစား ချက်တို့ ရင်တွင်းသို့ ဝင်လာ၏။ ဒေါသမျက်ဝန်းကို ဟန်ဆောင် ဒေါသမျက်ဝန်းနှင့်ပဲ တုံ့ပြန်မိခဲ့၏။

နှစ်သစ်ကူး၏ ဒေါသအမုန်းများသည် ထိုသူတစ် ယောက်ကိုသာ…

ဟိုတယ်ထဲမှာတော့ ဂုဏ်သရေရှိလူကြီးမိဘများနှင့် ဆွေမျိုးမကင်းသူတွေ၊ နှစ်ဘက်အသိုင်းအဝိုင်းများနှင့် စည်ကား လျက်ရှိသည်။

စိန်ရောင်၊ ရွှေရောင်တလက်လက်တွေနှင့် နောက်ဆုံး ပေါ် အဝတ်အထည် အသားစချိတ်မျိုးစုံကို ဒီတစ်နေရာမှာ လေ့ လာလို့ရသည့်နေရာလို့လည်း သတ်မှတ်လို့ရသည်။ အဖိုးတန် ကားအကောင်းစားများကလည်း ဟိုတယ်ပတ်ပ ါလည်မှာ ခြံရံ ထား၏။

နှစ်သစ်ကူးသည် စိတ်ကိုအတည်ငြိမ်ဆုံးထား၍ မင်္ဂလာ အခါတော်ပေးသီချင်းသံဖြင့် သူ့လက်ကိုတွဲ၍ သတိထားကာ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်နေရင်းမှ စိမ်းလန်းနှင့်သာဆို ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးနေမိသေး၏။ ဓာတ်ပုံများ က တဖျတ်ဖျတ်၊ ဗွီဒီယိုရိုက်ကူးသူများနှင့်ဆိုတော့ တစ်သက်မှာ





တစ်ခါသာ ကြုံရသည့်မင်္ဂလာပွဲမို့ သူမ မျက်ရည်ဝဲမိ၏။ ပျော် ရွှင်သလိုလို၊ ဝမ်းနည်းသလိုလိုခံစားရ၏။ မြင့်မားလှတဲ့ အရပ် အမောင်းနှင့် ဘေးမှာ ခြံရံထားသည့် သူ့ကိုမော့ကြည့်မိတော့ မင်္ဂလာမောင်မယ်တွေထိုင်မယ့် စင်ပေါ်သို့ သူက တယုတယ နှစ်သစ်ကူးကို ခေါ်ဆောင်စေ၏။

မင်္ဂလာအခံများလည်း နှစ်သစ်ကူးမသိ။ သူ့ဘာသာ စီစဉ်သည်။ မင်္ဂလာပန်းကြဲပေးသူကလည်း မော်ဒယ်တစ်ယောက် ဆိုတာတော့သိသည်။ နာမည်မမှတ်မိ။ ထည်ဝါက မင်္ဂလာမုန့် ခွဲတော့လည်း တယုတယ။ ထိုအချိန်တွေမှာ မိန်းကလေးပီပီ သာယာမိသလိုတော့ ရှိမိ၏။ ထည်ဝါကလည်း သူ့ဘေးမှာ ပန်းပု ရုပ်ကလေးလို ထိုင်နေသည့် သူမလေးကို အသည်းယားမိ၏။ ရက်ရက်စက်စက်လှတာကိုတော့ ဝန်ခံရပါတယ်။ ဘေးနားမှာရှိ တဲ့ သူ့ကိုတော့ ရှိတယ်လို့တောင်မထင်တဲ့ သူမပုံစံကြောင့် ခံပြင်း မိသဖြင့် လက်ကိုတင်းသထက်တင်းအောင် ဆုပ်ကိုင်တော့မှ သူ့ကို လှည့်ကြည့်သည်။ သူက ခပ်တည်တည်ပြန်ကြည့်တော့ သူမရဲ့က လှမျက်နှာမှာ လှိုင်းဂယက်ခြင်းတရားတွေ ဖုံးလွှမ်းနေ တာကို သိလိုက်ရတော့ ရင်ထဲမကောင်း။

ကိုယ် ပည်း မင်းနားလည်အောင် ပြောပြမှာမဟာ

ဘူး။ နှစ်သစ်ကူး တင်းကျပ်စွာဆုပ်ကိုင်၍ ကြည့်နေသော သူ့ကြောင့် မျက်နှာလေးပြန်လွှဲထားရင်း ငြိမ်သက်နေခဲ့၏။

မင်္ဂလာခန်းမမှအထွက် ဧည့်သည်တွေကို နှုတ်ဆက် တော့ နှစ်ယောက်သား အိန္ဒြေမပျက်ကြပေ။ မင်္ဂလာပွဲ အောင်မြင် စွာ ပြီးဆုံးသွားပြီး ဗွီဒီယိုရိုက်ကူးသူများ တစ်လမ်းလုံးရိုက်ကြတာ အားမရသေးကြ။ အိမ်အထိရိုက်ဖို့ ပါလာကြသည်။

အန်တီလေးတို့အိမ်ကို သွားမယ်ထင်ခဲ့တာ သူ့အမှား။ ကားလမ်းကြောင်း ပြောင်းနေသဖြင့် သူမ သိချင်စိတ်ကို ထိန်းမရ တော့ဘဲ...

'ဒီမှာ'

သူက မကြားချင်ယောင်ဆောင်နေသဖြင့်...

'ဒီမှာ... ဦးထည်ဝါ'

'ကိုယ့်ကိုခေါ်တာလား'

'ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိတာ ရှင့်ကိုမခေါ်လို့ ဘယ်သူ့ကို ခေါ်ရမှာလဲ၊ ရှင် နားမလေးပါဘူး'

'ကိုယ်နားမလေးပါဘူး၊ အမေမွေးကတည်းက အားလုံး ပြည့်ပြည့်စုံစုံပါပြီးသားပါ၊ မင်းကြည့်တတ်ရင် မြင်မှာ ပေါ့'





'ရှင်နော် စကားအကောင်းပြော၊ အခု ကားကို ဘယ်ကို မောင်းနေတာလဲ'

'အိမ်ကိုပေါ့'

'အိမ်မှန်းတော့ သိတာပေါ့၊ ကျွန်မအိမ်ကိုမသွားဘဲ ကားကို ဘယ်ကိုမောင်းနေတာလဲလို့မေးနေတာ'

'မင်းအိမ်ကို ဘာဖြစ်လို့ သွားရမှာလဲ၊ ကိုယ်တို့နှစ်ယောက်နေဖို့ မရမ်းကုန်းမှာ အိမ်ဝယ်လိုက်တယ်'

အံ့သြမှုများကြောင့် သူမ ဆွံ့အသွားသူတစ်ယောက်လို ဖြစ်သွားခဲ့၏။

'ကျွန်မလည်း ဘာမှမသိပါလား၊ ဘာလို့မပြောတာလဲ'

'ပြောစရာလား၊ မင်းကရော ဘယ်လောက်စိတ်ဝင်စားလို့လဲ၊ မေးရောမေးလို့လား၊ မင်းမေးမှ ကိုယ်ကဖြေမှာပေါ့၊ မင်းအခန်းအောင်းနေတော့ အန်တီလေးနဲ့ကိုယ်ပဲ နှစ်ယောက်စီစဉ်ရတာ၊ အခုနောက်မှာ လူကြီးတွေလည်း ပါလာတယ်၊ ဖေဖေနဲ့မေမေက မနက်ဖြန် ဟိုကိုပြန်သွားမှာ၊ ဟိုမှာ ကိစ္စတွေမပြတ်သေးဘူး၊ လူကြီးတွေ စိတ်မညစ်စေချင်ဘူး၊ မင်းနဲ့ကိုယ်နဲ့ ပြေလည်ဖို့ထက် လူကြီးတွေကို မခံစားစေချင်ဘူး၊ မင်းလည်း လက်ခံ

မယ်လို့ ကိုယ်ထင်တယ်၊ ကိုယ်အရမ်းပင်ပန်းတယ်၊ မင်းက မင်းနဲ့မဆိုင်သလိုနေတော့ မင်းမသိတာ ဆန်းမှ မဆန်းတာ၊ ဟုတ်တယ်မဟုတ်လား'

သူပြောချင်တဲ့စကားတွေကို တောက်လျှောက်ပြောပြီး နှစ်နှစ်ဘက်ကို လှည့်ကြည့်တော့ နှုတ်ခမ်းကိုကိုက်ပြီး သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေသည့် သူမပုံစံကြောင့် သူ့ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြမိသည်။

နှစ်သစ်ကူး မငိုချင်ပါ။ မငိုချင်သော်လည်း ထိခိုက်နာကျင်မိသော နှလုံးသားကြောင့် မျက်ရည်တို့ ကျလာသည်။

ထည်ဝါက ကားကို အရှိန်ထပ်တင်လိုက်သည်။ ကားအရှိန်ကြောင့် သူမ မျက်ရည်တွေအစား ထိတ်လန့်သော မျက်လုံးဖြစ်သွားတော့၏။

ကားကို လမ်းချိုးတစ်ခုထဲ ချိုးဇင်လိုက်ပြီး ကြီးမားကျယ်ဝန်းခေတ်မီလှပသော တိုက်ကြီးရှေ့ရောက်တော့ ကားဟွန်းကို သုံးလေးချက်ပုတ်ပြီးတီးလိုက်တော့ ခြံစောင့်က တံခါးကို အပြေးဖွင့်ပေး၏။ ကားကို ပေါ်တီကိုအောက်မှာရပ်လိုက်ပြီး သူ ရှေ့ဆုံးမှဆင်းသွားသည်ကိုကြည့်ပြီး နှစ်သစ်ကူး တော်တော်နှင့် ကားပေါ်မှမဆင်းဖြစ်သေး။ ခြံထဲသို့ ကားနှစ်စီးဆက်တိုက် ဝင်





လာတာကို တွေ့လိုက်ရ၏။ ကားပေါ်မှ အန်တီလေးဆင်းလာပြီး သူမကားတံခါးကိုဖွင့်ပြီး...

'သမီး... နှစ်သစ်ကူး ဆင်းလေသမီး၊ မောင်ထည်ဝါ တောင် အထဲရောက်နေပြီ၊ ဗွီဒီယိုသမားတွေပါလာ တယ်၊ ဟိုမှာရိုက်နေကြပြီ'

တစ်အိမ်လုံးကို ထောင့်စေ့အောင် ရိုက်နေကြတာကို တွေ့ရသည်။ အလကားပိုက်ဆံတွေ အပိုကုန်အောင် လျှောက်သုံးနေတာဟု စိတ်ထဲမှ ဝေဖန်မိပြီး မဆင်းလျှင်မဖြစ်တော့သော အခြေအနေကြောင့် ဆင်းလိုက်ရသည်။ သူမ အန်တီလေးတွဲခေါ်တဲ့နောက်ကို လိုက်ပါလာတော့ ဗွီဒီယိုသမားများက မလွှတ်တမ်း ရိုက်နေကြပြန်၏။

နောက်ဆုံးဓာတ်ပုံကို အိပ်ရာအခမ်းအနားမှာ ရိုက်ကြသည်။ အိပ်ခန်းထဲကို ဝင်လိုက်တော့ တစ်ခန်းလုံး အဖြူရောင်အပြည့်။ ဓာတ်ပုံထဲမှာ မြင်ဖူးနေတဲ့ မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံးများဟာ တလက်လက်အိထွေးနေပုံရသည်။ လှလိုက်တာဟု ထင်မိသော်လည်း ရှက်သွေးဖြန်းမိပြီး မျက်နှာလေးဟာ ရှက်သွေးများကြောင့် ပန်းသီးလေးသဖွယ်ဖြစ်သွား၏။

ဗွီဒီယိုသမားတွေကလည်း ရိုက်လို့မပြီးသေးဘူးလား

မသိ။ စေးကပ်နေသောမျက်နှာနှင့် တင်းကျပ်နေသော ဂါဝန်ရှည်ကို ချွတ်ပစ်ချင်ပြီ။ ရေအေးအေးလေးချိုးချင်လှသဖြင့်…

'ရိုက်လို့မပြီးကြသေးဘူးလား'

'ပြီးပြီအစ်မ၊ ဒီတစ်ခန်းလုံး ဒီတစ်ခွေလုံးမှာ အခုရိုက်မယ့်အခန်းမပါရင် အသက်မဝင်တော့ဘူး'

'သတို့သား… သတို့သမီးကို Kiss ပေးပါဗျို့'

'အို'

သူမ ရုက်ရှုံ့စွာ ခေါင်းငုံ့မိတော့ သူမအနားသို့ ထည်ဝါ ဖျတ်ခနဲထိုင်ချလိုက်ပြီး သူမမျက်နှာကို ညင်သာစွာမော့စေ၍ သူမပါးပြင်နှင့် သူ့ပါးပြင်ကို ပူးကပ်နေပုံကို ရိုက်ယူနေတာကို အားလုံးလက်ခုပ်ဝိုင်းတီးကြ၏။ နှစ်သစ်ကူးရုက်ရှုံ့စွာ သူ့လက်မောင်းကို ထုရိုက်မိ၏။

အားလုံးအပြင်ထွက်သွားတော့ ထည်ဝါက နှစ်သစ်ကူးနားကိုကပ်၍…

'ကိုယ်က မင်းရှက်နေတာကို သနားလို့ ပါးချင်းကပ်ပြလိုက်တာ နောက်မို့ဆို…'

လက်သီးလေးများဆုပ်လျက် စူးရှသောမျက်ဝန်းများမှာ မျက်ရည်များ ရစ်ဝိုင်းနေ၏။ ဝမ်းသာလို့မဟုတ်တာကတော့ သေ





ချာစေသည့်မျက်ဝန်းများသည် ဒေါသကြောင့် စူးစူးရဲရဲကြည့်ပြီး အခန်းထဲမှ ပြေးထွက်သွားသည့် သူမလေးပုံကြောင့် သူပြုံးမိပြီး ကိုယ်မရှုံးချင်ဘူး နှစ်သစ်ကူး။

ကိုယ့်စိတ်ကိုယ့်အတွေးထဲမှာ မင်းနှင့်ပတ်သက်တဲ့အရာမှန်သမျှကို အဆင်ပြေချင်သည်။ အခု ရင်ခုန်ရတဲ့ကောင်းကင်ကို သူတွေ့နေရသည်။ ထိုကောင်းကင်မှာ ငှက်တစ်ကောင်လို လွတ်လပ်စွာပျံသန်းချင်နေမိသည်။ ပြီးတော့ ချစ်သီချင်းတွေ သီဆိုကျူးရင့်နေချင်မိသည်။ သူ့အတွေးများကြောင့် သူ အသံထွက်၍ ရယ်မောမိ၏။

သူ နှလုံးသားကို လွတ်လပ်စွာ ရင်ခုန်ခွင့်ပေးလိုက်တော့မည်။

'အန်တီလေး…'

ဧည့်ခန်းထဲမှာ ထိုင်နေသော ထည်ဝါ့မိဘနှစ်ပါး စကားလက်ဆုံကျပြီး ရယ်မောနေရာမှ…

'သမီးလေး လာလေ'

ထည်ဝါ့မေမေက…

'လာပါဦးသမီးရယ်၊ မေမေတော့ ကံကောင်းတာပဲ

ကွယ်၊ ကြည့်ပါဦး သမီးလေးက လှလိုက်တာ၊ မိုးပေါ်
က ကျလာတဲ့နတ်သမီးလေးကျနေတာပဲ၊ အဟင်း…'

နှစ်သစ်ကူးရဲ့ လက်တစ်ဖက်ကိုဆွဲ၍ သူ့အပါးမှာ ထိုင်စေသည်။ ထည်ဝါ့အဖေကတော့ ကျေနပ်ပြုံးအပြည့်နှင့် ပြုံးနေသဖြင့် သူမပြောချင်သောစကားများက လည်ချောင်းဝမှာ ကွယ်ပျောက်သွားတော့၏။ ဒါပေမဲ့ သိချင်တာကိုတော့ ပြောဖြစ်အောင် ပြောလိုက်၏။

'အန်တီလေး… သမီး ဒီမှာနေရမှာကို ဘာလို့ကြိုမပြော
တာလဲ၊ သမီးပစ္စည်းတွေ ဘာမှမယူထားဖြစ်ဘူး'

'ကွယ်… သမီးကလည်း ဘယ်လောက်ဝေးတာမှတ်လို့
မနက်ဖြန်အားလုံး သမီးရှေ့ကိုရောက်လာစေရမယ်ဟုတ်
ပြီလား'

'အခု သမီးလိုက်ခဲ့ဦးမယ်၊ နော်… အန်တီလေး'

ဒေါ်မြတ်နိုး သူ့တူမအကြောင်း သူမသိတာပေါ့။ မကျေနပ်လို့ တုံ့ပြန်မှုလုပ်ဖို့ စကားဖြစ်လို့ ဒေါ်မြတ်နိုးက နှစ်သိမ့်မိ၏။

'သမီးပင်ပန်းနေပြီ ဟုတ်တယ်မဟုတ်လား၊ အချိန်လည်း
မရှိတော့ဘူး၊ ဟိုအိမ်နဲ့ဒီအိမ်ပြန်ဖို့အတွက် ကားစီးရဦး





မယ်၊ မောင်ထည်ဝါလည်း ပင်ပန်းနေပြီ၊ အန်တီလေးတို့
လူကြီးတွေလည်း နားချင်နေပြီ၊ ကိုဘုန်းထက်နဲ့ မိုးတို့
လည်း အိမ်မှာတည်းကြမှာဆိုတော့ အန်တီလေးတို့ ဒီမှာ
ကြာကြာမနေတော့ဘူး၊ ပြန်တော့မယ်'

အန်တီလေးက စကားပြောနေတုန်းမှာပဲ ထည်ဝါရောက်လာပြီး…

'နှစ်သစ်ကူး… ကိုယ်တို့ လူကြီးတွေကို ကန်တော့ရ
အောင်'

ဟုတ်ပါရဲ့။ သူမသည် ထုံးတမ်းစဉ်လာကို ဘာမှမသိပါလားဟုလည်း သိလိုက်ရပြီး သူ့ရဲ့ဦးဆောင်မှုနောက်မှာပဲ ကယောင်ကတမ်းနှင့် နှစ်သစ်ကူးလိုက်လုပ်နေမိ၏။

'သာဓု… သာဓု… ဒီလင်ဒီမယား အိုအောင်မင်းအောင်
ပေါင်းရပါစေကွယ်'

'တစ်ယောက်အမှားကို တစ်ယောက် သည်းခံရမယ်နော်'

'သား… မင်းကလည်း နှစ်သစ်ကူးလေးကို ဂရုစိုက်ရ
မယ်နော်၊ သူလေးက ကလေးသာသာပဲရှိသေးတယ်၊
တစ်ယောက်ကိုတစ်ယောက် သစ္စာရှိကြပါနော်'

'ဟုတ်ကဲ့… မေမေ'

'သမီးကလည်း ကိုယ့်ယောကျ်ားစကားကို နားထောင်ရမယ်နော်'

'ဟုတ်ကဲ့အန်တီ'

မေမေဟု မခေါ်ဖြစ်။ မခေါ်ဖြစ်တဲ့ စကားလုံးနှစ်လုံးက သူမကို ခြောက်လှန့်နေသေးသဖြင့် မခေါ်ဖြစ်ခဲ့ပါ။

'ကဲ… အားလုံးလည်း ပင်ပန်းနေကြပြီ၊ သမီးတို့သားတို့လည်း နားကြတော့၊ မေမေတို့ ပြန်တော့မယ်'

အန်တီလေးမျက်ဝန်းမှာ မျက်ရည်တို့ ဝေ့နေတာကို နှစ်သစ်ကူးတွေ့ရသည်။ သူမ ဝမ်းသာတာလား ဒါမှမဟုတ် သူမနှင့်ခွဲရလို့ ဝမ်းနည်းတာလား အန်တီလေးရယ်။

တူမဖြစ်သူကိုကြည့်ပြီး ဝမ်းသာဝမ်းနည်းဖြစ်နေသဖြင့် ဒေါ်မြတ်နိုး စကားတို့မထွက်ဖြစ်။ ပြန်ခါနီးမှာ…

'သမီး… နှစ်သစ်ကူး၊ အစစအရာရာ သည်းခံနော်၊ အရာရာကို အရင်လိုစိတ်မျိုးနဲ့ မဆုံးဖြတ်နဲ့၊ ပြောမယ့်သာ ပြောရတာပါ၊ သမီးလေးက လိမ္မာပြီးသားပါ၊ ကိုယ့်ခင်ပွန်းကို ဂရုစိုက်ပါ၊ လေးစားပါ'





နှစ်သစ်ကူး အန်တီလေးလက်ကိုဆွဲ၍ အန်တီလေးရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်၍…

အန်တီလေးရယ် သမီးကို တစ်ယောက်တည်း ထားရက်တယ်နော်။ စိတ်၏ခံစားချက်ဟာ မျက်ရည်များအဖြစ် ကူးပြောင်း၍ မျက်ဝန်းအပြင်ဘက်သို့ တွန်းကန်ထွက်လာသဖြင့် အန်တီလေးကို ဖက်၍ငိုကြွေးမိ၏။ အန်တီလေးက သူမပခုံးနှစ်ဖက်ကို ဖွဖွဖက်၍ အဒေါ်ဖြစ်တဲ့သူမမှာလည်း တူမလေးကိုကြည့်၍ စိတ်မကောင်း။ ဒါပေမဲ့ သူမလေးဘဝကို စိတ်အေးချင်သဖြင့် ထည်ဝါနှင့် စီစဉ်ရတာဖြစ်သည်။ စိတ်တိုင်းကျ ရွေးချယ်လေ့လာထားသဖြင့် တူမဘဝ အေးချမ်းမှာအမှန်ပင်ဖြစ်၏။

'ကဲ… သမီး နှစ်သစ်ကူး'

'ရှင်'

'အန်တီလေး စိတ်မကောင်းအောင် မလုပ်နဲ့၊ တစ်မြို့တည်းမှာ နေတာပဲကွယ်၊ ဘယ်အချိန်လာလာ ခဏလေးပါပဲ၊ မနက်ဖြန် အန်တီလေးဒ်အိမ်မှာ မနက်စာလာစားကြဟုတ်ပြီလား၊ မနက်ဖြန် သင်္ဘောတို့အိမ်အတွက် အဖော်ကောင်မလေး ရောက်လာလိမ့်မယ်'

သူမ မျက်ရည်များဖြင့် ခေါင်းညိတ်မိသလား၊ ခေါင်းခါ မိသလား မသိပါ။ လူကြီးသုံးယောက်တော့ ပြန်သွားကြပြီ။ နှစ်သစ်ကူးဝမ်းနည်းစွာ အိပ်ခန်းထဲပြေးဝင်ပြီး ခုတင်ပေါ်မှောက်၍ ငိုမိပြန်သည်။ ဒဏ်ရာဟောင်းမကျက်ခင်မှာ ဒဏ်ရာအသစ် ထပ် ရပြန်ပြီ။ မငိုချင်သော်လည်း နာကျင်မှုကြောင့် မျက်ရည်တို့ ကျလာပြန်သည်။

'နှစ်သစ်ကူး၊ မင်းငိုတာ တော်လောက်ပြီလို့ ကိုယ်ထင် တယ်'

သူမနောက်ပါးမှ နီးကပ်သောအသံကြောင့် လန့်သွားမိ သောစိတ်ကို ထိန်း၍···

'ကိုယ့်ဘာသာကိုယ်ငိုတာ ဘာဖြစ်လဲ၊ ငိုဖို့ရှင့်ဆီမှာ လျှောက်လွှာတင်ရဦးမှာလား'

သူ ဘာမှဆက်မပြောတော့ဘဲ အင်္ကျီအဝတ်အစားများ လဲနေ၏။ သူမကို ရှိတယ်လို့တောင်မထင်ဘဲ သူ့ဘာသာ လုပ်ချင် ရာလုပ်နေသောကြောင့် မျက်စိလွှဲမိ၏။

အိပ်ခန်းထဲမှ သင်းပျံ့မွှေးထုံနေသည့် အနံ့အသက်တစ်မျိုး တို့ကလည်း နှစ်သစ်ကူးကို ချောက်ချားစေ၏။





'ဒီမှာ'

ချောက်ချားတုန်လှုပ်နေသောစိတ်အစဉ်က သူ့ရဲ့အသံ ကြောင့် လန့်ဖျတ်၍ ပခုံးလေးနှစ်ဖက်ကိုတွန့်မိသွား၏။

နှစ်သစ်ကူးရဲ့ကြောက်လန့်နေသောပုံစံလေးကို ထည်ဝါ င်ပြီး ပြုံးမိ၏။

သူပြုံးတာကို သူမက မကျေမနပ်ပုံစံဖြင့် မျက်မှောင် တ်၍···

'ဘာလဲ ဘာပြောမလို့လဲ'

'ကိုယ်အပြင်ခဏသွားဦးမယ်၊ ညဥ႔က်ဘော်ဒါတွေကို ကျွေးမွေးဖို့ပြောထားပြီးသွားပြီ၊ မသွားလို့မဖြစ်ဘူး'

'သွားပေါ့၊ ဘယ်သူက တားနေလို့လဲ'

မျက်နှာလွှဲပြီးပြောသည့် နှစ်သစ်ကူးကြောင့် ထည်ဝါ တ်တိုမိ၏။ ထွက်သွားသည့်ခြေသံပြင်းပြင်းကို ကြားမိ၏။ တတ်နိုင် နှစ်သစ်ကူး ပခုံးတွန့်မိ၏။

နှစ်သစ်ကူးကတော့ ခေါင်းမှဆံထုံးပေါ်မှ ကလစ်များကို တ်ရင်း မှန်ထဲမှာ ချောမောလှပသည့် သမင်ပျိုမလေးသဏ္ဍာန် က်နှာကို မြင်တွေ့လိုက်ရသဖြင့် မိမိကိုယ်ကို ကျေနပ်သွားခဲ့၏။ က်တ သူ့အတင်းအကျပ် ဆွဲကြိုးတွေဝတ်ပေးနေသဖြင့် မကျေ

နပ်စိတ်ကြောင့် အမြင်မကြည်လင်ခဲ့ပေ။

ဆံထုံးပေါ်မှ ကလစ်များစွာ ထိုးထားတာရယ်၊ လ
ကောက်တွေ လည်ချွဲတွေချွတ်ရင်း ခေါင်းထဲမှာ တဆစ်ဆစ်
ကိုက်လာသောကြောင့် အိပ်ရာပေါ် အသာလှဲချလိုက်ရင်း များမကြ
မီ အိပ်ပျော်သွားတော့သည်။

* * *





## အခန်း(၁၅)

အား… ဟင်

ဘယ်လောက်ထိ နှစ်သစ်ကူး ကိုယ်ဟာစ်ခြမ်းစောင်း
ပ်ပျော်သွားခဲ့သည်မသိ။ နိုးလာတော့ ကိုယ်တစ်ခြမ်းနှင့် ပခုံး
စ်ဖက်နှင့် လက်ဝါးပြင်ကို စူးစူးရှရှနာကျင်နေသည်။

အို…

မှန်တင်ခုံကြီးရှေ့က ကုလားထိုင်မှာ မှန်တင်ခုံပေါ် ခြေ
ထောက်တင်၍ စီးကရက်သောက်နေသည့် ထည်ဝါ့ပုံစံအေးစက်
က်ကြောင့် စိတ်ထဲ ဖျတ်ခနဲဖြစ်သွား၏။

ဘာမှန်းညာမှန်းမစဉ်းစားသေးဘဲ အိပ်ပျော်သွားသည့် မိမိအဖြစ်ကြောင့် ထိတ်ခနဲဖြစ်သွား၏။

တံတောင်လောက်ထူသည့် မွေ့ရာကြီးကို ရင်တွေခုန်၍ မသိမသာပြန်ငုံ့ကြည့်မိသွား၏။

အခန်းထဲမှ နာရီကို လှမ်းကြည့်မိတော့ ၁၂ နာရီကျော်

မင်္ဂလာဦးညဆိုသော အတွေးကြောင့် ချောက်ချားသွားမိ၏။ မျက်စိနှစ်ဖက်ကို ဖွတ်အတင်းမှိတ်၍ ပိတ်ထားလိုက်သည်။

မျက်လုံးမှိတ်ထားသော်လည်း မျက်ခွံများနှင့် မျက်တောင်များလှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေပုံကို ထည်ဝါက လှမ်းကြည့်နေ၏။

ဒီမိန်းကလေး အိပ်နေလည်း လှနေတာပါပဲ။ ကလေးတစ်ယောက်ပမာ အိပ်မောကျနေပုံက အပြစ်ကင်းစွ။

နှစ်သစ်ကူးတစ်ယောက် မင်္ဂလာဦးညရဲ့ ကျဉ်းထဲကျပ်ထဲ ကျရောက်တော့မယ်။ ဘယ်လိုလုပ်ရမလဲ၊ လွတ်အောင်ကြံစမ်း။

ဖွတ်အတင်းမှိတ်ထားသောကြောင့် မျက်ခုံးနှစ်ဖက်အတွန့်ချိုးချက် မျက်ခုံးများ ရွစိရွစိပုံစံကို ထည်ဝါမြင်ပြီး ရယ်ချင်စိတ်ကို နှုတ်ခမ်းကိုက်ရင်း ထိန်းသိမ်းမိ၏။

ထည်ဝါက မှန်တင်ခုံပေါ် လှမ်းတင်ထားသည့် ခြေတစ်





ဖက်ကို အောက်သို့ချမိတာကို နှစ်သစ်ကူးမျက်လုံးမသိမသာ မှေးအကြည့် ထိတ်ခနဲလန့်သွားမိပြန်သည်။

နှစ်သစ်ကူးအကြံအစည်တွေ ထုတ်နေမိပြီး ခေါင်းထဲမှ ဖျတ်ခနဲအကြံကလေးပေါ်လာကာ...

'အား'

နှစ်သစ်ကူးအမူအရာကြောင့် ထည်ဝါက ထလာကာ...

'ဘာဖြစ်တာလဲ'

'ဟိုမှာ... ဟိုမှာ'

'ဘာလဲ'

'ပိုးဟတ်ကြီး'

'ဘာပိုးဟတ်လည်း ဘာမှမရှိပါဘူး၊ ဒီခန်းဝင်ပစ္စည်းတွေနှင့် အခန်းကလည်းအသစ်၊ ဘာပိုးဟတ်မှမရှိဘူး'

'အသစ်လည်း ပိုးဟတ်က ရှိရင်ရှိမှာပေါ့၊ ဘယ်ပြောလို့ရမလဲ၊ ကျွန်မက ပိုးဟတ်ဆို ငယ်ငယ်ကတည်းက ကြောက်တာ၊ ရှင်မယုံရင်လည်း မတတ်နိုင်ဘူး၊ ဒီမှာ မအိပ်တော့ဘူး၊ အပြင်မှာပဲ သွားအိပ်မယ်'

'ဟာ... အဓိပ္ပာယ်မရှိလိုက်တာကွာ၊ ပြဿနာမဟုတ်တာကို ပြဿနာလုပ်မနေနဲ့'

သူပြောတာကို နှစ်သစ်ကူး မကြားယောင်ဆောင်၍ ဆွဲကြိုးများချတ်ရင်းတန်းလန်း အိပ်ပျော်သွားသဖြင့် ကြိုးလည်ကပ်နှစ်ကုံး ကျန်နေသဖြင့် မှန်တင်ခုံရှေ့သွား၍ မမီမကမ်းချွတ်နေတဲ့ နှစ်သစ်ကူးကို ကြည့်၍···

'ဒီဘက်ကိုလှည့်··· ကိုယ်ဖြုတ်ပေးမယ်'

ဟု ဆိုကာ နှစ်သစ်ကူးနားကို ရောက်လာ၏။

နှစ်သစ်ကူး ဘာပြောရမှန်းမသိဖြစ်နေစဉ်··· ထည်ဝါက နှစ်သစ်ကူးမျက်နှာကို သူ့ဘက်ဆွဲလှည့်လိုက်သည်။

'ဟင့်အင်း··· ဖယ်··· ကိုယ့်ဘာသာဖြုတ်လို့ရတယ်'

ထည်ဝါက နှစ်သစ်ကူးမျက်နှာသည် သူ့ရင်ဘတ်နား ရောက်နေကာ နောက်ဘက်က လည်တုံကြိုးလေးကို ဖြုတ်ပေးသည်။ နောက် တစ်ကုံးဖြုတ်တော့ ထည်ဝါက စိတ်မထိန်းနိုင်စွာ နှစ်သစ်ကူး၏ လည်တိုင်လေးကို ငုံ့နမ်းလေသည်။

'အို'

တစ်ယောက်ရင်ခုန်သံတစ်ယောက် မကြားချင်ဘဲ ကြားနေရ၏။

နှစ်သစ်ကူး နီးကပ်နေသော အနေအထားကြောင့် သူ့ရင်ဘတ်ကို သူမလက်နှစ်ဘက်ဖြင့် တွန်းထားလိုက်မိသည်။





သည့်ရဲ့တိတ်ဆိတ်ကြီးစိုးခြင်းကြောင့် နှစ်ဦးသားရင်ထဲမှာ ကျင်ခနဲရှိန်းခနဲ လှိုင်းထန်နေ၏။

သူမပါးပြင်ပေါ်သို့ သူ့အသက်ရှူသံ ခပ်နွေးနွေးကြောင့် သူမအတင်းရုန်းမိတော့···

'မင်း··· ဘာအကြောင်းကြောင့်မှ အပြင်မှထွက်အိပ်ဖို့ ကိုယ်ဖန်တီးပေးမှာမဟုတ်ဘူး'

'ဟင့်အင်း မသိဘူး၊ အို··· လွှတ်နော်'

နှစ်သစ်ကူး အတင်းရုန်းနေရင်းမှပဲ သူ့ရင်ခွင်ထဲမှာ သူမ ကွယ်ပျောက်သွားသည်။

ဆုပ်ကိုင်ထားသော လည်တုံများ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျကုန်လေသည်။

သူမ ထုရိုက်မှုများ တဖြည်းဖြည်းအင်အားပျော့သွားသော အခါမှာတော့ မွတ်သိပ်ကြမ်းရှသော အနမ်းမုန်တိုင်းများကြောင့် ဟိုးအဝေးဆုံးထိ မြောက်တက်သွားသည့် အရာဝတ္ထုလေးတစ်ခု လွင့်ပါးသွားတဲ့အတိုင်း။

အားလုံးက ပကတိငြိမ်သက်တိတ်ဆိတ်ခြင်းတွေ ကြီးစိုးလျက်···။

* * *

နှစ်သစ်ကူး နိုးလာတော့ သူမဘေးမှာ အိပ်မောကျနေသော သူ့ပုံစံကြောင့် ညက အဖြစ်အပျက်ကြောင့် သူမ ထည်ဝါ့ကို ရှုံးသွားခဲ့ပြီ။

မိမိကိုယ်ကို အရင်လိုမဟုတ်တော့ပါလားဆိုတဲ့ အတွေး ဝင်လာမိ၏။

သူမ့ကိုယ်ပေါ် လက်တစ်ဖက်တင်ထားသည့်လက်ကို ဘေးသို့ချလိုက်ရင်း အိပ်ရာမှထလိုက်၏။

အိမ်တစ်ခုလုံး တိတ်ဆိတ်ခြင်းတွေ ကြီးစိုးလျက်။ ကြီးမားသော အိမ်ကြီးကြောင့်လည်း အားငယ်မိ၏။ အန်တီလေးကိုလည်း သတိရသွားကာ မနက်စာစားဖို့ အန်တီလေးပြောထားတာ စဉ်းစားမိ၍ တစ်ကိုယ်လုံး ငြီးစီစီကြီးဖြစ်နေသဖြင့် ရေအရင်ဆုံး ချိုးလိုက်၏။

သူမ ရေချိုးခန်းထဲမှ ထွက်လာတော့ သူ အိပ်ရာက နိုးနေပြီး ph ပြောနေတာကို တွေ့ရ၏။

'ဟုတ်ကဲ့… အန်တီလေး… ကျွန်တော်တို့ အခုပဲလာခဲ့မယ်'

'နှစ်သစ်ကူး'





သူမက သူခေါ်တာကိုမကြည့်ဘဲ ခေါင်းဆတ်မိသဖြင့် ထည်ဝါကြည့်မိတော့ ချောမွေ့နေသော မျက်နှာပြင်လေးမှာ ရေစက်ရေပေါက်ကလေးများ တွဲခိုလျက် ခေါင်းလျှော်ထားပုံရသည့် ဆံနွယ်တွေက အချောင်းချောင်းအခွေခွေလေးတွေကျလိုက်၊ နှုတ်ခမ်းနှစ်မွှာက ရဲစိုလျက်။ သူမလေး၏ အသည်းယားဖွယ်မျက်နှာပေးနှင့် ပုံစံကြောင့် စိတ်တိုမိသော်လည်း နှုတ်မှပြောမိသော စကားကတစ်မျိုး…

'ဒီခေါင်းက ဘာလို့လျှော်တာလဲ'

'မလျှော်လို့ရမလား၊ ဒီလောက် မနေ့က ဆံပင်မှာ ကော်ရည်တွေနဲ့ဖြန်းထားတာ'

ဟုပြောပြီး ကိုယ်မှာခြုံထားသည့်သဘက်ကို သူရှိနေသဖြင့် မဖယ်ဖြစ်သေးဘဲ စိုရွှဲနေသောဆံပင်များကို သုတ်ဖို့ နောက်တစ်တည် ဘီရိုထဲမှာကြည့်မိတော့ ကိုယ့်ပစ္စည်းတွေမရှိသေးသဖြင့် အလွယ်တကူမတွေ့…

'အအေးပတ်တော့မှာပဲကွာ'

'အို'

ထည်ဝါက နှစ်သစ်ကူး၏ ရှက်ရွံ့ပုံစံကြောင့် သူ့သဘက်ဖြင့် သူမဦးခေါင်းကို ဖွဖွသုတ်ပေးမိ၏။

သူ့လက်မှ သဘက်ကိုယူ၍ သူမဘာသာ သုတ်နေသည့် ပုံစံကြောင့် ထည်ဝါ မခံချိမခံသာဖြစ်ကာ သူမရဲ့လက်နှစ်ဖက်ကို ချုပ်ကိုင်၍ ခပ်မော့မော့လေးဖြစ်နေသည့် နှစ်သစ်ကူးရဲ့အေးစက်နေသော အသားလေးများ ပူနွေးစေတော့၏။

ရွတ်တရွတ်နမ်းနေသမျှ နှစ်နှစ်ရှောင်တိမ်းရင်း မော့ဟိုက်လာခဲ့၏။ မျက်ရည်တို့သည် ခံပြင်းမှုန်းတီးစွာ ကျလာပေမယ့် သူ့ကိုအရှုံးပေးသလိုဖြစ်ခဲ့ရသည်။ မချစ်ဘူးပြောတဲ့ယောက်ျား၊ မချစ်ဘဲနမ်းတဲ့ယောက်ျားကြောင့် သူမ ဘာကိုကြေကွဲနေရမှာလဲ။

ဒါဆို... သူမကရော ဘာကိုမျှော်လင့်နေတာလဲ။

* * *





## အခန်း(၆)

‘မေမေတို့ ဒီနေ့ ပြန်တော့မယ်ဆိုတော့ သား မင်းကို မေမေမှာစရာရှိတယ်’

‘ဟုတ်ကဲ့မေမေ’

‘သားလည်း အရင်လိုတစ်ယောက်တည်းမဟုတ်တော့ဘူး၊ ဇနီးမယားရှိနေပြီဆိုတော့ အစစအရာရာဂရုစိုက်ပါ၊ နှစ်သစ်ကူးလေးက မိဘမရှိခဲ့တဲ့သူဆိုတော့ နေရာတကာကလေးဆန်တတ်တာလေးတွေရှိတော့သားကခွင့်လွှတ်ဖို့’

‘စိတ်ချပါမေမေ’

ဖေဖေက…

'ကိုယ်က အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်သွားပြီဆို တော့ တစ်ယောက်တည်း ဆုံးဖြတ်လို့မရတော့ဘူး၊ ဖေဖေ သားကို စိတ်ချပြီးသားပါ၊ ဒါပေမဲ့ သတိမမူ ဂုမမြင် ဆိုသလို ဘယ်အရာမှ သားအနေနဲ့ တဖွတ်ထိုး မဖန်တီး နဲ့၊ အခုချိန်ကစပြီး ကိုယ်က လူကြီးဖြစ်သွားပြီ၊ သား ထက် သမီးလေးက အသက်လည်းငယ်တယ်၊ အတွေ့ အကြုံလည်း ဘာမှမရှိသေးတော့ သည်းခံပါ'

'စိတ်ချပါဖေဖေ'

ဖေဖေနှင့်မေမေရဲ့ မှာတမ်းတွေကို သူအကြိမ်ကြိမ်ကတိ တွေ အထပ်ထပ်ပေးနေမိ၏။

နှစ်သစ်ကူးကို မေမေက ဖွဖွလေးဖက်၍…

'သမီးနှစ်သစ်ကူး…'

'ရှင်'

'သားအပေါ်မှာ သမီးကလည်း မဆိုးရဘူးနော်၊ သမီးက လိမ္မာပြီးသားပါ၊ မြတ်နိုးက သမီးကို လိမ္မာယဉ်ကျေး အောင် သွန်သင်ထိန်းကျောင်းထားတာကို မေမေတို့ ယုံကြည်ပြီးသား၊ ဝမ်းသာစရာသတင်းဆိုရင်လည်း





မေမေတို့ဆီကို ဖုန်းဆက်ဦးနော်'

ပြောသောစကားကို နှစ်သစ်ကူး ရုတ်တရက်နားမလည် နိုင်စွာ မျက်လုံးလေးများဝိုင်း၍…

'ဘာ…သတင်းလဲ… အန်တီ … ဟို… မေ…'

သူမ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေပုံကို နားလည်စွာဖြင့်

'သမီးကြိုက်သလိုခေါ်ပါ၊ ရပါတယ်၊ အန်တီက သမီး လေးကို ချစ်ပြီးသားပါ၊ ဘယ်လိုပဲခေါ်ခေါ် အရေးမ ကြီးပါဘူး၊ ဝမ်းသာစရာသတင်းဆိုတာက မေမေတို့ မြေးချီချင်နေပြီ'

'အို'

ရုတ်တရက်ပြောလိုက်သောစကားကြောင့် သူမမျက်နှာ ရှက်ရိပ်များကြောင့် ရဲရဲနီသွားပြီး သူမဘေးမှာ ထိုင်နေသော ပုဂ္ဂိုလ်ကိုကြည့်မိတော့ မျက်နှာကိုအစွမ်းကုန်ပြုံး၍ သူမရဲ့ ရှက် ရွံ့မှုကို အရသာခံကြည့်နေသော သူ့ကို မျက်စောင်းထိုးမိ၏။

ဟောဗျာ… ထည်ဝါ သူ့ဘေးမှ ပူပူနွေးနွေးဇနီးလေး ကိုကြည့်ပြီး ကလေးဆန်လွန်းသောသူမပုံစံလေးကို သဘောကျ မိသည်။ ဒါက သူမက မျက်စောင်းဝင့်ပုံက ပြင်းပြင်းထန်ထန်။

'နော်… သမီး'

'ရှင်··· ဟို··· ဟို'

ထည်ဝါက သူမရှက်နေမှန်းသိသဖြင့် စကားလွှဲမိ၏။

'ဖေဖေနဲ့မေမေ့ကို သားဝက်လိုက်ပို့ပေးမယ်'

'နေပါစေတော့၊ သားတို့ အေးအေးဆေးဆေးနားတော့'

မေမေက နားလည်စွာဖြင့်ဆို၏။

'အဓိကမှာချင်တာကတော့ အချင်းချင်းနားလည်မှုရှိတဲ့ ပြီးပြည့်စုံတဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်နိုင်ဖို့ပဲ၊ သားလည်း သမီးကိုခေါ်ပြီး ဟိုကိုပဲ ဟန်းနီးမွန်းထွက်ဖို့ လုပ်ဦး သိလား၊ သမီးလေးပျော်သွားအောင် မင်းစီစဉ် ဦး၊ မေမေတို့ မျှော်နေမယ်'

ဒေါ်မြတ်နိုးက ထည်ဝါ့မိဘတွေကို ရင်ထဲမှာပါသော စကားလုံးများဖြင့်···

'အားလုံးကို ကျေးဇူးတင်တယ်ကွာ၊ မင်းတို့ကိုလည်း ဘယ်လိုပြောရမယ်မှန်းမသိတော့ဘူး၊ ကိုယ်လည်း သိ မကြာခင် ခရီးထွက်ဦးမယ်၊ ကလေးတွေအတွက် စိတ် ချရပြီဆိုတော့ သူငယ်ချင်းတို့ဆီလည်း နှစ်သစ်ကူးတို့ အတူ လာခဲ့ဦးမယ်လို့ စိတ်ကူးထားတယ်၊ ကိုယ့်ဘာဝက ဒီသမီးလေးအတွက်ပါပဲကွာ၊ အခု ထည်ဝါ့လက်ထဲ





ထည့်လိုက်တာဆိုတော့ ပြောမပြတတ်အောင်ပါပဲ၊ မတော်တရော်တွေနဲ့ တွေ့သွားမှာ ကိုယ်အကြောက်ဆုံး'

ထည်ဝါ့မေမေက အန်တီလေးကိုကြည့်မိတော့ မျက်ဝန်းများမှာ မျက်ရည်တစ်စက် ဖျတ်ခနဲကြွေဆင်းသွားတာတွေ့၍ အန်တီလေး သူမပေါ်မှာ ပူတဲ့သောကတွေကို မှန်းဆမိခဲ့သဖြင့် သူမ ထည်ဝါနှင့်လက်ထပ်ခဲ့တာ နောင်တမရချင်တော့ပါ။ ဒါပေမဲ့ အန်တီလေးရဲ့ အထင်ကြီးမှုကို အခွင့်ကောင်းယူပြီး နှစ်သစ်ကူးအပေါ်မှာ အနိုင်ကျင့်တာကို အန်တီလေးမသိဘူးနော်···။

နှစ်သစ်ကူး ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး သူ့ရဲ့ရှေ့မှာ မကျဆုံးအောင် ထိန်းသိမ်းရမယ်။ အတ္တတွေနှင့် သူ့ရှေ့မှ အလဲလဲ အပြိုပြိုမဖြစ်အောင် သတိထားနေမိ၏။

သူ့အပျင်းပြေစေမယ့် မိန်းမမဖြစ်အောင်၊ ဒါပေမဲ့ မိန်းမသားဖြစ်တဲ့သူမက ဘယ်လောက်ထိတင်းထားနိုင်မှာလဲ။ ပါးစပ်ကသာပြောနိုင်ပေမယ့် ယောကျ်ားသားများရှေ့မှာ အရှုံးပေးရစမြဲမို့ မကျေနပ်။ တွေးနေရင်းမှ မကျေနပ်ဖြစ်ပုံက မျက်နှာမှာ အထင်းသား။

* * *

အန့်တီလေးအိမ်မှ ပစ္စည်းများကို ယူလာပြီး အခန်းထဲမှာ သူမအတွက် လှပတဲ့ကျွန်းဘီရိုကြီးထဲတွင် ချိတ်တဲ့အင်္ကျီတွေ ချိတ်ပြီးထည့်၊ စာအုပ်လေးများကို အသေအချာစီ၊ ဓာတ်ပုံအယ်လ်ဘမ်များကို စီနေရာမှ သူနှင့် စိမ်းလန်းတို့ရိုက်ထားတဲ့ ပုံများကို ကြည့်မိသော်လည်း အရင်လိုမခံစားရတော့။ တစ်မျိုးတော့ ထူးဆန်းသွား၏။ နောက်မှ ပုံတွေကို တစ်ခုခုလုပ်ရမည်။

အဝတ်အစားတွေ ထည့်နေရင်းမှ နှစ်သစ်ကူးရဲ့နှလုံးသား တစ်ခုဖြစ်တဲ့ ဒိုင်ယာရီစာအုပ်လေးကိုဖွင့်၍ သူမနောက်ဆုံးရေးခဲ့သော စာပိုဒ်လေးကို ပြန်ဖတ်မိ၏။ မရေးဖြစ်တာကြာပြီဖြစ်သော စာအုပ်လေးကို နှုတ်ခမ်းနှင့် ထိတွေ့၍ ဘောပင်ကိုကိုင်၍ရေးမိတာကတော့…

ချစ်သောဒိုင်ယာရီ…

ကိုယ်တကယ်လက်ထပ်လိုက်ရပြီး ကိုယ့်ရင်ထဲမှာ စိမ်းလန်းကလွဲပြီး ဘယ်သူ့ကိုမှ လက်မခံနိုင်ဟု ထင်ထားခဲ့သော်လည်း ကိုယ်တကယ်လက်ထပ်လိုက်ရတာက တခြားတစ်ယောက်။ သူ့ကို ချစ်လား-မချစ်လားတော့ ကိုယ်မဖြေနိုင်သော်လည်း သူ့ရှေ့မှာတော့ ကိုယ်ကျရှုံးခဲ့ရပြီ။

ကိုယ်တို့ တကယ်ဝေးခဲ့ကြပြီ စိမ်းလန်း၊ စိမ်းလန်းက ကိုယ့်ကို စွန့်ခွာသွားခဲ့





တယ်။ တို့က စိမ်းလန်းနေရာမှာ အစားထိုးခဲ့တယ်လို့ပြောရင်လည်း ကိုယ်ခံရမှာပဲ။

ချစ်သောဒိုင်ယာရီလေးကတော့ ကိုယ့်ကိုနားလည်ပေးမှာပါ။ ကိုယ့်အကြောင်းကို မင်းက ပိုသိနေလို့ပဲ။

ကိုယ်တကယ်ရှုံးခဲ့ပြီလား။ သူ့အပေါ်မှာ ကိုယ်မရှုံးချင်ဘူး။ သူက ကိုယ့်ကို ချစ်တယ်လို့ မပြောဘဲ ကိုယ့်အပေါ်မှာ အနိုင်ယူခဲ့တယ်၊ သူ့လက်ခုပ်ထဲက ရေဆိုပြီး သူနိုင်စားတော့လည်း သူ ကိုယ့်အချစ်ကိုတော့မရဘူး၊ ကိုယ့်ရဲ့ အသည်းနှလုံးမပါတဲ့ ခန္ဓာကိုယ်ပဲ ရလိမ့်မယ်။

ဒါဆိုရင် ကိုယ်မရှုံးတော့ဘူး။ ကိုယ့်ရှေ့မှာ သူ ဒူးထောက်ခစားလာအောင် လုပ်ရမယ်။

ဒါပေမဲ့…

ကြီးစည်သော အတွေးစိတ်ကူးများနှင့် တစ်ထပ်တည်းကျဖို့ဆိုတာ အင်မတန် ခဲယဉ်းတာ ငယ်ဘဝကတည်းက သိခဲ့ရတယ်။ ဖခင်က အရင်စွန့်ပစ်သွား၊ မိခင်က နှလုံးရောဂါဖြင့် လောကကြီးကို ကျောခိုင်းသွား။ နေချင်တာပေါ့၊ ဘယ်သူမနေချင်ဘဲ ရှိပါ့မလဲ။ မိစုံဘစုံနှင့် ဖြစ်ချင်ခဲ့တာပေါ့။ ငယ်ဘဝကတည်းက အဖေ၊ အမေကို လက်တွဲပြီး လျှောက်ချင်ခဲ့တဲ့ဘဝကို မရခဲ့ပါ။

တွေးထင်မထားတာတွေ ဖြစ်လာတတ်တယ်။ တွေးထင်ထားတာတွေကျတော့ ဖြစ်ချင်မှဖြစ်လာတတ်တယ်။

အခုပဲကြည့်လေ… နှစ်သစ်ကူး တွေးမထားဘဲနှင့် အိမ်ထောင်ကျ။

အိမ်ထောင်ကျတယ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် အကြီးမားဆုံးသေ လေးဘက်လေးလံ ကာထားတဲ့ ဘောင်ထဲကိုကျသွားတာပဲလို့ ထင်တယ်။

ကိုယ့်ကိုတော့ ဒီလိုဘောင်ထဲမှာ ထည့်မခံနိုင်ဘူး။

သူက နာမည်ကျော်ကြားလူကြိုက်များတဲ့ ပုဂ္ဂိုလ်။ မာနတွေ ခေါင်ခိုက်နေ တဲ့လူ••လို့ ကိုယ်ထင်တယ်။ သူ့ဘာသာ နာမည်ဘယ်လောက်ကျော်ကြားကျော်ကြား ဘယ်လောက်မာနတွေကြီးကြီး ကိုယ်ကတော့ ဂရုမစိုက်ဘူး။ ကံကို ယုံကြည်ပေမယ့် ကံကြမ္မာက ကိုယ့်ဘက်မှာ မင်ရည်ကျဲခဲ့တယ်။

ကိုယ်••• ခံစားချက်တွေ ဒိုင်ယာရီထဲမှာ ရေးချနေရုံနဲ့ ဘာတတ်နိုင်မှာလဲ ဒဏ်ရာများနှင့် ဘယ်နှစ်ကြိမ် အသည်းကွဲရမှာလဲ။

<ငါ့နှလုံးသားတစ်ခု
ဘယ်အရပ်မှာ ရှာဖွေရမလဲ
တွေ့စအချစ်လွဲပြီးရင်
နောက်တွေ့အချစ်မြဲမလား
ငါ့ကို တစ်ချက်လောက် ကံကောင်းခွင့်ပေး
အခုတော့
နှလုံးသားတစ်စုံ လွင့်မျောလို့နေ•••>

နှစ်သစ်က





နှစ်နှစ်သူငယ်ချင်းများဖြစ်တဲ့ ဆုမြတ်နှင့် မစပ္ပါယ်တို့ မထင်မှတ်ဘဲ နှစ်နှစ်ဆီကို လာလည်ကြတော့ နှစ်နှစ်ပြောမပြ တတ်အောင် ဝမ်းသာသွားမိ၏။

'မစပ္ပါယ်တို့ကို နှစ်နှစ် သတိရနေတာ'

'တော်ပါ ဒီအပြောတွေ ရိုးနေပြီ'

'တကယ်ပါ မစပ္ပါယ်ရဲ့'

'ကျုပ်တို့ကပဲ မနေနိုင်လို့ လာလည်ရတယ်၊ ကိုယ့်သူ ငယ်ချင်းမလေး ပျော်နေတာကို လာကြည့်တာ'

'မစပ္ပါယ်ရယ် နှစ်နှစ်ပျော်နေတယ်လို့ထင်လား'

ပြောပြီး ဝမ်းနည်းစွာ မျက်ရည်များ စီးကျလာတော့၏။

ဆုမြတ်က•••

'နှစ်နှစ်ရယ် စိတ်မကောင်းအောင် ဘာတွေတွေးနေတာ လဲ၊ နှစ်နှစ်လက်ထပ်ထားတဲ့သူက အညတရ ရုပ်ဆိုးဆိုး လည်းမဟုတ်၊ ချမ်းသာလိုက်တာလည်း ကျိကျိတက်၊ ရုပ်ရည်ကလည်း ပြောစရာမလိုဘူး'

မစပ္ပါယ်က•••

'အေးလေနှစ်နှစ်ရယ်၊ ရုပ်ဆိုးဆိုးဗိုက်ပူပူကြီးဆိုလည်း

ထားတော့၊ ငါတော့ ကြည့်ရတာ ဦးထည်ဝါက နှင့်အပေါ်မှာ တကယ်ချစ်တာပါဟာ၊ မင်္ဂလာပွဲနေ့ကလည်း တယုတယ၊ နှင်တို့နှစ်ယောက် အရမ်းလိုက်တာပဲ၊ ရှေ့သွားနောက်လိုက်ညီတယ်ဟာ၊ အခု အိမ်ကြီးကလည်း ဟီးနေတာပဲကွာ၊ ကြည့်ပါဦး'

ကျွန်းပွတ်လုံးများနှင့် ထိုင်ခုံများကိုကြည့်၍

'ပုဂ္ဂိုလ်ကတော့ တော်တော်ကြွယ်ဝချမ်းသာတယ်နော်'

'အဲဒါတွေ နှစ်နှစ်မမက်ပါဘူး မစပွါယ်'

ဆုမြတ်က…

'သူငယ်ချင်း… မင်းက အစကတည်းက ပြည့်စုံတဲ့ဘဝကလာလို့ ဒါတွေမမက်မောတာ အဆန်းတော့မဟုတ်ဘူးကွ၊ တို့တွေဆိုရင်ကွာ ဘယ်လိုပြောရမလဲ၊ သာမန်ဘဝကနေ ဖြတ်သန်းလာခဲ့ရတော့ ပြည့်စုံမှုတွေကို မသိစိတ်က အမြဲတမ်းတနေမိတယ်ကွာ'

မစပွါယ်က…

'ဟုတ်တယ်နှစ်နှစ်၊ မစပွါယ်တို့ဆိုကြည့်၊ အိမ်မှာ လူဖွေရှာဖွေနေတာတောင် ပုံမှန်စားနိုင်သောက်နိုင်လောက်ပဲ





ရှိသေးတယ်၊ နှစ်နှစ်လည်းသိနေတာပဲ၊ သဘော်သား အစ်ကိုကြီးကြောင့် တို့တွေ လူတန်းစေ့နေနိုင်ရုံပဲ၊ မစုဆောင်းနိုင်ဘူး၊ မပြည့်စုံလို့ ရေခြားမြေခြားမှာ အလုပ်သွားလုပ်ခိုင်းနေရတာ တစ်နေ့မှ စိတ်မချဘူး၊ ပြီးတော့ ဟိုမှာအလုပ်တွေလုပ် ပြန်လာလို့ရှိရင် သူတို့သုံးနိုင်ဖို့ အောင် ကိုယ်ကငွေပြန်စုပေးထားရသေးတယ်၊ မသိတဲ့လူတွေဆိုရင် တို့မိသားစုကိုကြည့်ပြီး ပြည့်စုံတယ်ထင်နေတယ်ကွာ၊ သဘော်သားဆိုတဲ့အတိုင်း အသောက်အစားလေးပါ ဖက်လာတော့ ငါတို့မှာ အမြဲပူနေရတယ်ကွာ၊ အဲဒါကြောင့် အများစုက ပြီးပြည့်စုံတဲ့ ချမ်းသာကြွယ်ဝမှုကို မသိစိတ်က အရမ်းကိုလိုလားတောင့်တနေတာ မမှတာပဲ'

'အဲ… နှစ်နှစ်တို့ကတော့ ငယ်ငယ်ကတည်းက ဆင်းရဲတယ်ဆိုတာ ဂျိုနဲ့လားလို့ပြောရမလိုဖြစ်တဲ့လူတွေဆို တော့ နှစ်နှစ်ရယ် နေတတ်ရင်ပျော်စရာကြီးပါ၊ မစပွါယ်တို့ကတော့ နှစ်နှစ်ဘဝလေးကိုကြည့်ပြီး အရမ်းအားကျတာပဲကွယ်၊ နှစ်နှစ်အတွက်လည်း ဝမ်းသာတယ်၊ ကျွန်

တာတွေ မတွေးနဲ့၊ စိတ်ခံစားမှု၊ နှလုံးသားခံစားမှုဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲနေတာ၊ ပြည့်စုံကြွယ်ဝချမ်းသာနေရင် ဒါတွေက လေထဲမှာ လွင့်မျောသွားတဲ့ အမှိုက်စလေးဖြစ်သွားမှာ'

ကိုယ့်ခံစားမှုထက် သူတို့ခံစားမှုကို နားထောင်ဖြစ်ခဲ့၏။ သူတို့စကားပြောနေရင်းမှာ အိမ်ရှေ့မှ ကားသံကြားသဖြင့် ပြိုင်တူကြည့်မိလိုက်တော့ ထည်ဝါပြန်လာတာ တွေ့ရသဖြင့် မစပွါယ်က နှစ်နှစ်ရဲ့မျက်တောင်ဖျားမှာ ကပ်ငြိနေသေးသော မျက်ရည်စများကို တစ်သျှူးလေးဖြင့်အသာတို့ပေးကာ··

'ငါတို့ရှိတာ သူကြိုက်ပါ့မလား'

'အို··· ဘာဆိုင်လို့လဲ၊ မကြိုက်စရာဘာရှိလဲ၊ နှစ်နှစ်ဘဝမှာ အတွယ်တာရဆုံး သူငယ်ချင်းနှစ်ယောက်ကို ဘယ်သူမှပြောလို့မရဘူး၊ သူ ထမင်းစားပြန်လာတာဖြစ်မယ်'

'ဟယ်··· မြို့ထဲနဲ့ မရမ်းကုန်း ဒီလောက်ဝေးတာ'

'အေးလေ··· နှစ်နှစ်ရယ်၊ ထမင်းချိုင့် ထည့်ပေးလိုက်ပါလား'





'မသိဘူး၊ နှစ်နှစ် ဘာမှမစဉ်းစားမိဘူး၊ တွေးလည်းတွေးမထားရသေးဘူး၊ သူက ထမင်းစားပြန်လာတဲ့အချိန်မှာ နှစ်နှစ်ထမင်းမစားသေးတာသိရင် အတင်း စားခိုင်းတယ်၊ စားပြီးရင်လည်း ထပ်စားခိုင်းတယ်၊ ဘယ်လိုလူမှန်း မသိဘူး'

မစပွါယ်က အစအနောက်သန်သူပီသစွာဖြင့်···

'မိန်းမချောချောလေးမျက်နှာကို ကြည့်ချင်လို့ဖြစ်မှာပေါ့'

'အား··· မစပွါယ်နော်'

သူငယ်ချင်းနှစ်ယောက် သူမရဲ့ ရှက်ရိပ်စွန်းနေတဲ့ မျက်နှာလေးကိုကြည့်၍ ရယ်မောမိကြ၏။

အိမ်မှာ အန်တီလေးခေါ်ပေးသော ကောင်မလေးအိပိုက နှစ်နှစ်အတွက်တော့ အဖော်ဖြစ်ခဲ့သည်။

အိပိုက သူမတို့ကို ကော်ဖီသုံးခွက် အရင်လာချပေးထား၏။

လက်ထဲမှာ အထုပ်တစ်ထုပ်ကိုင်လာ၍ စတိုင်ဘောင်းဘီအနက်နှင့် စပို့ရှပ်လက်စည်းအသားရောင်ဝတ်ထားသည့် သူ့ပုံစံမှာ ရှင်းသန့်နေ၏။ မစပွါယ်နှင့် ဆုမြတ်ကိုမြင်၍···

'ဩော်… နှစ်နှစ်သူငယ်ချင်းတွေ ရောက်နေတယ် ထင်တယ်'

'ဟုတ်တယ် ကိုထည်ဝါ၊ နှစ်နှစ်ကို သတိရလို့ လာလည်ကြတာ'

'နှစ်နှစ်ကလည်း ကိုယ့်ဆီ ဖုန်းဘာလို့မဆက်တာလဲ၊ အခုပဲ ထမင်းစားချိန်ရောက်နေပြီ၊ ကိုယ်တစ်ခုခုဝယ်ပြီး လာခဲ့မှာပေါ့'

'ဘယ်သိမှာလဲ၊ သူတို့က အခုမှရောက်လာတာ၊ စကားပြောနေကြတုန်း ရှင်ရောက်လာတာ'

လာတာနှင့် ပါဝါပြနေတယ်ဟုလည်း ထင်မိ၏။

'ရတယ်၊ ရတယ် ကိုထည်ဝါ၊ စပွါယ်တို့ကို ဘာမှအားမနာနဲ့၊ ကျွန်မတို့ လမ်းမှာ စားလာကြတယ်'

'ဒီမှာ ကျွန်တော်ဝယ်လာတာတွေတော့ရှိတယ်၊ ခင်ဗျားတို့သူငယ်ချင်းတွေ စားလိုက်ပါ၊ ကျွန်တော် အပြင်မှာပဲ စားလိုက်မယ်'

သူက ပြောပြောဆိုဆိုနှင့် ထမင်းစားခန်းထဲဝင်၍ လက်ထဲမှ အထုပ်ကို ကောင်မလေးကို သွားပေး၏။





နှစ်နှစ်ရှေ့သို့…

'ဒီမှာ တချို့တစ်ဝက်ဓာတ်ပုံတွေ ရနေပြီ ရော့…'

ဟုဆိုကာ လက်ထဲသို့ ဓာတ်ပုံအိတ်ထည့်ပေးပြီး ထွက်သွားသည့် ထည်ဝါ့ပုံစံကြောင့် နှစ်နှစ်စိတ်တိုမိ၏။ သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးမလို့ သူက ရှောင်ဖယ်ဖယ်နှင့်။ နေပေါ့ ဒီကလည်း မကျေမနပ်ဖြင့် ဓာတ်ပုံထုပ်ကိုယူပြီး မစပွါယ်တို့နှင့် အတူတူ ဓာတ်ပုံကြည့်ဖို့ ထိုင်ကာ ဓာတ်ပုံကို အတူတူကြည့်နေလိုက်၏။

'ဟယ်… နှစ်နှစ်ရယ်၊ လှလိုက်တာဟယ်၊ မင်းသမီးတွေတောင် နင့်လောက်မလှဘူးလို့ ငါထင်တယ်ဟယ်၊ ကြည့်ပါဦး၊ စုံတွဲပုံတွေကလည်း အရမ်းလှတာပဲ၊ ငါတို့ကို တစ်ပုံစီလက်ဆောင်ပေးဦးနော်'

'အင်းပါ… ယူ ယူ ကြိုက်တဲ့ပုံယူ'

ထည်ဝါ မလှမ်းမကမ်းမှနေ၍ နှစ်သစ်ကူးတို့ကို ကြည့်နေမိ၏။ ကိုယ်တစ်ယောက်လုံးအနားမှာရောက်နေတာကို တစ်ချက်ကလေးမှမကြည့်သော သူမကြောင့်လည်း ဒေါသထွက်မိ၏။ သူမတို့နားမှာ လာရပ်သောအရိပ်ကြောင့် ပြိုင်တူမော့ကြည့်မိပြီး

'ကိုထည်ဝါ ထိုင်ပါ'

သုံးယောက်သား ပူးကပ်ပြီးကြည့်နေရာမှ မစပွါယ်နှင့် ဆုမြတ်ကထ၍ နေရာပေးမိတာကို သူကလည်း နှစ်သစ်ကူးနား မှာ ပူးကပ်စွာထိုင်ချ၍ ဓာတ်ပုံတွေကိုကြည့်၍…

'ကိုယ်ကတော့ ဒီပုံကို သဘောအကျဆုံးပဲ'

ထည်ဝါရော၊ နှစ်သစ်ကူးရော ဘာခံစားမှုမျိုးမှ မျက်နှာ မှာမထင်ဘဲ ပကတိကြည်လင်နေသော မျက်ဝန်းများနှင့် နှစ်ဦး သား လိုက်ဖက်တင့်တယ်နေပြန်၏။

'ဒီပုံကို ပုံကြီးချဲ့ခိုင်းရမယ်' ဟုပြောပြီး

'ဘယ်လိုလဲ' နှစ်နှစ်ကိုကြည့်၍

'ကြိုက်တယ်မဟုတ်လား'

ပြောရုံနှင့် အားမရသေးဘဲ နှစ်နှစ်ပခုံးပေါ် လက်တစ် ဖက်လှမ်းတင်တဲ့သူ့ပုံစံကြောင့် စိတ်တိုစွာ လက်ကိုပုတ်ချမိတော့ သူကလည်း သိနေပုံဖြင့် လက်ကို ပိုမိုတင်းကျပ်စွာ သူမပခုံးကို ဆုပ်ကိုင်ထားတဲ့ သူ့ပုံစံကြောင့် သူငယ်ချင်းများရှေ့မှာ ရှက်ရွံ့မိ ၏။ ထည်ဝါဆိုတဲ့အမည်အတိုင်း သူ့ပုံစံ ထည်ထည်ဝါဝါကြောင့် ဘယ်သူ့မှ ဂရုစိုက်ပုံမရ။ မစပွါယ်နှင့် ဆုမြတ်တို့လည်း ရယ်ချင်





လှစွာ အနေခက်မိကာ ဓာတ်ပုံများကို စူးစိုက်ကြည့်နေကြ၏။ မျက်နှာတွေကတော့ ပြုံးစိစိများဖြင့်။

သူမက ပခုံးမှာ ဖက်ထားသောလက်ကို အတင်းဆွဲခွာ နေသည့် ပုံစံကြောင့် ထည်ဝါက သူမနဖူးကို ဖျတ်ခနဲငုံ့မွှေး၍ သူမတစ်ခုခု တုံ့မပြန်ခင်မှာ ဆတ်ခနဲထလိုက်ပြီး မချိုမချဉ် မျက်နှာဖြင့်…

'နှစ်နှစ်… ကိုယ်အပြင်မှာ တစ်ခုခုသွားစားလိုက်ဦးမယ်၊ တစ်ခုခုမှာချင်ရင် ကိုယ့်ဆီဖုန်းဆက်လိုက်၊ ဟိုနှစ် ယောက် မ…'

'စပွါယ်နဲ့ ဆုမြတ်ပါ'

'ကျွန်တော့်ကို ခွင့်ပြုပါဦး၊ သူငယ်ချင်းတွေတွေ့တုန်း အေးအေးဆေးဆေးပေါ့၊ ဖြည်းဖြည်းမှပြန်ပေါ့၊ နှစ်နှစ် လည်းပျင်းနေတာနဲ့ အတော်ပဲပေါ့၊ သူငယ်ချင်းတွေ ရောက်လာတာနဲ့၊ နှစ်နှစ်… ကိုယ်သွားမယ်'

ဟုပြောပြီး လှည့်ထွက်သွားသော သူ့နောက်ကျောပြင်ကို ကြည့်ရင်း အံကြိတ်မိ၏။

နှစ်နှစ်ပုံစံကိုကြည့်၍ သူငယ်ချင်းနှစ်ယောက်ရယ်နေတာ

ကြည့်၍ မျက်ရည်များဝေ့ဝဲလာမိ၏။ ဤယောကျာ်းသားက သူမကို အနိုင်နှင့် ပိုင်းပြသွားပြန်ပြီ။

နှစ်နှစ် ဘာမှထပ်မပြောနိုင်တော့ဘဲ မျက်ရည်လေးတွေ လည်လာသည်။

ခုတော့… အနိုင်ယူထားဦးပေါ့။

ဆုမြတ်ရဲ့စကားက တည်ငြိမ်၍ သူမကို နားဝင်အောင် ပြောပြနေခဲ့တာက-

'အရာရာဟာ ထာဝစဉ်တည်ငြိမ်နေတယ်လို့ ရှင်ထင်နေသလား နှစ်နှစ်၊ အရာရာဟာ ကမ္ဘာလည်နေသလို လည်နေတယ်၊ ဘဝအတွက် ဆုံးဖြတ်ချက်တစ်ခုကို ပြင်ဆင်ခွင့်မရတဲ့အတွက် ပေးဆပ်ခဲ့ရတယ်လို့ မထင်နဲ့ နှစ်နှစ်၊ အရာရာဟာ မတည်မြဲသလို အချစ်တွေဟာလည်း လူတစ်ယောက်နဲ့တစ်ယောက် အမြဲတည်မြဲမယ်လို့ ထင်မှတ်လို့မရဘူးနှစ်နှစ်၊ ကိုယ့်နှလုံးသားက အရင်က တစ်ယောက် ယောက်ပေါ် စူးနစ်နေပေမယ့် မတည်မြဲတဲ့ လောက သဘာဝမို့ နောင်တစ်ချိန်မှာ အခြားတစ်ယောက်ပေါ် စူးနစ်သွားရင်လည်း သွားနိုင်တာပဲ၊ နှလုံး





သားတစ်စုံကို ထိန်းချုပ်မထားနဲ့၊ သူ့ဘာသာသူ လွှတ်ထားလိုက်ပါ၊ အချိန်တန်ရင် သူနဲ့ရင်ခုန်သံချင်း ထပ်တူကျတဲ့ နှလုံးသားတစ်စုံကို တွေ့လိမ့်မယ်'

မစပ္ပါယ်က…

'ဟုတ်တယ်ဟေ့၊ တို့ကတော့ ရည်းစားမထားဖူးတော့ ဆုမြတ်လိုမပြောတတ်ပေမယ့် ဆုမြတ်ပြောတဲ့စကားတွေကို အကြွင်းမဲ့လက်ခံတယ်ဟေ့'

'ကောင်မလေး ဘာမှမစဉ်းစားနဲ့၊ ကိုယ့်အပေါ်မှာ ပျော့ပျော့ပျောင်းပျောင်းမဆက်ဆံပေမယ့် ကိုထည်ဝါက နင့်အပေါ် ချစ်မြတ်နိုးတဲ့အမူအရာတွေ ပါနေတာ ဘေးလူတွေတောင် မြင်နေရတယ်၊ ဒီကောင်မလေးကို မချစ်ဘဲ ဘယ်သူနေနိုင်မလဲ၊ မချစ်ဘဲနဲ့နေနိုင်တဲ့သူကတော့ အသည်းနှလုံးမပါတဲ့သူလို့မပြောဘူး၊ မျက်စိမပါတဲ့သူ ဒါလည်း မဖြစ်နိုင်ဘူး၊ သူမျက်စိမပါ၊ အသည်းနှလုံးမပါလည်း ငါ့သူငယ်ချင်းလေးရဲ့ အသားအရေကို ထိတွေ့လိုက်ရင်ပဲ မချစ်ဘဲနေမှာမဟုတ်ဘူး၊ ဟဲ…ဟဲ…'

'ဟာ… မစပ္ပါယ်ကလည်း ဘာတွေပြောနေတာလဲ'

'ဟုတ်တယ်လေ၊ ကျုပ်တို့တောင် ရှင့်ကို မိန်းမအချင်းချင်း ချစ်နေသေးရင် သူက အဲ… နှစ်နှစ်ယောက်ျားက ဘာလို့မချစ်နိုင်မှာလဲ၊ နော့… မဟုတ်ဘူးလား'

မစပွါယ်က လျှောက်စနေတာကို နှစ်နှစ်ကရှက်ပြီး လက်သီးများဖြင့် လျှောက်ထုနေပြီး သူမအပေါ်မှာ ဖွတ်တရွတ်ဆန်သော သူ့အပြုအမူများကို မြင်ယောင်ပြီး ချစ်တယ်လို့ တစ်ခွန်းမှမပြောဘဲ အနိုင်ယူတတ်တဲ့ သူ့ပုံစံကြောင့် မုန်းမိသည်။

မစပွါယ်နှင့် ဆုမြတ်တို့ ပြန်ဖို့ပြင်တော့…

'အခုမှနေ့လယ် ၃ နာရီပဲ ရှိသေးတယ်'

နှစ်သစ်ကူးက ဆုမြတ်နှင့် မစပွါယ်ကို လိုက်ပို့ပေးမယ်ဟုပြောသဖြင့် မစပွါယ်က…

'ဟယ်… လိုက်မပို့နဲ့၊ နင့်ချစ်ခင်ပွန်းကြီးက ပြောနေဦးမယ်'

'မစပွါယ်နော် ဘာဖြစ်လို့ သူ့ကို ထည့်ပြောနေတာလဲ ကိုယ့်သဘောနဲ့ကိုယ်ပဲ၊ ဘာမှသူ့ကိုပြောနေစရာမလိုဘူး'

ဆုမြတ်က…

'ကြည့်လည်းလုပ်ဦးနော်၊ တို့တွေ နောက်တစ်ခါမလာ





အောင် မလုပ်နဲ့၊ နှစ်နှစ်ကလိုက်ပို့ပြီး တို့တွေက တစ်ယောက်တည်း ပြန်လွှတ်ရမှာ စိတ်မချပါဘူးဟာ၊ နေပါစေ၊ ငါတို့က နှစ်ယောက်၊ အဖော်ရှိတယ်၊ မစပွါယ်ကို မြေနီကုန်းမှာ သန်လျင်ကားစောင့်ပေးပြီးမှ ငါ စမ်းချောင်းကို ပြန်မယ်'

နှစ်သစ်ကူးက မစပွါယ်နှင့် ဆုမြတ်တို့ သူ့ကို ဘာကြောင့်ရှိန်းနေကြသလဲမသိ။ သူမကတော့ မကြောက်ပါဘူး။ ဘယ်လိုတုံ့ပြန်ရမလဲပဲ စဉ်းစားနေတာ။ ဆုမြတ်တို့ကို ဘာမှမပြောဘဲ ထည်ဝါ့ဆီ ဖုန်းဆက်လိုက်မယ်ဟုပြောကာ…

'သူက တစ်နေကုန်ထွက်သွားပြီး အိမ်မှာ ငါတစ်ယောက်တည်းကျန်ခဲ့တာ၊ ပျင်းတာပေါ့ကွာ၊ ငါ့ဘက်ကို ကြည့်ပါဦး၊ ပြီးတော့ ငါ့ကို တစ်ယောက်တည်း ထားထားသွားတာ၊ မကျေနပ်ဘူး၊ ငါ နင်တို့နဲ့ လိုက်ပါရစေကွာနော်'

'ဪ နှစ်နှစ်ရယ်'

အစကတည်းက လွတ်လွတ်လပ်လပ်နေတတ်တဲ့ အကျင့်လေးလည်း ရှိတဲ့သူ။ သူငယ်ချင်းနှစ်ယောက်က နားလည်ပါသည်။

နှစ်နှစ်ရဲ့ခံစားချက်ကို…

'ဟယ်လို'

'ပြော'

သူ့အသံ မာဆတ်ဆတ်ကြောင့် မဲ့မိ၏။ ထည်ဝါက လည်း တစ်ခါမှ သူ့ဆီဖုန်းမဆက်ဖူးသော နှစ်သစ်ကူးအသံလေး ကြောင့် ပျော်ရွှင်သွားသောစိတ်ကိုထိန်းပြီး တစ်ခုခုပဲဆိုတာ သိ လိုက်သည်။

'နှစ်နှစ်အပြင်သွားမလို့'

'ဘယ်ကိုသွားမှာလဲ၊ ကိစ္စရှိလို့လား'

'ဘာလဲ ကိစ္စရှိမှ သွားရမှာလား'

နှစ်သစ်ကူး၏လေသံလည်း တင်းနေသဖြင့်…

'သွားချင်ရင်ခဏစောင့်၊ ကိုယ်လိုက်ပို့ပေးမယ်'

'လိုက်ပို့ပေးမှသွားရအောင် ကျွန်မက မသွားတတ်၊ မလာတတ်တဲ့သူမဟုတ်ဘူး သိလား'

'မင်းဘယ်လိုပြောလိုက်တာလဲ'

'ဟုတ်တယ်၊ ကျွန်မက ရှင် လှောင်အိမ်ထဲထည့်ထား တဲ့ အလှမွေးထားတဲ့ တိရစ္ဆာန်တစ်ကောင်မဟုတ်ဘူး'





'အေး… အဲဒီလိုဆိုရင်လည်း အလုပ်ရှုပ်ခံပြီး ပြောနေ စရာမလိုဘူး၊ မင်းက ငါ့မိန်းမမို့ပြောနေတာ၊ အပျိုလေး တုန်းကလို နေချင်တိုင်းနေ၊ သွားချင်တိုင်းသွားလို့မရဘူး ဆိုတာကို သိထားဦး'

'ရှင်… ရှင့်စကားတွေ ဖောင်းဖြစ်သွားပြီ ဦးထည်ဝါ၊ နေချင်တိုင်းနေ၊ သွားချင်တိုင်းသွားဆိုတဲ့ စကားက ဘယ်အထိရောက်သွားပြီလဲဆိုတာ ရှင်သိလား'

မစပွါယ်နှင့် ဆုမြတ်ကလည်း နှစ်နှစ်ရဲ့ဒေါသနှင့် စကား သံတွေကြောင့် အခြေအနေမဟန်ဘူးဆိုတာသိပြီး နှစ်သစ်ကူး လက်ထဲမှ ဖုန်းကို ချလိုက်ဖို့သတိပေးသော်လည်း သူမစကားသံ ဟာ ငိုသံတွေပေါက်နေသဖြင့် တစ်ဖက်က လေသံကိုလျှော့ လိုက်ဟန်တူသည်။

'ဘာလဲ… သူငယ်ချင်းတွေ လိုက်ပို့မလို့လား၊ ဒါဆိုရင် ခဏစောင့်နေ၊ ကိုယ် နာရီဝက်အတွင်း အရောက်လာခဲ့ မယ်၊ စောင့်နေ'

'မစောင့်တော့ဘူး၊ ရှင်နဲ့ဆိုရင် မသွားတော့ဘူး'

'နှစ်နှစ် မင်းငါ့ကို သက်သက်ရွတ်နေတာလား'

'ဟုတ်တယ် ရှင်က နေရာတကာ ပါဝါတွေပြနေပြီး အမိန့်တွေပေးနေတာကို မကျေနပ်ဘူး'

ဟုပြောပြီး ဖုန်းချလိုက်သည်။

သူက ငါ့လက်ခုပ်ထဲကရေ။ ငါ့အမိန့်၊ ငါ့သြဇာ၊ ငါ့ တဲ့အတ္တတွေနှင့် ဒီနေထိ နှစ်သစ်ကူးကို ချစ်တယ်ဆိုတဲ့စကား တစ်ခွန်းမဆို။

ချစ်ရဲ့လားလို့လည်း သူမကို မမေးဖူးခဲ့။

သူပြောတဲ့စကားများကို မှတ်မိနေပါသေးတယ်။ အမျှင် ပြေဖို့ လက်ထပ်လိုက်တာ။ လူကြီးစကားနားထောင်တာ။ သူမ အပေါ်မှာ သူ မခံစားဘူးဆိုတဲ့ စကားတွေကို ဒိုင်ယာရီစာအုပ် ထဲမှာထက် သူမနှလုံးသားမှာ ရေးထားခဲ့တာ သူသာအသိ။

တာဝန်ဝတ္တရားဆန်သော အိမ်ထောင်တစ်ခုကို ငယ်ငယ် ကတည်းက သူမမုန်းသည်။ မနှစ်မြို့ခဲ့။

မာနကြီး၊ အတ္တကြီးတဲ့ ထည်ဝါဆိုတဲ့လူဆီက အချစ် တွေကိုလည်း မရချင်ပါ။

အိမ်ထောင်ကျခဲ့တာကလည်း လူကြီးတွေ စီစဉ်လို့ လက်ထပ်ခဲ့ကြတာ။ တစ်ယောက်နှင့်တစ်ယောက် အလကားတွေ





နှင့် ချစ်ခဲ့ကြတာမှမဟုတ်ဘဲ။

ဒါကို သူလည်းအသိ၊ ကိုယ်လည်းအသိ။

သူကရော လက်ထပ်ပြီးမှ အပြန်အလှန်ချစ်ခြင်းကို ဖြစ် ထွန်းဖို့ သူ ဒီ့ထက် လိုက်လျောသင့်တယ်လို့ မထင်ဘူးလား။

သူမတောင် သူ့အပေါ်မှာ မခံစားနိုင်သေးပေမယ့် ဖွတ် တရွတ်ဆန်တဲ့ သူ့အပြုအမူများကို ကြည်ဖြူခဲ့ရတာပဲ။

နှစ်သစ်ကူးမျက်နှာ ဘာဖြစ်တယ်မဖြစ်တယ် သူမသိ။ နက်မိုးလင်း အလုပ်သွားမယ်။

နှစ်သစ်ကူးမှာလည်း လည်စရာအန်တီလေးကလည်း ရှိ။ နောက်နေ့ခရီးထွက်သွား၏။ အန်တီလေး တမင်စီစဉ်တာကို လည်း သိသည်။ နောက်မို့ဆို ထစ်ခနဲရှိ အန်တီလေးဆီလာမှာ ကျိန်းသေ။

ငိုင်တွေနေသည့် နှစ်သစ်ကူးကိုကြည့်၍…

'ကဲပါ နှစ်သစ်ကူးရယ်၊ စိတ်လျှော့လိုက်ပါတော့၊ ငါတို့ ပြန်တော့မယ်၊ နောက်မှ တို့တွေ အေးဆေးတွေ့ကြတာ ပေါ့၊ အင်း… ရုပ်ချောတာကလည်း တစ်ရန်၊ မိန်းမတွေ က ကောင်းခြင်းငါးဖြာထဲက အဆင်းဆိုတော့ သွားရ

လာရတာမလွတ်လပ်ဘူး၊ တို့များကျတော့လည်း သာမန် ရွက်ကြမ်းရေကျိုဆိုတော့ ဘယ်သွားသွား အန္တရာယ်မရှိဘူး’

‘မစပ္ပါယ်ရယ် နှစ်နှစ်စိတ်မကောင်းဖြစ်နေရတဲ့အထဲမှာ ဘာမှပြောမနေပါနဲ့၊ ရှပ်ချောချော ရှပ်ဆိုးဆိုး အသွားမတော်တစ်လှမ်း၊ မိန်းမဟာ မိန်းမပါပဲ’

‘နှစ်နှစ် မင်းအပေါ်မှာ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်တဲ့ယောကျ်ားကိုရတာ ကံကောင်းပါတယ်ကွာ’

‘ကဲ… တို့တွေ ပြန်တော့မယ်’

သူမ အသိမဲ့သူတစ်ယောက်လို ဘာမှမပြော။ ခေါင်းထဲမှာ သူ့အပေါ် မကျေနပ်တာပဲသိတယ်။ ကြီးမားလှသော ခြံကြီးက အိမ်ထဲမှ ခြံဝကိုလိုက်ပို့တာတောင် တော်တော်လမ်းလျှောက်ယူရသည်။ ဆုမြတ်နှင့် မစပ္ပါယ်၏မျက်နှာက ခြံကျယ်ကြီးကိုသဘောကျမျက်လုံးများက အထင်သား။

သူငယ်ချင်းများ နှုတ်ဆက်ပြန်သွားကြတော့ အကျဉ်းသားနှင့်တူနေသည့် သူမအဖြစ်ကြောင့် ဒေါသတွေ ထွက်နေမိ၏။





အိပ်ရာပေါ်ပစ်လှဲကာ ခေါင်းအုံးပေါ် မျက်နှာကိုမှောက်၍ ဖိကပ်ထားမိသည်။

မျက်ရည်တွေ အဆက်မပြတ်စီးဆင်းလာကာ ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိသည်။

အတ္တကြီးတဲ့လူ…

မုန်းတယ်သိလား။

မုန်းတယ်… မုန်းတယ်။

သိပ်မကြာလိုက်၊ အခန်းထဲမှ ဖုန်းမြည်လာပြီ။ သူဆက်တာပဲနေမှာ။ မကိုင်ချင်။ ဖုန်းသံမြည်နေသဖြင့် ဖုန်းကို ဆတ်ခနဲကောက်ယူကာ…

တစ်ဖက်က ဘာမှမပြောခင်…

‘ဘာလဲ… နောက်မဆက်နဲ့၊ မပြောချင်ဘူး’

ဂွပ်ခနဲချပစ်လိုက်သည်။

ဖုန်းက ချက်ချင်းပြန်မြည်လာ၏။

သူမ ပေကပ်ပြီး ဖုန်းမကိုင်ပေ။ ကြာတော့ ဖုန်းသံထွက်မလာတော့။ ကောင်းတယ်။ ဒါမှမှတ်မှာ။ နှစ်သစ်ကူးသူမလုပ်ရပ်အတွက် ပြုံးမိ၏။

နောက်တစ်ခေါက် ထပ်မြည်လာပြန်သည်။

'နှစ်နှစ်'

သူမ မထူး။

'မင်းဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ၊ ကိုယ့်မှာ မအားရတဲ့အထဲ အစည်းအဝေးခန်းထဲ မဝင်နိုင်သေးဘူး'

'ရှင့်ကို ဘယ်သူက ဖုန်းဆက်ခိုင်းလို့လဲ၊ ရှင်ပဲ အလုပ်များနေတာ၊ ကျွန်မက အိမ်မှာတစ်နေ့တစ်နေ့ အလုပ်မရှိ အကိုင်မရှိ ထိုင်နေရတာနဲ့ ညောင်းပြီးကြာရင်ချည့်သွားလိမ့်မယ်သိလား'

သူ့ကို ရန်တွေ့နေသည့် ကောင်မလေးစကားများကြောင့် သူရယ်မိ၏။ သူ့ရယ်သံကြောင့်...

'ရှင် ဘာရယ်တာလဲ'

'မင်းငိုနေမှာစိုးလို့၊ ကိုယ်ပြောတာ ဟုတ်တယ်မဟုတ်လား၊ မင်း ငိုနေတယ်မဟုတ်လား'

'ငိုတော့ ဘာဖြစ်လဲ၊ ရှင့်အပူ တစ်ပြားသားမှ မပါဘူး'

'မပါလို့ရမလား၊ ခေါင်းတွေကိုက်နေမယ်ကွာ၊ သွားချင်တဲ့နေရာကိုသွား၊ ဘယ်ကိုသွားမှာလဲဆိုတာပြော၊ အချိန်





သုံးနာရီလောက်ရတယ်မဟုတ်လား၊ ညမိုးမချုပ်ခင် ပြန်လာခဲ့'

'မသွားတော့ဘူး၊ ရှင်သွားခွင့်ပေးမှ သွားရမှာလား'

'ပြောစရာမရှိတော့ဘူး'

သူမ ဖုန်းချမယ်အလုပ်မှာ...

'နှစ်နှစ်... မင်းဘယ်လိုဖြစ်နေတာလဲကွာ၊ အလုပ်လုပ်ရတာ စိတ်မဖြောင့်တော့ဘူး၊ ကိုယ့်ကို စိတ်မကောက်နဲ့နော်၊ ကိုယ်ချော့မှာမဟုတ်ဘူး'

'စိတ်မကောက်ဘူး၊ စိတ်နာတယ်၊ အို... ရှင့်ကိုမုန်းတယ်၊ မုန်းတယ်'

သူမ အသံကုန်အော်၍ ဖုန်းချပစ်လိုက်သည်။ ဖုန်းသံလည်း ထပ်မကြားတော့ပေ။ နှစ်သစ်ကူး မျက်ရည်တွေ ထပ်ကျလာတော့ ဘာမုန်းမသိတာကို မကျေနပ်။

သူမတစ်သက်နှင့်တစ်ကိုယ် ထည်ဝါဆိုတဲ့သူအပေါ် အရှုံးပေးလိုက်ရတာ များနေပြီ။

ထမင်းလည်းမစားချင်။ အခန်းထဲမှာ ဝင်လှဲနေလိုက်၏။ မိမိမာနနှင့် မခံချင်စိတ်ကြောင့် အိပ်လို့မရပေ။

ရင်ထဲမှာ သူ့အတွက် ခါးသီးနက်ရှိုင်းသော မုန်းတီးခြင်းတွေအပြည့်။ စိမ်းလန်းရဲ့ အမြဲအဆင်သင့်ဖေးမတတ်သည့် ပုံစံကို သတိရမိသွားသည်။

ဘယ်လိုယောကျ်ားဟာ အားကိုးထိုက်သူ၊ ချစ်သင့်သူလည်း သူမ မတွေးတတ်ပါ။

သူမတွေ့ဖူးခဲ့တဲ့ယောကျ်ားတွေရဲ့ စိတ်ကိုလည်း နားမလည်တော့။

ထည်ဝါဟာ သူမအပေါ် ဘယ်လိုမှ ယနေ့အထိ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်မှုမရှိသေး။ လူတွေရှေ့မှာ ဟန်ဆောင်ကောင်းသူလို့ ထင်မိ၏။ မာနနှင့် ဟန်ဆောင်ကောင်းသူတစ်ယောက်ကတော့ သူမရဲ့လက်တွဲဖော်ဖြစ်ခဲ့ရပြီ။

ရှင်သန်ခြင်းများ တိမ်းချော်
ဘဝကလွဲမှား
အချစ်ကစိမ်းကား
ပုံသေနည်းမရှိတဲ့
အချစ်ထဲမှာ





နွံနှစ်နေပြီး
ဒါပေမဲ့
အဏ်ရာများနှင့်
ဆက်လက်ရှင်သန်နေမယ်
မာယာကြွယ်တဲ့
လောကကြီးမှာ
ကြွေခဲ့ပေါ့...

* * *

'အိပို... နင့်မမရော'
'အခန်းထဲမှာ အစ်ကိုကြီး'
'သူထမင်းစားပြီးသွားပြီလား'
'မစားချင်သေးဘူးလို့ပြောတယ်'

အပြင်မှစကားသံများကြားပြီး သူပြန်လာပြီဆိုတာ သိလိုက်ရသဖြင့် နှစ်သစ်ကူး မနေကျုပ်စိတ်ကြောင့် အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

ထည်ဝါက သိသည်။ သူ့ကိုစိတ်ကောက်ပြီး အိပ်နေမယ်ဆိုတာ။ သူ မချော့တတ်ပါ။

နှစ်သစ်ကူးမအိပ်တာကို မျက်တောင်ကော့များ တလှုပ်လှုပ်ဖြစ်နေတာကို ကြည့်တာနှင့်သိလိုက်ပြီး သူမနားမှာထိုင်ပြီး ဆံနွယ်များကို လေဖြင့်တချက်မှုတ်လိုက်တော့ မျက်တောင်များ ပိုတင်းအောင်မှိတ်ပြီး မကျေနပ်စိတ်ကြောင့် မျက်မှောင်ပါကျုတ်ထားတဲ့ သူမလေးကို သေချာကြည့်မိသည်။

ဒီကောင်မလေးကို မြင်လိုက်တာနှင့် စိတ်လှုပ်ရှားခဲ့၏။ သူမလေးရဲ့ဆံနွယ်လေးတွေ ရှည်လျားပြီး နူးညံ့၏။ ရွှေရောင်ဆိုးထားသဖြင့် မြန်မာမလေးစစ်စစ်ဖြစ်လျက်နှင့် ဘိုမလေးလို ဖြစ်နေ၏။

တောက်ပသော မျက်ဝန်းနက်တစ်စုံက ဝင်းလဲ့နေ၏။ ပါးမို့လေးတွေ နီမြန်းလျက် ငိုထားသည့်အရှိန်ဖြင့် မျက်ခွံလေးများ ဖောင်းဖောင်းလေးနှင့် ပြည့်တင်းတင်းဖြစ်နေသည့် နှုတ်ခမ်းလေးကို သူမြတ်နိုးစွာ ငေးစိုက်ကြည့်နေမိသည်။

သူမလေးကို ဓာတ်ပုံလေးမြင်ကတည်းက စွဲလန်းခဲ့ရတဲ့ သူ့အဖြစ်···။





လှလိုက်တဲ့ ကောင်မလေး···။

လူကိုယ်တိုင်တွေ့ပြီးတော့ ပိုပြီးစိတ်ဝင်စားခဲ့မိတာ ပိုကျိန်းသေခဲ့သည်။

သူမအပေါ်မှာ ချစ်တယ်ဆိုတဲ့ ခံစားချက်ဟာ အချိန်ကြာလေ ပိုသေချာလာသော်လည်း ဖွင့်မပြောဖြစ်ခဲ့ပါ။

လူကြီးတစ်ယောက်လို ဣန္ဒြေဆည်ပြီး ထိန်းထားရသော်လည်း သူ တင်းကြပ်နေတဲ့ ဝေဒနာဆိုးကြီးကို ခံစားနေရသည်။

ရင်ထဲမှာတော့ မဆုံအောင် နှစ်သစ်ကူးရဲ့ပုံလေးကို စားစားသွားသွား သတိရနေတာ၊ စွဲလမ်းမြတ်နိုးမှုတွေ တစ်နေ့ထက်တစ်နေ့ ပိုတိုးလာတယ်နှစ်နှစ်ရယ်။ မင်းကတော့ ကိုယ့်ကို အနိုင်ယူသူတစ်ယောက်အဖြစ် သတ်မှတ်ထားတယ်။

ပန်းပွင့်ဖတ်လေးတွေလို နူးညံ့သောသူမလေးကို မြတ်နိုးစိတ်တို့သည် သူမလေးကိုမြင်တိုင်း ခန္ဓာကိုယ်ရှိ သွေးကြောထဲမှတစ်ဆင့် နှလုံးသားထဲ စီးဝင်နေ၏။

အလုပ်လုပ်နေရသော်လည်း စိတ်မချခဲ့။

သူမလေးဟာ ငယ်ငယ်လေးကတည်းက တစ်ယောက်တည်းနေရတာကို မုန်းတီးတာကို သိသော်လည်း တစ်ယောက်

တည်းထားသလိုဖြစ်ခဲ့၏။ ကိုယ့်ကို အတ္တကြီးသူအဖြစ် မင်း မြင်နေလား။

နှစ်သစ်ကူး မျက်စိကို ဖွင့်ချင်နေမိသည်။ အနေခက်စွာ သူမနားမှာထိုင်ပြီး သူ့ကိုယ်မှ ရနံ့တစ်မျိုးကို ခံစားမိသောကြောင့် ကိုယ့်ကိုစိုက်ကြည့်နေမှာပဲဆိုတာကို သိနေသဖြင့် ဒေါသတွေ ဖြစ်နေသည်။

သူမရဲ့ဆံနွယ်များကို ကိုင်တွယ်ကြည့်ပြီး ဆော့ကစား လိုက်ပြီး သူမရဲ့နဖူးပြင်ဝင်းဝင်းလေး နွေးခနဲ၊ မျက်ဝန်းမို့မို့လေး တွေ ပူခနဲနှင့် ပါးမို့မို့နှင်းဆီလွှင်ပြင်ကို ခူးယူခြင်းခံလိုက်ရပြီး သူမရဲ့ ထူပြည့်ပြည့်နှုတ်ခမ်းလေးဆီ မရောက်ခင်မှာ နှစ်သစ်ကူး မျက်နှာကို တစ်ဖက်လွှဲ၍ ထထိုင်မိသည်။

'နှစ်နှစ်… မအိပ်သေးဘဲနဲ့ကွာ၊ ထမင်းစားမယ်. ထ'

'မစားချင်ဘူး…လွှတ်၊ ရှင်နဲ့အတူတူမစားချင်ဘူး၊ ကိုယ့် ဘာသာကိုယ်သွားစား'

'မင်းအဲဒီလို စိတ်ကောက်ပြီးအိပ်နေမှာစိုးလို့ ထကွာ၊ လိမ္မာပါတယ်'

'မသိဘူး၊ မစားဘူး၊ ရှင့်ကိုမုန်းတယ်၊ မုန်းတယ်'





သူမကို ဆွဲထူနေသည့်သူကို ထုရိုက်မိသည်။ သူက သူမလက်သီးဆုပ်များကို ရှောင်ရှားရင်း အိပ်ရာပေါ် လှဲချပစ်ကာ နှစ်သစ်ကူး၏ စွဲမက်ဖွယ်ကိုယ်လုံးလေးကို လှုပ်လို့မရအောင် သူ့လက်များဖြင့် ချုပ်နှောင်ထားတော့၏။

'အို'

'မင်း ဒီ့ထက် ပိုဆိုးလာရင်တော့ ကိုယ့်အဆိုး မဆိုနဲ့ နော်'

* * *



## အခန်း(၁၇)

နှစ်နှစ် ဈေးဝယ်မထွက်တာ ကြာပြီဖြစ်သဖြင့် ဒီနေ့ တစ်ယောက်တည်း ဈေးဝယ်ထွက်ခဲ့သည်။ နီးနီးနားနားမှာရှိသည့် ဂျက်ရှင်းအိတ်မှာမဝယ်ဘဲ ဒဂုံစင်တာနှင့် ရန်ကင်းစင်တာများမှာ ပစ္စည်းတွေ လျှောက်ကြည့်လျှောက်ဝယ်နှင့် လက်ထဲမှာ အထုပ်အပိုးတွေ အပြည့်ဖြစ်နေ၏။ တစ်စုံတစ်ယောက်က လက်ထဲမှ အထုပ်ကို လှမ်းဆွဲလိုက်သဖြင့် နှစ်နှစ်ကလည်း အထုပ်ကို ပိုတင်းအောင်ကိုင်လိုက်ပြီး လှည့်အကြည့် မမျှော်လင့်ထားသော မျက်နှာ… တစ်ချိန်က သူမရဲ့အိပ်မက်ဖော်စိမ်းလန်း…။ ပြုံးရယ်





နေသော အပြစ်ကင်းစင်တဲ့မျက်နှာ…။

'နှစ်နှစ်… ကိုယ့်ကို မှတ်မိပါသေးတယ်နော်'

'စိမ်းလန်း'

နှုတ်မှ အံ့ဩမိသူတစ်ယောက်အဖြစ် နှုတ်ခမ်းလှုပ်ရုံ လေသံထွက်လာခဲ့၏။

'ကိုယ်တို့မတွေ့တာ ၆ လလောက်ပဲရှိသေးတယ်နော်'

'အင်း' ဟု ပြောလိုက်သော်လည်း အချိန်ကာလတစ်ခုကို သူမ မေ့ထားခဲ့သည်။

'စိမ်းလန်း… ဟိုမှာကြာမယ်ဆို၊ ဘယ်လိုကနေ ဘယ်လိုရောက်လာတာလဲ'

'ဟုတ်တယ်၊ ကိုယ်ရောက်နေတာ တစ်ပတ်လောက်ရှိပြီ၊ နှစ်နှစ် ဒီစင်တာထဲဝင်လာကတည်းက ကြည့်နေတာ ကြာပြီ၊ နှစ်နှစ်က ပိုတောင်ချောလာသေးတယ်'

သူ့စကားကြောင့် မသိသေးသောကိစ္စတစ်ခုကို…

'နှစ်နှစ်… အိမ်ထောင်ပြု…'

စကားမဆုံးခင်မှာပင် စိမ်းလန်းက…

'ကိုယ်ကြားပါတယ်၊ ဒီမှာရှိတဲ့ သူငယ်ချင်းတွေက

ကိုယ်နဲ့နှစ်နှစ်အကြောင်းကို သိထားတော့ သူတို့နဲ့ ဖုန်းပြောတော့ နှစ်နှစ်မင်္ဂလာသတင်းကို ကိုယ်အစောကြီးကတည်းက သိထားပြီးသားပါ၊ နှစ်နှစ်ကို ချီးကျူးပါတယ်ကွာ'

'ဘာအတွက်လဲ'

'သြော်... နှစ်နှစ်က ကိုယ့်အပေါ်မှာ မေ့ပျောက်လွယ်တယ်နော်'

'သြော်... ရှင်မှအပြောကောင်း၊ ဘယ်သူက ဘယ်သူ့ကို စွန့်ခွာခဲ့တာလဲ၊ နှစ်နှစ်မှာ တစ်ဦးတည်းသော သံယောဇဉ်တွယ်တာစရာ အန်တီလေးတစ်ယောက်ပဲရှိတယ်၊ တစ်ဦးတည်းရှိတဲ့ ဆွေမျိုးရဲ့အပစ်ပယ်ခံမဖြစ်ချင်ဘော့ဘူး၊ အန်တီလေးစီစဉ်တဲ့အတိုင်း စိတ်ချမ်းသာအောင် ခေါင်းညိတ်လက်ခံခဲ့တာ'

'ကိုယ်... နှစ်နှစ်ကို မေ့လို့ရမယ်ထင်ခဲ့တာ၊ မေ့လို့မရတဲ့အပြင် နှစ်နှစ်ရဲ့အပြစ်ကင်းတဲ့မျက်နှာလေးကိုပဲ မြင်ယောင်နေမိတယ်ကွာ'

'ဒီစကားတွေ ဒီအချိန်မှာမပြောတာ အကောင်းဆုံးပဲလို့





ထင်တယ် စိမ်းလန်း၊ နှစ်နှစ်က မြန်မာမိန်းကလေး၊ တစ်သက်မှာတစ်ခါသာချစ်ခဲ့သလို တစ်ခါပဲ လက်ထပ်မယ့်သူပဲဖြစ်ချင်တယ်စိမ်းလန်း'

'နှစ်နှစ် အဲဒီလူကို ချစ်လား'

'အဲဒီစကားက နှစ်နှစ်ရဲ့ကိုယ်ရေးကိုယ်တာဖြစ်သွားလို့ စိမ်းလန်းကို မဖြေနိုင်ဘူး၊ သေချာတာတစ်ခုကတော့ သူ့အပေါ်မှာ ချစ်ခြင်းမချစ်ခြင်းထက် ကိုယ့်ဘဝရဲ့ ထာဝရအဖော်ဖြစ်သွားတဲ့အတွက် အားလုံးစိတ်ချမ်းသာအောင် ဆောင်ရွက်ရမှာ နှစ်နှစ်မှာ တာဝန်တစ်ခုဖြစ်သွားပြီ၊ နှစ်နှစ်က သစ္စာမရှိတာကို မုန်းတဲ့လူဖြစ်တာ စိမ်းလန်းလည်း သိပြီးသားပါ၊ ဒါကြောင့် ကျွန်မက ဘယ်တော့မှ အမုန်းဆုံးဖြစ်တဲ့ သစ္စာမဲ့တဲ့သူတစ်ယောက် မဖြစ်ချင်ဘူး၊ ကိုယ်ဝင်တိုးတဲ့ မီးပုံကို ပူမှန်းသိရင်လည်း ဇွတ်တိုးဝင်ပစ်လိုက်မယ်စိမ်းလန်း၊ လူတစ်ယောက် တစ်ချိန်က သေမလောက်အောင် စွဲလမ်းအောင်ချစ်ခဲ့မိရင်လည်း လက်ရှိဖြစ်နေတဲ့ ဖွဲ့စည်းမှုတစ်ခုကိုသာ မပြိုကွဲအောင် လုပ်ရမှာလို့ ခံယူထားတယ်၊ လက်ထပ်ထားတဲ့

မိန်းမသားတွေရဲ့ စိတ်ပဲဆိုတာ စိမ်းလန်းနားလည်အောင် ပြောပြထားမယ်၊ ဟုတ်ပြီလား'

သူမ ပြတ်သားစွာ ဆိုမိ၏။

သူမ ရှေ့ဆက်လျှောက်သွားပြီး စိမ်းလန်းက ဘေးက ကပ်၍ လိုက်ပါလာခဲ့ပြီး....

'ကိုယ်တို့ တစ်ခုခုသွားစားရအောင်'

'စိတ်မရှိနဲ့စိမ်းလန်း၊ အချိန်သိပ်မရှိတော့ဘူး၊ သူ ထမင်းစားပြန်ချိန် ရောက်နေလောက်ပြီ၊ ဒါကြောင့် နှစ်နှစ်ကို ခွင့်လွှတ်ပါ'

သူတစ်နေ့မှ မေ့လို့မရခဲ့တဲ့ကောင်မလေး အရင်က သူ ဘာပဲပြောပြော သူ့မျက်နှာကို တငေးတမောကြည့်၍ ငေးမော နေတတ်သည့်ကောင်မလေး၊ အခုတော့လည်း သာလိကာမလေး လို ဘဝအကြောင်းတွေပြောနေတာ။ စိတ်ထဲတွင်လည်း မိန်းက လေးတွေဟာ အစားထိုးတာလွယ်ကူတာလား၊ အခြေအနေတစ် ရပ်ကို လက်လွှတ်မခံချင်တာလား... အဖြေကို သိချင်နေမိခဲ့။

* * *





ကျိုးပဲ့ခဲ့တဲ့အချစ်တွေနှင့် ရှင်ပဲထားရစ်ခဲ့တာမဟုတ်လား စိမ်းလန်းရယ်။ ကျွန်မ အထားရစ်ခံခဲ့ရတာပါ။ ရှင့်အပေါ်မှာ အကြင်နာတွေ ပုံအပ်ပြီးမှ ယုံကြည်ခဲ့တဲ့ ကျွန်မဆိုတဲ့ နှစ်သစ်ကူး ဟာ အသည်းကွဲတာပဲအဖတ်တင်တယ်။ ရုန်းထွက်ခွင့်ပေးပါ စိမ်းလန်း။

စိမ်းလန်းအပေါ်မှာ ရှုံးခဲ့တဲ့အချစ်တွေကို အစားထိုးတာ လည်း မဟုတ်ပါ။ စိမ်းလန်းနှင့်အတူ စွန်းထင်းခဲ့တဲ့ အချစ်တွေ ကို အားလုံးစွန့်ပစ်လိုက်ပြီ။ အခုချိန်မှာ ဘဝကို ပြန်စဖို့ အင်အား သစ်တစ်ခု ရရှိခဲ့ပြီမှ နောက်မဆုတ်ချင်တော့ဘူး။ တို့ကို နားလည် ပေးပါ။ သေချာတာတစ်ခုကတော့ စိမ်းလန်းရဲ့မျက်နှာကို မြင်ရ တာ အရင်လို တဒုတ်ဒုတ်ခုန်နေတဲ့ရင်က ငြိမ်သက်လျက်ရှိနေ တာကိုပဲ။

သူ့ဘေးနားမှာကပ်၍ ငြိမ်သက်စွာပါလာသည့် စိမ်းလန်း ကြောင့် အခုချိန်မှာ တစ်စုံတစ်ယောက်မြင်မှာ ကြောက်မိပြီး စိုးရိမ်စိတ်တွေ ဝင်နေတာ ဘာကြောင့်လဲ။ သူမ နှုတ်ဆိတ်နေမိ၏။

အခုချိန်မှာ ဟိုလိုလိုဒီလိုလိုပြောနေတဲ့ စိမ်းလန်းကြောင့် စိတ်ညစ်သွားမိသည်။ ရှင် ဒီလိုမပြောသင့်ဘူး။ ဒီလိုအကြည့်တွေ

နှင့် မကြည့်နဲ့တော့။ သူမ ကားငှားတော့ စိမ်းလန်းက လိုက်ပို့မယ်ပြောတာကို သူမက လက်မခံ။ စိမ်းလန်းက ဇွတ်အတင်း အထုပ်များကို ဆွဲယူကိုင်ပေးနေပြန်သည်။ စိတ်ရှုပ်ထွေးစွာ သူမ လမ်းမထွက်၍ ကားထွက်ငှားနေ၏။ ကားတွေကလည်း တစ်စီးမှ မအား။ ခရီးသည်တွေပါတာနှင့် ကြုံနေသဖြင့် နှစ်သစ်ကူး မျက်နှာလေးမှာ စိတ်ရှုပ်ထွေးဟန်များ အပြည့်ဖြင့် နီမြန်းနေသည်။

ထည်ဝါ ကားကို ဂရုတစိုက် မောင်းနေမိ၏။ ထမင်းစား ချိန်အမီ နှစ်နှစ်နှင့်ထမင်းစားဖို့ စောင့်နေမှာကိုလည်း သိသည်။ ၎ရှေ့မှစုံတွကို ဘာရယ်မဟုတ် ကြည့်မိတော့။

ဟင်… နှစ်သစ်ကူးပါလား။

နှစ်သစ်ကူးမှာလည်း ကားတစ်စီး သူမတို့ဘေးနားမှနေ၍ သေချာကြည့်ပြီး ခပ်လှမ်းလှမ်းမှာ ထိုးရပ်သွားတဲ့ကားကြောင့် အိမ်ကကားမှန်းသိလိုက်ရပြီး ဝမ်းသာစိတ်ကလေး လှပ်ခနဲဖြစ်သွားသည်။ စိမ်းလန်းကြောင့် စိတ်ရှုပ်ထွေးမှုတစ်ခုဟာ အဝေးမှ သူ့ပုံစံကို မြင်လိုက်ရတာနှင့် ရင်ထဲမှာ အမျိုးအမည်မသိ ခံစားချက်မျိုးဖြစ်ထွန်းတဲ့အတွက် မိမိကိုယ်ကိုလည်း အံ့သြမိ၏။

ရှုပ်ထွေးလာတဲ့အတွေးကို သက်ပြင်းမောမှုတ်ထုတ်မိပြီး





အနားရောက်လာတဲ့ ထည်ဝါရဲ့ ညှိမှိုင်းနေသောမျက်နှာကို သတိထားမိကာ…

'နှစ်နှစ် ဈေးဝယ်မယ်ဆိုရင်လည်း ကိုယ့်ကိုပြောပါလား၊ ကိုယ်လိုက်ပို့မှာပေါ့'

လက်ထဲမှ အထုပ်အပိုးတွေကိုကြည့်၍

'ကိုယ့်ကိုပေး'

နှစ်နှစ်လက်ထဲမှ အထုပ်တွေကို ဆွဲယူ၍ ဘေးမှာရပ်နေသည့် စိမ်းလန်းကို ထည်ဝါကကြည့်၍…

'သူက ဘယ်သူလဲနှစ်နှစ်'

သူ့မေးသံကြောင့် ထိတ်ခနဲတုန်သွားသည့်ရင်ကိုထိန်း၍

'နှစ်နှစ်သူငယ်ချင်းပါ'

'ကျွန်တော် စိမ်းလန်းပါ'

'ကိုယ် ထည်ဝါပါ'

ယောကျ်ားနှစ်ယောက် ဂုဏ်သရေရှိစွာ နှုတ်ဆက်ကြ၏။ နှစ်ယောက်စလုံးမျက်နှာမှ လျှို့ဝှက်ချက်များဖြင့် ထည်ဝါက…

'နှစ်နှစ်သူငယ်ချင်းဆိုတော့လည်း ကိုယ့်သူငယ်ချင်းပဲ

ပေါ့၊ အိမ်ကိုလည်းလာလည်ပါ၊ဒီမှာ ကိုယ့် visiting ကဒ်'

စိမ်းလန်းက လှမ်းယူလိုက်သည်။

နှစ်နှစ်ပခုံးလေးကို အသာဖက်၍ ကားရှိရာသို့ ထွက်ခွာသွားတဲ့သူတို့နှစ်ယောက်ကို စိမ်းလန်းက မျက်စိတဆုံးကြည့်နေမိ၏။ နှစ်သစ်ကူးက စိမ်းလန်းကို ကားပေါ်မှနေ၍ တစ်ချက်လှမ်းကြည့်မိ၏။

နှစ်နှစ်ကို သူကြည့်နေတာ နှမြောမှုများ၊ ယူကျုံးမရမှုများဖြင့်သာ။ သူပြတ်သားခဲ့ရင် ဒီလိုမြင်ကွင်းမျိုး မြင်ရမှာမဟုတ်။ နှစ်နှစ်က သူ့ထက်ပြတ်သားသည်။ ငယ်သော်လည်း ဆုံးဖြတ်ချက် ရဲရင့်သူအဖြစ် သူ သတ်မှတ်ခဲ့ရသည်။

'လေးစားပါတယ်နှစ်နှစ်'

မင်းရဲ့တွေဝေမှုမရှိတဲ့ ဆုံးဖြတ်ချက်တွေကိုရော၊ မင်းရဲ့ ဣန္ဒြေသိက္ခာကိုပါ ကိုယ်အထင်ကြီးလေးစားမိ၏။

ကားပေါ်တွင် ထည်ဝါက စကားတစ်လုံးမှမပြောဘဲ ကားကို လီဗာမြှင့်၍ မောင်းနေတာကိုကြည့်၍ သူမ ထိတ်လန့်လာမိ၏။





အိမ်ရှေ့မှာ ကားကို ဝုန်းခနဲရပ်မှပဲ သူမ ဇွန်လှုပ်မှု ရပ်သွားတော့သည်။

နှစ်နှစ်ကလည်း ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်၊ ဂျိုင်းခနဲ နေအောင်ပိတ်၍ ရှေ့မှ ကော့ကော့ကော့ကော့နှင့်ထွက်သွားတာကို ကြည့်၍ ဒေါပွမိပြီး ကားထဲမှ အထုပ်များကိုယူ၍ နှစ်သစ်ကူး နောက်သို့ ခြေလှမ်းကျဲကြီးများနှင့် လိုက်သွားမိတဲ့ကိုယ့်အဖြစ်ကို လည်း မကျေနပ်။

နှစ်သစ်ကူးကလည်း အင်္ကျီလဲရန် ဘီရိုကိုဆွဲအဖွင့် သူကလည်း နှစ်သစ်ရှေ့အရောက် ဘီရိုထဲမှ လွှင့်ခနဲကျသွားတဲ့အရာကို နှစ်သစ်ကူးဖမ်းဆွဲလိုက်သော်လည်းမမီ။ ထည်ဝါ့ခြေဖျားနားမှာသွားကျသဖြင့် သူမ မကောက်ချင်၍ တစ်ဖက်သို့လှည့်လိုက်၏။ သူမ အဝတ်အစားရွေးနေတုန်းမှာပင်…

'တောက်'

တက်ခေါက်သံကျယ်ကျယ်ကြောင့် သူမလန့်သွား၍ လှည့်ကြည့်မိတော့ အံ့ဩသောမျက်လုံးများဖြင့် သူမကို ကြည့်နေသောသူ့ကိုတွေ့လိုက်ရပြီး မျက်လုံးများကလည်း စူးစူးရှရှ…

'မင်း… မင်း၊ ဒါဆိုရင် သူနဲ့မင်းက ဘာလဲ၊ မင်းတို့

ငါ့ကွယ်ရာမှာ တွေ့ကြတာလား'

'ရှင်ဘာတွေ လာပြောနေတာလဲ'

သူမ နားမလည်တဲ့ပုံကိုကြည့်၍ သူက လွှင့်ကျသွားသော အရာကို သူမလက်ထဲထည့်တော့···

'အို'

သူမနှင့် စိမ်းလန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြပုံ။ အရမ်းကို အသက်ဝင်သည့် ချစ်သူရည်းစားပုံဆိုတာ မမေးဘဲနှင့်သိသည်။ ဒါဟာ တစ်ချိန်က အကြောင်းအရာတွေပဲ။ ပြီးခဲ့ပြီလေ။ သူမ အကျိုးအကြောင်း ရှင်းပြမည်လုပ်ပြီးမှ···

'မင်း··· ဘာမှ ငါ့ကိုမပြောနဲ့၊ မင်းမှာ ချစ်သူရှိတာ ဘာလို့ မပြောခဲ့တာလဲ'

'ပြောခဲ့တယ်လေ၊ ရှင် နားတော့မလေးပါဘူးနော်၊ အခုမှ ဘာဖြစ်နေတာလဲ၊ သူနဲ့ကျွန်မက ဇာတ်လမ်းဆက်စရာ ဘာမှမရှိဘူး၊ ပြီးသွားခဲ့ပြီ'

'ဒါဆို မင်းတို့ဒီနေ့တွေ့ကြတာကရော မင်း ဘယ်လို ရှင်းမလဲ'

'ဘာမှရှင်းစရာမလိုဘူး၊ မထင်မှတ်ဘဲတွေ့ကြတာ၊ ရိုး





ရိုးသားသား နှုတ်ဆက်တာ ဘာဖြစ်လဲ၊ ဘယ်သူ့ဂုဏ် သိက္ခာမှ မထိခိုက်ဘူး'

ထည်ဝါ့စိတ်ထဲတွင်လည်း မိမိလိုချင်သောအရာတစ်ခု ဆုံးရှုံးလိုက်သလိုဖြစ်ကာ ဒေါသက လှိုင်းထန်နေသည်။ ထည်ဝါ့ မျက်နှာ လငပုတ်ဖမ်းသွားသလို တရိပ်ရိပ်ညို့မှောင်၍ ဖြူသော အသားအရေမှာ အဖြူရောင်ပျောက်ကွယ်လုမတတ်ဖြစ်နေ၏။

'မင်းတို့ မရိုးသားဘူး၊ နှစ်နှစ် မင်း ငါ့အပေါ်မှာ ဘာမှ ဖုံးကွယ်ထားစရာမလိုဘူး၊ အဲဒီလိုစိတ်မျိုးရှိတာကို ရွံ တယ်'

'ရှင်··· ရှင်'

ဒီလောက်ရှင်းပြနေတာတောင် ပြောချင်ရာပြောနေသည့် သူ့ပုံစံကြောင့် မခံချင်စိတ်တို့ ရှန်းကြွကာ···

'ဟုတ်တယ်၊ ရှင်ထင်သလိုပဲ၊ သူက ကျွန်မရဲ့အချစ်ဦး၊ ကျွန်မက စိမ်းလန်းနဲ့ ချိန်းပြီးမှ ရှင်နဲ့တွေ့တာ၊ ရှင်အဲဒီ လိုပြောလိုက်ချင်တယ်မဟုတ်လား၊ ရှင်တစ်ဖက်သတ် စွပ်စွဲချက်ကို ကျွန်မ ဘာမှမပြောဘူး၊ ရှင် ထင်ချင်သလို ထင်နိုင်တယ်၊ ရှင်သိထားဖို့က ကျွန်မက လမ်းဘေးက

အဆင့်အတန်းမရှိတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး၊
မတတ်နိုင်ဘူးလေ၊ ရှင့်ကို ကျွန်မက ကျိန်တွယ်ပြီး
မဟုတ်ကြောင်း ရှင်းမပြနိုင်ဘူး၊ ရှင့်ဆန္ဒအတိုင်းပဲ

ဆတ်ဆတ်ထိမခံပြောနေသော သူမပုံစံကြောင့် ဘီရှိကို လက်သီးဖြင့်ထိုးမိ၏။ ကြာရင် သူမရဲ့ပုံစံကြောင့် တစ်ခုခုလုပ်မိလိမ့်မည့် သူ့စိတ်ကြောင့် သွေးတို့ဆူပွက်ကာ အခန်းထဲမှ ထွက်သွားမိ၏။

ဂျိုင်းခနဲပိတ်သွားသော တံခါးပိတ်သံကြောင့် ရင်ထဲမှာ တုန်လှုပ်သွားမိတာ မိမိကိုယ်ကိုအသိ။

ကျွန်မရဲ့ဣန္ဒြေနှင့်သိက္ခာအတွက် ဒီအကြောင်းနှင့်ပတ်သက်ပြီး ဘယ်တော့မှ ရှင်းပြမှာမဟုတ်ဘူးဆိုတာ ရှင်သိစေရမယ်။ အရင်တုန်းက ပြောခဲ့တာကို ရှင်နားဝင်ခဲ့လို့လား။ အခုက စပြီး ပြဿနာရှာနေတဲ့သူ့ကြောင့် မျက်နှာကို မဲ့မိ၏။

ကျွန်မက အခုမှ မိုးပေါ်ကလမင်းကြီးကို ယူပေးပါလို့ ပြောမှာမဟုတ်တော့ဘူး။ ဘာကြောင့်လဲဆို ကျွန်မ သစ္စာမရှိတဲ့ လူဆို ယောကျ်ား-မိန်းမ ဘယ်သူ့ကိုမဆို ရွံမုန်းတယ့်သူဖြစ်လို့ပဲ။ ကျွန်မက ဘယ်တော့မှ သစ္စာမရှိတဲ့အလုပ်ကိုမလုပ်ဘူးဆိုတာ





အချိန်တွေရွေ့လျားနေသရွေ့ ရှင်သိနေမှာပါ။

တကယ်တော့ ထည်ဝါက သူ့မှာအချစ်မရှိဘူးဟု ထင်ထားခဲ့သည်။ မိန်းမတစ်ယောက်ကို ချစ်ကြည့်ဖို့လည်း စိတ်မဝင်စားဘူး။ ဒါပေမဲ့ မိဘတွေပေးစားမယ့်သူကိုတော့ သူမကြိုက်ဘဲနှင့် ယူမှာမဟုတ်။ ပထမ ဆတ်ပုံလေး သူ့လက်ထဲရောက်လာတော့ သူသဘောကျစိတ်ဝင်စားခဲ့တာ သူသာအသိဆုံး။ လူကိုယ်တိုင်တွေ့တော့ သူ့ရင်ဘတ်ထဲကို နှစ်သစ်ကူးရောက်လာခဲ့တယ်။ နှစ်သစ်ကူးက သိပ်လှတော့ စိတ်ဝင်စားတယ်။ ရင်ခုန်ခဲ့တာ အမှန်အကန်၊ ဒါကို မင်းလေးက သိမှာမဟုတ်။

နှစ်သစ်ကူး ညစာထွက်မစားဘူးဆိုတာသိတဲ့အတွက် စိတ်ထဲမကောင်းသော်လည်း ပြန်ချော့ဖို့ကို နှုတ်လေးနေတာကြောင့် ကုမ္ပဏီစာရင်းများကို ထိုင်ကာ လုပ်စရာအလုပ်များကို မရပ်မနား စာရင်းတွေလုပ်နေမိသည်။ သူမမျက်နှာကိုသာ မြင်ယောင်၍··· စာရင်းတွေလည်း အမှားမှားအယွင်းယွင်း။ စိတ်က အဝေးကို လွင့်နေမိသည်။ သူပြောတာတွေများ လွန်သွားပြီလား ဟုလည်း တွေးနေမိ၏။

သူမလေး စိတ်ဆိုးသွားမှာ ကျိန်းသေ။ သူစကားပြောတာ ရှိုင်းစိုင်းသွားတာကိုလည်း သူကိုယ်တိုင်အသိ။ တကယ်တော့ သူမအပေါ်မှာ တကယ်စုံမက်မိတာ နီးစပ်မှုကြောင့်မဟုတ်တာကို ဝန်ခံပါရစေ။ သူမလေးနှင့်ကျမှ ရင်ခုန်သံမြန်လာပြီး အချစ်ဆိုတာ လက်မခံချင်လို့မရတော့။ တကယ်ချစ်နေမိပြီး အခုချိန်မှာ ပြောရင်လည်း သူမပုံစံက ယုံကြည်မှာမဟုတ်ပေ။

ညဉ့်နက်တဲ့အထိ စာရင်းများကို ထိုင်လုပ်နေရာမှ အရိပ်တစ်ခု ဖြတ်သွားသောကြောင့် မော့ကြည့်မိတော့ နှစ်သစ်ကူး သူမဗိုက်ဆာလို့ တစ်ခုခုလာစားတာဖြစ်မယ်။ တစ်နေ့လုံး ဘာမှ မစားထား။

သူအခန်းရောက်တော့ သူမ မရောက်သေး။ တံခါးဖွင့်သံကြားတော့ သူမသိချင်ယောင်ဆောင်နေတော့ သူမက သူ့ကို ကျွေ့ပတ်၍ စောင်နှင့်ခေါင်းအုံးကို လှမ်းယူနေသဖြင့်…

သူက သူမရဲ့လက်ကောက်ဝတ်ကိုလှမ်းဆွဲ၍

'ဒါက ဘယ်လဲ'

နှစ်သစ်ကူးရဲ့ဆံနွယ်များဖြင့် မျက်နှာကိုကွယ်၍

'အပြင်မှာ သွားအိပ်မလို့'





'မင်းကို သွားခွင့်မပြုနိုင်ဘူး'

သူက အခန်းတံခါးကို ထပိတ်လိုက်ကာ နှစ်သစ်ကူးကို သူ့ဘက်သို့ ချာခနဲလှည့်လိုက်ပြီး ခါးလေးကို သိမ်းကျုံးဖက်ထားလိုက်၏။

သွေးကြောလေးတွေ ယှက်ဖြာနေသည့် ပါးပြင်နုနုလေးကို လက်နှင့်ဖွဖွလေးပွတ်၍…

'မနက်က ကိုယ်စကားပြောတာ လွန်သွားတယ်ကွာ၊ အဲဒီ့အတွက် ကိုယ့်ကို စိတ်ဆိုးပြေပေးပါ'

နှစ်သစ်ကူး သူ့လက်တွေကို ဖယ်ချလိုက်ရင်း…

'ရှင်နဲ့ပတ်သက်တာ ကျွန်မ ရင်ထဲမှာ ဘာမှမရှိဘူး၊ ဘာမှလည်း သိမ်းမထားဘူး၊ ဒါကြောင့် ရှင့်ကိုလည်း စိတ်ဆိုးစရာမလိုဘူး'

ထည်ဝါ့ရင်ထဲမှာ နှစ်သစ်ကူးစကားကြောင့် နင့်ခနဲဖြစ်သွား။ သူမစကားကို သူယုံပါသည်။

သူ ချစ်လူဆိုးကြီးဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ။ သူမ မကြည်ဖြူတဲ့ကြားမှာ အတင်းရွတ်ဖက်ဖက်၊ ရွတ်နမ်း။

သူ့ဘက်ကသာ တစ်ဖက်သတ်ဖြစ်ခဲ့ရာ သူမဘက်က

လိုလားကြည်ဖြူခဲ့တာ ဘာမှမရှိ။ သူမကို ဖက်တွယ်ထားသော လက်များ ယောကျ်ားမာနကြောင့် ပြေလျော့သွားသည်။

ထည်ဝါက ခေါင်းအုံးကိုယူ၍ အခန်းပြင်ကို ထွက်သွား၏။ သူ့နောက်ကျောပြင်ကိုကြည့်၍ ထိုယောကျ်ားသားကို သူမ နားမလည်နိုင်စွာဖြစ်မိ၏။

တစ်ခါတစ်ရံ Rap သီချင်းတစ်ပုဒ်ကို နားထောင်နေသလိုပေါက်ကွဲသံစဉ်များနှင့် တစ်ခါတစ်ခါ မယ်လိုဒီသီချင်း ချိုချိုလေးတွေကိုလည်း နားထောင်နေရပြန်သည်။ သူ့အပေါ်မှာ ပျော်ဝင်မိတဲ့စိတ်ကိုလည်း မကျေနပ်။

ယနေ့ထက်ထိ ချစ်ခြင်းမပါတဲ့ စကားတွေနှင့် သူ ဘာလို့ နှစ်နှစ်ကို ချစ်တယ်လို့မပြောခဲ့တာလဲ။

မာနကြီးနေတဲ့ ဝတ္တရားဆန်တဲ့ အိမ်ထောင်ရေးကို နှစ်နှစ် မကြိုက်၊ မနှစ်သက်ခဲ့။

ဒါဆို နှစ်သစ်ကူးက ဘာကိုမျှော်လင့်နေတာလဲ။

သူ့ဆီက အချစ်လား။

မဟုတ်ဘူး… မဟုတ်ဘူး ဟု ခေါင်းကို တွင်တွင်ခါရင်း ခေါင်းအုံးပေါ်မျက်နှာမှောက်လျက် ပူလောင်တဲ့မျက်ရည်တွေကို မသုတ်မိ…

ဖိုးလပြည့်စာပေ



ချစ်သောဒိုင်ယာရီ…

ကိုယ်ဘာကိုမျှော်လင့်နေတာလဲ ။

သူ့နှုတ်ကပြောတဲ့စကားဟာ ပျော့ပျောင်းညင်သာမှုရှိတဲ့ အလင်္ကာတစ်ပုဒ်ကိုလား။

စိမ်းလန်းနှင့် ဒီနေ့တွေ့တော့ အရင်လို တဒုန်းဒုန်းရင်ခုန်သံတွေ ငြိမ်သက်လို့နေတယ်။

သူနှင့်တွေ့လိုက်တော့ ရင်ခုန်သံတွေ ဆူညံသွားပြီး သွေးတွေပြောင်းပြန်လည်ပတ်စီးဆင်းခဲ့သလိုပါပဲ။

အမျိုးအမည်မသိတဲ့ ခံစားမှု ကိုယ့်ဆီမှာ ပေါ်ပေါက်နေတယ်။

ရှင့်ရဲ့မာနတွေ ချသင့်ပြီ။

တမ်းတမေတ္တာ
စွန့်ခွာအချစ်
မကြင်နာစကားပန်းတို့
မပူးပွင့်စေချင်
ရင်မှာအမြဲထာဝစဉ်
ကြားချင်မှုသားအလင်္ကာ

ဖိုးလပြည့်စာပေ

ပြောမယ့်စကား
မာနများစွာလွှင့်စင်
ပျောက်ပျက်ထွက်သွား
နည်းနည်းဖြစ်ဖြစ်
ကြင်နာစကား
ကြားပါရစေ...

နှစ်သစ်ကူး

* * *





## အခန်း(၁၈)

ညကအတွေးများဖြင့် တော်တော်နှင့်အိပ်မပျော်မိသော်လည်း မနက်မိုးလင်းတော့ စောစောနိုးနေ၏။ အိမ်မှနေတော့ အမြဲတမ်း ပေါ့ပေါ့သာတွေး၍နေခဲ့သော သူမ ယခု ဤအိမ်မှာ အကူကောင်မလေးနှင့် သူမ မိန်းကလေးနှစ်ဦးတည်းသာရှိသည်။ ...ရင်လိုနေလို့မဖြစ်ဘူးဆိုတာ သိမိ၏။

နှစ်သစ်ကူး အိပ်ရာထချိန်ဟာ ပုံမှန်မရှိသဖြင့် ကိုယ်အိပ်...ကထတဲ့အချိန်တိုင်းမှာ သူက မနက်စောစော ကုမ္ပဏီသို့သွားတဲ့

အချိန်များနှင့်သာ တိုးခဲ့၏။ အခန်းထဲမှအထွက် နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် သူအိပ်နေတာကိုတွေ့ရသဖြင့် နှစ်သစ်ကူး ထည်ဝါ့နားကိုလျှောက်သွား၍ အိပ်ပျော်နေသော သူ့မျက်နှာကို သေချာကြည့်မိ၏။ ဖြူစင်သောအသားအရေ၊ ထင်းထင်းလေးဖြစ်နေ သော မျက်ခုံး၊ ကျစ်လျစ်၍ ချွန်ပြီးစင်းနေသော နှာတံနှင့် အမြဲရဲရဲစိုနေသည့် နှုတ်ခမ်းများသို့အရောက်မှာ နှုတ်ခမ်းများက ဖွတ်တရွတ် သူမကို ဖိကပ်နမ်းရှိုက်တတ်ပြီး ဘာဖြစ်လို့ နူးညံ့သိမ်မွေ့တဲ့ စကားတွေ မပြောတတ်တာလဲ။ သူမ ကြည့်နေတုန်းမှာပင် သူက လူးလွန့်လိုက်သဖြင့်…

'ဒီမှာ… ဒီမှာ'

သူက အိပ်ချင်စိတ်မပြေသော မျက်လုံးများဖြင့် နှစ်သစ်ကူးကိုတွေ့တော့…

'ဘာဖြစ်လို့လဲ၊ ဘယ်နှစ်နာရီရှိပြီလဲ'

'ရှင် ဒီမှာ အိပ်မနေနဲ့တော့၊ အခန်းထဲဝင်အိပ်တော့'

သူဘာမှမပြောဘဲ အခန်းထဲဝင်လိုက်၏။ သူမက ဆိုဖာပေါ်တွင်ကျန်ခဲ့သည့် ခေါင်းအုံးကိုယူ၍ အခန်းထဲသို့ ဝင်လာ၏။ အမိန့်နာခံသူတစ်ယောက်ပမာ…





သူက အိပ်ရာပေါ်မှာ လဲလျောင်းနေရာမှ နှစ်သစ်ကူးကို ကြည့်မိတော့ အားကစားဝတ်စုံလဲထားသော သူမ လေ့ကျင့်ခန်းလုပ်မည်ထင်သည်။

သူနှင့်အိမ်ထောင်ကျပြီးချိန်မှစ၍ တစ်ခါဖူးမျှ ဒီလိုဝတ်စုံလေးနှင့် မမြင်ဖူး။ ဆံနွယ်များကို ခပ်မြင့်မြင့်လေး ဖြစ်သလိုသရေကွင်းအပျော့ဖြင့် ချည်နှောင်ထားတဲ့ပုံကြောင့် သွယ်လျသော သူမရဲ့လည်တိုင်လေးကို ရှင်းလင်းစွာမြင်ရသဖြင့် သူမဟာ ဘာဝတ်စုံလေးပဲဝတ်ဝတ် ကြည့်လို့ကောင်းအဆင်ပြေနေတာ ရှေးကုသိုလ်ကံပဲပေါ့။

သူမက သူ့ဘီရိုထဲမှ ဒီနေ့ဝတ် မယ့်အဝတ်အစားတစ်စုံကို ထူးထူးဆန်းဆန်း ထုတ်ပေးနေပြန်သည်။ သူ့ကို ကျောပေးပြီးရပ်နေသည့် ကောင်မလေးကို တဖြည်းဖြည်းပိုပြီး ရင်ခုန်လာခဲ့၏။

နှစ်သစ်ကူး သူမစိတ်တွေ ထူးဆန်းစွာ ဒီနေ့မှ စတင်၍ သူနှင့်ပတ်သက်သည့် အရာမှန်သမျှကို သူမကိုယ်တိုင်လုပ်ပေးချင်နေမိ၏။ ဒါကြောင့် သူ အိပ်ပျော်နေသည့်အမှတ်ဖြင့် အဝတ်အစားထုတ်ပေးနေစဉ် သူမနောက်ကျောမှနေ၍ သူမရဲ့ သေးကျဉ်သောခါးလေးကို သူ့လက်နှစ်ဖက်ဖြင့် နူးညံ့စွာ ဖွဖွလေးလာသည့်

အထိအတွေ့ကြောင့် သူမ လွန့်လူးရှန်းမိတော့ ထည်ဝါက နှစ်သစ်ကူးရဲ့ခါးလေးကို ခပ်တင်းတင်းလေးပြန်ဖက်၍···

'please ခဏလေး ငြိမ်ငြိမ်လေး၊ ဒီအတိုင်းပဲ နေပေးကွာ'

သူမရှန်းပြီး သူ့လက်တွေကို ခါးမှဖြုတ်ချတော့···

'၅ မိနစ်လောက်ပဲ ငြိမ်ငြိမ်လေးနေကွာ၊ ၅ မိနစ်ပဲ'

ဟုဆိုပြီး သူမလက်များကိုပါ သူ့လက်နှင့်ထပ်အုပ်၍ နှစ်နှစ်ပခုံးပေါ်သို့ သူ့ခေါင်းတင်၍ ငြိမ်သက်နေသည့် သူ့ပုံစံကြောင့် နှစ်နှစ် ရှန်းမရတော့။

သူမက အနေခက်လှစွာ သူ့လက်တွေကို ဖြုတ်ချပြီး သူ့ခေါင်းကို ပြန်မတ်ပြီးကြည့်မိတော့ ညိုရီ၍ မာနကင်းသော မျက်လုံးများဖြင့် သူ နှစ်နှစ်နားရွက်လေးကို သူ့နှုတ်ခမ်းဖြင့်ဖိကပ်၍ တိုးသက်သောလေသံဖြင့်···

'ကိုယ် ညက လုံးဝအိပ်မပျော်ဘူးကွာ၊ အဲဒါ ဘာဖြစ်လို့လဲ'

နှစ်နှစ်က ခေါင်းကိုငုံ့၍တွန်းထွက်ကာ···

'ဘယ်သိမှာလဲ'





သူကရှန်းထွက်မခံဘဲ နှစ်နှစ်မျက်လုံးများကို အဖြေရှာသူတစ်ယောက်ပမာ···

'ကိုယ့်နားမှာ နှစ်နှစ်မရှိလို့၊ နှစ်နှစ်ရော ကိုယ့်လိုပဲလား'

ဟု ဆိုကာ သူမဆံနွယ်များကို ဖိကပ်နမ်းရှိုက်နေသည့် ညင်သာပျော့ပျောင်းမှုတွေ ဖြစ်နေသည့် ထည်ဝါ့ရင်ခွင်ထဲမှ ဇွတ်အတင်းရှန်းထွက်၍ အခန်းအပြင်ကို ပြေးထွက်ခဲ့၏။

အခန်းပြင်ရောက်တဲ့အထိ သူမရင်ခုန်သံတွေ တဒိုင်းဒိုင်းတဒုန်းဒုန်း ဆူညံ၍နေ၏။

သူ့ရှေ့မှာ သူမ ဒူးထောက်ခံစားမိတော့မှာလား။ သူ့ရဲ့ ညှို့ငင်မှုများအောက်မှာ သူမ ရှန်းထွက်နိုင်ခဲ့သော်လည်း တစ်နေ့မဟုတ်တစ်နေ့မှာ ဘယ်လိုရှောင်ကွင်းလွတ်ထွက်နိုင်မလဲ။

သူမ ကျဆုံးမယ့်နေ့မှာ သူက မာနတွေ၊ အတ္တတွေ အပြည့်နှင့် ဖြစ်နေမည့်အသိများဟာ သူမရဲ့ ပျော့ပျောင်းလာမယ့်စိတ်ကို တင်းမာအောင် ထိန်းထားမိ၏။

ဘယ်အထိ ထိန်းထားနိုင်မလဲ။

ထိန်းနိုင်သလောက်ပေါ့။

ရင်ခုန်တာ သူသိဖို့
ကြင်နာတာ ခံစားဖို့
နှလုံးသား လျှို့ဝှက်ချက်
သူသိအောင်
ရင်ခွင်တစ်စုံကို
ဖွင့်ပြမိ...

အခန်းထဲမှ ပြေးထွက်သွားသော နှစ်သစ်ကူးကိုကြည့်၍ ထည်ဝါ သဘောကျစွာ ပြုံးမိ၏။

ယခင်လို သူ့ကိုမြင်တာနှင့် စူးရှသောမျက်လုံးလေးများဖြင့် ကြည့်တတ်ပြီး မျက်တောင်တဝင့်ဝင့်ဖြစ်နေသော ကောင်မလေး... အင်္ကျီအဝတ်အစား ထုတ်ပေးဖို့နေနေသာသာ သူ့မျက်နှာကိုတောင် ယောင်ပြီးမကြည့်တဲ့ သူမက ယခင်လို တင်းမာမှုများ မရှိတာကိုတော့ သူသိနေခဲ့သည်။

ဒါဆိုရင် သူမလေးရော ကိုယ့်အပေါ်မှာ...
ဟား...
ကိုယ့်အတွက်တွေ များနေပြီလား။

နှစ်နှစ်နှင့်တွေ့ရင် အလင်္ကာစကားများ မပြောဖြစ်ဘဲ





သူမ မကျေနပ်တဲ့ အပြုအမူများသာ ဖွတ်တရွတ်ဆန်ခဲ့တဲ့ သူ့အပြုအမူများကြောင့် နှစ်နှစ် မကျေနပ်တာ သူအသိ။

* * *

ရေချိုးခန်းထဲဝင် ရေမိုးချိုးပြီး နှစ်သစ်ကူးထုတ်ပေးထားသည့် ဝတ်စုံက လိုက်ဖက်မှုမရှိသော်လည်း ပထမဦးဆုံး သူ့အတွက် ထုတ်ပေးထားတဲ့ ဝတ်စုံမို့ သူပြုံးမိကာ မလဲတော့ဘဲ ဝတ်လိုက်၏။ သူအဝတ်အစားလဲပြီးတဲ့အထိ နှစ်နှစ် အပေါ်သို့ တက်မလာပေ။ သူ အိတ်ကိုယူ၍ အောက်သို့ဆင်းလာချိန်မှာ ထမင်းစားခန်းထဲမှာ နှစ်သစ်ကူးတစ်ယောက်တည်း မုန့်စားနေတာ တွေ့ရသဖြင့် နှစ်သစ်ကူးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်၍...

'မင်းထုတ်ပေးထားတဲ့ဝတ်စုံနဲ့ ကိုယ်လိုက်ရဲ့လား'

သူမမျက်နှာကို စေ့စေ့ကြည့်နေတဲ့ သူ့အသွင်ချောချောကြောင့် မျက်လွှာအောက်ချ၍

'အင်း' တစ်လုံးတည်းသာ ပြောမိ၏။

ထည်ဝါ သူ့ရှေ့မှ လက်ဖက်ရည်ပန်းကန်ကို သူက မှောက်ထားရာမှလှန်၍ လက်ဖက်ရည်ထည့်မလို့ လက်အလှမ်း

နှစ်သစ်ကူးက ဓာတ်ဘူးကိုယူ၍ သူ့အတွက် ငှဲ့ထည့်ပေးတော့ ထည်ဝါရဲ့မျက်နှာဟာ ဘာနှင့်မှဖော်ပြလို့မရတဲ့ ကြည်နူးမှုများ ထိန်းမရစွာ နှုတ်မှ…

Thankyou

နှစ်နှစ်ရယ်၊ မင်း ကိုယ့်ကို ပိုချစ်အောင် လုပ်ပြနေတာလားဟုတွေးပြီး နှစ်သစ်ကူးမျက်နှာကိုကြည့်လိုက်တော့ ဝတ္တရားတစ်ခုကို လုပ်ဆောင်ပြီးသည့်နှယ် မျက်လွှာအောက်ချ၍ မုန့်ဆက်စားနေတဲ့ နှစ်သစ်ကူးပုံစံကြောင့်…

ကိုယ့်တစ်ဖက်သတ်အတွေးတွေကို သူမလေးက သိပါလေစ…။

လက်ဖက်ရည်နှင့်မုန့်စားပြီး နှစ်သစ်ကူးကိုကြည့်လိုက်တော့ ကျောက်ရုပ်လေးလို သူ့ရှေ့မှာထိုင်နေသည့် သူမပုံစံလေးကြောင့် အသည်းယားစွာဖြင့် သူမပါးပြင်မွတ်မွတ်လေးကို ဖျတ်ခနဲငုံ့နမ်းမိ၏။

သူမ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အလုပ်သွားခါနီးတိုင်း သူမအိပ်ပျော်နေလျှင်လည်း ပါးပြင်ကို အမှတ်တံဆိပ်တစ်ခုအဖြစ် သူဖန်တီးနေကျ။

ဖိုးလပြည့်စာပေ



အရှုံးမပေးချင်တဲ့ယောကျ်ားကို သူမကလည်း အနိုင်ယူပြချင်မိ၏။ သူထွက်သွားမှ သူမနှုတ်ခမ်းလေးကို ကိုက်ထားမိ၏။ သေချာတာကတော့ ယခင်တင်းမာမှုများမရှိတော့တဲ့ မျက်လုံးတစ်စုံဖြစ်နေတာကို…

နှစ်သစ်ကူး မဖတ်ဖြစ်တာကြာသည့် ၁၂ ရာသီဟောစာတန်းလေးကို ဖတ်ကြည့်မိတော့…

July 15th မှ July 21st ကြား

စိတ်ချမ်းမြေ့စရာများကို တစ်နေ့ပြီးတစ်နေ့ ဖြတ်သန်းရမည့်ကာလတစ်ခုဖြစ်သည်။ ဘဝမှာ အရေးကြီးသော ဝမ်းသာစရာသတင်းစကားများ ကြားရမည်။

မကြာမီ သင့်ရဲ့အနာဂတ်တစ်ခုလုံးအတွက် တန်ဖိုးကြီးသော အရာတစ်ခု လက်ဝယ်ရရှိမည်။

အနှောင့်အယှက်အတိုက်အခံများရှိသော်လည်း လေထဲတွင် ကွယ်ပျောက်သလို ကွယ်ပျောက်သွားမည်။

တင့္စတ်ထိုး စိတ်မြန်လက်မြန်စရိုက်ကြောင့် အမှားများမည်။

သတိထားဆင်ခြင်ပါ။

ဒီနေ့ဟာ သူမရဲ့ Lucky days တွေထဲက တစ်ရက်ပါပဲ။ သူမရဲ့အနာဂတ်အတွက် တန်ဖိုးကြီးတဲ့အရာက ဘာဖြစ်မလဲ။

ဖိုးလပြည့်စာပေ

အချစ်ရေးနှင့် မေတ္တာရေးမှာလည်း စာအုပ်လေးက မှန်နေခဲ့၏။

မကာရ ရာသီဖွားအားလုံးတို့သည် ချစ်ခြင်းမေတ္တာအတွက် အရာရာစွန့်လွှတ်ပြီး နှလုံးသားကို ပုံပေး၍ စွန့်စွန့်စားစား ဝံ့ဝံ့စားစား ချစ်တတ်သူများဟု ကျမ်းဂန်များထဲမှ

"THE ADVENTUROUS LOVER" ဟု သတ်မှတ်သည်ဆိုတဲ့အတိုင်း သူမ ချစ်ခဲ့ပါသည်။

မေတ္တာကို တန်ဖိုးထားသောသူများ ဖြစ်သည်။
မနုရာသီဖွားအားလုံးသည် သူတစ်ပါးအပေါ် အနိုင်ကျင့်လိုသည်။
အနိုင်ယူရမှ ကျေနပ်သည်။
မိမိအပေါ် ချုပ်ချယ်လွှမ်းမိုးမှုကို လုံးဝမခံ။

ဟုတ်တယ်။ သူမ ထည်ဝါ့ကို အနိုင်ယူချင်သည်။

အိမ်ထဲမှာပဲထားပြီး ချုပ်ချယ်သလိုခံနေရတဲ့ သူမအဖြစ်ကိုလည်း မကျေနပ်။

သူ့ရဲ့လွှမ်းမိုးမှုကိုလည်း မခံစားနိုင်။

သူ့ဘက်ကို နည်းနည်းလေးမှ ထည့်မတွက်ပေးဘူး။ အန်တီလေးလည်း ခရီးထွက်တာ အခုထိပြန်မလာသေး။ သူ့မှာ





အဖော်မရှိ။ ရှိတဲ့သူငယ်ချင်းများကလည်း ဝေးကွာတဲ့ခရီးကြောင့် မလာနိုင်။ ကိုယ်ကလည်းမသွားနိုင်။

မိမိကိုယ်ကို အဖော်မရှိတဲ့ ငှက်တစ်ကောင်လို ဖြစ်နေ၏။

ဝေးကွာသွားသော ချစ်သူဟောင်းမှ ပြန်လည်ဆက်သွယ်ချစ်ရေးဆိုခြင်း ခံရမည်။

ဘုရားရေ... ဟိုနေ့က စိမ်းလန်းပုံစံကိုတွေးမိပြီး ပခုံးတွန့်မိ၏။

မကာရ ရာသီဖွားများသည် အိမ်ထောင်ရေး ကံကောင်းမည်။
ဘဝအဖော်မွန်ကို ရရှိမည်။

စာအုပ်လေးရေ... အခုတော့ နှစ်သစ်ကူးဆိုတဲ့ကျွန်မ ကံကောင်းလား၊ ကံဆိုးလားမသိ။ မာနခပ်ကြီးကြီးလူတစ်ယောက်လက်ထဲကို ရောက်နေပြီ။

* * *



## အခန်း(၁၉)

သူမအခန်းထဲသို့ အိမ်အကူကောင်မလေး အိပိုက…

'မမလေး… အောက်မှာ ကြီးကြီးရောက်နေတယ်'

'ကြီးကြီး… ငါ့အန်တီလေးကိုပြောတာလား၊ ဟုတ်တယ်နော်'

'ဟုတ်တယ်မမလေး'

သူမဝမ်းသာစွာ ပြေးလွှားဆင်းမိတော့ အန်တီလေးက ဧည့်ခန်းတွင်ထိုင်၍ ဓာတ်ပုံများကိုကြည့်နေရာမှ

'သမီး… နှစ်နှစ်လေး'





'အန်တီလေးရယ်… ရက်စက်လိုက်တာ သမီးကို တစ်ယောက်တည်း ထားသွားတယ်နော်'

မမြင်ရတာကြာတဲ့ အန်တီလေးပခုံးပေါ်ခေါင်းတင်ရင်းဖြင့် ပြောမိ၏။

'နှစ်နှစ်လေး… သမီး အန်တီလေးက တစ်ယောက်တည်း ထားသွားတာမှမဟုတ်တာ၊ သမီးအတွက် စိတ်ချရတဲ့ ဘဝအဖော်မွန်လက်ထဲမှာ ထားသွားတာပဲ'

'သူ့လက်ထဲမှာ ထားသွားလို့ပြောနေတာ၊ သူနဲ့သမီးက'

နှစ်သစ်ကူးက စကားကိုမဆက်သဖြင့် ဒေါ်မြတ်နိုးက

'သူနဲ့သမီး အခုထက်ထိ မပြေလည်သေးဘူးလား'

သူမ ခေါင်းခါမိ၏။

'သမီးရယ်… ကိုယ်ကမိန်းကလေး၊ အိမ်ထောင်တစ်ခုကို မပြိုကွဲအောင်လုပ်ရမှာ ကိုယ့်တာဝန်နော်၊ သမီး အမေ…'

'တော်ပါတော့ အန်တီလေးရယ်၊ သမီး မေမေ့လိုအဖြစ် မခံနိုင်ဘူး'

ဟုပြောပြီး မျက်ရည်များ သုတ်မိ၏။

ထည်ဝါဆိုတဲ့သူကလည်း ဖေဖေ့လိုလူစားမျိုးမဖြစ်နိုင်ဟု တိတ်တဆိတ် ယုံကြည်မိ၏။

အန်တီလေးက…

'ဒီမှာ သမီးတို့နဲ့နေဦးမှာ၊ ပြီးမှ ဟိုအိမ်ကိုသွားမယ်၊ ခရီးရောက်ရောက်ချင်း သမီးဆီ တန်းလာတာ၊ အန်တီလေး စိတ်မကောင်းအောင်မလုပ်နဲ့'

မမြင်ရတာ ကြာပြီဖြစ်တဲ့ အေးချမ်းသိမ်မွေ့မှုတွေအပြည့်ဖြစ်နေတဲ့ ဒေါ်မြတ်နိုးမျက်နှာကိုကြည့်၍ စိတ်ချမ်းသာမိသည်။ မိမိ၏ တစ်ဦးတည်းသော ဆွေမျိုး။

ဒေါ်မြတ်နိုး စကားဖြတ်၍ ထထွက်ခဲ့၏။ မဖြတ်လို့လည်းမရ။ တူမဖြစ်သူ၏မျက်ဝန်းမှာ လှုပ်လီလှုပ်လဲ့ မျက်ရည်မြစ်က စီးဆင်းတော့မှာဖြစ်လို့ ကျောခိုင်းမိ၏။

တွေဝေမှုမရှိတဲ့ ဆုံးဖြတ်ချက်တစ်ခုအဖြစ် ထည်ဝါနှင့် နှစ်သစ်ကူးကို လက်ထပ်ပေးခဲ့ပြီပဲ။

တစ်ဦးတည်းသော အစ်မဖြစ်သူကိုကြည့်၍ စိတ်မချမ်းသာခဲ့ရသဖြင့် အိမ်ထောင်ရေးအဆင်ပြေမှုများကိုသာ တူမဖြစ်သူထံမှ ကြားချင်မိသည်။



လောကမှာ သူချစ်ကိုယ်ချစ်တွေ ရှိနေတာတွေကြောင့်လည်း မခံစားသင့်တာတွေ၊ မဖြစ်သင့်တာတွေ ဖြစ်နေတာကြတာ။ အကောင်းဆုံးကတော့ မိမိတည်ဆောက်ထားတဲ့ အိမ်ထောင်တစ်ခုကို အပြိုအကွဲမခံရအောင် ကြိုးစားပြီးနေရမှာပဲ။ သည်းမခံနိုင်တဲ့အဆုံးတော့လည်း သူတစ်လမ်း၊ ကိုယ်တစ်လမ်းတွေ ဖြစ်ကြရတာပဲ။

တရားရိပ်မှာ နေရစဉ်က ဘာအပူမှမရှိခဲ့တဲ့ ဒေါ်မြတ်နိုးတစ်ယောက် အခုတော့ နှစ်သစ်ကူးရဲ့အပူ သူ့ဆီကူးစက်လာနေပြီဆိုတာကို သိလိုက်မိ၏။

မနေ့က အိပ်ရေးပျက်ထားတဲ့အရှိန်ရယ်၊ စောစောထကျင့်မရှိဘဲ ထတဲ့အခါမှာ သူမခေါင်းတွေ ရီဝေဝေ။

မနက်ပိုင်း လက်ဖက်ရည်တစ်ခွက်သာ သောက်ထားသဖြင့် ရင်ခံကာ အန်ချင်သလိုလိုဖြစ်နေသဖြင့် မျက်နှာမလန်းတဲ့ နှစ်သစ်ကူးကို ဒေါ်မြတ်နိုးကြည့်၍

'နှစ်နှစ်… သမီး နေမကောင်းဘူးလား၊ မျက်နှာချောင်နေတယ်'

'ဟုတ်တယ်အန်တီလေး၊ မနက်က စောစောထလိုက်လို့'

'မှန်း'

အန်တီလေးက နဖူးလေးကို စမ်း၍…

'ကိုယ်ကတော့ နွေးနေတယ်သမီး၊ အခန်းထဲမှာ သွားလှဲနေလိုက်'

'ရတယ်အန်တီလေး၊ နှစ်နှစ် အန်တီလေးနဲ့ ဝိုင်းကူပေးမယ်'

'နေပါစေ နှစ်နှစ်ရယ်၊ ကိုယ့်ဘာသာပဲ လုပ်ပါ့မယ်၊ ချက်တာပြုတ်တာ ကျူပ်အတွက် ရိုးနေပါပြီ၊ ကောင်မလေး ဈေးကပြန်လာတာနဲ့ ချက်လိုက်မယ်'

ဒေါ်မြတ်နိုးသည် အိမ်မှာသာချက်ပြုတ်စားတတ်ပြီး ဆိုင်အစားအသောက်များကို မစားတတ်ပေ။ ဒါကြောင့် ဘယ်လောက်ပဲဝေးတဲ့နေရာသွားသွား အအေးကလွဲရင် ကျန်တာမစားတတ်။ ဒါကြောင့် ဘယ်နေရာရောက်ရောက် ထမင်းဟင်းတာဝန်ယူတဲ့သူဖြစ်၏။ အန်တီလေးလက်ရာ မစားရတာကြာပြီဖြစ်သဖြင့် သူမလည်း အရမ်းစားချင်နေမိသော်လည်း ဒီနေ့ နေလို့လည်း မကောင်း။ လမ်းလျှောက်ရတာတောင် သူမ မောပန်းနေမိ၏။ အားကိုးရတဲ့ အဒေါ်ဖြစ်သူရောက်လာတော့ လူက ခွေပြီးလှဲနေချင်မိသည်။





ခြံထဲသို့ ကားတစ်စီးဝင်လာတာတွေ့၍ နှစ်သစ်ကူးဘယ်သူ့ကားလဲ၊ ထည့်ဝါ့ဆီလာတဲ့ ဧည့်သည်တစ်ယောက်ယောက်များလား။ ခက်တာက ထည့်ဝါ့မိတ်ဆွေအပေါင်းအသင်းများကို သူမသိ။

ကားက ပေါ်တီကိုအောက်မှာရပ်လိုက်မှ ဆင်းလာသူကို ကြည့်မိတော့…

သူမ ဘယ်လိုမှ ထင်မှတ်မထားတဲ့မျက်နှာ။

စိမ်းလန်း… တစ်ချိန်က သူမနှလုံးသားကို ဆွဲကိုင်လှုပ်ရှားအောင် ဖန်ဆင်းပေးတဲ့မင်းသားလို့ သူမသင်ထားမိတဲ့သူ။ အခုတော့ သူ့ကိုတွေ့လိုက်ရတော့ ရင်ခုန်မှုတွေအစား စိုးရိမ်စိတ်လှုပ်ရှားမှုတွေအပြည့်။ မနေ့ကပဲ သူ့အတွက် နှစ်ဦးသား တင်းမာမိကြ၏။

'နှစ်နှစ်… ဘယ်လိုလဲ၊ ကိုယ့်ကို ဝင်ခွင့်တောင်မပေးတော့ဘူးလား'

မတွေ့ရတာကြာသည့်အပြုံး၊ တစ်ချိန်က သူမ စွဲလန်းခဲ့သောမျက်နှာပြင်…

'ရုတ်တရက်ဆိုတော့ နှစ်နှစ် အံ့ဩသွားလို့ပါ'

'ဘာလဲ… လာမလည်ရဘူးလား'

'ဟို… လာလည်လို့ရပါတယ်၊ လာမယ်လို့ မထင်တာပါ'

'သမီး… နှစ်နှစ်၊ ဧည့်သည်ထင်တယ်၊ ဘယ်နှယ် အပေါက်ဝကြီးမှာ ဧည့်သည်ကို၊ လာ… သား၊ မောင်ထည်ဝါဧည့်သည် ထင်တယ်'

'မဟုတ်ဘူးအန်တီ၊ ကျွန်တော်… နှစ်သစ်ကူးသူငယ် ချင်းပါ'

နှစ်နှစ်သူငယ်ချင်း…

အန်တီလေးရဲ့မျက်နှာက တစ်စုံတစ်ခုကို ရိပ်မိသောပုံစံ မျိုးဖြင့်…

'လာ… သား ထိုင်ဦး၊ အန်တီ တစ်ခုခုသွားစီစဉ်လိုက် ဦးမယ်၊ အပူသောက်မလား၊ အအေးသောက်မလား'

'ရပါတယ်အန်တီ၊ ကျွန်တော် အစားမရွေးတတ်ပါဘူး၊ ဒါနဲ့ ကိုထည်ဝါရော မတွေ့ပါလား'

'ဒီအချိန် သူက ကုမ္ပဏီမှာ၊ ထမင်းစားချိန်နီးပြီဆိုတော့ သူပြန်လာခါနီးပြီ၊ သားက ထည်ဝါနဲ့ရော သူငယ်ချင်း ပဲလား'





'ကိုထည်ဝါနဲ့ သူငယ်ချင်းတော့မဟုတ်ပါဘူး၊ ဟိုနေ့က မှ နှစ်နှစ်မိတ်ဆက်ပေးလို့ သိတာပါ'

အန်တီလေးက ခေါင်းတညိတ်ညိတ်နှင့် နှစ်သစ်ကူးက တေမိမလေးဖြစ်နေမိခဲ့၏။

နှစ်သစ်ကူးက စိမ်းလန်းလက်ထဲသို့ မင်္ဂလာဆောင် ဓာတ်ပုံအယ်လ်ဘမ်ကိုပေးတော့ သူက နွမ်းပျော့အပြုံးဖြင့် လှမ်း ယူ၍ ကြည့်နေ၏။

နှစ်သစ်ကူး၏ စိတ်ထဲတွင်လည်း ထမင်းစားချိန်ထည်ဝါ ပြန်လာမယ့်အချိန်နှင့် စိမ်းလန်းရောက်တဲ့အချိန် တိုးနေမှာ စိုးရိမ် စိတ်များကြောင့် ချွေးစေးတွေပျံလာကာ ရင်ထဲမှာ တလှပ်လှပ် ဖြစ်၍ စိမ်းလန်းကို ကြည့်နေသောအမြင်မှာ ဝိုးတဝါး။

စိမ်းလန်းက ဓာတ်ပုံတွေကို စိတ်ဝင်စားစွာကြည့်နေရာ မှ ယိုင်ခနဲဖြစ်သွားသော ရှေ့မှ နှစ်သစ်ကူးပုံစံကြောင့်…

ဟာ… နှစ်နှစ်

'အန်တီ… အန်တီ လာပါဦး၊ ဒီမှာ နှစ်သစ်ကူး ဘာဖြစ် သွားလဲမသိဘူး'

သူ အလန့်တကြားအော်မိတော့ ဒေါ်မြတ်နိုးပြေးထွက် လာကာ…

'နှစ်နှစ်… သမီးလေး၊ မောင်စိမ်းလန်း ခဏလေးခေါင်းကိုမတ်ပေးထားပြီး ကိုင်ထားပေးပါ၊ အန်ကီ ဆရာဝန်ဆီ ဖုန်းဆက်ခေါ်လိုက်ဦးမယ်'

'ဟုတ်… ဟုတ်ကဲ့အန်တီ'

စိမ်းလန်းသည် ခြေမကိုင်မိ၊ လက်မကိုင်မိ။ နှစ်သစ်ကူးရဲ့ခေါင်းလေးကို သူ့ပခုံးပေါ်တင်၍ လေဖြင့်မှုတ်ပေးနေမိ၏။

ပခုံးထက်မှ တစ်ချိန်က ချစ်သူလေးကို ကြည့်မိတော့ သိသာစွာ သွယ်ကျသွားသော မျက်နှာလေးကို ကြင်နာစွာ ကြည့်မိ၏။

ကိုယ့်ကိုခွင့်လွှတ်ပါ နှစ်နှစ်ရယ်။ မင်းကို စိတ်မညစ်စေချင်ဘူး။ မင်းအိမ်ထောင်ရေး သာယာပါစေလို့ ကိုယ်အမြဲဆုတောင်းပေးနေတယ်။

မင်းပျော်နေတာကိုပဲ မြင်ချင်ပါတယ်။

မင်း သူ့အပေါ်မှာ ကိုယ့်လောက်မချစ်ဘူးဆိုတာ ကိုယ်သိနေတယ်။ ထည်ဝါက မင်းအပေါ်မှာတော့ ကိုယ့်ထက်ပိုချစ်တာကို ကိုယ်မြင်တာနဲ့ သိတယ်။ မင်းစိတ်ချမ်းသာပါစေကွာဟု ကြင်နာစွာငုံ့၍ တစ်ယောက်တည်းပြောမိ၏။





အိမ်ထဲသို့ ဝင်လာတော့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မျက်လုံးများ ပြာထွက်သွားပြီး…

တောက်…

မေးကြောကြီးများထောင်တဲ့အထိ အံကို တင်းတင်းကြိတ်ထားမိသည်။

နှစ်သစ်ကူး… မင်း… မင်း လုပ်ရက်လိုက်တာကွာ။ ငါ့အပေါ်မှာ မင်း တင်းမာပြီး မာနရောင်တလက်လက်နဲ့နေတဲ့မင်းပုံစံက အခုတော့လည်း မယုံကြည်နိုင်အောင် ဟိုတစ်ယောက်ပခုံးပေါ်မှာ မှီလို့ပါလား။

တော်တော်လည်း တတ်နိုင်တဲ့မိန်းမ။

မနက်ကတော့ သူမပုံစံကြောင့် သူ့မှာ အရှုံးအမူးဖြစ်ပြီး အလုပ်လုပ်ရတာတောင် အယောင်ယောင်အမှားမှားနှင့် နေလို့မရဘူး။ ကနာမငြိမ်ဖြစ်ပြီး ကားပျက်လို့ပြင်တာတောင် မစောင့်နိုင်ဘဲ ကားငှား၍အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ရင်ဝကိုဖနောင့်နှင့်ဆောင့်ကန်လိုက်သလို မြင်ကွင်းက အကျည်းတန်လှသည်။ မင်းဟာ ဓားသွားပေါ်က ပျားရည်တစ်စက်ပါလား။

သူ ချာခနဲလှည့်ထွက်ခဲ့သည်။

ရှက်ဒေါသကြောင့် သူ့မျက်နှာမှာ အသားဆိုင်တို့ တလှုပ်လှုပ်။

ခြံဝင်းထဲမှအထွက် သူ ဘယ်သူ့ကိုမှမကြည့်။ ခေါင်းငိုက်စိုက်၍ ထွက်သွားတဲ့သူ့ကို အိမ်အကူကောင်မလေးအိုက ဈေးဝယ်ပြန်လာသောအခါ မြင်တွေ့လိုက်ရသဖြင့်…

'ဟင်… ကိုကြီးထည်ဝါပါလား၊ ကားလည်း ပါမလာဘူး၊ ဒီအချိန် ထမင်းစားချိန်ရောက်တော့မယ်၊ ဘာဖြစ်လို့ ပြန်ထွက်သွားပါလိမ့်'

ဟု ရပ်ကြည့်နေမိ၏။

သူမတွေးနေစဉ် နောက်မှ ကားဟွန်းသံနှင့် ကားတစ်စီးဝင်လာတာ တွေ့သဖြင့် လျှင်မြန်စွာ အိမ်ထဲပြေးဝင်ခဲ့၏။

ကားပေါ်မှ အိတ်ဆွဲ၍ဆင်းလာသူကို အန်တီလေးက…

'ကြွပါဒေါက်တာ'

'ဒေါ်မြတ်နိုး… နှစ်သစ်ကူးလေး ဘယ်လိုဖြစ်တာလဲ ပြောပါဦး'

အန်တီလေးက ဆေးအိတ်ကိုလှမ်းယူ၍ အကျိုးအကြောင်း





ရှင်းပြတာကို နားထောင်၍ ဒေါက်တာက စမ်းသပ်မှုများလုပ်ပြီး…

'ဒေါက်တာ သမီးလေးအခြေအနေ'

'ဘာမှမစိုးရိမ်ပါနဲ့၊ ဝမ်းသာစရာသတင်းစကားပဲ၊ နှစ်သစ်ကူးမှာ ကိုယ်ဝန်ရှိနေပြီ၊ ဒါကြောင့် အားနည်းပြီး မူးလဲတာ၊ စိတ်မပူနဲ့တော့၊ ဒေါ်မြတ်နိုး မြေးချီရတော့မယ်'

ဒေါ်မြတ်နိုး ဝမ်းသာလွန်းသဖြင့် မျက်ရည်များဝဲမိကာ

'ဝမ်းသာလိုက်တာ ဆရာရယ်၊ သမီး သတိတော့မရသေးဘူးနော်'

'ဆေးအရှိန်နဲ့ အိပ်ပျော်သွားလိမ့်မယ်၊ နိုးလာရင် သူစားချင်တာလေးတွေကျွေးပေး၊ အခုချိန်မှာတော့ သူ ပါးစပ်ပျက်နေဦးမယ်'

'ဟုတ်ကဲ့ဒေါက်တာ'

ဆရာဝန်က ဒေါ်မြတ်နိုးတို့မိသားစုဆရာဝန်ဖြစ်လို့ ခေါ်တဲ့အချိန်ရောက်လာတာကိုပဲ ကျေးဇူးတင်မဆုံး။ မရမ်းကုန်းလိုဝေးတဲ့နေရာမှာလည်းဖြစ်၊ ခြံကြီးထဲမှာမို့ တူမဖြစ်သူ အားငယ်

မယ်ဆိုလည်း အားငယ်ချင်စရာပဲ။ တူမဖြစ်သူ ကိုယ်ဝန်ရှိနေချိန်မှာတော့ သူနေပေးမှပါပဲဟု တွေးမိကာ ဆရာဝန်ကို ခြေကြွခပေးပြီး ကားနားထိလိုက်ပို့ပေးလိုက်၏။

'ကျေးဇူးပဲနော် ဒေါက်တာ'

'ရပါတယ်ဒေါ်မြတ်နိုး၊ တစ်ယောက်နဲ့တစ်ယောက် ပြောရမယ့်သူတွေမှမဟုတ်တာ၊ ဟိုးအရင်ကတည်းက ခင်ခင်ခဲ့တဲ့သူတွေပဲ၊ အရေးအကြောင်းရှိရင် ကျွန်တော့်ကို ဖုန်းထပ်ဆက်လိုက်ပါ'

'ဟုတ်ကဲ့ဒေါက်တာ'

သမီးလေးသူငယ်ချင်း စိမ်းလန်းလည်း ဒေါက်တာပြောတဲ့စကားတွေကို တိတ်တဆိတ်နားထောင်၍…

'အန်တီ… ကျွန်တော်ပြန်ပါဦးမယ်'

'ဪ… အေးကွယ်၊ မင်းသူငယ်ချင်းက မင်းလာလည်တဲ့အချိန်မှာမှ နေမကောင်း ဖြစ်သွားတယ်ကွယ်'

'ရပါတယ်အန်တီ၊ ကျွန်တော်မနက်ဖြန် ပြန်မှာမို့ လာနှုတ်ဆက်တာ၊ သူနိုးလာရင်လည်း ပြောပေးပါ၊ ကျွန်တော် နှုတ်ဆက်သွားတယ်လို့၊ ဝမ်းသာစရာသတင်း





အတွက် ကျွန်တော်လည်း ဝမ်းသာပါတယ်လို့'

'ဪ… အေးကွယ် ပြောပေးပါ့မယ်'

'ကျွန်တော် မနက်ဖြန်ကျရင်လည်း သူ့ဆီ မသွားခင် ဖုန်းဆက်ပြီး နှုတ်ဆက်ပါဦးမယ်၊ သွားပြီအန်တီ'

အန်တီမြတ်နိုး ခေါင်းညိတ်ပြလိုက်သည်။

ဒီသူငယ်လေးဟာ သမီးလေးရဲ့ အရင်ကကောင်လေးပဲဆိုတာလည်း စိတ်ထဲက အလိုလိုသိရှိခံစားရသည်။ သူလည်းပဲ သံယောဇဉ်မသေးပါလား။

ဒေါ်မြတ်နိုး အိပ်ပျော်နေသော တူမဖြစ်သူကိုကြည့်၍ သနားမိသည်။ အဒေါ်ဖြစ်သူ စိတ်ချမ်းသာအောင်သာ ထည်ဝါနှင့် လက်ထပ်ဖို့သဘောတူလိုက်ရတာ။ နှစ်သစ်ကူးလေး သူ့ချစ်သူကိုပဲ မျှော်လင့်နေချင်တာကို သူသိသည်။ ဒါပေမဲ့ အစစအရာရာ စိတ်ချရတဲ့ ရုပ်ရည်၊ ဂုဏ်ပကာသန အဖက်ဖက်ပြည့်စုံပြီး သမီးရှင်တွေ ဝိုင်းဝိုင်းလည်နေတဲ့ ထည်ဝါ့ကို သဘောကျ၍ တူမဖြစ်သူနှင့် စကားကမ်းလှမ်းတော့ ထည်ဝါက နှစ်သစ်ကူးလေးဓာတ်ပုံကိုမြင်ကာနှင့် သဘောကျတာကို ဒေါ်မြတ်နိုးသိသည်။

နှစ်သစ်ကူးရဲ့ မာကျောကျောပုံစံနှင့် ထည်ဝါရဲ့မာနစိတ်တို့ကြောင့် ပွင့်ပွင့်လင်းလင်း မရှိကြလို့ တူမဖြစ်သူ မပျော်တာဖြစ်နေ၏။ မိန်းကလေးဆိုတာကလည်း အချော့ကြိုက်သား။ ထည်ဝါကလည်း အချိန်မပေးနိုင်။ တစ်ဦးတည်းသောသား ပီသစွာ မာနကခပ်ကြီးကြီး။

'ကြီးကြီး'

'အိပို... လာလေ'

အခန်းဝမှာရပ်နေသည့် အကူကောင်မလေးက...

'အန့်တီလေးဝယ်ခိုင်းထားတဲ့ အသီးအနှံတွေကို ရေခဲသေတ္တာထဲမှာ ထည့်ထားတယ်'

'အင်း... အန့်တီလေး'

'သမီးလေး... နှစ်နှစ်၊ သတိရလာပြီလား'

သူမ ကျုံးရုန်းထနေသဖြင့်...

'ဟဲ့... အို... ဖြည်းဖြည်း၊ ဖြည်းဖြည်း'

အန့်တီလေးရဲ့ ပျာပျာသလဲအမူအရာကြောင့် သူမ မျက်မှောင်ကုတ်မိသည်။

'သမီး... ဘာဖြစ်သွားတာလဲ၊ ဟို... စိမ်းလန်းရော





ပြန်သွားပြီလား'

သူမ စိမ်းလန်းနှင့်စကားပြောနေတုန်း မှာ ခေါင်းတွေမူးပြီး မိုက်ခနဲဖြစ်သွားတာကိုပဲ သတိရမိသည်။ ကျန်တာ ဘာမှမသိတော့။

'ဟုတ်တယ် သမီးသတိမေ့သွားတယ်၊ မောင်စိမ်းလန်းက စောစောကလေးတင်ပြန်သွားတယ်'

'သမီးဘာဖြစ်တာလဲ'

အန့်တီလေးက ဝမ်းသာပီတိမျက်နှာဖြင့်...

'အန့်တီလေး မြေးချီရတော့မယ်'

'ရှင်'

သူမမျက်နှာ ထင်မှတ်မထားသော အဖြေကြောင့် ထူပူသွားပြီး တဒိန်းဒိန်းနှင့် ရင်ခုန်သံတွေ ကျယ်လောင်လာခဲ့၏။

'ဟို... ဟို... သူရော သိပြီးသွားပြီလား'

'ဘယ်သူလဲ၊ ထည်ဝါလား၊ ဘယ်သိဦးမှာလဲ၊ ဟဲ့... ဘယ်အချိန်ရှိပြီလဲ၊ ထမင်းစားမြန်မလာသေးပါလား၊ အရင်ကလည်း ဒီအချိန်ပဲလား'

'ကြီးကြီး...'

အိပိုရဲ့ မရဲတရဲအသံကြောင့်…

'ဘာလဲအိပို… ဘာပြောမလို့လဲ၊ ပြောစမ်းပါအေ မြန်မြန်လေး'

'အစ်ကိုကြီးပြန်လာတာ တွေ့တယ်'

'ဟဲ့… ဘယ်တုန်းက ပြန်လာတာလဲ၊ အောက်မှာလား၊ အခုမှရောက်တာလား'

'မဟုတ်ဘူးကြီးကြီး'

'ဟဲ့… ရှင်းရှင်းပြောစမ်းပါအေ၊ ညည်းတို့နဲ့နေရတာ ငါရူးတော့မယ်'

'မဟုတ်ဘူး၊ အိပိုပြန်လာတော့ အစ်ကိုကြီးထည်ဝါ ခေါင်းကြီးငုံ့ပြီး ခြံထဲက ထွက်သွားတာ တွေ့လိုက်တယ်'

'ဟင်… ဘယ်အချိန်ကလဲ'

နှစ်နှစ် အလန့်တကြားမေးမိ၏။

'ဆရာဝန် မလာသေးခင်လောက်က'

'ဒါဆိုလည်း အိမ်ထဲကိုဝင်တာမဟုတ်ဘူး မောင်ထည်ဝါ





က ဘာဖြစ်လို့လဲ၊ သမီးနဲ့သူ စိတ်ကောက်နေကြလို့လား'

နှစ်သစ်ကူး သိလိုက်ပြီ…

'အန်တီလေး… သမီးသတိမေ့သွားတော့ သမီးအနားမှာ ဘယ်သူ ရှိသေးလဲ၊ အန်တီလေး လက်ပေါ်မှာလား'

'အေး… ဟုတ်ပါရဲ့၊ ဆရာဝန်ဆီ အန်တီလေးဖုန်းဆက်မယ်ဆိုပြီး သမီးကိုမောင်စိမ်းလန်းကို ခဏပွေ့ခိုင်းထားလိုက်တာ'

ဟင်… အန်တီလေးစကားက သူမနားထဲသို့ ဗုံးတစ်လုံးပစ်သွင်းလိုက်သည့်နှယ်။

'ဒါဆို… ဒါဆို သူအထင်လွဲသွားတာအန်တီလေး'

စိုးရိမ်မိသောအရာ အခုတော့ တကယ်ဖြစ်လာခဲ့ပြီ။

ဒါပေမဲ့ သူ သေချာအောင်မေးသင့်တာပေါ့။ တကယ်ဆိုကိုယ်က သတိမေ့နေတဲ့သူ။

'အန်တီ အခု ဖုန်းဆက်ပြီး ပြောလိုက်မယ်'

'မပြောပါနဲ့ အန်တီလေး၊ သမီးသိက္ခာကိုမယုံကြည်တဲ့

ယောက်ျားကို သမီးက ဘယ်တော့မှ ရှင်းပြမှာမဟုတ်ဘူး'

'မဟုတ်ဘူးလေသမီးရဲ့၊ တစ်ယောက်နဲ့တစ်ယောက် မသိတာကိုတော့ သိအောင်လုပ်ရမှာပေါ့၊ အခု အန်တီလေးတစ်ယောက်လုံး ရှိနေတာပဲ၊ အန်တီလေးက ပြောရင် သူယုံမှာပေါ့'

နှစ်သစ်ကူးက ဘာမှမပြောတော့ဘဲ မျက်ရည်များသာ ပါးပြင်ပေါ်သို့ အဆက်မပြတ်စီးကျနေ၏။ သူ့ရဲ့မာနမျက်နှာကို မြင်ယောင်နေမိ၏။

'သမီးရယ် မငိုပါနဲ့၊ အခုချိန်မှာ စိတ်ညစ်စရာတွေ မတွေးနဲ့၊ ကျန်းမာရေးထိခိုက်မယ်၊ အိပ်ပျော်အောင်အိပ်လိုက်'

တူမဖြစ်သူ မာနကြီးတာကိုလည်း သိ၏။

အင်း… တစ်ယောက်နှင့်တစ်ယောက် မာနတွေ ထားနေတာ မကောင်းဘူး။

'တစ်ယောက်နဲ့တစ်ယောက်လျှော့မှ အိမ်ထောင်ရေးသုခ ရမှာပေါ့ကွယ်'





ရှင့်ကို ကျွန်မ မကျေနပ်ဘူး ဦးသည်ဝါ…

ဘာမှ ရှင်းပြခွင့်မရ၊ အပြောမခံဘဲ သူ့ဘာသာသူ ထင်ရာမြင်ရာကို အဟုတ်ထင်သွားတဲ့သူ့ကိုလည်း စိတ်နာမိ၏။ ကျွန်မ ရင်ထဲမှာ ပြောချင်တဲ့စကားတွေ ပြည့်နေတယ်။

ရှင်ကတော့ မာနမျက်နှာတဝင့်ဝင့်နဲ့ပေါ့။

* * *



## အခန်း(၂၀)

အချစ်ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုရမလဲဆိုတာ ထည်ဝါမသိတော့။

ရယူပိုင်ဆိုင်မှုဆိုရင်လည်း သူ ရယူပိုင်ဆိုင်ခဲ့ပြီးပြီ။

စွန့်လွှတ်မှုလား… စွန့်လွှတ်ဖို့ ကိုယ်အများကြီး အချိန်ယူရဦးမယ်။

ပေးဆပ်ခြင်းလား?

သည်းခံခြင်းလား?





တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နားလည်မှုလား?

တစ်ယောက်တစ်မျိုးတော့ အဓိပ္ပာယ်ရှိကြမှာပါ။ အချစ်ကဘာလဲ မသိတော့ပါ။ သူမပြောစကားများကို နားထဲမှာ ကြားယောင်မိ၏။

ဟုတ်တယ်။ သူက ကျွန်မရဲ့အချစ်ဦး။ သူနဲ့ကျွန်မ ချိန်းပြီးမှ ရှင်နဲ့တွေ့တာ။

သူ ဦးခေါင်းကို ခါမိ၏။

ရက်စက်တယ်နှစ်နှစ်ရယ်။ ကိုယ့် မင်းအပေါ်မှာ ချစ်မားပြကြီးဖြစ်နေတာကို မင်းမရိပ်မိဘူးလား။ မင်းကို ကိုယ်ချစ်မိနေပြီး တစ်နေ့တောင် အဝေးမခံနိုင်တာ ဘယ်လိုစွန့်လွှတ်နိုင်မှာလဲ။ မြင်မြင်သမျှနေရာတိုင်းမှာ နှစ်သစ်ကူးပုံရိပ်များသာ နေရာယူလျက်…။

ကိုယ့်ရဲ့အချစ်ဦးဟာ ကိုယ့်ကို အချစ်ဦးမဟုတ်ဘူးဆိုတာ သိ၍ ခံစားရသည်။

ကိုယ်က မင်းကို မစွန့်လွှတ်နိုင်ဘူး။

ဒီတော့ ကိုယ် အချစ်ကို အဓိပ္ပာယ်ဖွင့်ဆိုချင်တာက

တော့ ရယူပိုင်ဆိုင်မှုနှင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နားလည်မှုပဲ ဖြစ်ရမယ်။

သူ့ဆုံးဖြတ်ချက်ကို သူကျေနပ်မိကာ အိမ်ကိုပြန်ဖို့ ထမိသည်။ ပြန်နေကျအချိန်ထက် နောက်ကျနေသည်။ အလုပ်ခန်းထဲတွင် ထိုင်၍တွေးနေမိသည်။

သူ့စားပွဲပေါ်တွင် တင်ထားသော ဟန်းဖုန်းကို ကောက်အကိုင် ဖုန်းမြည်သံနှင့်တန်းအတိုး ဖုန်းဖွင့်ပြီး ကြည့်လိုက်တော့ အိမ်ကဖုန်းဖြစ်နေသည်။ နှစ်သစ်ကူးက ဘယ်တော့မှ ဖုန်းမခေါ်တတ်ပေ။ သူတစ်စုံတစ်ခုကို စိတ်ပူ၍…

'ဟယ်လို'

'ဟယ်လို… ထည်ဝါလား'

အမျိုးသမီးတစ်ယောက်အသံကြောင့် သူ ထူးဆန်းနေကာ ဘယ်သူ့အသံပါလိမ့်။ ရင်းရင်းနှီးနှီး ကြားဖူးနေကျအသံ။

'အန့်တီမြတ်နိုးပါ'

'ဟာ…အန့်တီ ဘယ်တုန်းက ပြန်ရောက်တာလဲ၊ ကျွန်တော်လာကြိုမှာပေါ့'

'တော်ပါတော့ကွယ်၊ မင်းကိုသာ လာကြိုခိုင်းရင် ဒီနေ့





ဒီအိမ်ကို ရောက်မှာမဟုတ်ဘူး'

'ဟာ… အန့်တီ'

အန့်တီ့အသံသည် တင်းမာမှုမရှိသော်လည်း မပျော်ပျောင်းတာကတော့ ကျိန်းသေသလောက်ပါပဲ။

'မောင်ထည်ဝါက အလုပ်တော်တော်များတာကို အန့်တီသိပါတယ်ကွယ်၊ အခုဘယ်အချိန်ရှိပြီလဲ၊ ည ၇ နာရီတောင် ထိုးတော့မယ်၊ မင်းမှာအလုပ်ချည်းပဲ ဂရုစိုက်ဖို့ရှိတာမဟုတ်တာကိုတော့ မင်းသိမှာပါ'

'ကျွန်တော် အခုပဲ ပြန်လာတော့မှာပါ၊ အန့်တီ ဘယ်တုန်းက ရောက်တာလဲ'

'မင်း မနက်အလုပ်သွားပြီးကာစ ၉ နာရီလောက်ကတည်းက ရောက်နေတာ၊ ပြန်မယ်ဆိုလည်း မြန်မြန်ပြန်လာခဲ့၊ ဒီမှာသမီးလေးလည်း နေမကောင်းဘူး'

'ဗျာ'

'အေး… ဟုတ်တယ်၊ နှစ်နှစ် မူးလဲလို့'

'မူးလဲလို့…'

'အေး… ဟုတ်တယ်'

ဒေါ်မြတ်နိုးလည်း ဖြေချင်နေတာနှင့် အတော်ပဲဖြစ်သွားသည်။ သူမ ဒီလိုမလုပ်ရင်လည်း အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်မယ့်ကိစ္စ။ တူမဖြစ်သူ အခန်းထဲလှဲနေတုန်း အောင်သွယ်ပြန်လုပ်နေရတယ်။ ဒါမှမဟုတ် သူလည်း ယောကျ်ား၊ သူလည်းမိန်းမဆိုပြီး လုပ်မယ့်နှစ်ယောက်။ ထည်ဝါ့ကိုလည်း မကျေနပ်။ ကလေးအတွက် မမြင်ရသေးတဲ့ သံယောဇဉ်အတွက် တင်းနေတဲ့ ကြိုးတွေကို ဖြည်လျှော့ပေးနေရတာ။

'အန်တီ... နှစ်နှစ် အခု ဘယ်လိုနေသေးလဲ'

အင်း... အခုမှ ပျာပျာသလဲဖြစ်နေသည့် ထည်ဝါ့ပုံစံကြောင့်

'မနက်က သူ့သူငယ်ချင်းနဲ့ စကားပြောနေတုန်း မူးလဲလို့ အန်တီ ဖုန်းဆက်ပြီး ဆရာဝန်ခေါ်ရတယ်'

'ဆရာဝန်က ဘာပြောလဲအန်တီ'

အမေးအမြန်းထူနေသည့် တူသမက်ကို ဖုန်းထဲမှာ မျက်စောင်းဝင့်မိပြီး အပျိုကြီးလည်း မရှက်နိုင်တော့။ တူမဖြစ်သူ မပြောမှာကိုလည်း သိသည်။ ပြစ်တင်စကားကိုလည်း ပြောမိ၏။

'မင်းကွာ... သမီးလေးကို ပစ်ထားသလိုပဲ'





'မဟုတ်ဘူး အန်တီ'

'နှစ်နှစ်မှာ ကိုယ်ဝန်ရှိနေပြီ'

'ဟာ'

သူ့လက်တွေ ဟန်းဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ သူ့ရင်တွေ တဖျတ်ဖျတ်လှုပ်ရှားလာသည်။

အန်တီလေးကလည်း သူ့အပေါ်မှာ အစာမကြေ။ ဖုန်းကို ပြောပြီးပြီးချင်း ချလိုက်သည်။ တစ်ခုခုတော့ မှားယွင်းမှုဖြစ်နေခဲ့ပြီ။ ကိုယ့်ဘက်မှလျှော့ဖို့ စဉ်းစားပြီး သူမလေးဆီ အခုပဲသွားမလို့။ ပစ်ပယ်ထားတာမဟုတ်ဘူးဆိုတာ ကိုယ်သာအသိ။

စွန့်လွှတ်ဖို့ ဘယ်တုန်းကမှ မတွေးခဲ့တာ။ အခု သူ့ရဲ့ သံယောဇဉ်နှောင်ကြိုးလေးကို ဘယ်လိုနည်းနဲ့ စွန့်လွှတ်ဖို့ သတ္တိရှိမှာလဲ။

သူချစ်သောမိန်းကလေးကို နှစ်သိမ့်ဖို့လိုအပ်နေမှန်း သူ့နှလုံးသား တဒုတ်ဒုတ်အချက်ပေးသံကို ကြားနေရ၏။ သူ့ကို ခံစားချက်မျိုးစုံ ပေးတတ်တဲ့ နှစ်သစ်ကူးပုံလေးကို မြင်ယောင်မိတော့ သူ့နှုတ်ခမ်းများ ပြုံးနေမိ၏။

သူ အိမ်ကိုပြန်ရောက်တော့ အန်တီလေးက ဘုရားခန်းမှာ

ဘုရားရှိခိုးနေသည်။ ကောင်မလေးက အောက်မှာ သိမ်းစရာရှိတာတွေ သိမ်းဆည်းပြီး လင်ဗန်းထဲမှာ နို့တစ်ခွက်တင်၍ ယူသွားတာကို တွေ့၍…

'အိပုံ… ဒါ ဘယ်သူ့အတွက်လဲ'

'မမလေးအတွက်၊ မနက်ကတည်းက ဘာမှမစားနိုင်ဘူး၊ သနားပါတယ် အစ်ကိုကြီးရယ်၊ အဲဒါ အန်တီလေးက နို့သွားပို့ပေးဆိုလို့ သွားပို့မလို့'

'ပေး ပေး ငါယူသွားမယ်'

'အစ်ကိုကြီး ထမင်းစားမှာလား ပြင်ထားလိုက်မယ်'

'မစားတော့ဘူး'

အလိုက်ကန်းဆိုးမသိတဲ့ကောင်မလေးကို ဘာစကားပြောတော့ ကောင်မလေးက သူ့ကို အူကြောင်ကြောင် ရပ်ကြည့်နေမှာကျိန်းသေ။

ဘုရားရှိခိုးနေသော ဒေါ်မြတ်နိုးလည်း ထည်ဝါ့ပုံစံ ကြောင့်ပြုံးမိသည်။ ဒီလိုပဲ ဖြစ်ကြရမှာပေါ့။

တကယ်တော့ အားလုံးဟာ ကိုယ့်ဘဝကိုယ် ကျေနပ်နိုင်ဖို့ အရေးကြီးဆုံးပဲ။ ထင်မြင်ချက်တွေက အရေးမကြီးပါဘူး။





ကိုယ့်ကိုယ်ကို ကျေနပ်မှသာ အဓိပ္ပာယ်ရှိသောလူ ဖြစ်မှာပေါ့။

သူဝင်လာတော့ နှစ်သစ်ကူး စာရေးနေတာ တွေ့သည်။

ကောင်မလေး နို့လာပို့တယ်ပဲထင်ပြီး နောက်လှည့်မကြည့်မိ။ အသံတော်တော်ကြာ တိတ်ဆိတ်နေတော့မှ ရင်းနှီးသော ရနံ့ကြောင့် သူမရင်တွေ ရှိန်းခနဲဖြစ်သွားကာ ရေးနေတဲ့စာအုပ်လေးကို လှမ်းပိတ်မိ၏။

'နှစ်နှစ်'

မခေါ်နဲ့ မကြားချင်ပါ။

သူ ဘာစကားတွေပြောမှာလဲ။ ခံနိုင်ရည်ရှိဖို့ ကြိုးစားမိ၏။ သူက နှစ်သစ်ကူးနား ရုတ်ခြည်းကပ်လာ၍…

နှစ်သစ်ကူးရှေ့မှာ ဒူးထောက်ထိုင်ချ၍ နှစ်သစ်ကူးလက်ဝါးလေးကို အုပ်မိုးဆုပ်ကိုင်ထားပြီး သူမမျက်နှာလေးကို စေ့စေ့ကြည့်ကာ…

သူမကလည်း ထူးဆန်းသော သူ့အပြုအမူကြောင့် ငုံ့ကြည့်မိတော့…

'အို'

ထည်ဝါ့ရဲ့ မျက်ဝန်းတို့သည် တစ်ခါဖူးမျှ ရှိမနေခဲ့ဖူး

သော နူးညံ့ရှိဝေခြင်းများ လွှမ်းခြုံနေလျက်···

'မင်းကို တို့ သိပ်ချစ်တယ်'

တည်ငြိမ်ပြီး တစ်လုံးချင်း ပီပီသသပြောသော စကားသံနှင့် သူ့အပြုအမူကြောင့် ကြောင်ငေးကြည့်နေမိသည်။

နှစ်နှစ် တစ်ချိန်လုံး ကြားချင်သောစကား အခုကြားရပြီ။ ဝမ်းသာလွန်း၍ မျက်ရည်များကျရသည်။ မျက်ရည်က ဝမ်းနည်းလည်းကျ၊ ဝမ်းသာလည်းကျ။

'မင်းရှေ့မှာ ဒူးထောက်ပြီး ကိုယ်အရှုံးပေးတယ်ကွာ၊ ကျေနပ်တယ်မဟုတ်လား'

နှစ်သစ်ကူးက ဒူးထောက်နေသော သူ့ပုံစံကြောင့် အနေခက်စွာရပ်တော့ သူကပါ နှစ်သစ်ကူးနှင့်အတူရပ်တော့ သူ့မာန်ဆောင်ခြင်းကင်းမဲ့စွာ ဝမ်းသာမျက်ရည်များကျ၍ နွေးထွေးသော သူ့ရင်ခွင်ကျယ်ထဲသို့ တိုးဝင်မိ၏။

ထည်ဝါက နှစ်သစ်ကူးမျက်နှာလေးကို စိုက်ကြည့်ရင်း ရင်ခွင်ထဲမှာ တင်းကျပ်စွာ ထွေးပွေ့မိ၏။

'ရှင် မာနကြီးတယ်၊ ရှင့်ကို မုန်းတယ်'

ဟုလည်း တတွတ်တွတ်ရွတ်ရင်းဖြင့် လက်သီးဆုပ်များဖြင့် သူ့ရင်ဘတ်ကို အဆက်မပြတ်ထုမိ၏။





'နှစ်နှစ်ရယ်··· မင်းလက်တွေ နာနေမယ်၊ ကိုယ်က တော့ အကြောင်းမဟုတ်ဘူး၊ တစ်ကိုယ်လုံးလည်း ချစ်မားပြကြီး ဖြစ်ခဲ့လို့ ဒဏ်ရာဒဏ်ချက်တွေအပြည့်နဲ့'

'အို··· သွား'

'အဟွန်း···'

သူ နှစ်သစ်ကူးမျက်နှာလေးကို ဆွဲလှည့်ပြီး စေ့စေ့ကြည့်ပြီး ရယ်မောမိတော့ သူမက ရှက်ရွံ့စွာဖြင့် သူ့ရင်ဘတ်ထဲမှာ မျက်နှာဝှက်ထားတော့ သူက နားနားကပ်ကာ···

'ကိုယ် မိန်းကလေးတစ်ယောက်ကို စချစ်မိတာ မင်းမာတ်ပုံလေးကို မြင်ပြီးကတည်းက ဖြစ်ပေါ်လာတဲ့ ခံစားချက်ပဲ၊ လူကြီးတွေ သဘောတူတာထက် မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ ယူမယ့်သူလားဆိုတာ သေချာကြည့်စမ်းပါဦး၊ မင်းရဲ့ အေးစက်စက်ပုံစံကြောင့် ကိုယ်ဘယ်လောက်ခံစားရလဲ သိလား၊ ကိုယ့်ရင်ထဲမှာ မီးတောင်အသေးစားတစ်ခု ပေါက်ကွဲနေသလိုမျိုး ခံစားရတယ်ကွာ၊ မင်းမကြည်ဖြူတဲ့ကြားက ကိုယ်အနိုင်ယူတာမင်းလေးကို ချစ်လို့ပေါ့၊ မင်း ကိုယ့်အပေါ်မှာ နိုင်

ချင်သလောက်နိုင်မယ်မဟုတ်လား၊ မင်းနိုင်ပါတယ်'

နှစ်သစ်ကူး နှုတ်ခမ်းလေး တဆတ်ဆတ်တုန်၍ ပြုံးနေခဲ့သည်။ သူ့ရဲ့ရွှတ်တရွှတ်အမြုအမူများကြောင့်လည်း သူပြောတာကို ယုံမိ၏။

သူ့ရဲ့မာနမျက်နှာကြောင့် စိတ်ထဲမှာ တနုံ့နုံ့ခံစားရင်းဖြင့် သူ့ရဲ့နူးညံ့လာမယ့် တေးသွားတစ်ပုဒ်ကို အတူလိုက်ဆိုဖို့ တိတ်တဆိတ် မျှော်လင့်ခဲ့တာ ကိုယ်သာအသိ။

နှစ်သစ်ကူးရဲ့ကိုယ်လေး အလိုက်သင့်လေး ပျော့ပျောင်းလာပြီး သူ့လက်မောင်းကို ပါးလေးဖြင့် ကွယ်ထားမိ၏။ သူက နှစ်သစ်ကူးရဲ့မျက်နှာလေးကို မော့စေ၍…

'ကိုယ့်ကို ချစ်တယ်နော်'

သူမေးတာကို မဖြေမိသေးဘဲ… မနက်ကဖတ်မိသော ၁၂ ရာသီဟောစာတန်းစာအုပ်လေးကို သတိရပြီး ပြုံးမိ၏။

ဒီနေ့ဟာ သူမရဲ့ Lucky day လေး တစ်နေ့ပါပဲ။ ကိုယ်ကြားချင်တဲ့ ချစ်စကားကိုလည်း ကြားခဲ့ရပြီ။ ပြီးတော့ ကိုယ့်မှာ သူ့ရဲ့ကိုယ်ပွားလေးလည်း ရှိနေခဲ့သည်။ ဒါဟာ သူမတို့ရဲ့ အနာဂတ်ရဲ့ တန်ဖိုးကြီးတဲ့ လက်ဆောင်ပဲပေါ့။

ဖိုးလပြည့်စာပေ



'ပြောလေ'

သူက နှစ်သစ်ကူးနဖူးနှင့် သူ့နဖူးချင်းတော့၍ နှစ်သစ်ကူးကို ငုံ့နမ်းရင်း…

နှစ်သစ်ကူးမျက်နှာလေးဟာ ပန်းနုရောင်နှင်းဆီခင်းလေးတစ်ခုကို ကြည့်ရသလို ထည်ဝါ့မျက်စိထဲတွင် နှင်းဆီပန်းလေးလို လှပနေသည်။

ထိလိုက်ရင် သွေးခြည်ဥမတတ် သွေးကြောလေးများယှက်သန်းနေသည့် ပါးပြင်လေးကိုလည်း သူချစ်သည်။

ထည်ဝါက နှစ်သစ်ကူးပခုံးလေးကို ဆုပ်ကိုင်၍…

'နှစ်နှစ်လေး ကိုယ်မေးတာဖြေလေ၊ ကိုယ်တို့ မွှင့်လင်းကြမှ ဖြစ်မယ်နော်၊ မိန်းမကိုရော၊ ကလေးကိုရော ကိုယ်လုံးဝအဆုံးအရှုံးမခံနိုင်ဘူး'

'နှစ်နှစ်မှာ ကိုယ်ဝန်ရှိတာ ဘယ်လိုသိလဲ'

'သိတာပေါ့နှစ်နှစ်ရဲ့၊ အန်တီလေး[illegible]

ဆို ကိုယ် ပြန်လာမှာမဟုတ်[illegible]

'ဒါဆို ကလေး[illegible]

နိုး[illegible]

ဘင် နှ[illegible]

တူပဲပေါ့၊ မိန်းမနဲ့ကလေးက တွဲနေတာပေါ့'

နှစ်သစ်ကူး ဗိုက်ကလေးကို ငုံ့ကြည့်ရင်း…

'ကိုယ်ဝမ်းသာလိုက်တာကွာ၊ ဘယ်လိုပြောရမှန်း မသိဘူး၊ ဖေဖေနဲ့မေမေ သိရင်လည်း အရမ်းဝမ်းသာမှာ'

'သူ… မပြောနဲ့ဦးနော်၊ နှစ်နှစ်ရှက်လို့'

ရှက်စနိုးဖြစ်နေသည့် ဇနီးလေးကို သူ ချစ်မဝစွာ…

'နှစ်နှစ်… ကိုယ်က မင်းထက်အသက်ကြီးတယ်လေ၊ ကိုယ့်ကို အခုချိန်ထိ တစ်ခုခုပြောင်းခေါ်ဖို့ မစဉ်းစားသေးဘူးလား'

'ဟို…'

နှစ်နှစ်စိတ်ထဲမှာ ခေါ်နေတာ ကြာနေခဲ့ပါပြီကိုကိုရယ်။

'ကိုယ်ဝမ်းသာအောင် ကိုယ့်ကိုချစ်လား ပြော၊ မပြော သူ… …'

၁၂ ရာသီဟောစာတန်း…

ဒီနေ့ဟာ သူမရဲ့ Lu… …ခန်းထား၍ သူ့မျက်နှာချော ကြားချင်တဲ့ ချစ်စကားကိုလည်း ကြားခဲ့ရပြ။ ဗြ… …မှာ သူ့ရဲ့ကိုယ်ပွားလေးလည်း ရှိနေခဲ့သည်။ ဒါဟာ သူမတို့ရဲ့ ?… အနာဂတ်ရဲ့ တန်ဖိုးကြီးတဲ့ လက်ဆောင်ပဲပေါ့။



ကလေးရယ်…'

ဟုလည်း နှစ်နှစ်နားနာ…

နှစ်သစ်ကူးရဲ့ ဒီနေ့ရေး…

မှာ ကိုကို့ကို ပေးဖတ်ဖြစ်လိမ့်မ…

ဂတ်မှာ မျှော်လင့်တောင့်တခဲ့ရ…

ထာဝရပိုင်ဆိုင်လိုက်ရပြီဆိုတာ…

ကာရံမဲ…

ချစ်ခြင်းဖွဲ့အ…

ဝင်ရောက်လ…

နိုး…

ကောင် န…

တူပဲပေါ့၊ မိန်းမနဲ့ကလေးက တွဲနေတာပေါ့'

နှစ်သစ်ကူး ဗိုက်ကလေးကို ငုံ့ကြည့်ရင်း...

'ကိုယ်ဝမ်းသာလိုက်တာကွာ၊ ဘယ်လိုပြောရမှန်း မသိဘူး၊ ဖေဖေနဲ့မေမေ သိရင်လည်း အရမ်းဝမ်းသာမှာ'

'သူ... မပြောနဲ့ဦးနော်၊ နှစ်နှစ်ရှက်လို့'

ရှက်စနိုးဖြစ်နေသည့် ဇနီးလေးကို သူ ချစ်မဝစွာ...

'နှစ်နှစ်... ကိုယ်က မင်းကျေးဇူးအသက်ကြီးတယ်...
ကိုယ့်ကို အခုချိန်ထိ တစ်ခု သားလေးလား၊ မီးမီးလေးလားမသိတဲ့ဘူးလား'

'ဟို...' ...င်းဖက်ရသော ဇနီးမောင်နှံများ

နှစ်နှစ်စိတ်ထဲမှာ ခေါ်နေတ... ကို့ကြောင့် ပေါင်းဖက်ရသော

'ကိုယ်ဝမ်းသာအောင် ကို... င်ရေးသုခများ ပြည့်ဝကြပါစေ

သူ...

၁၂ ရာသီဟောစာတန်း...

...နေမယ်...

ဒီနေ့ဟာ သူမရဲ့ Lu... ...ွန်းထား၍ သူ့မျ...

ကြားချင်တဲ့ ချစ်စကားကိုလည်း ကြားခဲ့ရပြီ။ ...

**ခင်မြတ်နိုး**

သူ့ရဲ့ကိုယ်ပွားလေးလည်း ရှိနေခဲ့သည်။ ဒါဟာ သူမ...ဖြိုးသည်။

အနာဂတ်ရဲ့ တန်ဖိုးကြီးတဲ့ လက်ဆောင်ပဲပေါ့။

ဖိုးလပြည့်စာပေ